
www.burmeseclassic.com




# ဒေါက်ဇင်

အိုင်အိုမင်းအောင်

ငွေလနှင့်ဇောရီဘုရင်မကြီးအမှုတွဲ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

### စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

### လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အောင်ဇင်

ကိုကိုမင်းအောင်

ငဝေလနှင့် ဇကရီဘုရင်မကြီးအမှုတွဲ

...ခွင့်ပြုချက်အမှတ်-၅၀၀၉၀၈၀၅၀၇၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၀၂၀၅၁၀၊
...၁၅၃၊ ပိုဝင်ဘာလ၊ အုပ်ရေ-၅၀၀၊ တန်ဖိုး-၈၀၀၊ မျက်နှာဖုံးပန်းချီ ချစ်ဆန်း၊ ကာလာခွဲ-
...ဂါး၊ စာအုပ်ချုပ်-မောင်မောင်(ဓိုက်ပု)၊ ဒေါ်မိုးကေခိုင် (၀၁၆၉၂)၊ ချိုတေးသံစာပေ
- ...ရန်သာကျေးရွာ၊ ပုလဲမြို့သစ် - ၃၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှထုတ်ဝေ၍
...ခင်စိ (၀၂၅၀၇)၊ ပြည်ဦးအောပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ
...နှင့်အတွင်း ပုံနှိပ်ပါသည်။

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'မောင်ဝေလကလေးအမှတ်'

နောက်ထပ်၍ထစ်ခါ၊
မြားလာချေက၊
ဘဒ္ဒါမိဖုရားကို၊
ထိပါးဖွယ် မြင်သောကြောင့် . . .

ဦးပုည

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ချစ်သူအတွက် အနစ်နာခံခဲ့ပြီး ဖခင်ကြီးအတွက် ဓားစာခံရသော်လည်း အနစ်နာခံရာမရောက်ဘဲ အရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရ၍ နှလုံးကွဲမတတ် ခံစားနေရသည်။ မောဟဆို့ပိတ် ကုသိုလ်ဟိတ်ကြောင့် ကိုယ်လုပ်ခဲ့သော အလုပ်တစ်ခုသည် မှန်သလား မှားသလား ယခုတိုင်အောင် ဝေခွဲမရသေး။

မှားသည်ဟုလည်း မထင်မြင်ခဲ့ပါ။

သို့သော် အလုံးစုံမှန်သည်ဟုလည်း မပြောနိုင်ပါ။

မှားပြီဟု ကိုယ့်ကိုယ်ကို ဝေဖန်စောကြောမိသည့် ဆိုခဲ့လျှင်လည်း ပြုပြင်ရန်အခါ အခွင့်သာသည်ဟူသော တံခါးကြီးသည် ပိတ်သွားလေပြီ။ နောက်ကျ၍ ရောက်လာခတ်သော 'နောင်တတရား' သည် အိပ်မောကျနေသော 'ဆင်ခြင်တုံတရား'ကို အနိုးရခက်လှသည်။

ချစ်သူအတွက် အနစ်နာခံခဲ့ရခြင်းကိုလည်း ဘယ်သောအခါမျှ နောင်တရလိမ့်မည် မဟုတ်ပါ။

မောင်ဝေလသည် ကိုယ့်ကိုယ် မှန်သလား မှန်းသလား ဝေခွဲ၍မရသေးသော်လည်း တစ်သက်တစ်ကျွန်းဒဏ် ခံရန်အတွက် ရန်ကုန်ထောင်ကြီးချုပ်မှ အက်ဒမန်ကျွန်းသို့ သွားမည့် မဟာရာဂျာသင်္ဘောသို့ ဆင်းရတော့သည်။





ကာလရှည်မြင့်မှ ရောက်လာသော သံဝေဂသည် အဖိုးတန်လှသော်လည်း နည်းပါးလွန်းသည်ဟု မောင်ဝေလထင်သည်။ နောင်တသည်လည်း လာရာလမ်းကို လှည့်ပြန်ရုံမှတစ်ပါး အခြားမရှိ။

ထောင်ဗူးဝ ရုံးခန်းထဲသို့ ထောင်မှူး တစ်ယောက်နှင့် ထောင်ဝါဒါတစ်ယောက်က မောင်ဝေလကို ခေါ်လာသည်။ ဗူးဝရုံးခန်းထဲတွင် မောင်ဝေလ အလျှင် ရောက်နှင့်နေသော အကျဉ်းသားများကို တွေ့ရသည်။ သူတို့သည်လည်း မောင်ဝေလကဲ့သို့ပင် တစ်သက်တစ်ကျွန်းဒဏ်ခံရန် အက်ဒမန်ကျွန်းသို့ သွားရမည့် သူများဟု မောင်ဝေလ သိထားပြီးဖြစ်သည်။

ထောင်ဗူးဝသို့ ရောက်သည်ဆိုရုံရှိသေးသည်။ အမှုထမ်းဝါဒါတစ်ယောက်၏ ငှက်ဆိုးထိုးသံလို အောက်ကလိအာသော အမိန့်ပေးသံကို ကြားလိုက်ရသည်။

" ပုံစံထိုင် . . . ပုံစံထိုင် "

မောင်ဝေလနှင့်အတူ ဗူးဝရုံးထဲသို့ ရောက်နေသူအားလုံး ပုံစံထိုင်ခေါ် ဆောင့်ကြောင့်ထိုင်ချပြီး ဒူးခေါင်းနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်တင်သော ထိုင်နည်းအတိုင်း ထိုင်လိုက်ရသည်။ ထိုင်နည်းမှာ ထောင်အပြင်ဘက် ဝေါဟာရအနေနှင့်လည်း ကောင်းလှသည်တော့ မဟုတ်။ မင်္ဂလာရှိလှသည်တော့ မဟုတ်။ ထိုင်နည်းကို တရားခံထိုင်နည်းဟူ၏။

မောင်ဝေလနှင့် ထောင်သားအားလုံး ချက်ချင်းပင်ပုံစံထိုင်လိုက်သည်။ လျှင်မြန်မှုတူညီသဖြင့် ယိမ်းတိုက်ထားသလိုညီသည်။ စခ်ရေးပြလိုက်သလို မြန်သည်။ ထောင်ထဲတွင် အမိန့်သံ ဆုံးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



နာခံပြီး ဖြစ်နေရမည်။ နောက်ကျသော လှုပ်ရှားမှုသည် သစ္စာဖောက်ခြင်းမည်၏။ ဖင့်နွဲ့မှုသည် အပြစ်ဒဏ်ကို လက်ယပ်ခေါ်ခြင်းပင်ဖြစ်၏။

နောက်ကျနေလျှင် ထောင်ဝါဒါ၏နံပါတ်တုတ်သည် လုံးပုံစကြာလို ရောက်လာမည်။ ဦးခေါင်းကိုလား၊ ပခုံးကိုလား တစ်ခုခုကို ရိုက်ခြင်းခံရမည်။ သို့မဟုတ်လျှင် ကျောပြင်ကို ဗျောတင်ခံရမည်။

သတ္တဗေဒဖွဲ့စည်းမှုအရ ကြွက်သတ္တဝါတို့သည် သွားယားသောရောဂါကြောင့် အရာဝတ္ထုတစ်ခုကို အမြဲတိုက်နေရသလို အမြဲလက်ယားနေသူများ ထောင်ဝါဒါ လာလုပ်ကြဟန်တူသည်။ ထစ်ခနဲရှိပြီဆိုလျှင် ရိုက်ပြီးဖြစ်သည်။ တရားလို၊ တရားခံ မခွဲခြား အမှုတွဲကို မစစ်တော့ချေ။

မောင်ဝေလသည် ထောင်ဗူးဝရုံးခန်းအနီး အခန်းထဲသို့ ရောက်နေသူများကို ထိုင်နေရင်မှ မျက်လုံး ကစားလိုက်သည်။ တစ်သက်တစ်ကျွန်းဒဏ်နှင့် အက်ဒမန်ကျွန်းသို့ သွားရမည့်သူများမှာ လူ ၅၀ခန့်ရှိမည်။

ထိုအချိန်တွင် အမိန့်သစ်တစ်ခု နားထဲသို့ ဆောင့်ဝင်လာပြန်သည်။

"တလာစီမယ်ဟေ့"

ထောင်ထဲသို့ ဝင်သူကိုဖြစ်စေ၊ ထောင်ထဲမှ အပြင်သို့ထွက်ရမည့်သူကိုဖြစ်စေ ရှာဖွေရေးလုပ်ရန် အမိန့်ပေးခြင်းဖြစ်သည်။

မောင်ဝေလ အလှည့်သို့ ရောက်လာသည်။

ထောင်အဝတ်အစား ဖျင်ကြမ်းအင်္ကျီဖြူနှင့် လုံချည်အဖြူတို့





ကို ချွတ်ခိုင်းသည်။ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားသည်။ မောင်ဝေလအတွက် ရှက်ဖွယ်ကောင်းလှသည့် အဖြစ်ပင်။ လူ့တန်ဖိုးအနိမ့်ကျဆုံးနေရာသည် ထောင်ပင်ဖြစ်သည်ဟု မောင်ဝေလထင်သည်။

ကိုယ်တုံးလုံးချွတ်ရုံနှင့် အားမရ။ ပါးစပ်ကို တုတ်နှင့် ကန့်၍ဖြဲကြည့်သည်။ ပြီးတော့ စအိုကိုပါ ကုန်းပြရသည်။ ပါးစပ်ထဲသို့ ထိုးထည့်သောတုတ်သည် သူများ၏စအိုကို ထိုးကြည့်သော တစ်ချောင်းတည်းသောတုတ်ပင် ဖြစ်သည်။ လူမဆန်လိုက်သည့်အဖြစ်။ ရိုင်းလိုက်သည့်အကြောင်း။

မောင်ဝေလ အော့အန်ချင်စိတ် ပေါက်သွားသည်။ ဝေါခနဲ ထိုးအန်သည်။ အန်၍များ ဖေးဖေးမမ ကျောကုန်းနှိပ်၍ ရင်ဘတ်ဖိပေးမည်မထင်နှင့် တောင့်တမိသည်က အကြင်နာ ရရှိလိုက်သည်က ရက်စက်မှု။

မောင်ဝေလ၏ကျောကုန်းသို့ စစ်ဖိနပ်သံခွာတစ်ခုက ပြင်းထန်စွာ ကျရောက်လာသည်။ မောင်ဝေလ သမံတလင်းပေါ် ခွေခနဲ လဲကျသွားသည်။ လဲလူကိုဖေးမကူ ထူမရမည့်အစား ရမ်းကားမှုကိုသာရသည်။

ရုန့်ရင်းကြမ်းတမ်းသော စကားက နောက်ဆက်တွဲ။

" ဒီကောင် . . အိုးစားလုပ်လို့ ဗိုက်ကြီးလာသလား"

ခွေခွေကလေးလဲကျနေသော မောင်ဝေလ၏ ဦးခေါင်းပေါ်သို့ နံပါတ်တုတ်က အရှိန်ပြင်းစွာ ကျလာပြန်သည်။

ထိုအချိန်တွင် မောင်ဝေလနှင့်အတူ တစ်သက်တစ်ကျွန်းဒဏ်နှင့် အက်ဒမန်ကျွန်းသို့ သွားရမည့် လူစုထဲတွင် အကျဉ်းသား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်၏အော်သံကို ကြားလိုက်ရသည်။

" ဟော့လူတော်တော့။ ထောင်ထဲမှာနှိပ်စက်လို့ အားမရသေးလို့ တစ်သက်တစ်ကျွန်းသွားတာတောင် လိုက်နှိပ်စက်နေသလား "

ထိုအကျဉ်းသား၏ အသံသည် မခံချင်စိတ်၊ နာကျည်းစိတ်များ ရောပြွမ်းနေသည်။

ထိုအကျဉ်းသားသည် မောင်ဝေလကဲ့သို့ ရာဇဝတ်မှုအမှုတွဲမဟုတ်။ သာယာဝတီ လယ်သမားတော်လှန်ရေးမှ ဂျူနှံတပ်သားတစ်ဦးဖြစ်သဖြင့် သတ္တိကောင်းဟန်တူသည်။

မောင်ဝေလကိုရိုက်သော ထောင်အမှုထမ်းက ထိုအကျဉ်းသားကို လှည့်အော်လိုက်သည်။

" ဘာလဲ . . မင်းပါ ပါသွားချင်သလား "

" စမ်းကြည့်ပါလား၊ နယ်ချဲ့အိမ်စောင့်ခွေးကြီး "

" အောင်မယ် . . မင်းကလား . . "

" ထောင်ထဲမှာ သတ္တိကောင်းမနေပါနဲ့၊ ခင်ဗျားသတ္တိရှိရင် အမှုထမ်း ယူနီဖောင်းကို ချွတ်လိုက်ပါလား "

ထောင်အမှုထမ်းက ထိုနိုင်ငံရေး အကျဉ်းသားကို ရိုက်မည်ပြုသည်။ ထိုအကျဉ်းသားကလည်း ပြန်လည် ခုခံမည်ပြုစဉ် သမာသမတ်ရှိသော ထောင်မှူးတစ်ယောက်က ဝင်ပြီးဖျန်ဖြေလိုက်သဖြင့် ရန်ပွဲမဖြစ်တော့ချေ။

တလာစီပြီးသောအခါ နာမည်ခေါ်လူစစ်သည်။

တုတ်ကိုင်လူကြီးက သူ၏လက်ထဲတွင် ကိုင်ထားသော အက်ဒမန်ကျွန်းသို့ သွားရမည့် အကျဉ်းသားများ၏ နာမည်စာရင်း





စာအုပ်ကို ထောင်မှူး၏လက်သို့ လှမ်းပေးလိုက်သည်။

ထောင်မှူးသည် စာအုပ်ကိုကြည့်ပြီး နာမည်စာရင်းကို အသံထွက်ပြီး ခေါ်လိုက်သည်။

" ပေါ်အိုင် "

" ရှိ "

ကိုပေါ်အိုင်ဆိုသော အကျဉ်းသား မတ်တတ်ထရပ်ပြီး ဖြေရလေသည်။

" ဖိုးခြေ "

" ရှိ "

" ခန့်ကျော် "

" ရှိ "

" ဘဆယ် "

" ရှိ "

" စံကွန့် "

" ရှိ "

" ဒေါင်းညို "

" ရှိ "

ထို့နောက် မောင်ဝေလ၏ အလှည့်သို့ ရောက်လာသည်။

" ဝေလ "

" ရှိ "

မတ်တတ်ရပ်သူ နှစ်ယောက် ဖြစ်နေသည်။ ဖြေသူနှစ်ဦး ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



မောင်ဝေလသည် ရှိကြောင်းဖြေရင်း မတ်တတ်ရပ်လိုက်သည်။ မောင်ဝေလထက် အသက် ဆယ်နှစ်ခန့်ကြီးပြီး လူရွယ်ပိုင်းသို့ ရောက်နေသော ဗလခပ်ကောင်းကောင်း၊ ဥပဓိရုပ်ခန့်ခန့်နှင့် လူရွယ်တစ်ယောက်ကလည်း မတ်တတ်ထရပ်သည်။

ထောင်မှူးက အံ့ဩသလို လှမ်းမေးသည်။

" ဘယ်လိုဖြစ်တာလဲ "

စောစောက မောင်ဝေလက ရိုက်ရန်ကြံစည်သော ထောင်ဝါဒါသည် ရိုက်နှက်ရန် နံပါတ်တုတ်ကိုဝင့်ပြီး ရှေ့သို့တိုးလာသည်။

" ခွေးကောင်တွေ၊ နာမည်ခေါ်နေတာ နောက်ပြောင်စရာများ အောက်မေ့နေသလား "

စိတ်ဆိုးနေဟန်တူသော ထောင်ဝါဒါသည် ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာပြီး မောင်ဝေလနှင့် ထိုလူရွယ်အနီးသို့ တိုးကပ်လာသည်။

မောင်ဝေလက စော်ကားလွန်းသော ထောင်ဝါဒါကို တိုက်ပိတ်ခံရရင် ခံရပါစေ ခံချတော့မည်ဟု ပြင်ဆင်ပြီး အသင့်စောင့်နေသည်။

မောင်ဝေလနှင့် ပြိုင်တူမတ်တတ်ထရပ်ပြီး 'ရှိ'ဟု ပြန်ဖြေသော လူရွယ်က ထိမထင် အမူအရာနှင့် ထောင်ဝါဒါကိုစူးစူးရဲရဲ ပြန်ကြည့်လိုက်ပြီး လေသံခပ်ပြမ်းပြင်းနှင့် ပြန်ပြောလိုက်သည်။

" ဒီမှာကိုယ့်လူ၊ တစ်သက်တစ်ကျွန်းကို သွားရမှာ ပျော်နေလို့ နောက်ပြောင်နေတာ မဟုတ်ဘူး။ ကျုပ်နာမည် ဝေလမို့ ဝေလလို့ ခေါ်လို့ ရှိတယ်လို့ ဖြေတယ်။ ပြီးတော့ မတ်တတ်ရပ်တယ်။ ခင်ဗျား





ဆဲစရာ ဘာမှမလိုပါဘူး "

လူရွယ်က ထောင်ဝါဒါသည် နာမည်ဆင်တူ ဖြစ်နေသည်ကို အတွေးမပေါက်၊ အသိဉာဏ် မရှင်းသေးဘဲ မောင်ဝေလကို မဲပြန်သည်။

ထောင်ဝါဒါက . . .

" မင်းကကော ဘာလုပ်တာလဲ

မောင်ဝေလက . . .

" ကျုပ်နာမည်လဲ ဝေလပဲ။ ဒါကြောင့် ဝေလလို့ ခေါ်လို့ ရှိတယ်လို့ဖြေတယ်။ ရှိကြောင်း မတ်တတ်ထ ရပ်ပြတယ်။ ဒါဟာ အပြစ်ရှိသလား "

ထောင်မှူးက ထောင်ဝါဒါကို ဟန့်တားလိုက်သည်။

" ဟေ့ . . အမှုထမ်း၊ အသာနေစမ်းပါ၊ ငါ ရှင်းပါ့မယ် "

ထောင်ဝါဒါသည် မျက်နှာကြီးနီပြီး ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် ဖြစ်နေသည်။ ယခုတစ်ကြိမ် ဒေါသဖြစ်သည်မှာ မောင်ဝေလတို့ကို မဟုတ်ဘဲ ထောင်သားများရှေ့တွင် သူ့ကို အရှက်ခွဲသော ထောင်မှူးကို ဖြစ်ဟန်တူလေသည်။

ထောင်မှူးသည် မောင်ဝေလတို့အနီးသို့ ချဉ်းကပ်လာပြီး မေးလိုက်သည်။

" မင်းနာမည် ဝေလ ဟုတ်လား "

ဝေလက ဖြေလိုက်သည်။

" ဟုတ်တယ် "

" အဖေ နာမည်ကော . . "



www.burmeseclassic.com

www.burmeseclassic.com



" ဦးမြတ်မင်း "

ထောင်မှူးသည် လူရွယ်ကို လှမ်းမေးလိုက်ပြန်သည်။

" ခင်ဗျားနာမည်လဲ မောင်ဝေလပဲလား "

" ဟုတ်တယ် "

" အဖေနာမည် "

" ဦးကျော်ရန် "

" ဒါဖြင့် မင်းက ဝေလမြတ်မင်း၊ ခင်ဗျားက ဝေလကျော်ရန်လို့ မှတ်ထား "

လူရွယ်က သဘောမကျသော **အမူအရာနှင့်** . . .

" ကျုပ်တို့ အင်္ဂလိပ်လူမျိုး မဟုတ်ဘူး၊ အဖေနာမည်ကို သားသမီး နာမည်နဲ့ တွဲပြီး မမှည့်နိုင်ဘူး။ အဖေနာမည်ကို အမြတ်တနိုး ကိုးကွယ်တဲ့လူမျိုး "

ထောင်မှူးသည် စိတ်ရှုပ်သွားဟန်နှင့် ခေါင်းကုတ်နေသည်။

စိတ်ဆိုးနေသော ထောင်ဝါဒါက . . .

" ဝေလ (၁)၊ ဝေလ (၂)လို့ပဲ ထားလိုက်ပေါ့ဗျာ၊ ဒီလောက်ရှားပါးတဲ့ ဝေလဆိုတဲ့ နာမည်များ လာပြီးဆင်တူနေသေးတယ်။ နာမည်မှည့်စရာရှားလို့ . . ထွီ . . "

ထောင်ဝါဒါသည် အငေါ်တူးပြီး ပြောလိုက်သည်။

မှန်ပါသည်။ ဝေလဆိုသော နာမည်မှာ ရှားပါးလှသော်လည်း မောင်ဝေလနှင့် လူရွယ်တို့မှာ ထူးထူးခြားခြား နာမည် ဆင်တူ ဖြစ်နေသည်။

မောင်ဝေလတို့ နာမည်တူ ပြဿနာကြောင့် နာမည်ခေါ်





လူစစ်ခြင်း ပြဿနာသည် ခေတ္တရပ်ဆိုင်းသွားသည်။

ထောင်မှူးသည် ဘယ်လိုမှ စဉ်းစားမရသဖြင့် ထောင်ဝါဒါ အကြံပေးသည့်အတိုင်း မောင်ဝေလ (၁)၊ မောင်ဝေလ (၂)ဟု နာမည်ဆားတွင် တေးမှတ်လိုက်သည်။

ထို့နောက် **အခြား အကျဉ်းသား** နာမည်များကို ဆက်ခေါ်သည်။

နာမည်ခေါ် **လူစစ်ပြီးသော**အခါ အနီရောင် ပိတ်ကို အလယ်ခေါင်က လည်ပင်းစွပ်ဖောက်ထားသော အနီရောင်ဝတ်ရုံကြီးကို တစ်ယောက်စီ လိုက်စွပ်ပေးသည်။

မောင်ဝေလ၏ လည်ပင်းကိုလည်း အနီရောင် ဝတ်ရုံကြီး အစွပ်ခံရသည်။ မောင်ဝေလသည် ထိုအနီရောင် ဝတ်ရုံကြီး ဝတ်ရသည်ကို မနှစ်မြို့ပါ။ ကျက်သရေ ကင်းမဲ့သည်ဟု ထင်ပြီး မသတီသပါ။ သို့သော် အကျဉ်းထောင်လိုနေရာမျိုးတွင် အလိုဆန္ဒဆိုသည်မှာ မီးကျီခဲတွင် ဖုတ်ကြည်းသင်္ဂြိုဟ် ခံရသောအရာ။ တောင့်တမှုဆိုသည်မှာ လုံးဝမရနိုင်သောပစ္စည်း။

မိမိကိုယ်နှင့် သူများစိတ်သာ ဖြစ်သည်။ လုပ်ချင်သည်ကို မလုပ်ရ။ မလုပ်ချင်သည်ကို လုပ်ခဲ့ရ၊ လုပ်နေရ၊ လုပ်ရဦးမည့်နေရာသည် အကျဉ်းထောင်ပင် ဖြစ်ပါ၏။

မောင်ဝေလကတော ဘာတတ်နိုင် ပါမည်နည်း။ အမိန့်အတိုင်း မောင်ဝေလဝတ်ရုံနီကြီးကို ခြုံရသည်။ မီးနေထဘီကို ဆမခြုံသည်ကိုပင် မောင်ဝေလ ကျေးဇူးတင်မိသေးသည်။

ထိုခေတ်က သေဒဏ်နှင့် တစ်သက်တစ်ကျွန်းဒဏ် ခံထိုက်



www.burmeseclassic.com

www.burmeseclassic.com



သော ပြစ်မှုကို ကျူးလွန်သူတိုင်းကို အနီရောင်ဝတ်ရုံကြီးကို ဝတ်ရသော အကျဉ်းထောင် ဥပဒေရှိသည်။

ဘာ့ကြောင့် ဒီလိုဝတ်ရုံနီဝတ်ရသလဲဟု မောင်ဝေလက ထောင်အတွင်းရှိ သမ္မာ့ရင့် လက်ထောက် အကျဉ်းသားကြီးများကို မေးကြည့်မိသည်။ သေဒဏ်နှင့် တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ခံ ထိုက်သော ပြစ်မှုကျူးလွန်သူများသည် ထွက်ပြေးရန်ခုခံရန် ကြံစည်ပါက အစောင့်အကြပ်များက သေနတ်နှင့် အသေပစ်ပိုင်ခွင့်ရှိသည်။ အခြားသော သာမန် အပြစ်ကျူးလွန်သူများကို ပစ်သတ်ပိုင်ခွင့်မရှိ။ ထို့ကြောင့် ပစ်သတ်နိုင်ခွင့်ရှိသူများကို အလွယ်တကူ ခွဲခြား သိရှိနိုင်ရန် ဝတ်ရုံနီ ဝတ်ဆင်ပေးထားခြင်း ဖြစ်သည်ဟု ဝါရင့်အကျဉ်းသားကြီးများက မောင်ဝေလကို ပြောပြခဲ့သည်။

မောင်ဝေလကမူ ကိုလိုနီအင်္ဂလိပ် အစိုးရက သေမင်းတံဆိပ် ခပ်နှိပ်ပေးခြင်း ဖြစ်သည်ဟု ထင်လိုက်မိသည်။

မောင်ဝေလ အကဲခတ်ကြည့်ရာ သူကဲ့သို့ ရာဇဝတ်မှု အပြစ်ဒဏ်နှင့် အက်ဒမန်ကျွန်းသို့ သွားရမည့် သူများမှာ နည်းပါးလှသည်။ လေးငါးယောက်ထက် မပို။ လယ်သမားတောင်လှန်ရေးမှ ဂဠုန်တပ်ဗိုလ် တပ်သားများက အများစု ဖြစ်နေသည်။ သာယာဝတီ၊ ရွှေဘို၊ ဒေးဒရဲနှင့် အင်းစိန်ဘက်မှ အင်္ဂလိပ်အစိုးရကို ရဲရဲတောက် တော်လှန်တိုက်ခိုက်ရေး သမားများထဲတွင် မောင်ဝေလကဲ့သို့ ငယ်ရွယ် နုပျိုသောသူများ ပါဝင်ပေသည်။

စောစောက မောင်ဝေလကိုရိုက်သော ထောင်ဝါဒါကို ချဲလင်း လုပ် စိန်ခေါ်သော ဂဠုန်တပ်သားကြီးမှာ မောင်ဝေလနှင့် သက်တူ





ရွယ်တူပင်ရှိမည်။

ထိုသို့ နာမည်ခေါ် စစ်ဆေးပြီးနောက် အလုံပိတ်ထောင်ကား ကြီးတစ်စီးသည် ထောင်ထဲသို့ ဝင်လာသည်။

ထောင်မှူးနှင့် ဝါဒါများ ကြီးကြပ်ပြီး မောင်ဝေလတို့ အကျဉ်း သားများကို တစ်ယောက်ချင်း တန်းစီပြီး ထောင်ကားကြီးပေါ်သို့ တက်ရသည်။ ထောင်သားများ ကားပေါ်သို့ လူစုံတက်စုံ ရောက်သည် နှင့် ထောင်ကားကြီးသည် ရန်ကုန်ထောင်ကြီးထဲမှ ဝူးခနဲ မောင်းထွက် သွားတော့သည်။

အက်မမန်ကျွန်းသို့ ခုန်မောင်းသည့် မဟာရာဂျာသင်္ဘော သည် ဆိပ်ကမ်းတွင် အသင့်စောင့်နေသည်။ လူစည်ကားသော ရန်ကုန်ဆိပ်ကမ်းသို့ မဟုတ်ဘဲ ကြည့်မြင်တိုင် ထီးတန်းဆိပ်ကမ်းသို့ ကားကိုမောင်းသွားသည်။ ထီးတန်းဆိပ်ကမ်းသည် ကျောက်မီးသွေး ကျင်းသာရှိပြီး လူစီးသင်္ဘောနှင့် မော်တော်များ ဆိုက်ကပ်နေရာ မဟုတ်သဖြင့် လူသူအသိနည်းရန် အာဏာပိုင်များက တမင် စီစဉ်ထား ဟန်တူလေသည်။

မောင်နှဝေလတို့ မော်တော်ကား ထီးတန်းဆိပ်ကမ်းသို့ ရောက်သောအခါ ပုလိပ်များကိုတွေ့ရပြီး တစ်သက်တစ်ကျွန်း ဒဏ်ခံ မည့်သူများ၏ ဇနီးသားသမီးများကို တွေ့ရသည်။ သူတို့သည် မိမိတို့ အိမ်းသားအကျဉ်းသားနှင့်အတူ အက်ဒမန်ကျွန်းသို့ လိုက်ပါနေထိုင် မည့်သူများဖြစ်သည်။ ခရီးသွားမည့်သူ တစ်ယောက်ကို လိုက်ပို့သလို လိုက်ပို့မည့်သူများ ထီးတန်းဆိပ်ကမ်းသို့ လုံးဝမလာရပေ။ မလိုက်ပါ သည့်သူများကို ယမန်နေ့က ရန်ကုန်ထောင်တွင် ထောင်ဝင်စာခံခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခွင့် ပေးထားပြီးဖြစ်သည်။ ယနေ့ ထီးတန်းဆိပ်ကမ်းသို့ ရောက်နေသူအားလုံးသည် အက်ဒမန်ကျွန်းသို့ အတူလိုက်ပါမည့် သူများသာဖြစ်သည်။

မောင်ဝေလတို့ ကားပေါ်မှ ထီးတန်းသင်္ဘောဆိပ် ဇော တံတားပေါ်ကို ဆင်းလိုက်သည်နှင့် တပြိုင်နက် ရန်ကုန်ထောင်မှ လိုက်ပို့သော ထောင်အမှုထမ်းများက ရေဂါတ်မှ ပုလိပ်များကို လွှဲအပ် ပေးသည်။

ထို့နောက် ရေဂါတ်မှ ပုလိပ်များသည် မောင်ဝေလတို့ကို နာမည်ခေါ် စစ်ဆေးပြန်သည်။ ထို့နောက် ရေဂါတ်မှ ပုလိပ်များသည် မောင်ဝေလတို့ကို သင်္ဘောပေါ်သို့ တစ်ယောင်းချင်း စစ်ဆေးပြီး တက်ခိုင်းသည်။ သင်္ဘောပေါ်သို့ မကြာမီပင် ရောက်သွားကြသည်။

ထို့နောက် ထောင်သားများနှင့်အတူ အက်မဒန်ကျွန်းသို့ လိုက်ပါမည့် မိသားစုများကို သင်္ဘောပေါ်သို့ စာရင်းတိုက်ဆိုင် စစ်ဆေး ပြီးတက်ခိုင်းသည်။ အစိုးရသို့ အက်ဒမန်ကျွန်းသို့ လိုက်ခွင့်ပြုရန် လျှောက်လွှာတင်ထားခဲ့ပြီး အစိုးရက ခွင့်ပြုသူများကိုသာ လိုက်ပါခွင့် ပြုသည်။ ယခုမှလိုက်ပါရန် ဆန္ဒရှိလျှင် ခွင့်မပြုတော့ချေ။

မိသားစုကို သင်္ဘောပေါ်တင်ရာတွင် **အချိန်အတော်ကြာသွား** သည်။ အဘယ့်ကြောင့် အချိန်ကြာရသနည်းဟု **မောင်ဝေလ စုံစမ်း** ကြည့်ရာ ဒေးဒရဲဘက်မှ အကျဉ်းသားတစ်ဦး၏ **ဇနီး**သည် အစိုးရထံ လျှောက်လွှာတင်စဉ်က ကိုယ်ဝန်ဆောင်နှင့် ဖြစ်ရာ ယခု သင်္ဘောပေါ် သို့ တက်ခါနီးတွင် နို့စို့ကလေးတစ်ယောက် တိုးနေသည်။ ထို့ကြောင့် မောင်မင်းကြီးသား အစောင့်အကြပ်များက ထိုကလေးကိစ္စကို





အမေမှာသောဆန်တစ်စိတ် တစ်ခွဲနှင့်မလဲနိုင်ဖြစ်နေပြီ။ သက်ဆိုင်ရာ အထက်အဆင့် အာဏာပိုင်ကြီးများထံ ဓာယ်လီဖုန်းဆက်ပြီး အမိန့် တောင်းနေသဖြင့် ကြန့်ကြာနေခြင်းဖြစ်သည်။

ထိုကိစ္စပြေလည်သွားသောအခါ သင်္ဘောကို ချက်ချင်းပင် ဆိပ်ကမ်းမှခွာသည်။ မောင်ဝေလက ချက်ချင်းပင် ထွက်တော့မည်ဟု ထင်လိုက်သည်။ သို့သော် ရေလယ်ကောင်သို့ မောင်းသွားပြီးမှ ကျောက်ချလိုက်ပြန်သည်။

မောင်ဝေလတို့ အကျဉ်းသားများ ထွက်မပြေးနိုင်ရန် ဆိပ်ကမ်းနှင့် အဆက်အသွယ် ဖြတ်တောင်ခြင်းဟု သိရသည်။

မြစ်လယ်ကောင် နေပူကျဲကျဲတွင် သင်္ဘောထွက်ရန်အမိန့် ရမချင်း **သင်္ဘော**ကို ကျောက်ချထားသည်။

**ညနေ** ၆ နာရီခန့်မှ အမိန့်လည်းရ ရေလှည့်လည်းသင့်သဖြင့် **မောင်ဝေလ**တို့ကို တင်ဆောင်ထားသော မဟာရာဂျာသင်္ဘောသည် **ထီးတန်း**မှ **ရန်**ကုန်မြစ်ထဲသို့ ဆက်ထွက်တော့သည်။

အလင်းရောင် ကွယ်ပျောက်ပြီးဖြစ်၍ ရန်ကုန်မြို့ထဲတွင် **မီး**များထွန်းညှိစပြုနေပြီ။ ရန်ကုန်ဆိပ်ကမ်းဘက်တွင် မီးများ ထိန်ထိန် လင်းနေသည်။ ဒလဘက်ကမ်းတွင်တော့ ရေနံဆီမီးရောင် မှိတ်တုတ် တုတ်နှင့် ရှိနေသည်။

မောင်ဝေလတို့ အကျဉ်းသားများသည် သင်္ဘောလက်ရန်းသို့ ကပ်ခွင့်မရှိ။ လက်ရန်းအနီးသို့ ကပ်သည်နှင့် သေနတ်နှင့်ပစ်ခမ်းခွင့် အမိန့်ထုတ်ထားသည်။ သို့မောင် မောင်ဝေလသည် မည်သည့်အခါ ကာလတွင် ပြန်ရောက်ရမည်ဟု မမျှော်မှန်းနိုင်သော ရန်ကုန်ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို တဝကြီးကြည့်ရှုနေသည်။

မောင်ဝေလသည် သူ့ချစ်သူ ကေရီကို ကုသနေသောရန်ကုန်ဆေးရုံ အဆောက်အဦးကြီးကို ရှာဖွေနေသည်။ သို့သော်မတွေ့ရ။ အာရုံထဲတွင်မူ ဆေးရုံခုတင်ပေါ်တွင် ပက်လက်ကလေးဖြစ်နေသည့် ကေရီကို မြင်တွေ့နေရသည်။

ရန်ကုန်ဆိပ်ကမ်းသည် သူ၏မြင်ကွင်းထဲတွင် နောက်ဆုံးမြင်ရခြင်းလည်း ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော မောင်ဝေလသည်တစ်သက်တစ်ကျွန်းဒဏ်နှင့် အက်ဒမန်ကျွန်းတွင် ၂၅နှစ် သွားနေရမည်။ ယခု မောင်ဝေလ၏အသက်သည် အသက်အစိတ်မျှသာ ရှိသေးသော်လည်း တစ်ကျွန်းတွင် မသေမပျောက်ဘဲ ၂၅နှစ်ထိနေခဲ့ပြီးအသက် ၅၀ပြည့်သောအချိန်တွင်မှ ရန်ကုန်သို့ ပြန်ရောက်ရတော့မည်။

မောင်ဝေလ၏ဘဝတွင် ၂၅ နှစ်ဟူသောကာလ ဘဝအစိတ်အပိုင်းတစ်ခုကို ကပ္ပလီကျွန်းတွင် သွားရောက် မြှုပ်နှံထားရတော့မည် မဟုတ်ပါလော၊ တနည်းအားဖြင့် မောင်ဝေလ၏ နုပျိုသောဘဝကို ကပ္ပလီကျွန်းတွင် ဝါးမျိုးခံရန် သွားရောက် အပူဇော်ခံရတောမည်။

မောင်ဝေလသည် နုပျိုသောဘဝနှင့် ထွက်ခွာရပြီး အိုမင်းသောဘဝနှင့် ပြန်ဝင်ရတော့မည်။ မောင်ဝေလ၏ အတွေးထဲတွင်'ထွက်တော့ခေါင်းမြီးခြုံ၊ ဝင်တော့ စည်တီး'ဟု ရင်ထဲတွင် တိတ်ဆိတ် ကြုံးဝါးလိုက်မိသည်။

ယခုအချိန်တွင် မဟာရာဂျာသင်္ဘောသည် ရန်ကုန်မြစ်နှင့်ပုဇွန်တောင်ချောင်းဆုံရာသို့ ကျော်လွန်လာသည်။ သန်လျင်ကျွန်း





ဘီ၊အိုးစီ ရေနံအဆောက်အဦးများမှ မီးရောင်များကို လှမ်းတွေ့ရသည်။

မောင်ဝေလသည် ဓာတ်မီး ပူဇော်ထားသော ရွှေတိဂုံဘုရားကိုလှမ်း၍ မြင်လိုက်ရသည်။ အပြာရောင်မိုးသားကောင်းကင် နောက်ခံတွင် ရွှေတောင်ကြီး ထွက်နေသလို ဖူးတွေ့ရသည်။ ရန်ကုန်မြစ်ဝနှင့်ရွှေတိဂုံဘုရားသည် ကမ္ဘာကျော် ရှုခင်းဖြစ်သည်။ မြန်မာပြည်သို့ရောက်လာသော ကမ္ဘာလှည့် ခရီးသည်တိုင်းမှာ ရွှေတိဂုံကိုမြင်လျှင်အယူမတူ ဘာသာခြားများပင် ဖြစ်လင့်ကစား ကြည်ညိုသောစိတ်များတဖွားဖွား ပေါ်လာသည်။

ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သော မောင်ဝေလသည် ရွှေတိဂုံဘုရားကို ရည်စူး၍ လက်နှစ်ဖက် ရိုသေစွာ ပူးကပ်၍ ဦးတော်တင်လိုက်သည်။ မောင်ဝေလသည် အက်ဒမန်ကျွန်းသို့သွားရမည့်ခရီးတွင် ဘေးအန္တရာယ် ကင်းရှင်းစေရန်သာ ဆုတောင်းလိုက်သည်။

အခြားသောအကျဉ်းသားများကမူ ကိုယ့်မြေ ကိုယ့်ပြည်ကိုစွန့်ပြီး ကပ္ပလီကျွန်းတွင် သွားနေရမည့် ဘေးဒုက္ခကြီးမှ ကင်းဝေးပြီးအမြန်ဆုံး လွတ်မြောက်အောင် ဆုတောင်းမည်။ လွတ်လပ်မှုအတွက်သာ ဆန္ဒပြုမည်။

မောင်ဝေလကမူ အခြားသော အကျဉ်းသားများနှင့် မတူပါ။အများနှင့် စိတ်ဝမ်းမညီနိုင်ပါ။ ဘယ်နည်းနှင့်မှ မတူပါ။ မောင်ဝေလသည် အခြားသော အကျဉ်းသားများနှင့် ဗီလာဆန့်ကျင်သော ဆုကိုတောင်းနေသည်။ ရှင်းရှင်းဆိုလျှင် မောင်ဝေလက တစ်သက်တစ်ကျွန်းသို့ သွားချင်နေသူ၊ တစ်သက်တစ်ကျွန်းသို့ရောက်ရန် ဆန္ဒစောနေသူမျှော်မှန်းတမ်းတနေသူဖြစ်သည်။ အများက ကျွတ်ဆုရည်၍ လွတ်ဆု



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေသော်လည်း မောင်ဝေလက အက်ဒမန်ကျွန်းကို ရောက်ချင်နေသူဖြစ်သည်။ အက်ဒမန်ကျွန်းသည်ကား မောင်ဝေလ၏ အန္တိမ ရည်မှန်းချက်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ယခုလို ထောင်နံရံလေးဘက်တွင် နေထိုင်ရသည်ထက် အက်ဒမန်ကျွန်းတွင် နေထိုင်ရသည်မှာ လွတ်လပ်မှုရှိသည်ဟု မောင်ဝေလ သိထားသောကြောင့် ဖြစ်သည်။

မောင်ဝေလသည် အက်ဒမန်ကျွန်းသို့ ရောက်ချင်သောဆန္ဒရှိနေလင့်ကစား ယခုလို ကိုယ့်မြေကိုယ့်ပြည်ကို စွန့်ခွာရတော့မည်ဟု သိရသောအချိန်တွင်မူ မိမိ၏အပြုအမူသည် မှားနေပြီလားဟု ပထမဆုံးအကြိမ် သံသယဖြစ်မိသည်။

မောင်ဝေလသည် ချစ်သူတစ်ယောက်အတွက် ဤမျှ အနစ်နာခံ စွန့်စားခြင်းမှာ မှန်ကန်ပါ၏လောဟု ကိုယ့်ကိုယ်ကို စောကြောမိသည်။ တရံတဆစ်မျှ မောင်ဝေလ၏ စိတ်သန္တာန်အတွင်းသို့ ဝင်ရောက်လာခဲ့ဖူးခြင်းမရှိသော ဝေဖန်ပိုင်းခြားမှုသည် ဝင်ရောက်လာသည်။

မောင်ဝေလက သူ၏ဆုံးဖြတ်မှုသည် မှားယွင်းပြီလောဟု သင်္ကာမကင်းဖြစ်လာသည်။ မောင်ဝေလ၏ အတွေးအခေါ်တွင် လေးနက်သော ဆန္ဒကတိသည် အမှောင့်ပယောဂနှယ် ခိုဝင်ပူးကပ်နေခဲ့ပြီဟု ထင်မြင်လာသည်။

မောင်ဝေလသည် ကိုယ့်ကိုယ်ကို မှားပြီဟု ထင်လိုက်မိသည်။

မှားပြီဟု ကိုယ့်ကိုယ်ကို ဝေဖန်စောကြောမိသော အချိန်တွင် ပြုပြင်ရန် အခါအခွင့်တည်းဟူသော တံခါးကြီးသည် ပိတ်သွားလေ





ပြီ။ နောက်ကျ၍ ရောက်လာသော နောင်တတရားသည် အိပ်မောကျနေသော ဆင်ခြင်တုံတရားကို အနှိုးရခက်လှသည်။

မောင်ဝေလသည် ကိုယ့်ကိုယ်ကိုမှားပြီဟု ထင်ရသောအချိန်တွင် တစ်သက်တစ်ကျွန်းဒဏ် ခံရန်အတွက် အက်ဒမန်ကျွန်းသို့ သွားမည့် မဟာရာဂျာသင်္ဘောပေါ်တွင် အကျဉ်းသားကြီး ဖြစ်နေရပြီ။ ကြာမိရက်ပိုင်းအတွင်း တစ်ကျွန်းစံအကျဉ်းသားကြီး ဖြစ်ရပေဦးတော့ မည်။

" ခင်ဗျားက ဘာမှုနဲ့ တစ်သက်တစ်ကျွန်းကို သွားရမှာလဲ ဗျ "

မောင်ဝေလ၏ နောက်နားဆီမှ အသံတစ်သံကို ကြားလိုက်သည်။ ထိုအသံမှာ ခိုင်မာပြတ်သားသော အသံ။ အောင်မြင်၍ ဩဇာ ရှိသောအသံဖြစ်သည်။

မောင်ဝေလနောက်သို့ လှည့်ကြည့်လိုက်သည်။ သူကဲ့သို့ပင် လူရွယ် အကျဉ်းသားတစ်ယောက် ဖြစ်နေသည်။

မောင်ဝေလ ချက်ချင်းပင် မှတ်မိလိုက်သည်။ ထိုလူရွယ် သည် လယ်သမား တော်လှန်ရေးမှ ဂျွန်တပ်သားတစ်ဦးဖြစ်သည်။ ပြည်ပြင် နေ့လယ်ပိုင်းက ရန်ကုန်ထောင်ကြီး ဗူးဝတွင် ထောင်ဝါဒ တစ်ဦးက မောင်ဝေလကို နှိပ်စက်ကလူပြုစဉ် ရဲရဲဝံ့ဝံ့ ဝင်ရောက်ဟန့် တားခဲ့သူ။ မောင်ဝေလကို အကာအကွယ်ပေးခဲ့သူ ဖြစ်သည်။ လူသာ ငယ်သော်လည်း သူရသတ္တိစွမ်းပကားအရာတွင် အုပ်စိုးသူ ကိုလိုနီ အစိုးရကိုပင်အန်တုပြီး ရန်ပြုခဲ့သူ ခေါင်ခေါင်မြည်သော ယောကျ်ား တစ်ယောက်အဖြစ် အသိအမှတ်ပြုရသော လူရွယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝေလသည် သူ့ကို ကူညီစောင့်ရှောက်ဖူးသော လူ
၏အမေးကို မဆိုင်းမတွပင် ဖြေလိုက်သည်။

" လူသတ်မှုပါ "

မောင်ဝေလ၏အဖြေကို ကြားရသောအခါ လူရွယ်သ
အံ့သြသလို ဖြစ်သွားသည်။ သို့သော် စိုးရိမ်ထိတ်လန့်သော အမူအ
မျိုး လုံးဝကင်းစင်သည်။

လူရွယ်သည် သူ့ကိုယ်သူ ညည်းသလိုလို မောင်ဝေ
ပြောသလိုလိုနှင့် ပြောလိုက်သည်။

" ဩော် . . လူသတ်မှုကိုး၊ ခင်ဗျား အသက်အရွ
လူသတ်မှု ကျူးလွန်ရသလားဗျ၊ တကယ်တော့ ခင်ဗျားက ငယ်ပါ
တယ် "

အသက်အရွယ် မတိမ်းမယိမ်း ရှိနေသော်လည်း ထိုလူရွ
လူကြီးဂိုက်ဖမ်းပြီး မောင်ဝေလကို ပြောလိုက်သည်။ လူရွ
အသံထဲတွင် အပြစ်တင်သံ လုံးဝမပါပါ။

မောင်ဝေလသည် စေ့စေ့ကပင် သူ့ကိုယ်သူ မှား
ဝေဖန်စောကြောမိသဖြင့် သူ့စိတ်ရင်းရှိသမျှကို ထုတ်ပြောလိုက်

" အမှန်တော့ ကျွန်တော် မကျူးလွန်တဲ့အမှုနဲ့ တစ်
တစ်ကျွန်းဒဏ် ခံရတာပါဗျာ "

မောင်ဝေလသည် စိတ်ပျက်အားငယ်သော အသံများ မ
စွက်ရန် သတိထား၍ ပြောလိုက်သည်။ နာကျည်းသော အသံမျိုး
မဟုတ်။ ညည်းညူနေသည်ဟူသော အဖြစ်မျိုး အထင်မခံ
မောင်ဝေလသည် လေသံကို ဂရုတစိုက် ရှိလွန်းသည်။





လူရွယ်သည် မောင်ဝေလ၏ အပြောကို အံ့သြသွားဟန်တူ
ည်။ သူ၏လေသံထဲတွင် အံ့သြမှုများ ရောပြွမ်းပါဝင်နေသည်။

" ဗျာ . . ခင်ဗျား၊ လူသတ်မှုကို မကျူးလွန်ခဲ့ဘူးပေါ့ "

" ဟုတ်ပါတယ် "

မောင်ဝေလက ချက်ချင်းပင် ခွန်းတုံ့ပြန်လိုက်သည်။

လူရွယ်၏မေးကြောကြီးများ ထောင်လာသည်။ လူရွယ်၏
နှာသည် ခက်ထန်မာကျောလာသည်။ လူရွယ်၏အသံသည်
လောင်သွားသည်။

" ဒါဖြင့်ရင် ကိုလိုနီအစိုးရက ခင်ဗျားကို အမှုဆင်ပြီး
သက်တစ်ကျွန်းဒဏ် ချလိုက်တာပေါ့။ ခင်ဗျားက ထောင်ချောက်
ဆင်ခံလိုက်တာပေါ့ "

မောင်ဝေလက လူရွယ်၏အမေးကို ခေါင်းခါပြီး ငြင်းလိုက်
ရှုတ်မှုလည်း . . .

" ဒီလိုလဲ မဟုတ်ပါဘူးလေ၊ ကျွန်တော်ကိုယ်တိုင်ကလဲ
အား စွပ်စွဲခံရတဲ့ လူသတ်မှုက ကွင်းလုံးကျွတ်လွတ်အောင်
တ်တဲ့ ခုခံကာကွယ်မှု မလုပ်ခဲ့ပါဘူး "

လူရွယ်သည် မောင်ဝေလ၏စကားကို နားရှုပ်သွားဟန်တူ

" ခင်ဗျား ဆိုလိုတာက "

မောင်ဝေလ . . . .

" ဟုတ်ပါတယ်၊ ကျွန်တော်ရဲ့ ဥဒေယအရ ခွင့်ပြုတဲ့ ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးပိုင်းကို ကျွန်တော်က 'စား' လို ထိုးနှက်ပြီး မခုခံခဲ့ဘူး၊ 'ဒိုင်း'
ကာကွယ်ပြီး ခုခံခဲ့တယ် ''

'' ခင်ဗျား လစ်ဟင်းခဲ့တာပေါ့ ''

'' လျစ်လျူ ရှုခဲ့တာပါ ''

'' ဘာဖြစ်လို့လဲ ''

'' ကျွန်တော့်အဖြစ်က ဆိုးပါတယ်ဗျာ၊ နင် မဟုတ်ရင်
အဖေလို့ အစွပ်စွဲခံရတာပါ ''

'' အပြစ်ရှာလိုတဲ့ ဝံပုလွေနဲ့ တွေ့ရလို့ပေါ့၊ ဟုတ်လား

'' ကျွန်တော် ကိုယ်တိုင်ကလဲ အစားခံချင်တဲ့ သိုးငယ်ဖြ
ပါတယ်ဗျာ ''

လူရွယ်၏ မျက်လုံးအိမ်ထဲတွင် အုံ့ဩသော အရိပ်အရော
များ ကျန်နေသေးသည်။ လူရွယ်ကသံသယကဲသောအသံနှင့်

'' ဘာလဲ ခင်ဗျားက နှစ်ကောင်ထိုးကျွေးပြီး ကင်းအပေါ်
အကွင်ဆင်ထားတာလား ''

'' မဟုတ်ပါဘူး ''

'' ဘာဝရဲ့ ဝင်ငွေကြွေးပေါ့ ''

'' ပေးဆပ်မှု တစ်ခုပါဗျာ ''

လူရွယ်သည် နှုတ်ဆိတ်သွားသည်။ မောင်ဝေလ
နားမလည်သလို ကြည့်နေသည်။

မောင်ဝေလသည် သူ့ချစ်သူ ဧကရီနေရစ်ခဲ့သော ရန်ကု
ဆေးရုံကြီးအဆောက်အအုံကို မျှော်ကြည့်နေသည်။ မမြင်ရမှ
သိလျက် ကြည့်နေမိသည်။ သို့သော် မြင်ကွင်းထဲတွင် ရန်ကုန်ဆေး





ကြီး အဆောက်အအုံကိုမတွေ့ရသဖြင့် အတွေးအာရုံထဲတွင် ဆက်စပ်
ကြည့်နေရသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

မောင်ဝေလတို့ကို တင်ဆောင်လာသော မဟာရာဂျာသင်္ဘောသည် မီးပြရှာကို ကျော်လွန်နေပြီ။ ခနတ်ဘုရားကြီးကို မှုန်မှုန်ဝါးဝါး လပြုထွက်စတွင် မြင်လိုက်ရသည်။ ရွှေတိဂုံဘုရားကြီးကိုမူ မြင်ရတစ်ချက် မမြင်ရတစ်ချက် ဖြစ်နေသည်။ မောင်ဝေလသည် နှစ်ပေါင်း ၂၅နှစ် ခွဲခွာရမည့် ရွှေတိဂုံဘုရားကြီးကို မြင်တုန်းမြင်ခိုက် တဝကြီး ဖူးမြော် ကြည်ညိုထားလိုက်မည်ဟု စိတ်ကူးပြီး ရွှေတိဂုံဘုရားကြီးကို တကျုံးတဂုဏ လိုက်ရှာပြီး ဖူးမြော်နေသည်။

ထိုစဉ်တွင် မဟာရာဂျာသင်္ဘောမှ သင်္ဘောပေါ်တွင်ပါလာသော အကျဉ်းသားများကို ညစာစားရန် ဆော်ဩနေသဖြင့် မောင်ဝေလသည် ရွှေတိဂုံဘုရားကြီးကို ကြာရှည်လေးမြင့် လိုက်လံရှာဖွေကြည်ညို မနေနိုင်တော့ဘဲ ထမင်းကျွေးနေသော သင်္ဘောပဲ့ပိုင်းသို့ ထွက်ခဲ့ရသည်။





မောင်ဝေလသည် သင်္ဘောပဲ့ပိုင်းသို့ ရောက်သွားသောအချိန်မှာ နောက်ကျနေသဖြင့် မောင်ဝေလ စားသောက်ရန် ပန်းကန်ရှိဖြစ်နေသည်။ မောင်ဝေလသည် စားသောက်နေဆဲဖြစ်သော အကျဉ်းသားများ စားသောက်ပြီးမှ စားသောက်ရမည် ဖြစ်သည်။

ထို့ကြောင့် မောင်ဝေလသည် စားသောက်ခန်းမှ အပြင်သို့ ပြန်ထွက်ရန် လှည့်လိုက်သည်။ ထိုစဉ်တွင် မောင်ဝေလ၏ ပခုံးပေါ်သို့ လက်တစ်ဖက်ကျလာပြီး အသံတစ်ခုကို ကြားလိုက်ရသည်။

“ ဒီမှာ ညီလေး ”

မောင်ဝေလ နောက်သို့ လှည့်ကြည့်လိုက်သည်။

ရန်ကုန်အကျဉ်းထောင်တွင် နာမည်ချင်းဆင်တူနေသဖြင့်၊ ပြိုင်တူ မဖွတ်တတ်ရပ်မိသဖြင့် ဝါဒါ၏အရိုက်ကို ခံရမလို ဖြစ်ခဲ့ရသော ကိုဝေလဆိုသူ လူကြီးဖြစ်သည်။

ကိုဝေလကြီးသည် ဥပဓိရုပ် ခန့်ညားသည်ဟု ဆိုရမည်။ သခွမှု ခက်ထန်သော အမှုအရာကို ပိုပြီး ကလေးသာနေဟန်ရှိသည်။ သို့သော် မျက်လုံးများကမူ ဂုဏ်ရကာ အရိပ်အငွေ့များ ယှက်သန်းနေသည်။

မောင်ဝေလက ခြေငံ့စွာမေးလိုက်သည်။

“ ဘာလဲ အစ်ကိုကြီး ”

ကိုဝေလသည် သူ့လက်ထဲမှ ထမင်းပန်းကန်ကို မောင်ဝေလအား ထိုးပေးလိုက်သည်။

“ ညီလေး ဆာနေရောမယ်၊ စားလေ၊ အစ်ကိုကြီးက နောက်တစ်သုတ်မှပဲ စားတော့မယ် ”



www.burmeseclassic.com

www.burmeseclassic.com



ကိုလေဝ၏ စကားသံများတွင် ကရုဏာဝေးသံများ ရောစွက်နေသည်။ အကျဉ်းထောင်လိုနေရာမျိုးတွင် တွေ့ရခဲသည့် ကြင်နာမှု။ သဲကန္တာရထဲမှ အိုအေစစ်၊ မောင်ဝေလက အံ့သြသွားသည်။ ခေါင်းခါလိုက်သည်။

" ကျွန်တော် မဆာသေးပါဘူး အစ်ကိုကြီး . . အစ်ကိုကြီး စားပါ "

မောင်ဝေလသည် ကိုဝေလထိုးပေးသော ထမင်းပန်းကန်ကို လှမ်းမယူဘဲ ပြောလိုက်သည်။

ကိုဝေလက မောင်ဝေလ်ကို စူးစိုက်ကြည့်ပြီး . . .

" ငါလဲ ဆာလှတယ်တော့ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် အချိန်ကျရင် မဆာလဲစား ဆားလဲစားမဟုတ်လား၊ ဒီဟာက တို့အိမ်မှ မဟုတ်ဘဲ၊ တို့ရဲ့အလိုဆန္ဒမှန်သမျှ ဖျက်လိုးမိတ်အဝတ်စည်းထားတာ မဟုတ်လား "

ကိုဝေလထံမှ စကားအန်းတစ်မျိုးကို မောင်ဝေလ ကြားလိုက်ရသည်။

ကိုဝေလက သူ၏စကားတို့ကို ဆက်ပြန်သည်။

" ဒါကြောင့် ငါမစားသေးပါဘူး၊ ညီလေး စားလိုက်ပါရော "

မောင်ဝေလ ကိုယ်နှိုက်ကလည်း ထမင်းဆာလှသည်မဟုတ်သေးသဖြင့် . . .

" ဒါဖြင့်ရင် ဒီလိုလုပ်ပါလား အစ်ကိုကြီး၊ ကျွန်တော် ခင်ဗျားရဲ့ ထမင်းပန်းကန်ကို မစားပါဘူး၊ အစ်ကိုကြီး အခု မစားနဲ့





ဦးပေါ့၊ နောက်တစ်သုတ်ကျလို့ ကျွန်တော့်ဝေစု ထမင်းရတဲ့အခါကျမှ စကားပြောရင်း အတူတူ ထမင်းစားကြတာပေါ့ "

" အေး . . ဒီအကြံကောင်းတယ်၊ ငါ မင်းကိုစောင့်နေမယ် "

မောင်ဝေလသည် ကိုဝေလကို သာယာဝတီလယ်သမား တော်လှန်ရေးမှ ဂျူန်တပ်ဖွဲ့ဝင်တစ်ဦးဟု ထင်မိသည်။

ထောင်ထဲတွင် တစ်ယောက်အကြောင်းတစ်ယောက် မေးမြန်းပြောဆိုကြခြင်းမှာ ထောင်၏ ယဉ်ကျေးမှု အစဉ်အလာတစ်ခုပင်ဖြစ်သည်။ နှစ်ရှည်လများ အကျဉ်းချုပ်ခံနေသော ငြီးငွေ့စက်ဆုပ်ဖွယ် အဖြစ်မှ အခိုက်အတန့် လွတ်မြောက်သော နတ်ဆေးတစ်ပါးဟုလည်း ဆိုကြသည်။

မောင်ဝေလအကြောင်းကို ယနေ့ညပိုင်းပင် ဂျူန်တပ်ဖွဲ့ဝင် လူငယ်တစ်ဦးက မေးမြန်းစုံစမ်းခဲ့ပေပြီ။ ယခုလည်း မောင်ဝေလကို ကိုဝေလက သူ့အကြောင်းတို့မမေးမီ သူကဦးအောင် ကိုဝေလ အကြောင်း မေးလိုက်သည်။

" အစ်ကိုကြီးက သာယာဝတီဂျူန် အဖွဲ့ထဲကလား "

မောင်ဝေလ၏အမေးကို ကြားရသောအခါ ကိုဝေလသည် ပြုံးရွှင်သော မျက်နှာထားနှင့် မောင်ဝေလ်ကို လှမ်းကြည့်လိုက်ပြီး . . .

" ငါ့ကို ဒီလောက်လဲ အထင်မကြီးပါနဲ့ကွာ "

" ဘာဖြစ်လို့လဲ အစ်ကိုကြီး "

" ငါက ဗြိတိသျှအင်ပါယာကို အန်တုတဲ့ ဝံသာနုကြီး မဟုတ်ပါဘူး၊ သာမန် တရားခံတစ်ဦးပါ "

" ဒါဖြင့်ရင် အစ်ကိုကြီး အမှုတွဲဟောင်း လက်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပေါ့ ”

မောင်ဝေလက ထောင်ခဏခဏကျသော ရာဇဝတ်မှုအကျဉ်းသားတစ်ယောက်လောဟု မေးလိုက်သည်။ ထိုလူကြီးက ခေါင်းခါသည်။ နှုတ်မှလည်း . . .

“ ဒီတစ်ခါပဲ ထောင်ကျဖူးတာပါကွာ၊ လူသစ်တန်းပေါ့ ”

“ အစ်ကိုကြီး နာမည်ကလဲ ကိုဝေလနော် ”

“ အေး . . မင်းနာမည်ကလဲ မောင်ဝေလ မဟုတ်လား ”

“ ဟုတ်တယ် . . အစ်ကိုကြီးနဲ့ ကျွန်တော်နဲ့ နာမည်တူတာနဲ့ ရန်ကုန်ထောင်ထဲတုန်းက ကံကောင်းလို့ အရိုက်မခံရတယ်၊ နာမည်တူတာလဲ ထောင်ထဲမှာ ပြစ်မှုပဲနော် ”

“ အေး . . မင်းနဲ့ ငါကလဲ ရှားရှားပါးပါး နာမည်တစ်လုံးတည်း လူနှစ်ယောက်လာပြီး မှည့်လျက်သား ဖြစ်နေတယ်၊ ဒီတော့ ဒီလိုလုပ်ကွာ၊ ငါက အသက်ကြီးတော့ ကိုဝေလကြီး၊ မင်းက အသက်ငယ်တော့ မောင်ဝေလလေးပေါ့ ဟုတ်လား ”

“ ဟုတ်တယ်၊ ဒါဆို ကွဲပြားသွားပြီ၊ ဝေလ ၁၊ ဝေလ ၂က မကောင်းပါဘူး ”

“ ဒါနဲ့ မင်းက ဂျူနီအဖွဲ့ကလား ”

“ မဟုတ်ပါဘူး၊ ကျွန်တော်လဲ ရာဇဝတ်မှုနဲ့ ပါပဲ ”

“ ဘာမှုလဲ ”

“ မိန်းမမှုပါ ”

“ ဟော . . ”

မောင်ဝေလကလေးစကားကို ကိုဝေလကြီးသည် လွန်စွာ





အံ့ဩသွားဟန်ရှိသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

“ မုဒိမ်းမှုကို တစ်သက်တစ်ကျွန်း ဒဏ်ချတယ်လို့ တစ်ခါမှ မကြားဖူးပါဘူးကွာ ”

မောင်ဝေလကလေးသည် သူ့စကားမှားသွားကြောင်း ယခုမှ သိရှိလိုက်သည်။ အမှန်က မောင်ဝေလ တစ်သက်တစ်ကျွန်းဒဏ်ခံရသည်မှာ လူသတ်မှုသာဖြစ်သည်။ ချစ်မိခဲ့သော မိန်းမတစ်ယောက်နှင့် ပတ်သက်ပြီး တစ်သက်တစ်ကျွန်းဒဏ် ခံရသဖြင့် ယောင်ယမ်းပြီး ‘မိန်းမမှု’ဟု ထွက်သွားခြင်းဖြစ်သည်။

တကယ်တွေးလျှင် မောင်ဝေလကလေး တစ်သက်တစ်ကျွန်းဒဏ် ခံခဲ့ရသည်မှာလည်း မိန်းမကြောင့် ကျရသော် မိန်းမမှုပင် ဧကန်ဖြစ်ပါသည်။ မှားသည်ဟု ထင်ရသော်လည်း လုံးဝဥဿုံမှန်ခြင်းတော့ မဟုတ်ပါ။

“ ဟာ . . အစ်ကိုကြီး၊ ကျွန်တော် စကားမှားသွားလို့ပါ၊ မုဒိမ်းမှုမဟုတ်ပါဘူး၊ မိန်းမတစ်ယာက်ကြောင့် ကျွန်တော် လူသတ်မှုနဲ့ တစ်သက်တစ်ကျွန်း ကျလာခဲ့တာပါ၊ အဲ့ဒါကို စိတ်စွဲလမ်းပြီး မိန်းမမှုလို့ ပြောလိုက်တာပါ ”

မောင်ဝေလကလေးက သူ့ကို မုဒိမ်းကောင်ဟု အထင်လွဲမည်စိုးရိမ်းသဖြင့် ကပျာကယာ ဖြေရှင်းလိုက်သည်။

ထိုအခါ ကိုဝေလကြီးက . . .

“ မင်းပြောတာ ဘယ်မှာလွဲလို့လဲကွ၊ မင်းတစ်သက်တစ်ကျွန်းကျရတာ မိန်းမမှုပဲကွ၊ လူအတော်များများဟာ ပုဒ်ထိုးပုဒ်မသာ လွဲတာပါကွာ၊ တကယ်တော့ မိန်းမမှုနဲ့ ထောင်ကျရတာ လုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com

ရာခိုင်နှုန်းလောက် ရှိပါတယ် ''

" ဘာဖြစ်လို့လဲ အစ်ကိုကြီးရ ''

" ထောင်ကျလာတဲ့ လူတော်တော်များများဟာ မယားကျွေးမှု၊ သားကျွေးမှုကို သူတို့တတ်တဲ့၊ ဓားပြပညာ၊ သူခိုးပညာနဲ့ ရှာဖွေကျွေးမွေးရင်း ထောင်ကျလာရတာမဟုတ်လား၊ အဲဒါတွေဟာ မိန်းမမှုနဲ့ ထောင်ကျရလို့ မိန်းမမှုတွေပေါ့ကွ ''

" ဒါပေမယ့် အစ်ကိုကြီး၊ ကျွန်တော်ဟာ တကယ်လူသတ်မှု မကျူးလွန်ဘဲနဲ့ တစ်သက်တစ်ကျွန်း ကျလာရတာပါ ''

မောင်ဝေလကလေးသည် ဒုတိယအကြိမ် သူသည် အပြစ်ကင်းမဲ့ပါလျက် တစ်သက်တစ်ကျွန်းဒဏ်ခံရကြောင်း ပြောပြန်လေသည်။ ယနေ့ညတွင် သူသည် သူ အပြစ်ကင်းမဲ့ကြောင်း လူနှစ်ယောက်ကို ပြောပြီးဖြစ်နေသည်။

ကိုဝေလကြီးသည် ဒုတိယအကြိမ် အံ့သြရပြန်သည်။

" ဟေ . . ''

" ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော်ဟာ ကံကြမ္မာရဲ့ ဒဏ်ခတ်ခြင်း ခံရပါတယ်၊ တကယ်တော့ ဘာပြစ်မှုမှ မကျူးလွန်ခဲ့ပါဘူး ''

မောင်ဝေကလေးက မကျေနပ်သော အမူအရာနှင့် ပြောလိုက်သည်။

ကိုဝေလကြီးကမူ အံ့တွေ့အကြံရင့်ကျက်သော အမူအရာမျိုးနှင့် မတုန်မလှုပ်ရှိနေသည်။ ကိုဝေလကြီး၏ တည်ငြိမ်သော မျက်နှာတွင် ခံစားမှုကို ပုံဖမ်းရန် ခဲယဉ်းလှသည်။





ကိုဝေလကြီးက မောင်ဝေလကလေး၏ မကျေနပ်စွာပြောလိုက်သောစကားကို သေသေချာချာ စဉ်းစားတွေးခေါ်သလိုနေရာမှ မောင်ဝေလကလေးကို နှစ်သိမ့်လိုက်သည်။

" အေးပေါ့ကွာ၊ ဥပဒေဆိုတာ ဘယ်တော့မှမသေဘူးတဲ့။ ဒါပေမယ့် အိပ်မောကျနေသတဲ့ကွ၊ မင်းကိစ္စမှာလဲ အမှန်တရားဟာ မှုန်အောင်နေပြီး ဥပဒေက အိပ်မောကျနေခိုက်နဲ့ ဆုံတယ် ထင်ရတယ်ကွ ''

ကိုဝေလကြီး ပြောလိုက်သည့် စကားမှာ မောင်ဝေလကလေးကို လူသတ်မှုနှင့် ဟံသာဝတီ စက်ရှင်တရားရုံးတွင်တင်ပြီး တရားစွဲစဉ်က မောင်ဝေလ၏ ရှေ့နေ ဦးဖေဆန်း၏စကားကို ကြားယောင်လာသည်။

ရှေ့နေဦးဖေဆန်းက 'ရာဇဝတ်မှု ပပျောက်ရေးကို ပြင်းထန်တဲ့ ဥပဒေနဲ့ ကာကွယ်လို့မရဘူး။ ဖြောင့်မတ်တဲ့ ဥပဒေနဲ့သာ တားဆီးနိုင်တယ်'ဟု ဆိုခဲ့ဖူးသည်။

မောင်ဝေလကလေး၏ စိတ်တို့သည် သူ့ကို ဟံသာဝတီ စက်ရှင်တရားရုံးတွင် လူသတ်မှုနှင့် ရုံးတင်တရားစွဲသည်ကို မြင်ယောင်လာသည်။

တရားရုံးတွင် အပြန်အလှန် စွပ်စွဲကြပုံ လျှောက်လဲချက်ပေးကြပုံများဆီသို့ စိတ်သည်ပျံ့လွင့်သွားပြန်သည်။

ကိုဝေလကြီးက . . .

" မင်းက မိန်းမတစ်ယောက်ကြောင့် လူသတ်မှုမကျူးလွန်ရဘဲနဲ့ လူသတ်မှုနဲ့ တစ်သက်တစ်ကျွန်း ကျလာရတယ် ဟုတ်လား ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ"

"အေး . . . မင်းအဖြစ်ကလဲ ခပ်ဆန်းဆန်း ပါလားကွ ဘယ်လို ဖြစ်တာလဲကွ၊ မင်းရဲ့အကြောင်း ငါ့ကို ပြောပြပါလား ရသေ့စိတ် ဖြေပေါ့ကွာ"

"ကျွန်တော့်အကြောင်းက ရသေ့စိတ်ဖြေတော့ မဖြစ်ပါဘူး အစ်ကိုကြီးရာ၊ ဂန္ထဝင်အချစ်တစ်ခုရဲ့ သက်သေအထောက်အထားပါ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



## အခန်း (၃)

စိတ်ပညာအရ လူသည် ကိုယ့်ကိုယ်ကို စိတ်အဝင်စားဆုံး ဖြစ်သည်။ မိမိရှင်ဘုရင်သည် တိုင်းပြည်တစ်ပြည်ကို တိုက်ခိုက်သိမ်း ပိုက်နိုင်သည့် ကိစ္စထက် နန်းတော်စောင့် စစ်သားသည် အကြပ်လူကြီး ရာထူးတိုးရန်ကိစ္စကိုပို၍ စိတ်ဝင်စားသည်။

မောင်ဝေလကလေးသည် ကိုဝေလကြီး၏ အကြောင်း ကိုမေးမြန်းရန် စိတ်ကူးထားသော်လည်း ကိုဝေလကြီးက သူ့ အကြောင်းကိုမေးမြန်းသောအခါ ပြောကြားမိသည်။

မောင်ဝေလကလေး . . .

"ကျွန်တော့်အဖေက ဟံသာဝတီစက်ရှင်မင်းကြီး ဦးမြတ်မင်း ပါအစ်ကိုကြီးရ၊ ကျွန်တော်က ရန်ကုန် ယူနီဗာစီတီ ကောလိပ်ကျောင်း

www.burmeseclassic.com

သားပေါ့၊ ဖေဖေကအငြိမ်းစားယူပြီး ဇာတိဖြစ်တဲ့ ကွမ်းခြံကုန်းမြို့ တောပုလဲပိုင်းမှာ ပြန်ပြီးနေတယ်၊ ပြီးတော့ ဖေဖေက မော်တော်နှစ်စင်း ထောင်ထားတယ်၊ ဒေးဒရဲနဲ့ ကွမ်းခြံကုန်းကို ပြေးတယ်၊ တစ်ခါတစ်ခါ ကျတော့ နဝလီလိုက်တာပေါ့ "

ထိုအခါ ကိုဝေလကြီးက မောင်ဝေလကလေး၏စကားကို ဖြတ်ပြီး . . .

" ဒီလိုဆို ငါမှတ်မိပြီ၊ မင်းဟာ အခု မတရားခံရပြီး တစ်သက်တစ်ကျွန်းဒဏ်ခံရတာ မင်းအဖေရဲ့ဒဏ်ကို ခံရတာ "

" ဘာဖြစ်လို့လဲ အစ်ကိုကြီးရ "

" မင်းအဖေက တရားသူကြီး မဟုတ်လား၊ မင်းအဖေ မတရားထောင်ချခဲ့တာတွေ ဘာတွေ ရှိမှာပေါ့ကွာ၊ အဲဒီ အပြစ်ဒဏ်ကို မင်းခံရတာဖြစ်မှာပေါ့ "

ကိုဝေလကြီး၏စကားကို ကြားရသောအခါ မောင်ဝေလ ကလေးသည် ငိုင်ကျသွားသည်။ မောင်ဝေလကလေးသည် ဝါး လောက်သောက် ဗိုလ်တဲမှ ဗိုလ်တဲစောင့် ဦးစစ်တို့၏ မျက်နှာ မြင်ယောင်လာသည်။ ကိုဝေလကြီး ပြောသကဲ့သို့ပင် ဖြစ်နေသည် မောင်ဝေလသည် သူ့ဖခင်ကြီးအပေါ်တော့ အပြစ်ပုံမချရက်ပါ။ သူ့ ကံကြမ္မာဆိုးရွားမှုဟုသာ မှတ်ယူပါသည်။

မောင်ဝေလကလေးသည် ကိုဝေလကြီး၏ ထူးခြားသော စိတ်စွမ်းအင်ကို အံ့သြမိသည်။

သို့သော် မောင်ဝေလကလေးသည် သူ့ဖခင်ဟံသာဝတီ စက်ရှင်တရားကြီး ဦးမြတ်မင်းကို အကာကွယ်ပေးလိုက်သည်။





" ဒီလိုတော့လဲ မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ ဖေဖေက ထီးပြန်ဖိနပ်ပြန် တရားသူကြီးမဟုတ်ပါဘူး၊ ဝံသာနုစိတ်ရှိပါတယ်၊ ကြင်နာတတ်ပါတယယ်၊ ဖေဖေက ဂျာမနီကလူပေါင်း သုံးသောင်းကို သေဒဏ်ပေးခဲ့ရတဲ့ တရားသူကြီးလို သမ္မာကျမ်းစာကို အကြိမ် ၅၀ဖတ် ပြီး အာပတ်မဖြေရပါဘူး "

" အေးပေါ့၊ တရားသူကြီးတွေ သေဒဏ်ပေးရတာ နိုင်ငံတော် ရဲ့ ကိုယ်စား အပြစ်ဒဏ်ပေးရတာ ဖြစ်ပေမယ့် တစ်ချို့ကျတော့ ယန မရှင်းဘူး "

ကိုဝေလကြီးသည် တရားသူကြီးများအကြောင်းကို စိတ်ဝင် စားသွားဟန်နှင့် ဆွေးနွေးပြန်သည်။

မောင်ဝေလကလေးသည် သူ၏အကြောင်းကို ပြန်ဆက် သည်။

" တစ်ခုသော အမျိုးသားအောင်ပွဲနေ့မှာပေါ့ အစ်ကိုကြီး ရာ . .

မောင်ဝေလကလေးသည် သူ၏စကားကို ဖြတ်စရာမလိုဘဲ အတိတ်ကို ပြန်တွေးမိသဖြင့် စကားကို မဆက်နိုင်ဘဲ ရပ်သွားသည်။

မောင်ဝေလကလေး၏ မျက်စိထဲတွင် သူချစ်သူ ဇကရီ၏ လှပသောမျက်နှာကလေးကို မြင်ယောင်လာသည်။

" တစ်ခုသော အမျိုးသားအောင်ပွဲနေ့မှာ ကျွန်တော်တို့ ကွမ်းခြံကုန်းမြို့မှာ အငြိမ့်ကဖို့ စီစဉ်တော့ ဖေဖေ့ရဲ့မော်တော်နဲ့ အဲဒီ အငြိမ့်အဖွဲ့ကို သွားသယ်ဖို့ တာဝန်ကျတယ်၊ ကျွန်တော်လဲ ဖေဖေ့ရဲ့ မော်တော်နဲ့ ဝါးဘလောက်သောက်ရွာမှာရှိတဲ့ အငြိမ့်အဖွဲ့ကို သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူနဲ့တွေ့တာပါပဲ "

" ဘယ်သူလဲကွ "

" ကျွန်တော့်ရဲ့ချစ်သူ မမွေးထုံပေါ့၊ သူကအငြိမ့်သမပါ

ကေရီဆိုတဲ့နာမည်နဲ့ အငြိမ့်ကတယ် "

" ဝါးဘလောက်သောက်ရွာက အငြိမ့်အဖွဲ့ဆိုတော့

တောအငြိမ့်ပေါ့ "

" တောအငြိမ့်မဟုတ်ပါဘူး၊ ကေရီက ရန်ကုန်မှာတက်

တာပါ၊ အငြိမ်မကရတဲ့ ရက်တွေမှာ သူ့ရဲ့ရွာမှာ ပြန်နေတာပေါ့

ကျွန်တော် စကားကို လုံးပြီးပြောလိုက်တာပါ၊ အငြိမ့်အဖွဲ့ကို ရန်ကု

သွားကြိုပြီး ကေရီကို ခေါ်ရတာပါ၊ ကေရီက အနုပညာမှာ စွယ်စုံရ

မင်းသမီးတစ်ယောက် ဖြစ်ပေမယ့် လောင်းရိပ်မိနေရှာပါတယ် "

" ဘယ်လို လောင်းရိပ်မိတာလဲကွ "

" သူ့အဖေက ကျွန်တော်တို့ ဟံသာဝတီ ဒီစကြိုတ်

နာမည်ကြီးနေတဲ့ ရာဇဝတ်လူဆိုးကြီး ဗိုလ်မဲထီးဆိုတာပေါ့၊ ကေ

အနုပညာကို အငြိမ့်ထောင်ဆရာတိုင်းက သဘောကျပေမယ့်၊ သူ့အ

ဗိုလ်မဲထီးကို ကြောက်ပြီး ကေရီကို စာချုပ်ရင်တစ်နှစ်ပဲ၊ နောက်

ကျရင် ဆက်ပြီး မငှားရဲတော့ဘူး "

" သူ့အဖေ ဗိုလ်မဲ့ထီးက သူ့သမီးအငြိမ့်ကတာကို လိုက်

နှောင့်ယှက်သလား "

" အရက်မူးတဲ့အခါ သမီးကတဲ့ အငြိမ့်စင်ကိုလိုက်တ

လူပြတ်တွေက ထိကပါး ရိကပါးလုပ်ရင် ခေါင်းကို ရိုက်ခွဲတ

ကာလသားတွေနဲ့ ရန်ဖြစ်တယ်။ စိတ် မကျေနပ်ရင် အငြိမ့်ထောင်ဆ





ကို ရိုက်နှက်တယ် "

" အေး . . ဒီလိုဆိုတော့လဲ ဟုတ်တာပေါ့၊ သူ့သမီးကို

ဘယ်သူက ငှားရမလဲ၊ ကိုယ့်သမီးရဲ့ တက်လမ်းကို ကိုယ်လိုက်ပြီး

ဖျက်သလို ဖြစ်နေတာပေါ့ "

" ကေရီက သူ့အဖေကို လူဆိုးဘဝကစွန့်လွှတ်ပါ၊ သူလုပ်

ကျွေးပါရစေ ဆိုပေမယ့် ငါက အငြိမ့်သမ ထဘီနားကိုခိုပြီး မစားချင်

ဘူးဆိုတယ်၊ ဒါကြောင့် ကေရီဟာ လျှမ်းလျှမ်းတောက် ကျော်ကြားနိုင်

သမယ့် မကျော်ကြားဘူး "

" မင်းတို့ ကွမ်းခြံကုန်းမှာ ပွဲကတော့ လိုက်လာသေးသလား "

" ဘယ် လိုက်လာနိုင်မလဲ၊ ကျောက်တန်းက အချုပ်ထဲ

ရောက်နေတာကိုး "

" မင်းရဲ့မိဘတွေ ကေရီနဲ့ မင်းကို သဘောတူသလား "

" ကေရီနဲ့တော့ ဘာသဘောမတူစရာရှိစလဲ၊ ဗိုလ်မဲထီးရဲ့

သမီး အငြိမ်းသမနဲ့တော့ ဘယ်သဘောတူမလဲ အစ်ကိုကြီးရဲ၊ ထုံးစံ

အတိုင်း ' မျိုးရိုး ' ကို လက်ညှိုးထိုးတာပေါ့၊ ရာဇဝင်လူဆိုးရဲ့ သမီး

အငြိမ့်သမဆိုပြီး မကျေနပ်ဘူးပေါ့၊ မိဘတို့ရဲ့ ဝတ္တရားရှိတဲ့အတိုင်း

သဘောမတူဘူးပေါ့ "

" မင်းကလဲ သားသမီးတို့ရဲ့ ဝတ္တရားအတိုင်း ကေရီကိုမခွဲ

နိုင်၊ မခွာရက်အောင်ချစ်သပေါ့၊ ကေရီကလွဲရင် နတ်သမီးငါးရာကို

ပေးသပေါ့ "

" ကေရီက အငြိမ့်သမပေမယ့် ဗိုင်းကောင်းကျောက်ဖိ

ဘွာရေးခြားရှိတဲ့ မိန်းကလေးပါ "



www.burmeseclassic.com

www.burmeseclassic.com



" အေးပေါ့ကွာ၊ တိုက်ကြီးပေါ်နေ ကားကြီးစီးပြီး 'ပျက်' နေတာက၊ အငြိမ့်စင်ပေါ်မှာ 'ကလက်'တာလောက် မဆိုးဘူးထင်နေကြတာကိုး "

မောင်ဝေလကလေး၏စိတ်များသည် ကေရီနှင့်စတွေ့ခဲ့ကြသော ဝါးဘလောက်သောက်ရွာဆီသို့ ရောက်သွားသည်။

ကေရီ၏မိခင်ဒေါ်ဖြူနုသည် မြေပိုင်ရှင်မျိုးရိုးမှ ဆင်းသက်သဖြင့် တင့်တင့်တယ်တယ်နေနိုင်သည်။ ကေရီ့ဖခင်ကသာ ဆိုးဆိုးတောတောနေသည်။ ဗီဇကမကောင်းသဖြင့် တဖြည်းဖြည်းနှင့် နယ်ကျွံပြီး ယခုတော့ ထောင်အကြိမ်ကြိမ်ကျပြီးသော ရာဇဝင်လူဆိုးကြီး ဖြစ်နေပြီ။ မိခင်ဘက်မှ ချမ်းသာခဲ့သည်ကိုပင် ရာဇဝင်လူဆိုးကြီး ဓားပြတိုက်၍ရသော ငွေကြောင့် ကေရီတို့ တင့်တင့်တယ်တယ် နေရသည်ဟု မျက်နှာငယ်ရသည်။ အရှက်အိုးကွဲရသည်။ လူတောမတိုးရဲအောင် ဖြစ်ရသည်။

အမှန်က ကေရီ့ဖခင် ကိုမဲထီး ဓားပြတိုက်၍ရသော ငွေမှာ သူ့ဘာသာ သုံးဖြုန်းပစ်၍ပင်မလောက်၊ ရုံးရောက်ပြီး ထောင်ကျပြီဆိုလျှင် ကေရီ၏မိခင်ဒေါ်မြနုက အိတ်ထဲကစိုက်ပြီး ရှေ့နေငှားရ ထောင်ဝင်စာခံရ၍ ချွတ်ချုံကျနေပြီ။

ထို့ကြောင့် ကေရီသည် သူဝါသနာပါသော လုပ်ငန်းကလေးနှင့် အသက်မွေးပြီး အိမ်၏စီးပွားရေးကို ကူညီဖြည့်စွမ်းနေရခြင်း ဖြစ်သည်။ ဒါကိုပင် ကေရီ့ဖခင် ဗိုလ်မဲထီးက မိုက်မလင်းနိုင်အောင် ဖြစ်ရသည်။

ဖခင်မှာ ရာဇဝင်လူဆိုးဖြစ်သောကြောင့် ကေရီတို့ လူကြား





ထဲတွင် မျက်နှာမဖော်ရဲအောင် ဖြစ်ခဲ့ရသည်။ ကေရီက ညကြေးဆောင်းစွာရသော ထိပ်တန်းမင်းသမီးတစ်လက် ဖြစ်နေသော်လည်း ခင်ကြောင့် နောက်လိုက်မင်းသမီးဘဝက မတက်နိုင်ပေ။

ဝါးဘလောက်သောက်ရွာက ကေရီကို မမွေးထုံဟုပဲခေါ်သည်။ ဇာတ်အဖွဲ့သားများကမူ ကေရီဟုပင်ခေါ်ကြသည်။ မောင်ဝေလက မမွေးထုံဟူသော နာမည်ကလေးကို သဘောကျသော်လည်း မကေရီဟု ခေါ်မိသည်။

ဝါးဘလောက်သောက်ရွာက မော်တော် စထွက်သောအခါ ကောလိပ်ကျောင်းသား လုလင်ပျို မောင်ဝေလကို ကေရီက သတိပြုမိသလို မျက်နှာချေမလိမ်းဘဲ လှသောကေရီကို မောင်ဝေလ စိတ်ဝင်စားမိသည်။

သို့သော် ကေရီက သူ့ဇာတ်အဖွဲ့သားများနှင့် ပျော်ရွှင်စွာ စကားပြောနေသဖြင့် မောင်ဝေလနှင့် စကားမပြောဖြစ်ပေ။

မော်တော်ထွက်ပြီးအတန်ကြာမှ နေ့ခင်းအိပ်ရန် ဝါသနာပါသော ဇာတ်အဖွဲ့သားများ အိပ်စက်နားနေကုန်ကြသည်။

ထို့ကြောင့် သင်္ဘောထိပ်တွင်နေသော မောင်ဝေလနှင့် ကေရီတို့ စကား စတင်ပြောမိကြသည်။

ကေရီက ယဉ်ကျေးသိမ်မွေ့သော အမူအရာနှင့် မောင်ဝေလ ထံသို့ စကား စတင်ပြောမိကြသည်။

" ကျွန်မကံ ဝါးဘလောက်သောက် ရွာသူပေမယ့် ဒီလမ်းကို ခုမှ မသွားဘူးဖူး။ ဒီလမ်းက သာယာတယ်နော် "

ကေရီပြောသည်မှာ မှန်ပါသည်။ ဝါးဘလောက်သောက်ရွာ



www.burmeseclassic.com

www.burmeseclassic.com



မှ ကွမ်းခြံကုန်းသို့သွားလျှင် လှည်းနှင့် ကော့မှူးကိုသွားပြီးမှ ကားဖြင့် ကွမ်းခြံကုန်းသို့ ရောက်သည်။

ယခု ဝါးဘလောက်သောက်မှ ရေလမ်းအတိုင်း မုတ်ကျွန်းကို ပတ်၊ မိကျောင်းခေါင်းရွာကို ဖြတ်ပြီးသွားရသော အပြင်လမ်းကို အသွားအလာ နည်းကြသည်။

ဝါးဘလောက်သောက်မှ ကွမ်းခြံကုန်းကို သွားလျှင် ကုန်းလမ်းကသာ အသွားအလာများသည်။

မောင်ဝေလကလေး . . .

" ဟုတ်တယ်၊ ဒီလမ်းက အသွားအလာရှင်းပြီး သာယာတယ်"

" သြော် . . ဒါနဲ့ ကွမ်းခြံကုန်းမှာ ဓာတ်စင်ဆောက်ပြီး ကြပြီလား "

" အစောကြီးတည်းက ဆောက်ပြီးပြီ။ မဧကရီရဲ့အငြိမ့်ကို ကြည့်ချင်ကြလို့ ဝီရိယ သိပ်ကောင်းကြတာ "

" ဒီလိုပြောတာ ကျေးဇူးတင်ပါတယ် "

" ကျေးဇူးတင်ခံချင်လို့ ပြောတာ မဟုတ်ပါဘူး။ ကျွန်တော် ရန်ကုန်မှာ မဧကရီရဲ့ အငြိမ့်ကို ကြည့်ဖူးတယ် "

" ဘယ်မှာ ကြည့်ဖူးတာလဲ "

" ကျွန်တော်တို့ ကောလိပ်မှာလေ၊ ဖေဖေက အမျိုးသား အောင်ပွဲနေ့မှာ ပွဲငှားဖို့ တာဝန်ကျတယ်၊ ဒါကြောင့် ကျွန်တော်က ဧကရီပါတဲ့အငြိမ့်ကိုငှားဖို့ တိုက်တွန်းရတာပါ "

" ကျေးဇူးတင်တယ်လို့ ထပ်ပြောရင် စိတ်ဆိုးဦးမှာလား"





" ကျွန်တော်က မဧကရီ ကျေးဇူးတင်ရအောင် ဂုဏ်ဖော် နေမိပြီဗျာ "

မောင်ဝေလက ပြောရင်း ပြုံးမိသည်။

" အခု ကွမ်းခြံကုန်းကျရင်ကော အားပေးဦးမှာလား "

" ရှေ့ဆုံးက ကြည့်မှာပေါ့။ ရန်ကုန်ရောက်ရင်လဲ လိုက်ကြည့် မှာပဲ "

" ပရိသတ်ကောင်း တစ်ယောက်နဲ့တော့ တွေ့နေပြီ "

" ပရိသတ်လို့ပဲ သဘောထားတော့မှာလား။ မိတ်ဆွေ တစ်ယောက်အနေနဲ့ သဘောမထားနိုင်ဘူးလား "

" သဘောထားရုံတင် ဘယ်ကမလဲ၊ အသိအမှတ်ပြုပါ တယ် "

" ကျေးဇူးတင်ပါတယ် "

" ကျွန်မကတော့ ကျေးဇူးတင်တာကို စိတ်မဆိုးပါဘူး။ ဝမ်းသာပါတယ် "

မောင်ဝေလနှင့် ဧကရီတို့သည် ပြိုင်တူ ရယ်မောမိကြသည်။ ထို့နောက် ဧကရီက မောင်ဝေလကို စပယ်ကြည့်လေးနှင့် မသိ့ ...ကြည့်ပြီး . . .

" အငြိမ့်သမတစ်ယောက်ကို ပရိသတ်က မီးရောင်အောက် ...တင် အားပေးလက်ခုတ်တီးပြီး အပြင်ဘက်ကျတော့ နှာခေါင်းရှုံ့ ...တ်ကြတယ် "

ဧကရီဆိုလိုသည်မှာ အဓိပ္ပာယ်တစ်မျိုးနှင့် ဖြစ်မှန်း မောင်ဝေလသိသော်လည်း မောင်ဝေလက သူပြောချင်သော စကားကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီးပြောလိုက်သည်။

" ဒါကတော့ မီးရောင်အောက်မှာလှပြီး အပြင်မှာ အရုပ်ဆိုးတဲ့ မင်းသမီးတွေကို ဖြစ်မှာပေါ့။ မဧကရီလို မီးရောင်အောက်မှာလဲလှ၊ အပြင်ဘက်မှာလဲချောတဲ့ မင်းသမီးကို လူတကာက ပျူပျူငှာငှာ နှုတ်ဆက်ကြမှာပါ "

" ကျေးဇူးတင်ပါတယ် "

" ကျွန်တော်တို့ ကျေးဇူးတရားတွေ သိပ်များနေပြီထင်တယ်။ ကွမ်းခြံကုန်းရောက်ရင် ကျေးဇူးကို လျှော့ဈေးနဲ့ ချရောင်းရတော့မယ် "

" ဒီစကားက ပြောလို့လဲကောင်းတယ်။ နားထောင်လို့လဲ သာယာတာကိုး "

" ကျွန်တော်တို့ တခြားစကား လှည့်ပြောရအောင် "

" ဘာအကြောင်း ပြောမလဲ "

" ပုံပြောတမ်းကစားရင် မကောင်းဘူးလား "

" ကောလိပ်ကျောင်းသားကြီးကလဲ ကလေးဆန်လိုက်တာ "

" လူကြီးတွေက ကလေးဘဝက ဖြတ်သန်းခဲ့ရတာပါ မဧကရီ။ ကလေးတွေကို အရေးမထား၊ မလေးမစား မလုပ်ပါနဲ့။ ပြီးတော့ . . တကယ်ကောင်းတဲ့ ပုံပြင်တစ်ပုဒ်ဟာ ရည်ရွယ်ချက်ကင်းမဲ့တဲ့ ဝတ္ထုတစ်ပုဒ်ထက် အများကြီးသာပါတယ် "

ထိုအချိန်တွင် ဝါးဘလောက်သောက် ချောင်းထဲတွင် ဗေဒါပင်များသည် ရေစီးနှင့်မျောပါလာသည်။

ဗေဒါပင်နောက်မှ အမှိုက်ဒိုက်သရောများလည်း ပါလာသည်။





မောင်တော်ဆလင်သည် ဗေဒါပင်များနှင့် ပန်းကာငြိမည်စိုး၍ ဗေဒါအုပ်ကို ကွေ့ရှောင်လိုက်သည်။

ဧကရီသည် ဗေဒါပင်အုပ်ကိုကြည့်ပြီး ပြုံးလေသည်။ ...ည်သည့် အကြောင်းကို တွေးမိလေသလောမသိ။

ထို့နောက် ဧကရီသည် မောင်ဝေလကို လှမ်းကြည့်လိုက်ပြီး . .

" ဒီဗေဒါပင်တွေကိုတွေ့မှ ပုံပြင်တစ်ပုဒ်ကို သွားပြီးသတိရတယ်။ ကျွန်မ ပုံတစ်ပုံပြောပြမယ်၊ ရှင်နားထောင်မှာလား "

" ဘာလဲ . . ဗေဒါပျံ အံကိုခဲ ပန်းပန်လျက်ပဲဆိုတဲ့ ပုံပြင်လား "

" မဟုတ်ပါဘူး၊ အငြိမ့်သမ အနုပညာသမားကို အထင်ကြီးတဲ့ လူတစ်ယောက်ကို ကြိုတင်သဟ်ပေးတဲ့ ပုံပြင်ကလေးတစ်ပုဒ်ပါ။ နားထောင်မယ် မဟုတ်လား "

" မဧကရီပြောရင် ကျွန်တော် နားထောင်မှာပေါ့ "

ဧကရီသည် ရယ်စရာကောင်းသော ဟာသပုံပြင်တစ်ပုဒ်ကို ပြောပြသည်။

" ဟိုတုန်းကပေါ့ "

" ဟိုးရှေးရှေးတုန်းက မဟုတ်ဘူးလား "

" အချိန်ကာလ အတိအကျမပါဘူးရှင့် "

" ဟိုးရှေးရှေးတုန်းကလဲ ကာလအတိအကျ မဟုတ်ပါဘူး "

" ထားပါတော့လေ၊ ဟိုးရှေးရှေးတုန်းကပေါ့။ ပုံပြင်နားထောင်တဲ့လူကလဲ ရှေ့နေဆိုတော့ စိတ်ညစ်လိုက်တာ "



www.burmeseclassic.com

www.burmeseclassic.com



" ရှေ့နေမဟုတ်ဘူး။ သမိုင်းဆရာဗျ "

" ကလေးလို ထိပ်ခေါက်ပြီး ပြောရမလိုဖြစ်နေပြီ။ ကဲ .. ငြိမ်ငြိမ်နားထောင်၊ ပြန်မမေးနဲ့။ ပြန်မေးရင် ပုံမပြောတော့ဘူး။ ကြားလားကလေး "

" ဟုတ်ကဲ့ .. ဒေါ်လေး "

" ဟိုးရှေးရှေးတုန်းက မြစ်တစ်ခုထဲမှာ ရှေ့ဆုံးက ဗေဒါပင်အုပ်က မျောလာတယ်။ အဲဒီဗေဒါပင်အုပ်ရဲ့ နောက်မှာ ဒိုက်သရော အမှိုက်ပုံတစ်ခုက မျောလာတယ် "

" အို .. ဇာတ်ကောင်တွေကလဲ အလွန်သတ္တိရှိတဲ့ မင်းသားလေးနဲ့၊ အလွန်လှတဲ့ မင်းသမီးလေးမဟုတ်ဘူး။ နားထောင်ရမှာ ပျင်းစရာကောင်းလိုက်တာ "

" ဒီတစ်ခါ နောက်ဆုံးအကြိမ် သတိပေးမယ်။ လူကြီးပြောတဲ့အခါ ဝင်ပြီးပြောရင် ပုံပြင်ကို ဆက်မပြောဘဲ ဗိုက်ခေါက်ကြော အလိမ်ခံရမယ် "

" ဟုတ်ကဲ့ .."

" အဲဒီလို ဗေဒါပင်အုပ်ရဲ့ နောက်မှာ မျောလာတဲ့အမှိုက်ပုံ ဒိုက်သရောတွေ ရှေ့ကမျောနေတဲ့ ဗေဒါပင်အုပ်ကို လမ်းဖယ်ပေးလို့ ပြောတယ်။ ဗေဒါပင်ကလဲ ဘာဖြစ်လို့ ဖယ်ပေးရမှာလဲလို့ ဒေါသနဲ့ ပြန်မေးတယ်။ မျောလာတဲ့အမှိုက်ပုံက ငါက ဗေဒါပင်လို တစ်မျိုးတည်းမဟုတ်ဘူး၊ အမျိုးလဲစုံတယ်။ အရှုပ်ဆုံးပဲ။ ဒီမြစ်ထဲမှာ အရှုပ်ဆုံးကို လမ်းဖယ်ပေးစတမ်းဆိုတဲ့ ဥပဒေရှိတယ်လို့ ပြောတော့၊ ဗေဒါပင်က ဟုတ်သလားဆိုပြီး လမ်းဖယ်ပေးလိုက်တယ်။ ဒါနဲ့ အမှိုက်ပုံ





ဒိုက်သရောက ဗေဒါအုပ်ကို ကျော်တက်သွားတယ် "

" အင်း .. စိတ်ဝင်စားစရာတော့ ကောင်းသားပဲ "

" ဟင်းနော် .. ပါးစပ်ပိတ်ထားစမ်း၊ အဲဒီကျော်တက်သွားတဲ့အမှိုက်ဒိုက်သရောပုံရဲ့နောက်မှာ ဘယ်သူကပ်လိုက် လာသလဲဆိုတော့ သပွတ်အူကြီးက မျောပြီး ကပ်လိုက်လာတယ်၊ သပွတ်အူကြီးက အမှိုက်ပုံကို လမ်းဖယ်ပေးဖို့ လမ်းတောင်းပြန်တယ်။ အမှိုက်ပုံက ဒေါသနဲ့ ဘာဖြစ်လို့ လမ်းဖယ်ပေးရမှာလဲလို့ ပြန်ပြီးမေးတယ်။ သပွတ်အူက ဒီမြစ်ထဲမှာ အရှုပ်ဆုံးအရာဝတ္ထုကို လမ်းဖယ်ပေးစတမ်းဆိုတဲ့ ဥပဒေသရှိတာ မင်းသိလျက်သားနဲ့ ဘာဖြစ်လို့ပြန်မေးနေရသလဲ၊ သပွတ်အူဆိုတာ အမှိုက်ပုံထက်ရှုပ်တာကို မင်းမသိဘူးလားလို့ ပြောလိုက်တယ်၊ အမှိုက်ပုံလဲ သဘောပေါက်သွားပြီး သပွတ်အူကို လမ်းဖယ်ပေးလိုက်တယ် "

" အမှိုက်ပုံဝင့်လည်တာပေါ့၊ ကာလဝိပေါက် နောက်ပိုးဘတ်ဆိုတာ သိပ်မှန်တာပေါ့နော် ဒေါ်လေး "

" ဟော့ .. ပါးစပ်ပိတ်ထားလို့ ပြောတာ မရဘူးလား၊ ပုံကို တစ်ဝက်တစ်ပျက်နဲ့ ရပ်လိုက်ရမလား "

" ကောင်းပါပြီ၊ ဆက်ပြောပါ "

" ဒါနဲ့ .. အဲဒီကျော်တက်သွားတဲ့ သပွတ်အူရဲ့ နောက်က လှေတစ်စင်း လိုက်လာတယ်၊ အဲဒီလှေကလဲ အရှုပ်ဆုံး ရှေ့ဆုံးက သွားနေတဲ့ သပွတ်အူကို လှမ်းပြီး လမ်းဖယ်ပေးဖို့ပြောတယ်၊ သပွတ်အူကလည်း လောကမှာ သူ့အရှုပ်ဆုံးမို့ မာနတင်းပြီး ဘာဖြစ်လို့ ဖယ်ပေးရမှာလဲ၊ ဘာလှေလဲလို့ လှမ်းမေးတယ် "



www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်တာပဲ ဒေါ်လေးရဲ့၊ လောကမှာ သပ္ပတ်အူက အရှုပ်ဆုံးနဲ့ အများဆုံးပဲ၊ လှေကတစ်စင်းတည်းဟာ။ လှေက ဘာလေ့မို့လဲ"

" လှေက ကျွန်မတို့ အခုစီးလာတဲ့ မော်တော်လို ဇာတ်အဖွဲ့ကို တင်လာတဲ့ ဇာတ်လှေလေ၊ အဲဒါနဲ့ သပ္ပတ်အူက ဘာလှေလဲလို့ လှမ်းမေးလိုက်တော့၊ လှေက ငါတို့ လှေက ဇာတ်လှေလို့လဲ ပြောလိုက်ရော၊ သပ္ပတ်အူကို လမ်းတောင်းစရာမလိုတော့ဘူး၊ တစ်ခါတည်း လမ်းဖယ်ပေးလိုက်တယ်။ ဒီမြစ်ထဲမှာ အရှုပ်ဆုံးအရာဝတ္ထုကို လမ်းဖယ်ပေးစတမ်းဆိုတဲ့ ဥပဒေရှိတယ်မဟုတ်လား၊ သပ္ပတ်အူက တွေးသတဲ့ လောကမှာ ငါက အရှုပ်ဆုံးထင်နေတာ ဇာတ်လှေဆိုတာ ငါ့ထက်ရှုပ်တယ်၊ မြန်မြန်သွားအောင် လမ်းဖယ်ပေးလိုက်မှ ကောင်းမယ်၊ ဇာတ်လှေဆိုတာ သပ္ပတ်အူထက်လဲ ရှုပ်တယ်၊ အမှိုက်ပုံထက်လဲညစ်ပတ်တယ်၊ ဗေဒါပင်ထက်လဲ မျှောချင်ရာမျှောတယ်တဲ့ ဒါကြောင့် သွားပါသွားပါဆိုပြီး လမ်းပေးလိုက်သတဲ့ "

ထိုပုံပြင်ကလေးမှာ ဇာတ်သမားများကို ချိုးနှိပ်ထားသော ပုံပြင်ကလေးတစ်ပုဒ်ဖြစ်သည်။

ကေရီလို အငြိမ့်သမတစ်ယောက်က ထိုပုံပြင်မျိုးပြောဝံ့သည်ကို မောင်ဝေလသည် အံ့သြနေသည်။

ကေရီ . . .

" ဟောဒီဝါးဘလောက်သောက် ချောင်းထဲမှာ ကျွန်မတို့ ဇာတ်မော်တော်က အရှုပ်ဆုံးဖြစ်မှာပဲနော် "

မောင်ဝေလသည် ကေရီ၏စကားကို ကြားရသဖြင့် ရယ်မောရပြန်လေသည်။





ကေရီက မောင်ဝေလမျက်နှာကို စေ့စေ့ကြည့်ပြီး . . .

" ဘယ်လိုလဲ ဆရာကြီး၊ အငြိမ့်သမတို့ အနုပညာသမားတို့ကို အထင်ကြီးရင် ဒီပုံပြင်ကလေးကို မမေ့နဲ့နော်၊ အဲဒါ တခြားလူပြောတာမဟုတ်ဘူး၊ အငြိမ့်လောကက နာမည်ကျော် လူရွှင်တော်ကြီး ဦးဇာတ်စုံ ပြောတာရှင့် "

မောင်ဝေလက ကေရီ၏ စကားကို သဘော မကျသလို ခေါင်းခါလိုက်သည်။

" ကျွန်တော်တော့ လက်မခံနိုင်ပါဘူး ကေရီ၊ အင်မတန် လှပမွှေးကြိုင်တဲ့ ပဒုမ္မာကြာပန်းဟာ ရွှံ့ညွှန်းချေးပုံမှာပေါက်တာပဲ "

. . . . . . . . . . . . . . . . . . . . . . .


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မောင်ဝေလကလေးသည် သူ စိတ်ဝင်စားသော ကေ
အကြောင်းကို အသေးစိတ် မှမ်းလွန်းသည်ဟု ကိုဝေလကြီး ထင်ပုံ
လေသည်။ ထို့ကြောင့် မောင်ဝေလကလေးက ကေရီနှင့် စတွေ့ပုံ
ကောရီပုံပြင်တစ်ပုဒ် ပြောပြသည်ကို ကေရီနှင့် စတွေ့ပုံ၊ ကေရီက
ပုံပြင်တစ်ပုဒ် ပြောပြသည်ကိုပင် ပြောပြနေရာကို ဝေလကြီးသည်
စိတ်မရှည်ပုံရသည်။

ကိုဝေလကြီး . . .

" တိုတိုပြောရရင် မင်းနဲ့ အငြိမ့်သမကေရီနှင့် အဲဒီအမျိုးသား
အောင်ပွဲနေ့မှာ စတွေ့ပြီး ချစ်ခဲ့ကြတာပေါ့၊ ကေရီက မင်းကိုအသက်
ပေးချင်တယ်၊ မင်းက ဘဝပေးချစ်တယ်၊ ကွမ်းခြံကုန်းနဲ့
ဝါးဘလောက်သောက် သွားတဲ့ချောင်းရဲ့ဘေးမှာ ချောင်းအသစ်တစ်
ထပ်ဖောက်တာပေါ့ "

မိုးဆမ်းပန်းစာပေ



ကိုဝေလကြီး၏ စကားအဓိပ္ပာယ်ကို မောင်ဝေလကလေးက
းမလည်ဘဲ ပြန်မေးလေသည်။

" ဘာ ချောင်းအသစ်ဖောက်လို့လဲ အစ်ကိုကြီးရဲ့ "

" မောင်ဝေလက အငြိမ့်သမ ကေရီရှိတဲ့ ဝါးဘလောက်
သက်ရွာကို ချောင်းပေါက်မတတ်အောင် သွားလို့အသစ်ဖြစ်လာတဲ့
လေကေရီချောင်းကွာ "

" ဟာ . . အစ်ကိုကြီးကလဲ ကြံကြံဖန်ဖန် 'ဝေလကေရီ'
ချောင်းတဲ့ "

မောင်ဝေလကလေးသည် ကိုဝေလကြီး၏ စကားပြောပုံကို
သောကျမိသည်။ ထိုထက်ပို၍ သူ၏နာမည်နှင့် ကေရီ၏နာမည်ကို
ဆက်ထားသော ဝေလကေရီချောင်းဟူသော နာမည်ကလေးကို
သောကျပြီး နှုတ်မှ 'ဝေလကေရီချောင်း' ဟု ရွတ်ဆိုနေမိသည်။

ကိုဝေလကြီးက သူ၏စကားကို ဆက်ပြန်သည်။

" ကဲကွာ . . မင်းတို့ရဲ့ ပုံပြင်ထဲမှာ သိပ်ပြီး သူရသတ္တိနဲ့
ည်ခံတဲ့ ရွှေမင်းသားလေးလဲရှိပြီ၊ သိပ်ပြီးလှပတဲ့ ရွှေမင်းသမီးလေးလဲ
ပြီ၊ ဗိလိန်က ဘယ်သူလဲ၊ မင်းရဲ့ဖေဖေလား၊ ကေရီရဲ့အဖေ ရာဇဝင်
ိုးကြီး ဗိုလ်မဲထီးလား "

" တစ်ယောက်မှမဟုတ်ဘူး "

" ဒါဖြင့် ဘယ်သူလဲ "

" ကွမ်းခြံကုန်း ဂါတ်တဲက ရာဇဝတ်အုပ် ကိုသက်ညွှန့် "

" ဒီရာဇဝတ်အုပ် ကိုသက်ညွှန့်က ဘယ်ကပါလာတာလဲ၊
တ်ကောင်ကမိုးပေါ်က ကျလာတာလား "

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

" မိုးပေါ်ကကျလာတာ မဟုတ်ဘူး၊ ငရဲအိုးထဲက ထွက်

တာ . . "

" သက်ညွန့်ဆိုတဲ့နာမည်ကို ကြားကတည်းက ကြာကူ

သိလိုက်သလိုပေါ့ "

" ကေရီရဲ့အမျိုးတွေက ကွမ်းခြံကုန်း မန့်ကျဉ်းတ
ရှိတယ်၊ ရုံဘက်ကမ်းဆိုတဲ့ ကွမ်းခြံကုန်းချောင်းရဲ့ သောင်ဘက်ကမ်
လဲရှိတယ်၊ တစ်ခါတစ်ခါ ကေရီက ကွမ်းခြံကုန်းလာလည်
ကျွန်တော်တို့ တွေ့ကြတယ်၊ ကျွန်တော်ကလဲ ဝါးဘလောက်သော
ဘက်ကို မော်တော်ကြုံနဲ့ လိုက်သွားပြီး သွားတွေ့တယ်။ သူ့အ
ရွာမှာ ရောက်နေရင်တော့ သူ့အဒေါ်အိမ်မှာ တွေ့တယ်၊ သူ့အဒေါ်
က ကျွန်တော်တို့ စခန်းထောက်ပေါ့။ ကေရီတို့ဘက်က ကျွန်တော်
သဘောတူလို့ ကျွန်တော်တို့တွေ့ရသော သိပ်ပြီး အခက်အခဲမ
ဘူး "

" ဝေလကေရီ ချောင်းသားမှာကော ချိန်းမတွေ့ဘူးလား

" ကျွန်တော်သာ ရှင်ဘုရင်ဖြစ်ရင် ကေရီနဲ့စတွေ့
ဝါးဘလောက်သောက်ချောင်းကို ဝေလကေရီချောင်းလို့ နာမည်
မယ် "

" အေး . . ဒါနဲ့ မင်းရဲ့ ဗီလိန်ရာဇဝတ်အုပ် ကိုသက်ည
အကြောင်း မျက်ခြည်ပြတ်သွားဦးမယ် "

" တစ်နေ့တော့ ကေရီဟာ ကွမ်းခြံကုန်းကို လာလည်
ရာဇဝတ်အုပ် ကိုသက်ညွန့်က မတရား ဗိုလ်ကျတော့တာဘဲ

" ဘယ်လို ဖြစ်တာလဲ "





" ကေရီရဲ့အဖေ ဗိုလ်မဲထီးက ရာဇဝင် လူဆိုးမဲ့ဟုတ်လား။
လ်မဲထီးနဲ့ပတ်သက်ပြီး သူက ကေရီကို မတရားဗိုလ်ကျတာ "

" ဘာဆိုင်လို့လဲကွ "

" သိပ်ဆိုင်တယ် အစ်ကိုကြီးရ၊ အဲဒီရာဇဝတ်အုပ်
ိုသက်ညွန့်ကလဲ ကေရီကို အသေအလဲကြိုက်နေတာ။ ကေရီရဲ့
ပါးရုံမှာ ယစ်မူးနေတာ၊ သူက ကေရီကို လိုချင်တော့ ကေရီရဲ့ အဖေ
ဇဝင်လူဆိုး ဗိုလ်မဲထီးကိုတောင် သူနဲ့ ပေးစားဖို့ ပြောဖူးတယ်၊
လ်မဲထီးက ကေရီရဲ့ သဘောတိုင်းပါပဲ။ ရာဇဝတ်အုပ်မို့ အလျှော့
ပေးပါဘူး၊ ကေရီက သူ့ကိုပြန်မကြိုက်နိုင်ဘူးဆိုတာနဲ့ ထစ်ခနဲရှိ
လ်မဲထီးကို အပြစ်ရှာပြီး ဖမ်းတာပဲ၊ ပြီးတော့ မစားရတဲ့အမဲကို သဲနဲ့
တ်သလို ကေရီကို အရှက်ခွဲဖို့ ကြိုးစားတာပေါ့။ ကေရီနဲ့ ကျွန်တော်
ချစ်နေတယ်ဆိုတဲ့ သတင်းလဲ သူကြားတယ်ထင်ပါရဲ့ "

" ဘယ်လိုအရှက်ခွဲတာလဲကွ "

မောင်ဝေလကလေးသည် သူနှင့် ရာဇဝတ်အုပ် ကိုသက်ညွန့်
ဲ့ပွားသော ပဋိပက္ခကို ပြောပြလေသည်။

ထိုနေ့က ကေရီသည် ကွမ်းခြံကုန်း မန်ကျည်းတန်းရှိ သူ၏
ွေမျိုးအိမ်တွင် ရောက်နေသဖြင့် မောင်ဝေလသည် ကေရီထံသို့
ောက်နေသည်။

ရာဇဝတ်အုပ် ကိုသက်ညွန့်သည် အရက်အနည်းငယ် မူးနေ
နဲ့တူသည်။ ခပ်ယိုင်ယိုင်နှင့် မောင်ဝေလတို့ ထိုင်ပြီး စကားပြောနေ
ော အိမ်သို့ရောက်လာသည်။ ရာဇဝတ်အုပ်တစ်ယောက် ဖြစ်နေ
ဖြင့် အိမ်ရှင်များက ပျာပျာငှာငှာ ထွက်ကြိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

" ဒီအိမ်မှာ အငြိမ့်မင်းသမီး ကေရီဆိုတာ ရှိသလား "

စကားထိုင်ပြောနေသော မောင်ဝေလနှင့် ကေရီတို့သည် စိတ်ထဲ ကသိကအောက် ဖြစ်နေကြသည်။

ကေရီက စိတ်ရှုပ်ထွေးသော အမူအရာနှင့် ခေါင်းကလေး ကုတ်ပြီး။

" ဟုတ်ပါတယ်၊ ကျွန်မပါပဲ "

ရာဇဝတ်အုပ် ကိုသက်ညွန့်သည် ကေရီကို စားမတတ် ဝါးမတတ် အမူအရာမျိုးနှင့် ကြည့်သည်။ သူ၏ မျက်လုံးတွင် တဏှာနိုးများ ဝေနေသည်။

" ခင်ဗျား ဂါတ်တဲကို လိုက်ခဲ့ပါ "

" ဘာကိစ္စရှိလို့လဲ "

" စစ်ဆေးစရာ ရှိလို့ "

" စစ်ဆေးစရာရှိရင် ဒီမှာစစ်လို့ မရဘူးလား "

" မရဘူး . . ဂါတ်တဲမှာစစ်မှ ရမယ် "

ကေရီသည် စိတ်အလွန်ညစ်သွားပုံရသည်။

ရာဇဝတ်အုပ် ကိုသက်ညွန့်သည် အစိုးရက အပ်နှင်းထား သောအာဏာကို အလွဲသုံးစားပြုနေပြီဖြစ်ကြောင်း မောင်ဝေလ နားလည်လိုက်သည်။

မောင်ဝေလသည် ချစ်သူကို ကိုသက်ညွန့်က ဗိုလ်ကျနေသ ဖြင့် မနေသာတော့ဘဲ ဝင်လိုက်ရသည်။

" ဘာကိစ္စနဲ့ စစ်မေးချင်သလဲဆိုတာ တဆိတ်သိပါရစေ လားဗျာ "





" ဘာကိစ္စရှိရှိပေါ့ကွာ၊ မင်းကို ငါကအစီရင်ခံရအောင် မင်းက ငါ့ရဲ့ အထက်လူကြီးလား၊ မင်းက ဘာကောင်လဲ "

ရာဇဝတ်အုပ် ကိုသက်ညွန့်က အငေါ်တူး၍ ပြောလိုက် သည်။ မောင်ဝေလ၏ ဒေါသသည် နားထင်သို့ တက်ဆောင့်သည်။ သော် သည်းခံစိတ်ကို မွေးမြူလိုက်သည်။

" မိန်းကလေးတစ်ယောက်ကို ဒီလိုစစ်မေးချင်တယ်ဆိုရင် နအုပ်ရဲ့ စာနဲ့ ပုလိပ်အမှုထမ်းတစ်ယောက် စေလွှတ်လိုက်ပါ၊ ျွန်တော်တို့ ဂါတ်တဲကိုလိုက်လာပြီး အစစ်ခံပါ့မယ် "

" ငါကိုယ်တိုင် လာခေါ်တာပဲ၊ ဌာနာအုပ်ရဲ့စာ လိုသေးလား "

" ခင်ဗျားတစ်ယောက်တည်းမှ မဟုတ်ဘဲ၊ ခင်ဗျားမှာ အဖော်ပါလာတယ် . . "

မောင်ဝေလ၏ စကားကြောင့် ရာဇဝတ်အုပ် ကိုသက်ညွန့် သည် အံ့ဩပြီး နားရှုပ်သွားသည်။ အမှန်မှာ ရာဇဝတ်အုပ်ကိုသက်ညွန့် တစ်ယောက်တည်းသာ ရောက်လာခြင်းဖြစ်သည်။

" မင်း ဘာပြောင်နေတာလဲ၊ ငါ့မှာ ဘယ်မှာ အဖော်ပါလို့ လဲ . . "

" သူရာအရက်ဆိုတဲ့ မကောင်းဆိုးဝါးက ခင်ဗျားနဲ့အတူ ပါလာတယ်၊ ခင်ဗျားရဲ့စိတ်မှာ မကောင်းဆိုးဝါး စီးဝင်နေတော့ မလုပ် သင့်တာတွေ လုပ်မိမယ်၊ မမှားသင့်တာတွေ မှားမှာစိုးလို့ပါ "

" မလိုပါဘူးကွာ၊ ကျားဆိုးကို တောတိုးသင်မနေစမ်းပါနဲ့၊ ဒီမှာ ငါခေါ်တာ လိုက်မလား၊ မလိုက်ဘူးလား ပြော "

" မလိုက်နိုင်ဘူး . . "

www.burmeseclassic.com

www.burmeseclassic.com



" မင်း ဝတ္တရား နှောင့်ယှက်မှုနဲ့ ဒုက္ခ ရောက်သွားချင်သလား"

" ခင်ဗျားလဲ . . အာဏာအလွဲသုံးစား လုပ်မှုနဲ့ ဒုက္ခရောက်သွားမယ် . ."

" မင်း . . ငါ့အမိန့်ကို ဖီဆန်တာလား "

" တရားမျှတတဲ့ ဥပဒေကို လိုက်နာဖို့ အဆင်သင့်ပဲ၊ ဥပဒေမျက်နှာဖုံးစွပ်ပြီး ပုဂ္ဂိုလ်ရေးအနိုင်ကျင့် ဗိုလ်ကျတာကိုတော့ လုံးဝလက်မခံဘူး "

ထိုအချိန်တွင် အိမ်နီးချင်းများသည် မောင်ဝေလနှင့် ရာဇဝတ်အုပ် ကိုသက်ညွှန့်တို့ စကားများနေရာသို့ ဝိုင်းအုံ စုပြုံရောက်လာသည်။

ကိုသက်ညွှန့်သည် လူများဝိုင်းအုံကြည့်သဖြင့် ရှက်လာဟန်တူသည်။ ရှက်သဖြင့် ရမ်းလာသည်။ သူသည် ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲထုတ်ပြီး မောင်ဝေလကို ချိန်လိုက်သည်။

မောင်ဝေလက ထိတ်လန့်တုန်လှုပ်ခြင်း မရှိပေ။ အိမ်ရှင်နှင့်ဝိုင်းအုံကြည့်နေသော အိမ်နီးချင်းများသည် သေနတ်ကို တွေ့သဖြင့်ရှဲသွားကြသည်။

မောင်ဝေလက . . .

" ခင်ဗျား ကျုပ်မှာ ဘာအပြစ်ရှိလို့ သေနတ်နဲ့ချိန်ရတာလဲ ရာဇဝတ်အုပ်ဆိုတာနဲ့ လူသတ်ခွင့်လိုင်စင် မရှိဘူး၊ ခင်ဗျား အခုချိန်ထိစပြီး ရာဇသတ်ကြီးဥပဒေကို ကျူးလွန်နေပြီ၊ ကျုပ်က ငြိမ်ခံနေလိမ့်မယ် မထင်နဲ့ "



ကိုသက်ညွှန့်သည် မောင်ဝေလက ရာဇသတ်ကြီးဥပဒေဟု ပြောလိုက်သည်နှင့် တုန်လှုပ်သွားသည်။ သို့သော် ရှက်ရှက်နှင့်ဆက်ပြီး ရမ်းနေသည်။

မောင်ဝေလက အနီးသို့ရောက်နေသော လူထုကိုတိုင်တည်လိုက်သည်။

" ဒီလူ ကျွန်တော်ကို သေနတ်နဲ့ချိန်တာ မြင်ကြတယ်နော်၊ ပြီးတော့ ကျွန်တော်ကို သေနတ်လုတယ်လို့ မတရားအမှုဆင်နေဦးမယ်၊ ကျွန်တော် သူ့သေနတ်ကို လုံးဝမလုဘူးနော် "

မောင်ဝေလသည် စကားဆုံးသည်နှင့် ကိုသက်ညွှန့်၏ခြောက်လုံးပြူး ကိုင်ထားသောလက်ကို ဆတ်ခနဲဆောင့်ကန်လိုက်သည်။ ခြောက်လုံးပြူး သေနတ်သည် လွင့်ထွက်သွားသည်။ မြေပြင်ပေါ်သို့ ဖုတ်ခနဲကျသွားသည်။

ထိုအချိန်တွင် မောင်ဝေလ၏ လက်သီးအစုံသည် ကိုသက်ညွှန့်၏ မျက်နှာဆီသို့ တရစပ်ဝင်သွားသည်။ ထို့နောက် ခြေခတ်မြန်သော မောင်ဝေလ၏ ခြေထောက်သည် ကိုသက်ညွှန့်၏ အရိုက်သို့ ဝင်သွားသည်။

ထို့နောက် ကိုသက်ညွှန့်၏ မေးရိုးဆီသို့ လက်သီးဝင်သွားပြန်ရာ ကိုသက်ညွှန့်သည် သူ့ကိုယ်သူမထိန်းနိုင်တော့ဘဲ မြေပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားသည်။

ထိုအချိန်တွင် ကေရီနှင့် အိမ်သားများသည် မောင်ဝေလကို ဆက်ပြီး ရန်မဖြစ်ရန် အိမ်အတွင်းသို့ဆွဲခေါ်သွားကြသည်။

ထိုအချိန်တွင် မန်ကျည်းတန်းရပ်ကွက်မှ ရွာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ကြွယ်ရောက်လာပြီး ကိုသက်ညွန့်၏ ခြောက်လုံးပြူကိုကောက်ယူကာ ကိုသက်ညွန့်ကိုဝိုင်းထူပြီး ဂါတ်တဲသို့ ဆွဲခေါ်သွားသည်။

ကိုသက်ညွန့်သည် မောင်ငွေလကို ငါ့အကြောင်းသိမယ်၊ ထမင်းဝအောင်စားထားဟု လူဆိုးတစ်ယောက်လို ကြိမ်းဝါးသွားသည်။

ကိုသက်ညွန့်၏ မတရားဗိုလ်ကျမှုကြောင့် ဖြစ်ရသော်လည်း မောင်ငွေလသည် အိမ်ရှင်များကို အားနာနေသည်။

ထိုအိမ်တွင် ဧကရီကိုဆက်ထားလျှင် ကိုသက်ညွန့်မတရားဗိုလ်ကျနေမည် စိုးရိမ်သဖြင့် မောင်ငွေလသည် ဧကရီကို သူ၏အိမ်သို့ခေါ်သွားသည်။

လမ်းတွင် ဧကရီက သူ့ကြောင့် ယခုလိုဖြစ်ရသဖြင့် စိတ်မကောင်းကြောင်း တဖွဖွ ပြောလေသည်။

" ဖြစ်ရလေ မောင်ရယ်၊ ဧကရီ့ကြောင့် မောင့်ကို ရာဇဝတ်အုပ် ကိုသက်ညွန့်က အငြိုးအတေးထားပြီး အရေးယူတော့မှာပဲကွယ် "

" လင်တ ကျိန်ဆဲတိုင်း လူသေရမှာလား ဧကရီ "

" ဧကရီ့ကြောင့် ဖြစ်ရလေခြင်း မောင်ရယ် "

" ဧကရီ့ကြောင့် ဖြစ်တာမှမဟုတ်ဘဲ ဧကရီရဲ့။ ဧကရီ့ဘာသာ အိမ်မှာထိုင်နေတာပဲ၊ သူက ငြိုးဟ်ဆိုးကို ခေါ်လာတာပဲ။ စိတ်မကောင်း မဖြစ်နဲ့ ဧကရီ၊ ဧကရီ့ကြောင့် ဖြစ်တာမဟုတ်ဘူး "

ဧကရီက တစ်မျိုးလှည့်တွေးပြီး ပူပြန်သည်။

" မောင်တို့အိမ်ကို ဧကရီလိုက်လို့ ဖြစ်ပါ့မလားကွယ်။ မောင့်မိဘတွေက ဧကရီနဲ့ သဘောမတူဘူး မဟုတ်လား "

" ဒီမှာ ဧကရီ၊ တရားမျှတစိတ်ရှိတဲ့ မိဘတွေဟာ သဘော





တူတာတွေ၊ မတူတာတွေဖယ်ထား။ သားနဲ့ ပတ်သက်တဲ့သူကိုတော့ လက်ခံရမှာပဲ၊ အရေးအကြောင်းဖြစ်နေမှ ဧကရီကို မောင်က ဒီလိုပဲ ထားခဲ့ရမှာလား . . ဒီအိမ်မှာဆိုရင် ဧကရီကိုလာပြီး အနိုင်ကျင့်နေဦးမယ်။ မောင်တို့အိမ်မှာဆိုရင် လုံခြုံပါတယ် "

မောင်ငွေလကလေးနှင့် ရာဇဝတ်အုပ် ကိုသက်ညွန့်ဖြစ်သော ရန်ပွဲသတင်းသည် ဟံသာဝတီ ဒီစကြိုတ်တစ်ခုလုံး ပျံ့နှံ့သွားသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဆွမ်းခံရင်း ငှက်သင့်တယ်ပဲဆိုဆို၊ ကျားချင်းကိုက်ရာတွင် သမင်လမ်းကူးမှားသည်ဟုပဲ ပြောပြော၊ မောင်ဝေလအတွက်ကား ကြမ္မာငင်ရာ ခုတင်ရွေ့ခဲ့ခြင်းသာ ဖြစ်ပါ၏။

ထိုနေ့က မောင်ဝေလ၏ချစ်သူ ကေရီက တွေ့ဆုံရန် မောင်ဝေလကို ဝါးဘလောက်သောက် ဗိုလ်တဲသို့ ချိန်းလိုက်သည်။

ခါတိုင်း မောင်ဝေလနှင့် ကေရီသည် ဝါးဘလောက်သောက် ရွာ ဗိုလ်တဲတွင် တစ်ခါမျှ ချိန်းမတွေ့ဘူးပါ၊ ကေရီ၏ ဒေါ်လေး တစ်ယောက်အိမ်တွင် ချိန်းတွေ့နေကျဖြစ်သည်။

မောင်ဝေလ၏စိတ်ထဲတွင် သူ့ချစ်သူ ကေရီက၊ အကယ်၍ မောင်ဝေလကသာ ကေရီကို လပ်ထပ်ထိမ်းမြား ပြောကြားလိမ့်မည်ဟု ထင်နေသည်။



ကေရီက သူတို့၍ဂုဏ်မပါ။ နုံချာသောဘဝမို့ မောင်ဝေလ၏ ဖခင် စက်ရှင်မင်းကြီး ဦးထွန်းမြတ်သည် သူနှင့်မောင်ဝေလကို သဘောတူလိမ့်မည်ဟု မထင်ပေ။ မောင်ဝေလ၏ ဖခင်ဦးထွန်းမြတ်တို့က သဘောမတူလင့်ကစား မောင်ဝေလက ကေရီအပေါ်ထားခဲ့သည့် မေတ္တာသည် တစ်ရံတစ်ဆစ်မျှ မပျက်ကွက်ခဲ့ကြောင်း အခါများစွာပင် အားပေးခဲ့ဖူးပြီး။ မေတ္တာရှိရင်းစွဲမို့ မလွဲနိုင်ပါဟု သစ္စာစကားကို ကရားရေလွှတ် တတွတ်တွတ် ဆိုခဲ့ဖူးပြီ။

သို့သော် မောင်ဝေလ၏ အချစ်ဦး မျက်နှာငယ်ကလေး ကေရီသည် သူတို့နှစ်ယောက်၏ ကွာခြားလှသော ဘဝအခြေအနေကြောင့် အားငယ်နေရှာဟန်ရှိသည်။

ယခုကဲ့သို့ ကေရီထံမှ ချိန်းဆိုသောစာကို မောင်ဝေလရရှိသောအခါတွင် မောင်ဝေလ၏မိသားစုနှင့် အများကပြိုင်ငြင်နေသည့်ကြားမှပင် မောင်ဝေလသည် ကေရီရှိရာသို့ အသော့နှင်၍ ထွက်ခဲ့သည်။

မိဘများ သဘောမတူသူ ဖြစ်လင့်ကစား ကေရီကသာ မောင်ဝေလနှင့် လက်ထပ်မည်ဆိုပါက မောင်ဝေလ၏ မိဘများက အမွေပြတ်သားအဖြစ် စီမံကားစေကာမူ ကေရီကို လက်ထပ်မည်ဟု မောင်ဝေလသည် ဆုံးဖြတ်ပြီးဖြစ်နေသည်။

ယခုလည်း ကေရီ၏ချိန်းစာကို ရသည်နှင့် မောင်ဝေလသည် မဆိုင်းမတွပင် သူတို့နေရာ ကွမ်းခြံကုန်းမြို့မှ မော်တော်ဖြင့် ဝါးဘလောက်သောက်ရွာသို့ ထွက်ခဲ့သည်။

လမ်းတွင် မော်တော်စက်ချွတ်ယွင်းနေသဖြင့် မောင်ဝေလ

www.burmeseclassic.com

www.burmeseclassic.com



ဖင်တကြွကြွနှင့် ဂနာမငြိမ်အောင် ဖြစ်နေရသည်။ မောင်ဝေလ ထင်သည့်အတိုင်းပင် ဇကရီ ချိန်းထားသောအချိန်မှာ မွန်းတည့် ၁၂ နာရီ၊ မောင်ဝေလ ဝါးဘလောက်သောက်ရွာသို့ ရောက်သွားသည့် အချိန်သည် မွန်းလွဲတစ်နာရီ ဖြစ်နေသည်။

မောင်ဝေလသည် ခြေထောက်တွင် စက်တပ်ထားသလို လျှောက်သည်။ ဝါးဘလောက်သောက် ဆိပ်ကမ်းမှ ဗိုလ်တဲသို့ မပြေးရုံတမည် လှမ်းသည်။

မောင်ဝေလ ဗိုလ်တဲပေါ်သို့ တက်သွားသောအခါ နှပျို့လှပပြီး ရွှေရုပ်ရိုင်းအောင် လှမိုးခေါင်သော ဣန္ဒာရုံအငြိမ့်မင်းသမီးကလေး သူ့ချစ်သူ ဇကရီက မကြိုဆိုဘဲ ဗိုလ်တဲအတွင်း၌ မားတန်းလန်းနှင့် သေဆုံးနေသော ရာဇဝတ်အုပ် ကိုသက်ညွှန့်၏ အလောင်းကြီးက ကြိုဆိုနေသည်။ သည်းထိတ်ရင်ဖိုဖွယ် အနိဋ္ဌရုံမြင်ကွင်းကြီးပင် ဖြစ်ပါသည်။

မောင်ဝေလသည် ကိုသက်ညွှန့်၏အလောင်းကြီးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ကြောက်ရွံ့ ထိတ်လန့်သွားသည်။ မောင်ဝေလ၏ ခန္ဓာကိုယ်အတွင်းမှ သွေးများ ဗလောင်ဆူသွားသည်။

သို့သော် မောင်ဝေလသည် ပင်ကိုယ်အားဖြင့် သူရသတ္တိနည်းပါးလှသူမဟုတ်သဖြင့် ဗိုလ်တဲပေါ် ပြန်ဆင်းပြေးမည့် အကြံအစည်ကို ယာယီအားဖြင့် ပယ်ဖျက်လိုက်ပြီး စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

ကြောက်ရွံ့ထိတ်လန့်သော စိတ်များ ကုန်ဆုံးလွန်မြောက်သောအခါ မောင်ဝေလသည် ကိုသက်ညွှန့်၏အလောင်းကြီးကို



သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။

မြားပစ်တာ ဘယ်သူလဲ။ မြား ဘယ်အရပ်ကလာသဲဟု စောကြောဝေဖန်နေမည့်အစား မြားဒဏ်ရာ ပျောက်ကင်းချမ်းသာအောင် ကုသရမည်ဟူသော ဥပဒေအရ မောင်ဝေလသည် ကိုသက်ညွှန့်ကို မည်မျှပင် မုန်းတီးစေကာမူ ကိုသက်ညွှန့်၏အသက်ကို ကယ်တင်နိုင်ပါက ကယ်တင်နိုင်ရန် အနီးသို့ ချဉ်းကပ်သွားသည်။ သို့သော် မောင်ဝေလ အချိန်များစွာ နောက်ကျခဲ့ပါပြီ။ ကိုသက်ညွှန့်သည် အသက် ဓိဝန်ချုပ်နေပါပြီ။

ကိုသက်ညွှန့်၏ အလောင်းကို ကြည့်၍ မောင်ဝေလ ဦးနှောက်ထဲသို့ စဉ်းစားစရာများ တပြုံတမကြီး ဝင်ရောက်လာသည်။

ကိုသက်ညွှန့်သည် မောင်ဝေလနှင့် ဇကရီတို့ နှစ်ယောက်ကြားတွင် ဗီလိန်ဖြစ်သည်။ မောင်ဝေလနှင့် ဇကရီတို့ တစ်ယောက်နှင့်တစ်ယောက် မုန်းတီးရန် ဇာသာဝန်တို ဂုန်းမအိုကြီး လုပ်ခဲ့ဖူးသည်။

ဇကရီ့ဖခင်မှာ ရာဇဝင် လူကြီးဟူသော အကြောင်းကြောင့် ရာဇဝတ်အုပ် ကိုသက်ညွှန့်သည် ဇကရီကို အကြပ်ကိုင်၍ ချစ်ခြင်းမေတ္တာ တောင်းခံခဲ့ဖူးသည်။ မောင်ဝေလနှင့် ဇကရီတို့၏အချစ်ကို နှောင့်ယှက်ဖျက်ဆီးခဲ့ဖူးသည်။

ယခု ဇကရီနှင့် မောင်ဝေလတို့ ချိန်းထားသော ဝါးသလောက်သောက် ဗိုလ်တဲပေါ်သို့ ရာဇဝတ်အုပ် ကိုသက်ညွှန့်ရောက်နေသည်မှာ ဇကရီနှင့် ပတ်သက်နိုင်သည်မှာ မောင်ဝေလ ဆက်စပ်တွေးခေါ်မိသည်။

မောင်ဝေလ ပြင်းထန်စွာ တုန်လှုပ်မိသည်။

မိုးဆပ်မ်းပန်းစာပေ

www.burmeseclassic.com

ယခုအတိုင်းဆိုလျှင် ကိုသက်ညွန့် အသတ်ခံရခြင်းသည် မောင်ဝေလ၏ချစ်သူ ကေရီ၏လက်ချက်များပေလော။ ကေရီသည် ကိုသက်ညွန့်အပေါ် ရွံရှာမုန်းတီးလှသည်ကို မောင်ဝေလ သိပြီးဖြစ်ခဲ့သည်။

မောင်ဝေလနှင့် ကေရီတို့ ချိန်းဆိုထားသည်ကို ကိုသက်ညွန့်သည် သိရှိပြီး၊ ကေရီဗိုလ်တဲပေါ်သို့ လာစောင့်နေစဉ် ကိုသက်ညွန့်သည် ဗိုလ်တဲသို့ ရောက်လာပြီး ကေရီကို ဗလက္ကာရပြုသဖြင့် ကေရီ လက်လွန်သွားခြင်းလောဟု မောင်ဝေလ စဉ်းစားနေမိသည်။

မောင်ဝေလသည် သူ့ချစ်သူ ကေရီ အမှုမပတ်စေရန် ကိုသက်ညွန့်၏ အလောင်းအနီးတွင် ကေရီနှင့်ပတ်သက်သော သဲလွန်စများကို ကြည့်နေမိသည်။

ကိုသက်ညွန့် လဲကျသေဆုံးနေသော အခန်း၏ ကြမ်းပြင်တွင် သဲလွန်စတစ်စုံတစ်ရာ မတွေ့ရပါ။

မောင်ဝေလသည် ကိုသက်ညွန့်၏ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်ပြန်သည်။ အင်္ကျီအိတ်ထောင် အနည်းငယ် ဖောင်းနေသဖြင့် အတွင်းသို့ လက်နှိုက်ကြည့်ရာ စာရွက်ခေါက်ကလေးတစ်ခုကို တွေ့ရသည်။ မောင်ဝေလသည် ထိုစာရွက်ခေါက်ကလေးကို တုန်ယင်သောလက်များနှင့် ဖြန့်ကြည့်သည်။

စိတ်လှုပ်ရှားနေသဖြင့် မောင်ဝေလသည်။ စာကို ကြိုးစားဖတ်ရသည်။ မျက်စိမမှုန်ဘဲနှင့် စာလုံးရှုပ်ပြီး ဝါးနေသည်။

ကေရီက ကိုသက်ညွန့်ကို ယမန်နေ့ည ရှစ်နာရီအချိန်တွင် တွေ့ဆုံရန် ဝါးဘလောက်သောက် ဗိုလ်တဲသို့ ချိန်းဆိုလိုက်သော





စာတစ်စောင် ဖြစ်နေသည်ကို မောင်ဝေလ အံ့သြစွာတွေ့ရသည်။

မောင်ဝေလ၏ ဦးနှောက်ထဲတွင် စဉ်းစားမရအောင် ဝိတ်ဆို့တင်းကျပ်သွားသည်။ ကေရီသည် အဘယ့်ကြောင့် မောင်ဝေလနှင့် ရန်သူတော် ကိုသက်ညွန့်တို့ကို တစ်နေ့စီအပြီး ချိန်းဆိုရသည်။ အချိန်အားဖြင့်မူ တစ်ရက်ကွာခြားသည်။ ကိုသက်ညွန့်ကို ယမန်နေ့ည ရှစ်နာရီတွင် ချိန်းသည်။ မောင်ဝေလကိုမူ ယနေ့မွန်းတည့် ၁၂ နာရီတွင် ချိန်းဆိုထားသည်။

ရာဇဝတ်အုပ်မင်း
ကိုသက်ညွန့်ရှင့်

ကျွန်မဖခင် ဦးမဲထီး၏ အမှုကိစ္စနှင့်ပတ်သက်ပြီး၊ တိုင်ပင်ဆွေးနွေးလိုပါသဖြင့်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ခုနစ်ရက်နေ့ ည ရှစ်နာရီအချိန် ဝါးဘလောက်သောက် ဗိုလ်တဲသို့ ကြွမြန်းခဲ့ပါရန် ပန်ကြားလိုက်ပါသည်။

မမွေးထုံ (ခေါ်) ကေရီ။

မောင်ဝေလသည် ကေရီ၏ စာကလေးကို အခေါက်ခေါက် အခါခါ ဖတ်နေမိသည်။

ထိုစာနှင့်ပတ်သက်၍ ကေရီသည် မောင်ဝေလကို ချစ်ခင်စုံမက်သည်ဟုဆိုပြီး တစ်ဘက်က ရာဇဝတ်အုပ် ကိုသက်ညွန့်ကိုပါ ကမ်းလှမ်းသလောဟု တွေးကြောမိသည်။ ကေရီသည် မြွေဟောက်ကို လျှာနှစ်ခွနှင့် လာသမျှကို လက်သင့်ခံသော မျက်နှာများသည့် မိန်းမ

www.burmeseclassic.com

လောဟု အတွေးရောက်မိသည်။

သို့သော် ထိုစာထဲတွင် ကေရီက ကိုသက်ညွန့်ကို မေတ္တာသက်ဝင်သော အရိပ်အရောင် လုံးဝမပါ။ အမှုကိစ္စနှင့်သာ ချိန်းဆိုထားခြင်းဖြစ်သဖြင့်၊ ကေရီအပေါ် အလိုတမာအတွေးသည် ချက်ချင်းပင် လွင့်စင်သွားသည်။

ကေရီနှင့် ကိုသက်ညွန့်တို့ တွေ့ဆုံပြီး၊ အမှုကိစ္စဆွေးနွေးစဉ် ကိုသက်ညွန့်က အကျပ်ကိုင်လာသဖြင့် ကေရီကသတ်ဖြတ်လိုက်ခြင်းများလားဟု မောင်ဝေလ တွေးထင်မိသည်။

ထိုသို့ဆိုလျှင် ဤစာရွက်ကလေးသည် ကိုသက်ညွန့်အသတ်ခံရမှုနှင့်ပတ်သက်ပြီး သူ့ချစ်သူ ကေရီ၏ လည်ပင်းကို ကြိုးကွင်းစွပ်မည့် သက်သေခံပစ္စည်း ဖြစ်နေသည်။ ဤစာရွက်ကလေးက ကေရီကို သေဒဏ်စီရင်မည့် စီရင်ချက် ဖြစ်နိုင်သည်။

မောင်ဝေလသည် ထိုစာရွက်ကလေးကို ဖျောက်ဖျက်ပစ်ရန် သူ၏အကျီအိတ်ထဲ ထည့်လိုက်သည်။

ထို့နောက် မောင်ဝေလသည် လူသေကောင်းကြီးရှိသော ဗိုလ်တဲမှ အမြန်ဆုံးထွက်ခွာရန် စဉ်းစားလိုက်သည်။

ထိုစဉ်က မောင်ဝေလသည် လူသတ်မှုနှင့်ပတ်သက်ပြီး သူ့ချစ်သူ ကေရီ ပတ်သက်မည်ကို စိုးရိမ်မိရင်း သူကိုယ်တိုင် လူသတ်မှုနှင့်ပတ်သက်လာရမည်ဟု မမျှော်မှန်းမိသေးချေ။

မောင်ဝေလသည် စောစောကတည်းက ဗိုလ်တဲမှထွက်ခွာသင့်သော်လည်း ဖင့်နွှဲနေမိသည်။ ယခုမှ ကြီးစွာ ပူပန်မိပြီး ဗိုလ်တဲမှ အမြန်ဆုံးထွက်ခွာရန် လှေကားသို့ လျှောက်ခဲ့သည်။ သို့သော်





နောက်ကျသွားခဲ့လေပြီ။

မောင်ဝေလအဖို့ တစ်မိနစ်မျှ နောက်ကျရခြင်းသည် နောင်တွင် (၂၅)နှစ်အပြစ်ဒဏ်ခံရရန် နောက်ကျခြင်းဖြစ်ကြောင်း နားလည်ရသည်။

မောင်ဝေလသည်လှေကားမှ ကမန်းကတန်း ဆင်းခဲ့သည်။ မောင်ဝေလသည် လှေကားတစ်ဝက်သာ ဆင်းနိုင်သေးသည်။ ဗိုလ်တဲဝင်းခြံ၏ တံခါးဝတွင် ဝါးဘလောက်သောက် သူကြီး ဦးလှမောင်နှင့် ဌာနအုပ် ကိုသိန်းဒိုးတို့ ဘွားခနဲတွေ့လိုက်ရသည်။ မောင်ဝေလ၏ ရင်ထဲတွင် ကြီးစွာ တုန်လှုပ်ချောက်ချားသွားသည်။

မောင်ဝေလသည် ရှင်းမရနိုင်သော အရှုပ်အထွေးနှင့် ချည်နှောင်ရစ်ပတ်ခြင်း ခံလိုက်ရပြီဟု နားလည်လိုက်သည်။

လူသတ်မှု ဖြစ်ပွားနေသော ဗိုလ်တဲပေါ်တွင် မောင်ဝေလနှင့် အာဏာပိုင်များ ပက်ပင်းတိုးမိခြင်းမှာ မောင်ဝေလသည် ကြမ္မာဆိုးနှင့် တိုးမိခြင်းသာဖြစ်ပါ၏။

မောင်ဝေလသည် ဝါးဘလောက်သောက် ရွာသူကြီး ဦးလှမောင်၊ ဌာနာအုပ် ကိုသိန်းဒိုးနှင့် ဘွေ့လိုက်ရသဖြင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ လူသတ်မှုနှင့် ပါဝင်ပတ်သက်ပြီး စွပ်စွဲခံရမည်ကို လူသားပီပီ ကြောက်ရွံ့ထိတ်လန့်မိပါသည်။ ထို့ကြောင့် မောင်ဝေလသည် အထူးပင်တုန်လှုပ်ချောက်ချား သွားမိသည်။ သူတို့သည် ဗိုလ်တဲလှေကားထိပ်သို့ ရောက်လာကြသည်။

" ဟာ . . ကိုဝေလ "

သိကျွမ်း ရင်းနှီးပြီးဖြစ်သော ဌာနာအုပ် ကိုသိန်းဒိုးက အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com

စွာနှင့် ရေရွတ်လိုက်သည်။

" ဟေ . . မောင်ဝေလ "

ဝါးဘလောက်သောက် ရှာသူကြီး ဦးလှမောင်ကလည်း
လူသတ်မှုဖြစ်ပွားသော နေရာတွင် မောင်ဝေလတို့ တွေ့ရှိရသဖြင့်
သရဲတစ္ဆေခြောက်ခံရသလို အံ့ဩထိတ်လန့်နေသည်။

" ကိုဝေလ ဒီဗိုလ်တဲကို ဘာလာလုပ်တာလဲ "

ဌာနာအုပ် ကိုသိန်းဒိုးက အလွယ်ကူဆုံး မေးခွန်းကို
မေးလိုက်သည်။ မောင်ဝေလအတွက်မူ ဖြေဆိုရန် အခက်အခဲဆုံး
ပုစ္ဆာဖြစ်နေသည်။ ထိုမေးခွန်း၏ အဖြေမှာ ဇကရီနှင့် ပတ်သက်နေ
သည်။ ဇကရီကို လူသတ်မှု မပတ်သက်စေချင်ပါ။ ထို့ကြောင့်
မောင်ဝေလသည် ခေါင်းတွင် ချက်ချင်းပါလာသောအဖြေကို ဗလုံး
ဗထွေးနှင့် ပြောလိုက်သည်။

" ကျွန်တော် . . ကျွန်တော် ကိုသက်ညွန့်နဲ့ ချိန်းထားလို့
ပါ၊ ဒီကျတော့ ကိုသက်ညွန့် သေ . . သေ . . နေပြီဗျ "

ထိုအဖြေသည် ကြီးစွာ မှားယွင်းသောအဖြေမှန်း မောင်ဝေလ
နောက်မှ သိလိုက်ရသည်။

ဌာနာအုပ် ကိုသိန်းဒိုးသည် ပုလိပ်အရာရှိပီပီ ထိုအဖြေကို
ကောင်းစွာ တေးမှတ်လိုက်ဟန်တူသည်။ အလောင်းကို မစစ်ဆေး
သေးသဖြင့် ဘာကြောင့်ဘယ်လိုဟူသော မေးခွန်းများကို ဆက်တိုက်
မမေးသေးပေ။

" ကဲ . . လာဗျာ။ ဗိုလ်တဲပေါ် လိုက်ခဲ့ပါဦး၊ အလောင်းကို
စစ်ဆေးကြည့်ရအောင် "





ဌာနာအုပ် ကိုသိန်းဒိုး အသံ၏နောက်တွင် အမိန့်သည်
ာပ်ပါလာမှန်း မောင်ဝေလက သိလိုက်ရသည်။

ထိုအချိန်တွင် လှေကား၏အလယ် အပေါ်ဆုံးတွင်
ရောက်နေသော မောင်ဝေလက ဗိုလ်တဲပေါ်သို့ အလျှင်ဆုံးတက်ရ
သည်။

ကိုသိန်းဒိုးက သူ့နောက်က ကပ်ပါလာသော ပုလိပ်ကလေး
ို လက်ပြပြီး နောက်ဖေးလှေကားမှ ပိတ်ဆို့ထားရန် အမိန့်ပေးလိုက်
ည်ကို မောင်ဝေလ တွေ့လိုက်ရသည်။ မောင်ဝေလ နောက်ဖေးလှေ
ားမှ ဆင်းမပြေးနိုင်ရန် ပိတ်ဆို့ထားလိုက်ပြီ ဖြစ်ကြောင်း မောင်ဝေလ
ချက်ချင်းပင် ရိပ်စားမိလေသည်။

ထိုအချိန်သည် မောင်ဝေလအတွက် သေရေးရှင်းရေးတမျှ
ရေးကြီးနေပြီဖြစ်ကြောင်း မောင်ဝေလ နားလည်လိုက်သည်။ အမှု
ရာတစ်ချက်ပျက်ရုံနှင့် တစ်သက်ဒုက္ခရောက်သွားနိုင်သည်။
ားတစ်လုံးမှားရုံနှင့် သောကပင်လယ်ဝေသွားနိုင်သည်။
ာင်ဝေလ ကြီးစွာသတိထားရမည် ဖြစ်ကြောင်း သဘောပေါက်သွား
ည်။

မောင်ဝေလသည် ဗိုလ်တဲဧည့်ခန်းတွင် သွားထိုင်သည်။
သတ်မှုဖြစ်ပွားသော အခန်းထဲသို့ လိုက်မဝင်သွားပေ။ ပုလိပ်တစ်
ာက်သည် မောင်ဝေလအနီး၌ မတ်တတ်လာရပ်ပြီး မယောင်
ည်နှင့် စောင့်ကြပ်နေသည်ကို မောင်ဝေလ သတိပြုမိသည်။

မောင်ဝေလသည် သူ့အပေါ် အမှုပတ်မည့် အရေးမှ
ထွက်နိုင်ရန် ဦးစွာပထမ မစဉ်းစားနိုင်မီ၊ ကိုသက်ညွန့်၏ အကျီ


www.burmeseclassic.com

www.burmeseclassic.com

အိတ်အတွင်းမှရသော ဧကရီစာကို မည်သို့ဖျောက်ဖျက်ပစ်ရမည်ကို အလျင်ဆုံး စဉ်းစားနေရသည်။

ဤစာသည် ဧကရီအတွက် သေရေးရှင်ရေးတမျှ အရေးကြီး သည်ကို နားလည်ထားသော မောင်ဝေလသည် ထိုစာကို ဖျောက်ဖျက် ပစ်ရန် အရေးကြီးနေသည်ကို မောင်ဝေလနားလည်လိုက်သည်။ ထိုစာရွက်ကလေးကို မည်သို့ဖျောက်ဖျက်ပစ်ရမည်ကို မောင်ဝေလ၏ ဦးနှောက်ထဲတွင် ကြီးစွာ အလှုပ်ရှုပ်နေသည်။

ထို့နောက် မောင်ဝေလ၏ဦးနှောက်ထဲသို့ ဧကရီ၏စာကို ဖျောက်ဖျက်ပစ်ရန် အကြံတစ်ခု လက်ခနဲရောက်လာသည်။

မောင်ဝေလသည် သူ၏အနီးတွင် ယောင်ပေပေနှင့်ရပ်နေ သော ပုလိပ်စာသင်ကြီးကို မော့ကြည့်လိုက်ပြီး . .

" ဒီမှာ စာသင်ကြီး၊ ကျွန်တော် အိမ်သာတက်ချင်တယ်ဗျာ ခဏလိုက်ခဲ့ပါလား "

စာသင်ကြီးသည် အလိုမကျသောမျက်နှာနှင့် ရှုသိုးသိုးကြည့် ပြီး သံပြတ်နှင့် ခွင့်ပြုလိုက်သည်။

" သွားလေ "

မောင်ဝေလ ဗိုလ်တဲ၏ နောက်ဖေးဆောင်သို့ ဝင်သည်။ စာသင်ကြီးသည် မောင်ဝေလ၏နောက်မှ အရိပ်သဖွယ် ကပ်လိုက် လာသည်။ မောင်ဝေလသည် ရေချိုးခန်းနှင့် အိမ်သာဆက်ထားသော နေရာသို့ ဝင်လိုက်ပြီး သူ၏အင်္ကျီအိတ်ထဲမှ ဧကရီ၏စာ နှစ်စောင် လုံးခြေပြီး ပါးစပ်ထဲသို့ ထိုးထည့်လိုက်သည်။ ကိုသက်ညွှန့်၏ အလောင်းမှ ရသောစာနှင့် သူ၏အင်္ကျီအိတ်ထဲမှ ဧကရီက သူ့





ချိန်းဆိုထားသောစာတို့ဖြစ်သည်။

အရေးကြီးသော သက်သေခံပစ္စည်းကို ပါးစပ်ထဲမျိုချပြီး ဖျက်ဆီးပစ်ရန်ဖြစ်သည်။ စာရွက်တစ်ရွက်ကို မျိုချရသည်မှာ အကျင့် မရှိသဖြင့် နှင်နေသေးသည်။ အလောင်းမှရသော ပစ္စည်းဖြစ်၍ ကြောက်ရွံ့စိတ်နှင့် မသတီစိတ်ကလည်း ဟန့်တားနေသဖြင့် မောင်ဝေလသည် ခက်ခဲပင်ပန်းစွာ မျိုချရသည်။ သူ့အတွက် ဧကရီ ချိန်းဆိုသောစာကိုမူ အလွယ်ပင် မျိုချနိုင်ခဲ့ပါသည်။

ထိုစဉ်က ဧကရီ၏စာရွက်ကလေးသည် မောင်ဝေလအတွက် ကျရောက်လာမည့် ဘေးအန္တရာယ်ကို လွတ်မြောက်စေမည့် 'ရွှေတိုက်သော့'မှန်း မောင်ဝေလ မသိခဲ့ပေ။ မောင်ဝေလသည် ကိုယ် လွတ်မြောက် ထွက်ခွာရမည့် 'ရွှေတံတား'ကို ကိုယ်၏ မိုက်မဲမှုကြောင့် ပင် ကိုယ့်ဘာသာကိုယ် ပြန်ပြီးချိုးပြီး ဖြစ်နေသည်ဟု မသိခဲ့ပေ။

မောင်ဝေလသည် အိမ်သာထဲမှထွက်ခဲ့သောအခါ စာသင် ကြီးသည် မောင်ဝေလကို မသင်္ကာသောမျက်နှာမျိုးနှင့် ဆီးကြိုနေ သည်။ သို့သော် မောင်ဝေလက သူသည် တစ်ကွက်သာခဲ့ပြီဟု ထင်လိုက်သည်။ သို့သော် မောင်ဝေလ နာလန်မထူနိုင်အောင် အပြီး တိုင် ရှုံးနိမ့်သွားခြင်းပင် ဖြစ်ပါ၏။

မောင်ဝေလသည် ဧကရီ၏ အရေးကြီးသော သက်သေခံစာ ကို ဖျောက်ဖျက်ပြီးဖြစ်သဖြင့် စိတ်လက် ပေါ့ပါးသွားသည်။ မောင်ဝေလသည် ဗိုလ်တဲ၏ ဧည့်ခန်းကုလားထိုင်တွင် ခြေပစ်လက် ပစ် ထိုင်ချလိုက်သည်။

မောင်ဝေလသည် စိတ်အေးလက်အေး အမူအရာမျိုး တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တကာပေါ်လွင်အောင် နေထိုင်လိုက်ခြင်းဖြစ်သည်။ သို့သော် ရင်ထဲ၌မူ ဂနာမငြိမ်ပေ။

မကြာမီပင် ကိုသိန်းဒိုးသည် သေဆုံးသူ ကိုသက်ညွန့် အလောင်းကို စစ်ဆေးပြီးဖြစ်သဖြင့် ဧည့်ခန်းသို့ ပြန်ရောက်လာသည်။

ကိုသိန်းဒိုးသည် လမ်းလျှောက်ရင်းမှပင် ဗိုလ်တဲစောင့် ဦးဆစ်တိုဆိုသော အဘိုးအိုကြီးကို စစ်ဆေးနေသည်။

"ကဲ . . ဦးဆစ်တို၊ ခင်ဗျား မြင်သမျှတွေ့သမျှ ကျွန်တော်ကို ပြောပါဦး "

ကိုသိန်းဒိုးသည် ဧည့်ခန်းကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ဗိုလ်တဲစောင့် ဦးဆစ်တိုကို မေးလိုက်သည်။ ကိုသိန်းဒိုး၏ မျက်လုံးများကမူ မောင်ဝေလကို အကဲခတ်သလို လှမ်းကြည့်လိုက်သည်ကို မောင်ဝေလ တွေ့လိုက်ရသည်။

ဦးဆစ်တိုသည် ချက်ချင်း အဖြေမပေးနိုင်ပါ။ အတန်ကြာ စဉ်းစားနေရာမှ အထစ်အထစ်အငေါ့ငေါ့နှင့် ဖြေသည်။

"ဒီနေ့နံနက် (၁၀)နာရီခွဲလောက်မှာ ရာဇဝတ်အုပ် ကိုသက်ညွန့်ရောက်လာပြီး၊ ဗိုလ်တဲတံခါးတွေ ဖွင့်ခိုင်းပါတယ်၊ ဒါနဲ့ ကျွန်တော်လဲ ဗိုလ်တဲတံခါးကို ဖွင့်ပေးတယ်၊ ရာဇဝတ်အုပ် ကိုသက်ညွန့်က ပိုက်ဆံပေးပြီး၊ ထန်းမနိုင်ရွာကို ကြယ်ဝယ်ဖို့နဲ့ ထန်းရည်ဝယ်ဖို့ လွှတ်ပါတယ် "

" ဒါနဲ့ ဦးဆစ်တို ထန်းမနိုင်ရွာကို သွားရောလား "

ဌာနာအုပ် ကိုသိန်းဒိုးက မေးလိုက်သည်။

ဦးဆစ်တိုက ခေါင်းကို ခါယမ်းလိုက်သည်။ နှုတ်မှလည်း



တုန်ယင်စွာနှင့်ဖြေသည်။

" ဟင့်အင်း၊ ကျွန်တော် ထန်းမနိုင် မသွားပါဘူး။ ဌာနာအုပ် မင်းသိပါတယ်လေ ဗိုလ်တဲမှာ မယားငယ်နဲ့ တွေ့ဆုံ ပျော်ပါးချင်လို့ ရှောင်ခိုင်းရင် ဒီလိုပဲ ကြက်ဖိုးပေးပြီး လွှတ်တာပဲ မဟုတ်လား "

" ဒါဖြင့်ရင် ခင်ဗျား ဘယ်သွားနေသလဲ "

" ရွာထဲက ပန်းပဲ ကိုကျေးအိမ်ကိုသွားနေပါတယ်။ မယုံရင် ကိုကျေးကို မေးကြည့်ပါ "

ဌာနာအုပ် ကိုသိန်းဒိုးသည် မေးခွန်းကို အနည်းငယ်ရပ်ပြီး ဦးဆစ်တိုကို အကဲခတ်သလို ကြည့်နေသည်။ မျက်လုံးများကလည်း မောင်ဝေလကို တစ်ချက်ဝေ့ကြည့်လိုက်သေးသည်။

ထို့နောက် ကိုသိန်းဒိုးသည် ဗိုလ်တဲစောင့်ဦးဆစ်တိုကို မေးခွန်းဆက်မေးသည်။

" ဒါနဲ့ ဘယ်အချိန်မှာ ရာဇဝတ်အုပ် ကိုသက်ညွန့်ရဲ့ အလောင်းကို စတွေ့တာလဲ "

" မွန်းလွဲ တစ်နာရီးထိုးလောက်မှာ ကျွန်တော်ဗိုလ်တဲကို ပြန်ရောက်ပါတယ်၊ ဗိုလ်တဲထဲမှာ ဘာသံမှမကြားလို့ ရာဇဝတ်အုပ် ကိုသက်ညွန့် ပြန်သွားပြီးလား တက်ကြည့်တော့ လှေကားဝထဲက အခန်းထဲမှာ ကိုသက်ညွန့်လဲကျသေဆုံးနေတာကို တွေ့တာပါပဲ"

ဦးဆစ်တိုသည် အကြောက်အလန့် ပြေလာဟန် ရှိသည်။ စကားကို မှန်ကန်တည်ငြိမ်စွာ ပြောနိုင်လာပါသည်။

ကိုသိန်းဒိုးသည် ကိုသက်ညွန့်၏ အလောင်းကို တွေ့ပြီးက





www.burmeseclassic.com

www.burmeseclassic.com



မောင်ဝေလကို တွေ့သလားဟု မေးသင့်သော်လည်း မမေးပေ။ ထိုသို့ မေးလျှင် ဦးဆစ်တိုကလည်း မတွေ့ပါဟု ဖြေလိမ့်မည်။ ထိုအခါ မောင်ဝေလအတွက် အခွင့်အရေး သာသွားနိုင်သည်။

ထို့ကြောင့် ဗွာနာအုပ်ကိုသိန်းဒိုးသည် ပါးနပ်သော ပုလိပ် အရာရှိပီပီ မောင်ဝေလသည် ပြစ်မှုကျူးလွန်သူလော၊ အပြစ်ကင်းမဲ့ သူလော ခွဲခြား၍မသိသေးမီ မောင်ဝေလအတွက် အခွင့်အရေးရမည့် မေးခွန်းမျိုးကို တိမ်းရှောင်လိုက်သည်။

" ဒီဗိုလ်တဲကို ရာဇဝတ်အုပ် ကိုသက်ညွှန့်အပြင်၊ ဘယ်သူ လာတာ တွေ့သေးသလဲ "

" ဘယ်သူမှလာတာ မတွေ့ဘူး "

ကိုသိန်းဒိုးသည် ဦးဆစ်တိုကို မဏာမ စစ်ဆေးပြီးနောက် မောင်ဝေလဘက်သို့ ဦးလှည့်လာသည်။

" ဒီမှာ ကိုဝေလ။ ခင်ဗျားမေးခွန်းကို သေသေချာချာ စဉ်းစားပြီးဖြေဗျာ၊ မှန်တာကိုလဲ ဖြေစေချင်တယ်၊ ခင်ဗျားနဲ့ ကျွန်တော် ဟာအရင်ကတည်းကသိခဲ့တဲ့ မိတ်ဆွေတွေပဲ၊ ဒါပေမယ့် လူသတ်မှု ဖြစ်နေတဲ့ ဗိုလ်တဲကို ခင်ဗျားရောက်လာတော့၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကို ခင်ဗျားရှင်းရမှာပဲ "

ကိုသိန်းဒိုးက ကိုဝေလအပေါ် တရားခံတစ်ယောက်ကဲ့သို့ ဆက်ဆံခြင်းမရှိသော်လည်း မှန်ကန်ဖြောင့်မတ်စွာ ဆောင်ရွက်မည့် လေသံပေါက်နေသည်။ ထိုလေသံမှာ စိမ်းကားသည်ဟု ယူဆနိုင်စရာ ရှိသလို မောင်ဝေလ ကိုယ်ချင်းစာမိသည်။ သူသည် ကိုသိန်းဒိုးနေရာ မျိုး ရောက်နေလျှင်လည်း ထိုကဲ့သို့ပင် ဆောက်ရွက်ရမည်။ ပုလိပ်





အရာရှိဆိုသည်မှာ မွေးသဖခင် အမှုဖြစ်လျှင်ပင် ပေါ့လျော့အောင် လုပ်ပေး၍ ရမည်မဟုတ်ပါ။

မောင်ဝေလသည် ကိုသိန်းဒိုးကို မော့ကြည့်ပြီး . . .

" ကျွန်တော် ကိုသက်ညွှန့်ကို မသတ်ပါဘူးဗျာ "

မောင်ဝေလ၏စကားကို ကိုသိန်းဒိုးက လက်ခံသလို ခေါင်း ညိတ်လိုက်သည်။ သို့သော် ကိုသိန်းဒိုးက မောင်ဝေလ၏ စကားကို လက်မခံပေ။

" ဒီမှာ ကိုဝေလ၊ စကားဆိုတာ သက်သေခံ မဝင်ဘူးဗျ နော် . . "

" ဘာဖြစ်လို့လဲ ကိုသိန်းဒိုး "

" ဖန်ခါးသီးကို စကောလောက် ကြီးတယ်လို့ ပြောလို့ရတာ လဲ စကားပဲဗျ၊ ကြမ်းပိုးကို လိပ်ဖြစ်အောင်လုပ်လို့ရတာလဲ စကားပဲဗျ၊ ပါးစပ်ရှိရင် ဘာမဆို ဖြစ်တာပဲဗျ။ ဥပဒေကစကားကို အထောက် အထားအဖြစ် လက်မခံဘူးဗျ "

" ကျွန်တော် ဒါတွေနားမလည်ဘူး ကိုသိန်းဒိုး၊ ကျွန်တော် ဒီဗိုလ်တဲကို ခင်ဗျားတို့မရောက်မီ မိနစ်ပိုင်းအတွင်းမှာပဲ ရောက်လာ တယ်။ ဒီရောက်တော့ ဗိုလ်တဲအခန်းထဲမှာ ကိုသက်ညွှန့် လဲကျသေဆုံး နေတာတွေ့လို့ ပြန်ထွက်မယ် လုပ်မလို့ ဗိုလ်တဲပေါက အဆင်းမှာ ခင်ဗျားတို့နဲ့ ဆုံရတာပဲ "

" ဒါတွေက ခင်ဗျားရဲ့အပြောကိုး ကိုဝေလရဲ့။ ခင်ဗျား ခုနက ပြောတယ်၊ ကိုသက်ညွှန့်နဲ့ ခင်ဗျားနဲ့ ဒီဝါးဘလောက်သောက်ဗိုလ်တဲ မှာ ချိန်းထားတယ်၊ ပြီးတော့ ကိုသက်ညွှန့် အသတ်ခံရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခင်ဗျားကို မစွပ်စွဲချင်ပါဘူး ကိုဝေလ၊ ဒါပေမယ့် ဥပဒေမှာ မပြေးသော် ကန်ရာရှိရုံနဲ့ ဒုက္ခနဲ့ ဆုံတွေ့ရတတ်တယ်ဗျ၊ ခင်ဗျားအတွက် ပြောနေတာပါ ကိုဝေလ၊ ဒီလိုပြောရလို့လဲ ကျွန်တော် စိတ်မချမ်းသာဘူးဆိုတာ ကိုဝေလ ယုံစေချင်ပါတယ်ဗျာ "

"ဒါဖြင့်ရင် ခင်ဗျား ကျွန်တော့်ကို လူသတ်မှုနဲ့ စွပ်စွဲတော့မယ်ပေါ့ "

"လူသားတစ်ယောက်အနေနဲ့ ဆိုရင် ခင်ဗျားကို သံသယမဖြစ်မိပါဘူးဗျာ၊ ဒီနေရာကနေ ကျွန်တော် ပြန်လွှတ်လိုက်ချင်ပါတယ် ကိုဝေလရယ်၊ မဟုတ်တာပြောရင် ကျွန်တော် ဘေးဒုက္ခနဲ့ ဆုံတွေ့ရပါစေဗျာ၊ ဥပဒေဝန်ထမ်းတစ်ယောက်အနေနဲ့ ပြောရရင်တော့၊ ခင်ဗျားကို စွပ်စွဲရုံတင်မဟုတ်ဘူး၊ လူသတ်မှုနဲ့ ဖမ်းရလိမ့်မယ် "

ဌာနာအုပ် ကိုသိန်းဒိုး၏ စကားကို ကြားရသောအခါ မောင်ဝေလသည် အတန်ပင် တုန်လှုပ်သွားပါသည်။ ကိုသိန်းဒိုးက ပွင့်လင်းစွာပင် သူ့ကိုဖမ်းရတော့မည်ဖြစ်ကြောင်း မြွက်ဟနေသည် မဟုတ်ပါလော။

မောင်ဝေလ၏ စိတ်ထဲတွင် ပုထုဇဉ် လူသားပီပီ တာဝန်စကားကို ဆိုလာသော ကိုသိန်းဒိုးကို အမျက်ရှမိသည်။ ထို့ကြောင့် မောင်ဝေလသည် ကိုသိန်းဒိုးကို အပြစ်တင်သော လေသံနှင့် ပြောလိုက်သည်။

" ခင်ဗျားက မျက်နှာနှစ်မျိုးနဲ့ လူပဲဗျ "

" ဥပဒေက နှစ်မျိုးမရှိတော့ ခက်တယ် ကိုဝေလ"

ကိုသိန်းဒိုး၏အသံသည် စိတ်ဆိုးသောအသံမျိုး မဟုတ်ပေ။





" ဒါဖြင့်ရင် ခင်ဗျား . ကျွန်တော့်ကို လူသတ်မှုနဲ့ ဖမ်းမယ်ဟုတ်စ "

" ဝမ်းနည်းပါတယ်ဗျာ၊ အခုလောလောဆယ်တော့ . . "

ကိုသိန်းဒိုးသ် ဖမ်းဆီးရမည်ဟူသော စကားမကိုမပြောသဖြင့် ထိုနေရာတွင် ရပ်ထားလိုက်သည်။

" ကျွန်တော်က မကျူးလွန်တဲ့ပြစ်မှုနဲ့ ကျွန်တော့်ကိုဖမ်းရင် အဲဒီဥပဒေဟာ အမှားဆုံးဥပဒေ ဖြစ်လိမ့်မယ် "

မောင်ဝေလက မကျေမနပ်နှင့် ပြောလိုက်သည်။ ကိုသိန်းဒိုးက ခြေငံစွာနှင့် ရှင်းပြသည်။

" ဥပဒေဆိုတာ မှန်လဲမမှန်ဘူး၊ မှားလဲမှားဘူး၊ ဒါပေမယ့် လိုက်နာဖို့တော့သင့်တယ်လို့ ဒီဗလျူအိပ်(ချ်)အောင်ဒင်က ဆိုသဗျ"

" ဒီမှာ ကိုသိန်းဒိုး၊ ခင်ဗျား ကျွန်တော့်ကို မတရားဖမ်းလို့ ရဘူးနော်၊ ကျွန်တော့်အဖေဟာ အငြိမ်းစားစက်ရှင်တရားသူကြီး တစ်ယောက်ဆိုတာကိုတော့ ခင်ဗျားမေ့ထားလို့ မဖြစ်ဘူးထင်တယ်"

မောင်ဝေလက ကိုသိန်းဒိုးကို အမြင်ကတ်လာသဖြင့်၊ ဖခင်ဖြစ်သူနှင့်လှည့်ပြီး ခြိမ်းခြောက်လိုက်သည်။ သို့သော် မိတ်ဆွေရင်းဖြစ်ခဲ့သဖြင့်၊ ကိုသိန်းဒိုးသည် မောင်ဝေလအပေါ် ယခုအချိန်ထိ စိတ်ဆိုးသောအမူအရာမျိုး မတွေ့ရပေ။ လွယ်လွယ်နှင့် စိတ်မဆိုးတတ်သူသည် လွယ်လွယ်နှင့် ကြင်နာဆပ္ပားတတ်သူလည်း မဟုတ်နိုင်သဖြင့်၊ မောင်ဝေလသည် ကိုသိန်းဒိုး၏ သဘောထားကို တွေးရခက်နေသည်။

ကိုသိန်းဒိုး . . .



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော့်ကို မခြိမ်းခြောက်ပါနဲ့ ကိုဝေလ၊ စကောဟာ ဆင်နှင်းလို့ တိုးပြီး မပြားပါဘူး။ ခင်ဗျား အဖေစက်ရှင်မင်းကြီးတင် မဟုတ်ပါဘူး။ ခင်ဗျားဘက်က ကျွန်တော် တစ်ယောက်လုံး ရှိနေပါသေးတယ်ဗျာ "

" ဒါဖြင့်ရင် . . ကျွန်တော် ဒီလိုပဲ မတရားအဖမ်းခံရမှာလား။ အမှန်တရားဟာ ဘာလဲ၊ အမှန်တရားဟာ ဥပဒေမဟုတ်တာတော့ သေချာနေပြီဗျနော် "

" ဟုတ်ပါတယ် ကိုဝေလ၊ အမှန်တရားဟာ ဥပဒေမဟုတ်သေးပါဘူး။ ဥပဒေဟာ အထောက်အထားပဲဗျ။ ဒါပေမယ့် အမှန်တရားကို အလိုရှိရင် ကိုယ်ကိုယ်တိုင်တော့ ရှာသားရမယ်ဗျ "

" မရှာသားလို့ ကျွန်တော်က ဘာတွေများ ကောက်ကျစ်စဉ်းလဲ နေသလဲ "

" ဒီမှာ ကိုဝေလ၊ ခင်ဗျားက ရာဇဝတ်အုပ် ကိုသက်ညွန့်နဲ့ ဟောဒီဝါးဘလောက်သောက်ဗိုလ်တဲမှာ ချိန်းထားလို့ ခင်ဗျားလာတယ်လို့ ပြောတယ်နော်၊ ခင်ဗျားကလဲ ကွမ်းခြံကုန်းက၊ ကိုသက်ညွန့်ကလဲ ကွမ်းခြံကုန်းက၊ ခင်ဗျားတို့ချင်း အချိန်မရွေး ကွမ်းခြံကုန်းမြို့မှာ ဘယ်နေရာမဆို တွေ့နိုင်တာပဲ၊ ခင်ဗျားတို့ ဘာဖြစ်လို့ ဟောဒီဝါးဘလောက်သောက်ဗိုလ်တဲမှာ ချိန်းတွေ့ ရတာလဲဗျ "

မထင်မှတ်သော ဌာနာအုပ် ကိုသိန်းဒိုး၏မေးခွန်းက မောင်ဝေလကို ကြီးစွာ အခက်အခဲဖြစ်စေသည်။ မှုသားစကားတစ်ခုက အထောက်အထားပြရန် အချက်အလက် ရှာဖွေရသည်မှာ မောင်ဝေလအတွက် ပင်ပန်းတကြီး ရှိလှသည်။





မောင်ဝေလသည် ကိုသိန်းဒိုး၏မေးခွန်းကို ဖြေဆိုရန် အတန်ကြာပင် စဉ်းစားတွေးတောနေရလေသည်။ အတန်ကြာမှ . . .

" ကျွန်တော်တို့ နံနက်ဖြန် စတိုင်မွတ် ရွာကလေးကို ပျော်ပွဲစားသွားဖို့ ချိန်းထားပါတယ် "

" ခင်ဗျားလွဲသွားပြန်ပြီ ကိုဝေလ၊ ခင်ဗျားနဲ့ ရာဇဝတ်အုပ် ကိုသက်ညွန့်တို့ ခိုက်ရန်ဒေါသ ဖြစ်ခဲ့ကြတာကို ဟံသာဝတီတစ်ခရိုင်အနောက်ပိုင်းတစ်ခုလုံးက သိပါတယ်ဗျာ "

" ဒါပေမယ့် ကျွန်တော်တို့ ပြေလည်နေကြပါပြီ၊ လူကြီးလူကောင်းတွေပဲဗျာ၊ တစ်ယောက်နဲ့တစ်ယောက် အထင်မြင်လွဲမှားရင်လဲ ခဏပေါ့ "

အမှန်အားဖြင့် မောင်ဝေလသည် ဇကေရီကို အကာအကွယ်ပေးလိုဇောနှင့် သူနှင့် တံစောင်းစေးနဲ့ မျက်ချေးဖြစ်နေသော ကိုသက်ညွန့်တို့ ဤ ဝါးဘလောက်သောက်ဗိုလ်တဲတွင် ချိန်းတွေ့ခဲ့သည်ဟူသော စကားကို မှားယွင်းစွာ ပြောကြားခဲ့မိခြင်းဖြစ်သည်။ ယခုမူ ထိုစကားတစ်ခွန်းကို ချေရန်ပင် အတန်ပင် ကြိုးစားနေရသဖြင့် သူ့အပေါ် ငြိစွန်းနေသော ဥပဒေအနှောင်အဖွဲ့ကို ရုန်းထွက်ရန် ခက်ခဲလေဦးမည်ဟု မောင်ဝေလတွေးရင်း သက်ပြင်းချမိသည်။

မောင်ဝေလသည် ကိုသိန်းဒိုး၏စကားအရ လူသတ်မှုနှင့် မသင်္ကာခြင်းခံရသည့် ဘေးအန္တရာယ်မှ ခုခံရန် ပြဿနာကို ရင်လေးစွာနှင့် တွေးတောနေမိသည်။

ထိုစဉ်တွင် မောင်ဝေလ၏ဦးနှောက်ထဲသို့ အတွေးတစ်ချက် ဖြတ်ခနဲ ဝင်ရောက်လာသဖြင့်၊ မောင်ဝေလသည် ဗိုလ်တဲစောင့်ကြီး



www.burmeseclassic.com

www.burmeseclassic.com


ဦးဆစ်တိုကို လှမ်းပြီး မေးခွန်းထုတ်လိုက်သည်။

"ဒီမှာ ဦးလေး ဦးဆစ်တို၊ ခင်ဗျား ကိုသက်ညွှန့်အလောင်းကို တွေ့တုန်းက ဒီဗိုလ်တဲပေါ်မှာ ကျွန်တော့်ကို တွေ့သလား"

ဦးဆစ်တိုသည် မောင်ဝေလကို ကြင်နာစွာလှမ်းကြည့်လိုက်သည်။ သို့သော် ဖြေဆိုရန် ဝန်လေးနေဟန်ရှိသည်။ အတန်ကြာမှပင် ဦးဆစ်တိုက တုန်ယင်စွာနှင့် . . .

"မတွေ့ . . . မတွေ့ . . . ပါဘူး မောင်ဝေလ"

မောင်ဝေလသည် ဦးဆစ်တိုကို ကျေးဇူးတင်သော အမူအရာနှင့် လှမ်းကြည့်ပြီး ကိုသိန်းဒိုး ပြောလိုက်သည်။

"တွေ့လား၊ ကိုသိန်းဒိုး . . ကျွန်တော်ဟာ ကိုသက်ညွှန့်အသတ်ခံရတာနဲ့ ဘာမှ မဆိုင်ပါဘူးဗျ"

ကိုသိန်းဒိုးက မောင်ဝေလ၏စကားကို ဝယ်ချပြီး၊ ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

"ဒီမှာ ကိုဝေလ၊ ခင်ဗျားကို ဦးဆစ်တိုက ကိုသက်ညွှန့်အလောင်းဘေးမှာ တွေ့တယ်ဆိုမှဖြင့် ကျွန်တော်တို့ ဘာဖြစ်လို့ တရားခံ ရှာနေရမှာလဲဗျ။ ခင်ဗျားကိုပဲ ဖမ်းလိုက်ရုံပေါ့။ အခုဟာက တရားခံအစစ်ကို ရှာမတွေ့မီ ခင်ဗျားကို ယာယီ"

"တကယ်လို့ ခင်ဗျား တရားခံအစစ်ကို ရှာမတွေ့ရင် အငှား တရားခံက စက်တိုင်းတက်ရမယ်ပေါ့၊ ဟုတ်စ"

"ဒီလိုလဲ မဟုတ်ပါဘူးလေ"

"ဒါပေမယ့် ဒီအတိုင်းဖြစ်နေတယ်ဗျ"

"ဘုရားသခင်ဟာ အမှန်တရားကိုသိတယ်၊ သို့သော် အချိန် ... ဆုစောင့်စားရလိမ့်မယ်တဲ့ ကိုဝေလ၊ ခင်ဗျား သည်းခံပြီး စိတ်ရှည်ရလိမ့်မယ်ဗျ"

"ဒီမှာကိုသိန်းဒိုး၊ အမှန်တရားဟာ တန်ဖိုး အရှိဆုံးမို့ စေးနဲ ... ဖွန့်တိုတတ်တယ်ဗျ၊ ကျွန်တော်တော့ဗျာ အမှန်တရားကို တွင်းထွက် ... ရတနာလို့ပဲထင်တယ်၊ ဖွဲနဲ့ အားထုတ်ရှာလို့ တွေ့ချင်မှတွေ့ပြီး၊ ... ကောင်းမှ တွေ့တတ်တဲ့ ပစ္စည်းလိုပဲ ထင်ပါတယ်ဗျာ"

"ကိုဝေလရယ် အမှန်တရားကို ခင်ဗျားက ပြစ်တင်နေ ... တယ်။ ခင်ဗျား ကိုယ်တိုင်ကကော အမှန်တရားကို ရှာဖွေချင်စိတ် ... ရှိရဲ့လားဗျ"

ကိုသိန်းဒိုး၏ စကားသည် မောင်ဝေလ၏ ဖုံးအုပ်ထားသော ...၏ချစ်သူ မဂ္ဂါရီကို အမှုနှင့်မပတ်သက်စေချင်သော စေတနာကို ... နက်လိုက်သလို ဖြစ်သည်။ မောင်ဝေလသည် ထိတ်ထိတ်ပျာပျာ ...သွားသည်။

"ဒါတွေ ဘေးဖယ်ထားပါဗျာ၊ ကျွန်တော် ကိုသက်ညွှန့်ကို ...သတ်တာတော့ အမှန်ပါပဲဗျာ"

"ကျွန်တော်ပြောခဲ့ပါရောလားဗျ မိတ်ဆွေတစ်ယောက် ...နေနဲ့ ခင်ဗျားရဲ့စကားကို ယုံကြည်ပါတယ်၊ သို့သော်လဲ ဥပဒေ ...စောင့်အရတော့ ခင်ဗျားကို ခွင့်လွှတ်ဖို့ဆိုတာ ကျွန်တော့်အတွက် ...ယ်သေးဘူး ကိုဝေလ၊ ခင်ဗျားကို ခွင့်လွှတ်ရင် ခင်ဗျားကိုယ်စား ...တော် အချုပ်ခန်းထဲ ဝင်ရုံပဲရှိတယ်"

ကိုသိန်းဒိုး၏စကားကို ကြားရပြန်သောအခါ မောင်းဝေလ ...လန့်ရပြန်သည်။ ကိုသိန်းဒိုး၏စကားမှာ စေတနာစကား ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သို့သော် မောင်ဝေလကို တုန်လှုပ်ချောက်ချားအော
ခြောက်လှန့်နေသလို ဖြစ်သွားပါသည်။

ကိုသိန်းဒိုး၏စကားမှာ မောင်ဝေလကို သတိပေးသလိုလည်
ဖြစ်နေပါသည်။ ကိုသိန်းဒိုး၏ စကားထဲတွင် . . .

"ခင်ဗျားကို ခွင့်လွှတ်ရင် ခင်ဗျားကိုယ်စား ကျွန်တော်အချ
ခန်းထဲ ဝင်ရုံပဲရှိတယ်" ဟူသော စကားကို မောင်ဝေလ၏ နားထဲတွ
ကြားယောင်နေသည်။

မောင်ဝေလ၏ အနေအထားမှာလည်း သူကသာ ချစ်သေ
ဇကရီ၏ စာအကြောင်းကို ထုတ်ပြောလျှင် သူသည် ကိုသိန်းဒိုး
မသကာဖမ်းဆီးခြင်းမှာ လွတ်မည်ဖြစ်သော်လည်း ဇကရီ အချုပ်ခ
ထဲသို့ တန်းပြီး ဝင်ရပေမည်။

မောင်ဝေလနှင့် ဇကရီတို့ နှစ်ဦးခမျှာမှာ အောင်ဘာလေ
ကံဆိုးသူမောင်ရှင် မဲလိပ် နှစ်လိပ်ကို နှိုက်ရမည့် အနေအထား
ဖြစ်သည်။

မောင်ဝေလက မဲလိပ်လုပ်သူဖြစ်နေ၍ မည်သည့် မဲလိပ်သ
အောင်ဘာလေပေါက်မည်၊ မည်သည့် မဲလိပ်သည် ကံဆိုးသူ မောင်
မဲလိပ်ဖြစ်မှန်း ကြိုတင်သိနေရာ မောင်ဝေလသည် အောင်ဘာ
မဲလိပ်ကို နှိုက်လိုက်ပါက တရားမျှတမှု ရှိပါမည်လောဟု ကိုယ့်ကို
ကို လိပ်ပြာမသန့်ဖြစ်နေသည်။ မဲလိပ်လုပ်သူသည် အလျင်ဦး
မဲနှိုက်ခွင့်မရှိပါ။ ဝှက်ထားခွင့်လည်း မရပါ။

ထို့ပြင် အခြေအနေဖန် စီရင်လာပုံမှာ နှစ်ဦးစလုံး ရွေ
ဆောင်းရမည့် အခြေအနေမျိုး မဟုတ်။ တစ်ဦးက လွတ်မြောက်လ





တစ်ဦးက အနှောင်အဖွဲ့ထဲ ဝင်ရမည်ဖြစ်သည်။

တံငါတောတိုး မုဆိုးရေဆင်းဆိုသလို ယောင်ချာချာနှင့်
ဖြစ်ရမည့်ကိန်းမျိုး ဖြစ်သည်။

ထို့ကြောင့် နှစ်ဦးစလုံးလွတ်မြောက်စေရန်အတွက်
မောင်ဝေလသည် ယာယီအားဖြင့် ဇကရီ၏စာကို သိုဝှက်ထားဦးမည်
ဟု ဆုံးဖြတ်လိုက်သည်။

အချစ်အတွက်ဖြင့် အသက်ကိုပင်၊ သစ်ရွက်ထင်ကြ၊ ဤ
လောကတွင် မောင်ဝေလတွင် ချစ်သူဇကရီအတွက် အချုပ်ခန်း
သံတိုင်ကြားသို့ တိုးဝင်ရန် သွေးမနည်း၊ ဝန်မလေးသင့်ဟု ထင်မြင်
မိသည်။

ထို့ကြောင့် ထိုစဉ်က ပြေးပေါက်သာလျက်၊ လမ်းရှိပါလျက်
မောင်ဝေလသည် အချစ်အတွက် ရန်းမထွက်ခဲ့ပေ။ ချော့လဲချင်ဟန်
ဆောင်ပြီး အဖမ်းမခံဘဲ၊ ခြေစုံရပ်၍ အဖမ်းခံခဲ့သည်။

ထိုသို့ မောင်ဝေလက အသာတကြည် အဖမ်းခံသည်ကို
စေကျေနပ်သူမှာ ဌာနာအုပ် ကိုသိန်းဒိုး ဖြစ်နေသည်။

မောင်ဝေလက သူ့ကို ဖမ်းပါလောဟု ဆိုသည့်တိုင်အောင်
ဌာနာအုပ် ကိုသိန်းဒိုးက မောင်ဝေလကို ဆန်းစစ်သည်။

"ဒီမှာကိုဝေလ၊ ကျွန်တော့်ကို အမှန်အတိုင်း အစစ်ခံစမ်းပါ
ဗျာ။ အမှန်အကန်သိမှ အရံအကာရှိမယ်ဆိုတာလို ခင်ဗျားရဲ့
ရာဇဝတ်အုပ် ကိုသက်ညွန့်ကတော့ ဘယ်နည်းနဲ့မှ ဒီဝါးလောက်
သာက် ဗိုလ်တဲကို ချိန်းမှာတော့ မဟုတ်ဘူးဗျ။ ခင်ဗျား ကိုယ်နှိုက်က
အမှန်တရားကို ရှာချင်တယ်ဆိုရင် ခင်ဗျား ဖုံးကွယ်ထားတာတစ်ခုကို


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကို ပြောပြပါလား ''

မောင်ဝေလက ကိုသိန်းဒိုးတို့ အံ့သြစွာနှင့် မော့ကြည့်လိုက်သည်။ ကိုသိန်းဒိုးသည် လိမ္မာပါးနပ်သော ပုလိပ်အရာရှိတစ်ယောက်ပီပီ မောင်ဝေလထင်သည့်ထက် ပိုပြီး အဝန်းကျယ်ပြီး အစူးနက်ရှိုင်းစွာ ထိုးဖောက်တွေးခေါ်ထားသည်ကို မောင်ဝေလ တွေ့လိုက်ရသည်။

မောင်ဝေလက 'ဘူး' တစ်လုံး ဆောင်လိုက်သည်။ ထို 'ဘူး' မှာ မောင်ဝေလကို အိုအောင်ဆင်းရဲမည့် 'ဘူး' ဖြစ်နေသည်။

"ဘာမှ ဖုံးကွယ်ထားစရာ မလိုပါဘူးဗျ၊ ဒါပါပဲ။ ခင်ဗျား ဖမ်းရမှ ကျေနပ်မယ်။ တာဝန်ကျေမယ် ထင်ရင် ဖမ်းပေါ့ဗျာ ''

"ဒီမှာ ကိုဝေလ၊ ခင်ဗျားကို ဖမ်းရလို့ ကျွန်တော် ရာထူး မတိုးပါဘူးဗျာ၊ ကျွန်တော် လူတကာကို ဖမ်းရဲတဲ့ ပုလိပ်တစ်ယောက် ပေမယ့်၊ အပြစ်ရှိတဲ့လူကိုသာ ဖမ်းချင်တာပါဗျာ ''

"ဖမ်းပေါ့ဗျာ၊ ကျွန်တော်ဟာ ဥပဒေရဲ့ ပုဒ်ထီး၊ ပုဒ်မတစ်ခုခုကိုမှ မကျူးလွန်ခဲ့ပေမယ့် အဖမ်းခံရတယ်ဆိုတော့ ကံကြမ္မာရဲ့ ပုဒ်ထီး၊ ပုဒ်မ တစ်ခုခုနဲ့ မလွတ်ကင်းလို့ဘဲလို့ ယူဆပါ့မယ်ဗျာ ''

ဠာနာအုပ် ကိုသိန်းဒိုးသည် မောင်ဝေလ၏ စကားကိုလက်မခံနိုင်သလို၊ ခေါင်းကိုခါလိုက်သည်။ ထို့နောက် ကိုသိန်းဒိုးသည် သူ၏အယူအဆကို ပွင့်ပွင့်လင်းလင်း ပြောလေသည်။

"ကျွန်တော်တော့ ခင်ဗျားဟာ ကံကြမ္မာရဲ့ ဒဏ်ခတ်ခံရလို့ မထင်ဘူးဗျာ ''

"ခင်ဗျား ဘယ်လိုထင်သလဲ ကိုသိန်းဒိုး ''

"ခင်ဗျားဟာ ထောင်ချောက်တစ်ခုထဲ တိုးဝင်တယ်လို့





င်တာပဲ ''

ကိုသိန်းဒိုး ပြောသကဲ့သို့ပင် မောင်ဝေလသည် ထိုစဉ်က ထောင်ချောက်တစ်ခုထဲ တိုးဝင်သည်ဟု လုံးဝမထင်ခဲ့ပေ။

မောင်ဝေလက ရင်ထဲတွင် 'မောင့်အချစ်ဆုံး ဇကရီရယ်၊ ာင်ဟာ ကိုယ်မကျူးလွန်ခဲ့တဲ့ လူသတ်မှုနဲ့ အပြစ်ဒဏ်က တ်အောင် သက်သေအထောက်အထား မပြခဲ့တာဟာ ချစ်တဲ့ ဇကရီ ို ချစ်တဲ့ အကြီးဆုံး သက်သေအထောက်အထားပြတာပဲ မဟုတ်ပါ ားကွယ်'' ဟု ပြောနေမိသည်။

မှန်သည်။ မောင်ဝေလသည် သူ၏ချစ်သူဇကရီကို ချစ်ခင် တ်နိုးကြောင်း သက်သေအထောက်အထား ပြရန်အတွက် မတရား ပ်စွဲခံရသောအမှုမှ ကင်းလွတ်ငြိမ်းအောင် သက်သေအထောက် ထား မပြတော့ပါ။

ထိုစဉ်က လူတကာက မောင်ဝေလကို မိုက်မဲသူအဖြစ် က်ညှိုးဝိုင်းထိုးကြသည်ကို မောင်ဝေလ သတိရနေဆဲပင် ဖြစ်ပါသည်။

အချစ်အတွက်နှင့် မိုက်မဲသူ ဖြစ်ရတာဆိုလျှင် ဘယ်ဘဝမှ တ်တမ်းမဝင်ချင်နေ၊ မောင်ဝေလက မောဟမှော်ရုံမြိုင်မှာ သက်ပန် လူမိုက်ကြီး လုပ်လိုက်ချင်ပါသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မောင်ဝေလကလေးကို၊ ဝါးဘလောက်သောက် ဗိုလ်တဲ...
ခေါ်လာပြီးနောက်၊ ဝါးဘလောက်သောက်ဂါတ်တဲ အချုပ်ခန်းတွင်
ဌာနာအုပ်ကိုသိန်းဒိုးက ချုပ်ထားလိုက်တော့သည်။

မောင်ဝေလကလေးသည် လူသတ်မှု မသင်္ကာမှုနှင့် အချုပ်ထ...
ရောက်ပြီး၊ မကြာမီပင် ဧကရီသည် ဝါးဘလောက်သောက် ဂါတ်တဲသို့
ကဆုန်ပေါက်ပြေးချလာသည်။

အမှန်အားဖြင့် မောင်ဝေလကလေးကို အမှုစစ်ဆေးခြင်း
မပြီးဆုံးသေးသဖြင့် ဧကရီနှင့် ပေးမတွေ့ဘဲထားပါက ထားနိုင်...
သည်။ သို့သော် ကိုသိန်းဒိုးသည် မောင်ဝေလကလေးနှင့် ဧကရီတို့
မည်သည့်စကားများ ပြောသည်ကို ချောင်းပြီး နားထောင်ခိုင်းပြီး
အမှုကိစ္စအတွက် စုံစမ်းလိုသဖြင့် မောင်ဝေလကလေးနှင့် ဧကရီကို





တွေ့ခွင့်ပြုလိုက်သည်။

ဌာနာအုပ်ကိုသိန်းဒိုးသည် ထိုးထွင်းဉာဏ်ရှိပြီး၊ လိမ္မာရေးခြားရှိသော ပုလိပ်အမှုထမ်းတစ်ယောက်ကို မျက်စိမှိတ်ပြပြီး မောင်ဝေလကလေးနှင့် ဧကရီကို တွေ့ဆုံပေးရန် စီစဉ်လိုက်သည်။

ဧကရီသည် မောင်ဝေလကလေးရှိနေသော အချုပ်ခန်းအနီးသို့ အူယားဖားယားနှင့် ပြေးလာသည်။ သို့သော် မောင်ဝေလကလေးနှင့် ဧကရီကြားတွင် အချုပ်ခန်းသံတိုင်များက ခြားနားနေပြီ။ အချုပ်ခန်းသံတိုင်များက ခြားဆီးဝေးကွာစေပြီ။

ဧကရီသည် မောင်ဝေလ၏ဖြစ်အင်ကို တွေ့ရသဖြင့် စိတ်မထိန်းနိုင်တော့ပဲ ချုံးပွဲချ ငိုကြွေးတော့သည်။

ထို့နောက် သံတိုင်ကို ဆုပ်ကိုင်ထားသော မောင်ဝေကလေး၏ လက်ကလေးကို ဧကရီသည် ဆုပ်ကိုင်ပြီး . . .

" ဒီလိုနေရာမျိုးမှာ မောင့်ကိုမမြင်ရက်လိုက်တာ မောင်ရယ်၊ ဘယ်လိုဖြစ်တာလဲ၊ ဧကရီကို ပြောပါဦး မောင်ရယ် "

မောင်ဝေလကလေးသည် ဧကရီပါးပြင်တွင် စွတ်စိုနေသော မျက်ရည်များကို မချိတင်ကဲစွာ စိုက်ကြည့်ပြီး " သြော် . . ဒီမိန်းကလေးဟာ ငါ့ကို တကယ်ချစ်ရှာပါကလား၊ ငါဒုက္ခရောက်နေတာကို သူ့ရဲ့ဣန္ဒြေကို မငဲ့ကွက်ဘဲ၊ ငါရှိရာကို အရောက်လိုက်လာပါကလား" ဟု ယူကျုံးမရ ဖြစ်နေသည်။

ထို့ကြောင့် ဧကရီမေးသည်ကိုမဖြေဘဲ ဧကရီကိုသာ ကရုဏာသက်စွာနှင့် စိုက်ကြည့်နေပြီး၊ ဒီမိန်းကလေးရဲ့ ဂုဏ်သိက္ခာနဲ့ အရှက်ကို ငါ့အသက်ထက်ဆုံး ကာကွယ် စောင့်ရှောက်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



တစ်ထိုင်တည်းမှာပင် မောင်ဝေလ ကလေးသည် ဆုံးဖြတ်လိုက်သည်

မောင်ဝေလက သူ့အတွေးနှင့်သူ စဉ်းစားဆုံးဖြတ်နေသည်

ကေရီက . . .

" ပြောပါဦး မောင်ရယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာကို ပြော ဦး၊ ကေရီကိုမှ မပြောချင်ရင် မောင် ဘယ်သူ့ကိုပြောမှာလဲဟင် "

မောင်ဝေလသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ ပုလိ အမှုထမ်းတစ်ယောက်သည် သူတို့စကား ပြောကြားသည်ကို ကြားနိ လောက်သော နေရာတွင် ရှိနေသည်ကို သတိပြုမိလိုက်သည်။

ထို့ကြောင့် ဗိုလ်တဲပေါ်တွင် သေဆုံးနေသော ရာဇဝတ်အု ကိုသက်ညွန့်၏အလောင်းထဲတွင် ကေရီက ကိုသက်ညွန့်ကို ချိန်းခ သော စာတစ်စောင်ကို တွေ့ရကြောင်းနှင့် ကေရီက သူ့ကို ယနေ့လာ ခဲ့ရန် ချိန်းဆိုသောစာ အကြောင်းတို့ကို ထုတ်ပြောလိုက်ပါက ပုလိ အမှုထမ်းကြားသွားပြီး၊ ဤအမှုထဲတွင် ကေရီပါ ပါဝင်ပတ်သက်လာ မည်ကို မောင်ဝေလကလေးသည် ကြီးစွာ စိုးရိမ်တုန်လှုပ်သွားသည်

မောင်ဝေလက ကေရီကို ယုယမြတ်နိုးစွာ လှမ်းကြည့်လိုက် ပြီး . . .

" ဘာဖြစ်လို့ လိုက်လာရတာလဲ ကေရီရယ်၊ ဒီရွာက သေးသေးကလေး၊ ကေရီဂါတ်တဲကို လိုက်လာတာကို လူတွေသိရင် ကေရီကို ကဲ့ရဲ့ကြလိမ့်မယ် "

" ဪ . . မောင်ရယ်၊ မောင်တစ်ယောက်လုံး အချုပ်ခန်းထဲ ရောက်နေတာကို ကေရီက ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို စောင့်ထိန်းပြီး မလာရဘူးလားမောင်ရယ်၊ ဒီကိစ္စမျိုးမှာ ကေရီရဲ့အသက်ကိုတောင်





ပေးချင်ပေးရပါစေ မောင်ရယ်။ ကဲပါ၊ မောင်ရယ် မောင်ဘယ်လို ဖြစ်တာလဲဆိုတာ ကေရီကို ပြောပါဦး "

မောင်ဝေလသည် သူတို့စကားပြောရသည်မှ မလွတ်လပ် ကြောင်း သိရှိရသဖြင့် . . .

" ကိုသက်ညွန့်ကို သတ်မှုနဲ့ မောင့်ကိုမသင်္ကာလို့ သူတို့ ဖမ်းထားကြသလား မသိဘူး ကေရီ၊ သေချာတာ တစ်ခုကတော့ ကိုသက်ညွန့်ကို မောင်မသတ်ဘူး ကေရီ၊ ကိုသက်ညွန့်ကို မောင် မသတ်ဘူး "

ကေရီ စိုးရိမ်ပူပန်သော မျက်နှာကလေးနှင့် . . .

" မောင် ဘာဖြစ်လို့ ဝါးဘလောက်သောက်ကို လာတာလဲ ဟင် "

မောင်ဝေလကလေးက ကေရီကို ချိန်းဆိုသောစာကြောင့် လာခဲ့ရကြောင်း ထုတ်ပြောလိုက်ချင်သော်လည်း ပုလိပ်အမှုထမ်း ကြားသွားပါက ကေရီပါဝင် ပတ်သတ်လာမည်ကို စိုးရိမ်သဖြင့် . .

" ကိစ္စတစ်ခုကြောင့် မောင်လာခဲ့တာ ကေရီ "

ကေရီက . . .

" ဒီလူသတ်မှု ဖြစ်နေတဲ့ ဗိုလ်တဲကို ဘာဖြစ်လို့ သွားရတာလဲ မောင်ရယ် "

ကေရီ၏ လေသံထဲတွင် မောင်ဝေလကလေးကိုပင် သင်္ကာ မကင်းဖြစ်နေသလော၊ ကရုဏာဒေါသောဖြစ်နေသလောဟု ဝေခွဲမရ သောအသံ ပေါက်နေသည်ဟု မောင်ဝေလကလေး ထင်လိုက်သည်။

စောစောက ဌာနာအုပ် ကိုသိန်းဒိုး စစ်ဆေးစဉ်က



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ညွှန့်နှင့် သူတို့ ချိန်းဆိုထားကြသောကြောင့် ဗိုလ်တဲသို့ ရောက်လာကြောင်း များယွင်းစွာ ထွက်ဆိုခဲ့ဖူးပြီး ယခု ဧကရီ၏အမေး ကို မောင်ဝေလသည် လုံးဝ မဖြေကြားဘဲ စကားကို လှီးလွှဲလိုက် သည်။

"ဒီမှာ ဧကရီ၊ ဧကရီ ဒီမှာ ကြာကြာမနေဘဲ ပြန်တော့ ဟုတ်လား၊ မောင့်ကို တရားစွဲတင်ဖို့ ရန်ကုန်ထောင်ကြီးချုပ်ကို ပို့တာ နဲ့ ဧကရီ ချက်ချင်း လိုက်လာပြီး ထောင်ဝင်စာခံပြီး လာတွေ့ဟုတ် လား"

ဧကရီက မောင်ဝေကလေး၏ စကားကို မနာခံနိုင်ကြောင်း ချက်ချင်းပင် တုံ့ပြန်လိုက်သည်။

"ဟင့်အင်း၊ ရန်ကုန်ထောင်ကြီးချုပ်မှာလဲ လာတွေ့မှာ၊ အခု ဝါးဘလောက်သောက် အချုပ်မှာ ရှိနေသမျှ ကာလပတ်လုံး နေ့တိုင်း လာမှာပဲ"

"ဧကရီ မောင့်စကားကို နားမထောင်ဘူးလား"

"ဘာဖြစ်လို့ နားထောင်ရမှာလဲ မောင်ရယ်၊ မောင် ဒုက္ခ ရောက်နေတာကို ဧကရီက ပစ်ထားရမှာလားကွယ်"

"မဟုတ်ဘူး ဧကရီ၊ မောင့်ကိုချစ်ရင် မောင့်စကားကို နားထောင်ပါ"

"ဟင့်အင်း၊ ဓမောင့်စကားက မတရားမှ မတရားဘဲ၊ မောင့်ကို ချစ်လွန်းတော့ မောင့်စကားကို တော်လှန်ရမှာပဲ"

မောင်ဝေလကလေးက စိတ်ဆိုးချင်သောဟန် ဆောင်လိုက် သည်။





"ဒီမှာ ဧကရီ၊ မောင့်စကားကို နားမထောင်ရင် မောင်စိတ် ဆိုးမှာပဲ၊ ဟောဒီ ဝါးဘလောက်သောက် အချုပ်ခန်းထဲမှာ မောင် ရှိနေသမျှ ဧကရီ မလာနဲ့၊ ရန်ကုန်ထောင်ကြီးချုပ်မှ ဧကရီ လာတွေ့ ချည်"

"ဆို . . မောင်ရယ်၊ မောင်ဒီမှာရှိနေတုန်း ဧကရီ မတွေ့ရ ဘူးဆိုတာ မောင်ဟာ ဧကရီအပေါ်မှာ ရက်စက်လွန်းရာ မရောက်ဘူး လားကွယ်၊ ပြောစမ်းပါဦး မောင်ရယ်"

ဧကရီသည် အရိပ်သုံးပါး နားမလည်သော ချေသူငယ်မ ကလေးဖြစ်နေသဖြင့် မောင်ဝေလကလေးသည် စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကိုသာ အတွင်ကုတ်နေမိသည်။

မောင်ဝေလကကလေးသည် ဧကရီက ဖွဲ့ခတ်နေသဖြင့် မတတ်သာတော့ဘဲ ခြိမ်းခြောက်လိုက်ရသည်။

"ဒီမှာ ဧကရီ မောင်နောက်ဆုံးပြောမယ်၊ ဧကရီ မောင့် စကားကို နားမထောင်ရင် ဧကရီကို မောင်လက်ခံပြီး မတွေ့ဘူး . ."

"ရက်စက်လိုက်တာ မောင်ရယ်၊ ရက်စက်လိုက်တာ"

"ကဲ . . ဧကရီ ပြန်တော့၊ ရန်ကုန်ထောင်ကြီးချုပ်ကျမှ ဧကရီ မောင့်ကိုလာတွေ့ချည်"

ဧကရီသည် မောင်ဝေလကို အချုပ်ခန်းထဲတွင် ထားခဲ့ရသည် ကို ငရဲသားများလက်တွင်း ချစ်သူကို ထားခဲ့ရသလို စိတ်မချသော အမူအရာနှင့် လှည့်ကြည့် လှည့်ကြည့်လုပ်ပြီး ပြန်သွားရှာသည်။

ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် ကရုဏာသခင် ဆဒ္ဒန် ဆင်မင်းကို မြားမှန်သောအခါ ကြင်ယာသက်ထား မဟာသုဘဒ္ဒါကို

www.burmeseclassic.com



သောနတ္သျှိရုံမှဆိုး နောက်ထပ် မြားနှင့်ပစ်ပါက ထိမှန်မည်ကို စိုးရိမ်ပါသည်။ ထို့ကြောင့် အနီးတွင် စိုးရိမ်ပူပန်ပြီး ဖြေမဆည်နိုင်အောင်ဖြစ်နေသော မဟာသုဘဒ္ဒါကို ဘာဖြစ်လို့ ငါ့အနားမှာ ကပ်နေတာလဲ ကောင်းကင်ခရီး လေဟုန်စီးပြီး၊ ရန်သူကို ရှာလှည့်ပါလားဟု မချိတင်ကဲစွာနှင့် နှင်ထုတ်ပါသည်။

မဟာသုဘဒ္ဒါသည် ချစ်လင်၏စကားကို မပယ်ရှားဝံ့၍ ရန်သူရှာ ထွက်ခဲ့ရသော်လည်း ဆဒ္ဒန်သခင် မေတ္တာရှင်ကြီးကို စိတ်မချဘဲ ချစ်လင်ထားခဲ့ပြီး ထွက်သွားခဲ့ရပါသည်။

" နောက်ထပ်၍ တစ်ခါ၊ မြားလာချေက ဘဒ္ဒမိဖုရားကို ထိပါးဖွယ် မြင်သောကြောင့် နှင်တော်မူလို၍၊ အိုအဘယ်သုဘဒ္ဒါ ဆင်တကာမှူး၊ ငါ့ရန်သူကို ဖမ်းယူရှာမည်၊ သွားကြသည်။ သင့်မှာ တမူ ငါ့ရန်သူနှင့်၊ စိတ်တူညီညာ၊ ကြံဖက်ပါ၍၊ မရှာမလိုက်၊ နေသလောဟု မိန့်တော်မူသည်တွင် သုဘဒ္ဒါမိဖုရားလည်း ချစ်အားထက်ပင်၊ ကြောက်အားဝင်၍၊ ဆင်မင်းမြတ်ကို၊ သုံးပတ်လက်ျာရစ် ပုဆစ်နှိမ်ကျိုး ရှိခိုးပြီးသော် သွယ်စီးဖြိုင်းဖြိုင်း မျက်ရည်အိုင်နှင့်၊ အနိုင်ခွာခဲ့၍၊ အာကာသကောင်းကင်သို့၊ ငယ်လင်ရှိရာ ပြန်ကြည့်ကာနှင့်၊ တက်ရာတော်မူလေသတည်းဟု ဦးပုည က ရသာမြောက်စွာ ရေးဖွဲ့ပါသည်။

ဇကရီသည် မဟာသုဘဒ္ဒါ ထွက်သွားရပုံမျိုးနှင့် ထွက်သွားရရှာသည်။ မောင်ဝေလ တွေးမိလိုက်ပါသည်။ ကြီးမားသော သံယောဇဉ်ကြိုးကို ဖြတ်၍ မလွယ်ဟန်လည်း တူနေပါသည်။

ဇကရီသည် မောင်ဝေလ၏စကားကို မလွန်ဆန်နိုင်သဖြင့် ပြန်သွားရသော်လည်း မောင်ဝေလကို လုံးဝစိတ်မချပါ။ ဂါတ်တဲမှ အဆင်းတွင် ခလုတ်တိုက်မိပြီး လဲပြိုမလိုပင် ဖြစ်သွားရှာပါသည်။ ဘယ်များနာသွားသလဲဟု မောင်ဝေလ၏ နှလုံးသားက မေးလိုက်၏။

ညနေပိုင်းကွင်မှူ ဇကရီသည် မောင်ဝေလ၏ တားမြစ်ချက်ကို ချိုးဖောက်ပြီး ရောက်လာပြန်သည်။ ချစ်သူနှင့်မတူဘဲ ဇနီးမယားနှင့်ပင် တူနေပါသည်။

မောင်ဝေလစားသောက်ရန် ထမင်းချိုင့်တစ်ခုကို လက်ကဆွဲပြီး၊ အိပ်ရာလိပ်တစ်ခုကို ခေါင်းကရွက်ပြီး ရောက်လာပါသည်။ မနိုင်ဝန်ကို ထမ်းပိုးလာရရှာပါသည်။

ဝေလသည် ဇကရီကိုကျေဲမြဲတိုမိသော်လည်း စိတ်မကောင်းမည် စိုးသဖြင့် ပြစ်တင်မောင်းမဲခြင်း မပြုတော့ပါ။ ဇကရီကျွေးသော ထမင်းကိုသာ ကျွေးရသူ စေတနာ ပိုအောင် ဝမ်းသာအားရ စားပြသည်။ စားချင်စိတ် မရှိသော်လည်း မျိုသိပ်ပြရသည်။

ဇကရီက စေတနာ ရေစီးကမ်းပြို လိုက်ပြီး ယူလာသော အိပ်ရာလိပ်ကိုမူ အချုပ်ခန်းထဲသို့ သွင်းခွင့်မရသဖြင့် ဇကရီသည် ပြန်ယူသွားရပါသည်။

ဇကရီခေါင်းနှင့် ရွက်လာသော ဖြူဖွေးသန့်စင်သော မွေ့ရာ နှင့် ခြင်ထောင်တို့ကို အိပ်ချင်သော်လည်း ပြန်ပေးလိုက်ရသည်။ အချုပ်သားဆိုသည်မှာ အချုပ်ခန်းကြမ်းပြင်ပေါ်တွင် စောင်နှင့်သာ ကွေးရသဖြင့် စောင်ကိုသာ ယူထားလိုက်ရသည်။ မောင်ဝေလကို မွေ့ရာ၊ ခြင်ထောင်နှင့် မသိပ်ရသဖြင့် . . .

ဇကရီသည် အချုပ်ခန်းစောင့် ပုလိပ်များကို မျက်စောင်း







www.burmeseclassic.com

www.burmeseclassic.com



တခဲခဲနှင့် ဖြစ်နေရှာပါသည်။

မိုးလင်းသည်နှင့် ကေရီသည် မောင်ဝေလအတွက် ဆီထမင်း ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းအိုးတို့ကို ယူလာပြီး လာပို့ရှာပြန်ပါသည်။ ထို့ပြင် ကြက်ဥများကိုလည်းပြုတ်၍ ထမင်းလာမပို့ခင် အဆာပြေစားထားဖို့ လာပေးပါသည်။ လက်ဖက်ရည် ဖျော်တိုက်ရန် မြို့သို့ နို့ဆီ၊ သကြား အဝယ်လွှတ်လိုက်ပြီဟုလည်း သတင်းပေးပါသည်။

ကေရီ၏ လှပသော မျက်နှာကလေးသည် ညကတစ်ညလုံး အိပ်ရေးမဝခဲ့ဟန်နှင့် ချောင်းကျသွားပါသည်။ ထို့ပြင် ဖြူဖွေးသော မျက်နှာတွင် ခြင်ပုန်းများကိုက်ထား၍ နီရဲနေပါသည်။

မောင်ဝေလသည် ကေရီမျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး

" ဘာလဲ . . ကေရီ၊ ညက တစ်ညလုံး ကေရီအိပ်မပျော်ဘူးမို့လား "

" ဟိုတွေး . . ဒီတွေးနဲ့ ဘယ်မှာအိပ်လို့ပျော်ပါ့မလဲ မောင်ရယ် "

" ဘာမှ တွေးပူစရာမလိုပါဘူး ကေရီရယ်၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပေါ့၊ ကေရီရဲ့ မျက်နှာမှာလဲ ခြင်တွေကိုက်ထားပါလား၊ ခြင်ထောင် ထောင်မအိပ်ဘူးလား "

မောင်ဝေလက ချစ်သူမျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ရင်း ကရုဏာသက်စွာနှင့် မေးလိုက်ပါသည်။ ခြင်ဖုများကို လက်နှင့် ယုယစွာ စမ်းကြည့်လိုက်သည်။

" ဟုတ်တယ် . . မောင်၊ ညက ကေရီ ခြင်ထောင် ထောင်မအိပ်ဘူး "

" ဘာဖြစ်လို့ ခြင်ထောင် ထောင်ပြီး မအိပ်ရတာလဲကွယ်၊ အခုကြည့်စမ်း မျက်နှာတစ်ခုလုံး ရစရာမရှိဘူး "

" ဘာဖြစ်လို့ ခြင်ထောင် ထောင်မအိပ်ရသလဲ ဟုတ်သလား မောင်၊ မောင်က အချုပ်ခန်းထဲမှာ ခြင်ထောင် ထောင်ပြီးမှမအိပ်ရတာ၊ ကေရီက အိမ်မှာ မိမ်နဲ့ ခြင်ထောင် ထောင်ပြီးအိပ်ရမလား မောင်ရယ် "

ကေရီ၏ စကားသံကလေးကို ကြားလိုက်ရသော မောင်ဝေလသည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ့အပေါ် ချစ်မြတ်နိုးရှာလွန်းသဖြင့် သူ ခြင်ထောင်နှင့် မအိပ်ရသည်နှင့် ကေရီပါ ခြင်ထောင်နှင့်လိုက်ပြီး မအိပ်ဟူသောစကား သံကလေးသည် မောင်ဝေလ၏ နှလုံးသားထဲသို့ စိမ့်ဝင်သွားသည်။

" ပြီးတော့လေ . . ညက ကေရီ ဖျာခင်းပြီး မအိပ်ဘူး၊ ဟောဒီချုပ်ခန်းကြမ်းပြင်ပေါ်မှာ မောင်က ဖျာမခင်းဘဲ အိပ်ရတယ်မဟုတ်လား၊ မောင်ကတော့ ဖျာမခင်းဘဲညက အိပ်ရသေးတာပဲ၊ ကေရီကလဲ ဖျာမခင်းပဲညက အိပ်လိုက်တယ် မောင်၊ ကေရီက မွေ့ရာနဲ့ ခြင်ထောင်နဲ့ အိပ်ရင် ဘယ်တရားပါ့မလဲ မောင်ရယ်၊ မောင်ပဲ စဉ်းစားကြည့်ပါကွယ် "

ကေရီ၏ နှလုံးသားမှ ယိုစီး ထွက်ကျလာသော စကားသံကလေးကို ကြားရသောအခါ ချစ်ချင်းမေတ္တာ၏ ရိုက်ခတ်မှုကြောင့် မောင်ဝေလသည် မျက်ရည်များပင် လည်လာသည်။ အသားများပင် တဆတ်ဆတ်တုန်လာသည်။

ကေရီအပေါ် ချစ်ခင်မြတ်နိုးသောစိတ်သည် တဖွားဖွားပေါ်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲကြီး ဖြစ်လာသည်။ သမုဒ္ဒယ အဟုန်တို့သည် ကေရီ နှလုံးသားဆီသို့ စီးဝင်သွားသလားဟု ထင်လိုက်ရသည်။

မောင်ဝေလက တုန်ယင်လှိုက်လှဲသောအသံနှင့် သွေးတိုး စမ်းမေးလိုက်သည်။

" တကယ်လို့ မောင်သေသွားရင်ကော ကေရီရယ် "

ထိုသို့ မေးလိုက်သောအခါ ကေရီသည် ဆတ်ခနဲ မောင်ဝေလကို မော့ကြည့်ပြီး . . .

" ဘာလဲ . . မောင်၊ ကေရီကို အထင်သေးတာလား၊ မောင် သေသွားရင် ကေရီ လိုက်မသေရဲဘူးလို့များ မောင်ထင်နေသလား၊ သေရဲတယ်မောင်၊ ဖာတ်သမမို့ အပြောကောင်းတယ် မထင်ပါနဲ့ မောင်ရယ်၊ နှလုံးသားထဲက စကားပါ၊ ဖာတ်စင်ပေါ်မှ ဖာတ်သမပေ မယ့် မောင့်ရဲ့ ရှေ့မှာတော့ ကေရီဟာ မောင့်အတွက် မွေးဖွားလာခဲ့ရ တာပါ မောင်ရယ် "

မောင်ဝေလ၏ စိတ်ထဲတွင် ကေရီကဲ့သို့ချစ်သူမျိုးမှာ ဤ ဘဝတစ်ခုတည်းနှင့် ချစ်မဝ၍ ဘဝဆက်တိုင်း တွေ့ရပါလို၏ ဆုမွန်ခြွေရမည့် ဆုကြီးပန် ချစ်သူမှန်း နားလည်လိုက်သည်။

ဤကဲ့သို့သော ဆုကြီးပန် ချစ်သူ မိန်းကလေးအတွက် မောင်ဝေလကိုယ်ကျိုးစွန့်လွှတ်ရလျှင် ဤဘဝနှင့်မလုံလောက်ပါက နောက်ဘဝကိုပါ ချေးငှားပြီး ကိုယ်ကျိုးစွန့်မည်ဟု စဉ်းစားလိုက်မိ သည်။

မောင်ဝေလသည် ကေရီကို ရွှေကိုယ်ပွား ရင်နှစ်သားကဲ့သို့





ချစ်မိုးရွှေမိသည်။ ကေရီကလည်းအချစ်ဦးမို့ ရူးအောင်ချစ်မိသည် ဆိုရမည်လော မောင်ဝေလ မသိနိုင်ချေ။

. . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဝါးသလောက်သောက်ရွာဌာနာအုပ် ကိုသိန်းဒိုးသည် ပုလိပ် အလွန်ပီသသူ ဖြစ်သည်။ လူသတ်မှုကို မောင်ဝေလကလေး ကျူးလွန်ခြင်းမရှိဟု ယုံကြည်သော်လည်း တရားခံ အစစ်ကို သူသည် ရှာဖွေနိုင်စွမ်းမရှိပေ။ တရားခံအစစ်ကို ရှာဖွေနိုင်စွမ်းမရှိသဖြင့် မောင်ဝေလကလေးကို လွှတ်ပစ်လိုက်ရန်လည်း သူသည် သူ့ရဲသတ္တိစွမ်းပကား မရှိပေ။

ကိုသိန်းဒိုး၏ အရွတ္တသန္တာန်ထဲတွင် ပုလိပ် ဆိုသည်မှာ တရားခံ လက်ညှိုးထိုးဖမ်းဖို့ မွေးဖွား လာသည်ဟု ထင်နေသလား မသိပေ။ ယခုအမှုတွင် တရားခံအစစ်ကို မဖမ်းနိုင်လျှင် မသင်္ကာ၍ ဖမ်းထားသော မောင်ဝေလကလေးကို လွှတ်ပစ်ခြင်းသည် အမှန်တရား ဖြစ်သည်။ သို့သော် ကိုသိန်းဒိုးသည် အမှန်တရားကို ရှာဖွေရမည်





ထက် အမှုကို တရားခံမရှိဘဲ စုံထောက်မရမှုနှင့် ပိတ်သိမ်းရမည်ကို ကြောက်ရွံ့လေသည်။

အမှုတစ်ခုတွင် တရားခံ မဖမ်းနိုင်ပါက စုံထောက်မရမှုနှင့် ပိတ်သိမ်းရလျှင် ပုလိပ်အဖွဲ့မှ နစ်နာပါသည်။ တရားခံ စုံစမ်းမရ၍ ဖမ်းဆီးနိုင်ခြင်းသည် အမှန်တရားဖြစ်ပါသည်။ သို့သော် ကိုသိန်းဒိုးသည် အမှန်တရားကို ကြောက်ရွံ့ပါသည်။ အမှန်တရားကို နင်းခြေပြီး တရားခံကိုဖမ်းနိုင်သည်။ အမှုကို တရားစွဲတင်နိုင်သည်ဟူသော ဂုဏ်ပုဒ်ကိုသာ အလိုရှိပါသည်။ ဤသို့သော အယူအဆမျိုးမှာ ကိုသိန်းဒိုးတစ်ယောက်တည်းသာ မဟုတ်ပါ။ ပုလိပ်အရာရှိ တော်တော်များများ၏ စိတ်ထဲတွင်လည်း အယူအဆ လွဲမှားစွာ ဝါသနာထုံနေကြပါသည်။

ထို့ကြောင့် ကိုသိန်းဒိုးသည် သေဆုံးသူ ရာဇဝတ်အုပ် ကိုသက်ညွန့်နှင့် အကြီးအကျယ် ပဋိပက္ခဖြစ်ခဲ့ဖူးသောအချက်၊ ရာဇဝတ်အုပ် ကိုသက်ညွန့်သေဆုံးနေသော ဗိုလ်တဲသို့ရောက်လာသော အချက်တို့ကို မောင်ဝေလကလေးအပေါ် ရောမသက်သေခံ အထောက်အထားကြီးဖြစ်အောင် တည်ဆောက်ပြီး အမိအရ တ်ကတ်ကာ ဟံသာဝတီစက်ရှင် တရားရုံးသို့ တရားစွဲတင်ပါတော့သည်။

ထို့ကြောင့် မောင်ဝေလကလေးကဲ့သို့သော တရားခံများမှာ နှင့်ရင်းနှီးပြီး နစ်နာရပါတော့သည်။

မောင်ဝေလကလေး ကေရီနှင့်မောင်ဝေလကလေး၏ ဖခင် မ်းစား ဟံသာဝတီစက်ရှင် တရားသူကြီးတို့သည် မောင်ဝေလ



www.burmeseclassic.com

www.burmeseclassic.com



ကလေးလွှတ်မည်ဟု ထင်မိကြသည်။

မောင်ဝေလကလေးဘက်မှ ချုတ်ယွင်းချက်မှာ ကိုသိန်းဒိုးက သူ့ကို တရားစွဲတင်သည်အထိ ဧကရီက သူ့ကို ချိန်းဆိုသောစာနှင့် ကိုသက်ညွန့်၏အလောင်းထဲတွင် ဧကရီက ဝါးဘလောက်သော ဗိုလ်တဲသို့ချိန်းသော စာနှစ်စောင်ကို ပုလိပ်အဖွဲ့သို့လည်းကောင်း ရုံးတောင်သို့လည်းကောင်း မတင်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။

အကယ်၍ မောင်ဝေလသည် ထိုသက်သေခံပစ္စည်း စာနှစ် စောင်ကို ရုံးတော်သို့ တင်ပြလိုစိတ်ရှိပါကလည်း တင်ပြနိုင်ခွင့် မကြုံ တော့ပါ။ မောင်ဝေလ ကိုယ်တိုင်ပင် ဖျက်ဆီးခဲ့ပြီ မဟုတ်ပါလော။

အမှန်အားဖြင့် ဌာနာအုပ် ကိုသိန်းဒိုးသည် မောင်ဝေလ ကလေး အမှုကို တရားစွဲတင်ခဲ့ရသော်လည်း သက်သေအထောက် အထားအနေနှင့် သိပ်ပြီး ခိုင်လုံလှသည် မဟုတ်ပါ။

မောင်ဝေလအမှုနှင့် ပတ်သက်ပြီး ကိုသိန်းဒိုး တင်ပြသော သက်သေများမှာ . .

၁။ တရားလိုအဖြစ်အမှုကို တိုင်တန်းသူ ဝါးဘလောက် သောက် သူကြီးဦးလှမောင်။

၂။ ဗိုလ်တဲစောင့် ဦးဆစ်တို။

၃။ ရာဇဝတ်အုပ်ကိုသက်ညွန့်၏ အလောင်းကို သန်လျက် ဆေးရုံသို့ သွားပို့သော ပုလိပ်အမှုထမ်း။

၄။ ရာဇဝတ်အုပ် ကိုသက်ညွန့်၏ အလောင်းကို ခွဲစိတ် စစ်ဆေးသော မြို့နယ်ဆရာဝန်။

၅။ မောင်ဝေလကလေး ဝါးဘလောက် ဗိုလ်တဲပေါ်သို့ တက်သွားသည်ကို မြင်လိုက်သော သက်သေနှစ် ယောက်။

၆။ ထိုသက်သေနှစ်ယောက် မောင်ဝေကလေးကို မှတ်မိပါ သည်ဟု လူစီတန်းပြ စွပ်စွဲရာတွင် ကြီးကြပ်သော ကွမ်းခြံကုန်းမြောက်ပိုင်း မြို့နယ် ရာဇဝတ်တရား သူကြီး။

၇။ မောင်ဝေလကလေးနှင့် ရာဇဝတ်အုပ် ကိုသက်ညွန့်တို့ ကွမ်းခြံကုန်းမြို့ မန်ကျည်းတန်းတွင် ခိုက်ရန်ဖြစ်ပွား စဉ်က ဖျန်ဖြေရသော ရွာခေါင်း ဦးပေါ်ကြွယ်နှင့် ဆယ်အိမ်ခေါင်းတစ်ယောက်။

၈။ အမှုစစ်ဆေးသော အရာရှိဖြစ်သည့် ဌာနာအုပ် ကိုသိန်းဒိုး တို့ဖြစ်ပါသည်။

သက်သေ စုစုပေါင်း (၁၀)ယောက် ဖြစ်ပါသည်။ သို့သော် ထိုသက်သေ (၁၀)ယောက်သည် ပတ်ဝန်းကျင် သက်သေ အထောက် အထားများသာ ဖြစ်ပါသည်။ ခိုင်လုံသော သက်သေခံချက် မျက်မြင် သက်သေဟူ၍ မရှိပါ။

ပြောကြစတမ်းဆိုလျှင် ရာဇဝတ်အုပ် ကိုသက်ညွန့်၏ အလောင်းပေါ်မှ ရသော ဓားမြှောင်ပေါ်တွင် မောင်ဝေလကလေး၏ လက်ဗွေရှိကြောင်းကိုပင် သက်သေ အထောက်အထား မပြနိုင်ပါ။

ဌာနာအုပ် ကိုသိန်းဒိုးသည် သူတို့ ပုလိပ်အဖွဲ့သားချင်း ဖြစ်သော ရာဇဝတ်အုပ် ကိုသက်ညွန့်အသတ်ခံရသဖြင့် မောင်ဝေလ ကလေးကို ကလဲ့စားချေသည့်အနေနှင့် မရမက တရားစွဲတင်ခြင်း







www.burmeseclassic.com

www.burmeseclassic.com



ဟုတ် မဟုတ်ဆိုသည့် ကိစ္စမှာမူ ဘုရားမှသာ သိနိုင်ပေလိမ့်မည်။

သို့သော် မောင်ဝေကလေးကို လူသတ်မှုနှင့် တရားစွဲတ ပါသည်။

ထို့ကြောင့် မောင်ဝေလကလေးသည် ဝါးဘလောက်သော အချုပ်ခန်းမှ စတီးဝပ်ဂါတ်ခေါ် ဘားလမ်းအချုပ်ခန်းသ ရောက်ခဲ့သည်။

ထို့ကြောင့်လည်း ကေရီသည် မောင်ဝေလကလေး ရန်က ထောင်ကြီးချုပ်သို့ ရောက်ပြီး နောက်တစ်နေ့တွင် ပထမဆုံး ထောင်ဝ စာခံသူဖြစ်လာရပါသည်။

. . . . . . . . . . . . . . . . . . . . . . . . .

ဘာလမ်းအချုပ်ခန်းတွင်မူ ကေရီနှင့် မောင်ဝေလကလေး သည် လွတ်လပ်စွာ တွေ့ဆုံရပါသည်။

ကေရီသည် မောင်ဝေကလေး၏အဖြစ်ကို မသက်မသာ ကြည့်ပြီး . . .

" မောင်ရယ်၊ ကေရီကို ပြောမယ်ဆိုတဲ့ ဥစ္စာကို မြန် ပြောစမ်းပါကွယ်၊ မောင့်အဖြစ်ကိုကြည့်ပြီး ကေရီစိတ်မချမ်းသ လွန်းလို့ပါကွယ်၊ လွတ်မယ်လွတ်မယ်နဲ့ အခုတော့ ရုံးတင်တဲ့အ တောင် ဖြစ်လာပြီမဟုတ်လား မောင်ရယ် "

အချုပ်ခန်းထဲတွင် နေနေရသော မောင်ဝေလကလေးသ





ကျန်းမာရေးအခြေအနေ ကောင်းနေသော်လည်း အပြင်ဘက်တွင် နေရသော ကေရီမှာ ချုံးကျသွားပါသည်။

မောင်ဝေလကလေးသည် ကေရီကို ထုတ်ဖော်ပြီး မေးရမည် ကို ဝန်လေးနေမိသည်။ သို့သော် ဤကိစ္စမှာ ခပ်မြန်မြန်နှင့် ရှင်းရှင်း လင်းလင်း သိထားရန် ကိစ္စဖြစ်သဖြင့် မမေးရက်သော်လည်း မေးရ တော့သည်။

" ဒီမှာ ကေရီ၊ မောင့်ကို မှန်မှန်ဖြေနော်၊ ဒီကိစ္စက သိပ်ပြီး အရေးကြီးတယ်၊ ကေရီ မောင်နဲ့ ရာဇဝတ်အုပ် ကိုသက်ညွန့်ကို ဝါးဘလောက်သောက် ဗိုလ်တဲမှာ တွေ့ဖို့ ချိန်းတဲ့စာ ရေးသလား "

ကေရီသည် အံ့ဩ တုန်လှုပ်သွားသော အမူအရာနှင့် ခေါင်းဘက်ကို သူပလက်ကလေးဖိပြီး . . .

" ကြားသွားမိုးကြိုး မောင်ရယ်၊ ကေရီက ဘာဖြစ်လို့ ဗိုလ်တဲကို ကိုသက်ညွန့်ကို ချိန်းရမှာလဲ၊ ကိုသက်ညွန့်နဲ့ ကေရီနဲ့ ဘာဆိုင်လို့လဲ မောင်ရယ်၊ မောင့်ကိုလဲ ဘယ်တုန်းက ဗိုလ်တဲကို ချိန်းဖူးလို့လဲ၊ အိမ်မှာလဲ တွေ့နေရတယ်၊ ဒေါ်လေးတို့ အိမ်မှာလဲ တွေ့နေကျပဲ မဟုတ်လား "

ကေရီ ပြောသည်မှာ မှန်ပါသည်။ ကေရီတို့အိမ်တွင် အချိန်မရွေး တွေ့၍ရသည်။ ကေရီ၏ဖခင် ဗိုလ်မဲထီးရှာတွင် ရှိနေ သောအချိန်တွင်သာ ကေရီ၏ ဒေါ်လေးအိမ်တွင် ချိန်းတွေ့ကြခြင်း ဖြစ်သည်။

" မောင် ပွင့်ပွင့်လင်းလင်းပဲ မေးမယ်၊ ကေရီလဲ ပွင့်ပွင့်လင်း လင်းပဲ ဖြေနော်၊ မောင့်စိတ်ထဲမှာ ထင်နေတာ ကေရီရဲ့ ဖခင်ဗိုလ်မဲထီး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စနဲ့ ပတ်သက်ပြီး ကေရီဟာ ဝါးဘလောက်သောက် ဗိုလ်တဲမှာ ကိုသက်ညွှန့်နဲ့ ချိန်းတွေ့ပြီး ကိုသက်ညွှန့်က ကေရီကို ဗလက္ကာရလုပ်လို့ ကေရီက ဓားမြောင်နဲ့ ထိုးသတ်လိုက်တာလား "

ကေရီက ခေါင်းကို တဆတ်ဆတ် ခါယမ်းပြီး . . .

" မဟုတ်ရပါဘူး မောင်ရယ်၊ မဟုတ်ရပါဘူး၊ ကေရီကို အထင် မသေးပါနဲ့ မောင်ရယ်၊ ကေရီသာ ကိုသက်ညွှန့်ကို သတ်ခဲ့ရင် မောင် အချုပ်ထဲရောက်နေတာကို လက်ပိုက်ကြည့်နေမယ်ထင်သလား မောင့်ကို ဝါးဘလောက်သောက် အချုပ်ခန်းထဲတောင် အဝင်မခံဘူး ကေရီက ရှေ့ဆုံးကခံမှာပါ။ အခုလဲ မောင်ကသာ ငါ့အတွက် ကေရီ ခံလိုက်ပါလို့ပြော၊ ကေရီ မောင်နဲ့ လူချင်း လဲခံဝံ့ပါတယ် "

ကေရီ၏စကားကို မောင်ဝေလ ယုံကြည်ပါ၏ ကေရီသည် ပြောလျှင် ပြောသလို လုပ်မည့်လူစားမျိုးဖြစ်သည်။ မောင်ဝေလသည် အချိန်ကိုငဲ့ပြီး တက်သုတ်ရိုက်နေ၏။

" ဒုတိယ မေးခွန်းကို မောင်မေးမယ်၊ ကေရီ မှန်မှန်ဖြေ နော်"

" ဟုတ်ကဲ့ပါ မောင် "

" ကွမ်းခြံကုန်းမှာ ရာဇဝတ်အုပ် ကိုသက်ညွှန့်က ကေရီကို အရှက်လာခွဲတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကေရီရဲ့ အဖေဗိုလ်မဲထီးက ကေရီကို ကိုသက်ညွှန့်ဆီ စာရေးချိန်းခိုင်းပြီး ကိုသက်ညွှန့်ကို ဗိုလ်မဲထီးက သတ်လိုက်တာလား "

ကေရီက မောင်ဝေလ၏ မေးခွန်းကို မဆိုင်းမတွပင် ပြောကြားသည်။

" ဒါလဲ မဟုတ်ဘူးမောင်၊ ဖေဖေဟာ အခုထိ ကျောက်တန်း ... အချုပ်ထဲမှာ ရှိနေသေးတယ်၊ မယုံရင် မောင်လှမ်းပြီး စုံစမ်းကြည့် ..."

" ယုံတယ် ကေရီ ယုံတယ်၊ ဒါဆိုရင် မောင်ဟာ ...ထောင်ချောက်တစ်ခုကို အဆင်ခံရတာပါ၊ ဒီလို ကေရီ၊ လူတစ်ယောက် ...ာ ကိုသက်ညွှန့်နဲ့ မောင့်ဆီကို ဝါးဘလောက်သောက် ဗိုလ်တဲမှာ ...ကေရီနဲ့ လာတွေ့ဖို့ စာတစ်စောင်စီရေးတယ်။ ကိုသက်ညွှန့်ကို ...ဆံရက်စောချိန်းတယ်ပေါ့၊ အဲဒီစာရဲ့ လက်ရေးက ကေရီရဲ့ လက်ရေး ...တူနေတယ်၊ ဒါကြောင့် မောင်လဲ ဝါးဘလောက်သောက် ဗိုလ်တဲကို ...ရောက်လာတာ၊ ဒီကျတော့ ကိုသက်ညွှန့် ရင်ဝမှာ ဓားဒဏ်ရာ ...ဒန်းလန်းနဲ့ သေနေတယ်၊ ကိုသက်ညွှန့်ရဲ့ အင်္ကျီအိတ်ထဲမှာ ကေရီ ...စာကိုတွေ့တယ် "

ကေရီသည် မောင်ဝေလပြောတဲ့ စကားများကို စိုးရိမ်ပူပန် ...သာ အမူအရာဖြင့် ရင်တမမဖြစ်ပြီး နားထောင်နေသည်။

ကေရီက တုန်ရင်သော အသံနှင့် . . .

" အဲဒီ ချိန်းတဲ့စာက ကေရီရဲ့ လက်ရေးနဲ့တူတယ် ဟုတ် ...သလားမောင် "

" ဟုတ်တယ် . ."

" အဲဒီ စာတွေကောမောင် "

" ကေရီ ဒီအမှုနဲ့ ပတ်သက်နေတယ်ထင်လို့ ကိုသက်ညွှန့်ရဲ့ ...အလောင်းက ရတဲ့စာကော၊ မောင့်ဆီကို ရောက်လာတဲ့စာရော မောင် ...ီးစပ်ထဲ မျိုချပြီး ဖျက်ဆီးပစ်လိုက်ပြီ "







www.burmeseclassic.com

www.burmeseclassic.com



" ဒုက္ခပါပဲ မောင်ရယ်၊ အရေးကြီးတဲ့ သက်သေခံပစ္စည်းကို မောင်က ဖျောက်ဖျက်ပစ်လိုက်တာကိုး "

" အဲဒီလို ဘာကြောင့် ဖျောက်ဖျက်ပစ်လိုက်သလဲ ကေရီ သိရဲ့လား "

" သိပါတယ်မောင်ရယ်၊ ကိုသက်ညွန့်ကို ကေရီ ဒါမှမဟုတ် ကေရီသတ်တယ်ထင်လို့ သက်သေခံပစ္စည်းကို မောင် ဖျောက်ဖျက်ပစ်လိုက်တယ် ဟုတ်လား "

" ဟုတ်တယ် . . "

" ဒီစာသာရှိနေရင် မောင် အခုလောက်ဆိုရင် အမှုက လွတ်နေပြီထင်တယ် "

" မောင်က မှန်လူသွားပြီး ကေရီနဲ့ ကိုသက်ညွန့် ချိန်းတွေ့ရာမှာ ကိုသက်ညွန့်က ဗလက္ကာရလုပ်လို့ ကေရီ လက်လွန်သွားတယ်ထင်တာကိုး၊ ဒါပေမယ့် ဒီသက်သေခံပစ္စည်း ဖျောက်ဖျက်ပစ်တာ မှန်သလား၊ မှားသလားဆိုတာ အခုထိ မပြောနိုင်သေးပါဘူး၊ အခုတိုင်ဆိုရင် ကေရီလဲ ကိုသက်ညွန့်ကို မသတ်ဘူး၊ မောင်လဲ ကိုသက်ညွန့်ကို မသတ်ဘူး၊ ဒါပေမယ့် ဥာနာအုပ် ကိုသိန်းဒိုးက တရားခံအစစ်ကို ရှာနိုင်တဲ့ အရည်အချင်း မရှိဘူး၊ ဒါကြောင့် မောင်မသတ်ပဲနဲ့ လူသတ်မှုနဲ့ တရားစွဲ ခံနေရတာပေါ့၊ တကယ်လို့ အဲဒီသက်သေခံပစ္စည်းစာနှစ်စောင်ကို ဥာနာအုပ် ကိုသိန်းဒိုးကို အပ်ပေးလိုက်ရင်လဲ ဒီအမှုမှာ မောင့်အတွက် ပိုလေးပြီး ကေရီပါ အမှုထဲမှာ အဆစ်ပါလာချင် ပါလာဦးမယ်။ ကိုသိန်းဒိုးဟာ လူညံ့တစ်ယောက် "

ကေရီသည် မောင်ဝေလ ပြောသမျှကို ငြိမ်ငြိမ်ကလေးနားထောင်နေရာက . . .





" ဒီလိုဆိုရင် ကေရီသတ်ပါတယ်လို့ ရုံးတော်မှာ ဝန်ခံလိုက်ရင်ကော "

" ဒီမှာ ကေရီ၊ ကေရီမလုပ်နဲ့ ရှုပ်ကုန်မယ်၊ တကယ်လို့ ကေရီ သတ်ခဲ့ရင်တောင် ဘာမှမပူနဲ့ မောင်ဝန်ခံသွားမယ်၊ ကေရီကို မောင်ချစ်တဲ့အကြောင်း သက်သေပြသွားမယ် "

" မောင်ရယ် ကြီးလေးတဲ့အပြစ်ဒဏ်များ ရောက်နေဦးမှာလားကွယ် "

" အခု တရားစွဲတင်တဲ့အတိုင်း သက်သေခံ အထောက်အထားမခိုင်လုံဘူး၊ လွတ်ချင် လွတ်နိုင်ပါတယ်။ ဘာမှမပူပါနဲ့ ကေရီရယ် "

" ကေရီ မောင့်အတွက် ဘာလုပ်ပေးရမလဲ မောင် "

" ဝါးဘလောက်သောက်ကို ကေရီပြန်ပြီး လူသတ်တရားခံကို စုံစမ်းကြည့်ပါလား "

" ကောင်းပြီမောင်၊ ကေရီက စုံစမ်းမယ်၊ အဖေ အချုပ်ကလွတ်ရင်လဲ အဖေ့ကို အကူအညီတောင်းပြီး စုံစမ်းခိုင်းမယ်၊ တရားကိုနတ်စောင့်ပါတယ် မောင်ရယ်။ ဘာမှ အားမငယ်ပါနဲ့ အမှန်တရားဟာ အောင်ရမှာပါ "

. . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မောင်ဝေလ၏ အတွေးအာရုံထဲတွင် ပထမဆုံး တွေ့မြင်လိုက်ရသူမှာ သူ၏ဖခင်ကြီး ရိက္ခာတော်ရ အငြိမ်းစား ဟံသာဝတီ စက်ရှင်တရားသူကြီး ဦးမြတ်မင်းပင် ဖြစ်သည်။

အိုကြီးအိုမနှင့် ဖခင်ကြီးသည် မောင်ဝေလကို လူသတ်မှုနှင့် စစ်ဆေးသောရက်တိုင်း ဟံသာဝတီစက်ရှင်တရားသူကြီးရုံးသို့ ရောက်လာရှာသည်။

မောင်ဝေလ၏ဖခင် ဦးမြတ်မင်းသည် တစ်ချိန်တစ်ခါက ဤ ဟံသာဝတီ စက်ရှင်တရားရုံး စင်မြင့်ပေါ်တွင် ကြီးကျယ်မြင့်မြတ်သောတရားသူကြီး တစ်ဦးအဖြစ် ထည်ဝါစွာ နေထိုင်ခဲ့ဖူးသည်။ ဖြောင့်မတ်တည်ကြည်သော စက်ရှင်မင်းကြီးတစ်ဦးအဖြစ် ဝင့်ကြွားခဲ့ဖူးသည်။





တည်ငြိမ်၍ ကျက်သရေရှိသော ဦးမြတ်မင်း၏ မျက်နှာကို လူဆိုးများသည် ကေသရာဇာ ခြင်္သေ့မင်း၏ မျက်နှာကို သားသမင်းတို့က မကြည့်ဝံ့သလိုဖြစ်ခဲ့ရသည်။ တန်ခိုးရှိန်စော်အာနုဘော်ကြီးခဲ့သော ခုံမင်းတစ်ပါး ဖြစ်ခဲ့သည်။

တစ်ချိန်က ကေသရာဇာ ခြင်္သေ့မင်း၏ ဂူနေ့မျိုးနှင့် တရားခွင်တွင် ဝင့်ထည်ခဲ့ဖူးသည်။ ယခုမူ သားဖြစ်သူ မောင်ဝေလကြောင့် မျက်နှာအောက်ချ ခေါင်းငုံ့လျှိုး၍ ဟံသာဝတီ စက်ရှင်တရားရုံးကို မဝံ့မရဲ လာရရှာသည်။

စက်ရှင်တရားသူကြီးတစ်ဦးမှ မောင်ဝေလကို ချုပ်ထားသော ရန်ကုန်ထောင်ချုပ်ကြီးသို့ ထောင်ဝင်စာခံပြီးလာပြီး တွေ့ဆုံလေ့မရှိသော်လည်း မောင်ဝေလအမှုကို စစ်ဆေးသော ရုံးချိန်းတိုင်းတွင် ကွမ်းခြံကုန်းမြို့မှ ဟံသာဝတီစက်ရှင် တရားရုံးရှိသော ရန်ကုန်မြို့ ပုလိပ်မင်းကြီးရုံးသို့ အရောက်လာရှာသည်။

မောင်ဝေလက ဖခင်ကြီးဦးမြတ်မင်း ရုံးချိန်းတိုင်း လာရှာသည်ကို မမြင်ရက်သဖြင့် တားမြစ်သော်လည်း ဖခင်ကြီးသည် တားမရပေ။

ဖခင်ကြီး ဦးမြတ်မင်းသည် သား ကြိုက်နှစ်သက်သော အစားအစာများကို ယူဆောင်လာပြီး သားကို နှစ်သိမ့်တတ်သည်။

တစ်ခါတွင် အမှုစစ်အရာရှိဖြစ်သော ဌာနာအုပ် ကိုသိန်းဒိုးကို စစ်သောနေ့တွင် ဌာနာအုပ် ကိုသိန်းဒိုးနှင့် ဦးမြတ်မင်းတို့ ဆုံတွေ့ကြသည်။

ကိုသိန်းဒိုးနှင့် ဦးမြတ်မင်းတို့ စကားလက်ဆုံကျကြပြီး မကြာမီမှာပင် ဖခင်ကြီး ဦးမြတ်မင်းသည် မောင်ဝေလရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

ဦးမြတ်မင်းသည် မောင်ငဝေလကို ဖခင်တို့၏ကြီးမားသော မေတ္တာနှင့် ကရုဏာ ပြည့်လျှမ်းသော မျက်လုံးအစုံနှင့် ကြည့်သည်။ အသာအယာဆုံး အနူးညံ့ဆုံးသောအသံနှင့် ချော့မော့ မေးမြန်းလေတော့သည်။

"သားရယ် ဖေဖေဟာ နှစ်ပေါင်းများစွာ စက်ရှင်တရားသူကြီး လုပ်လာတာ သား သိမှာပေါ့၊ သားရဲ့ အမှုကိုကြည့်ရင် အမှုရဲ့ ကွင်းဆက်တစ်ခုဟာ မြုပ်နေတယ်"

ဦးမြတ်မင်းသည် ဒ္ဓာနာအုပ် ကိုသိန်းဒိုးနှင့် စကားပြောဆိုခဲ့ရာမှ ကိုသိန်းဒိုးထံမှ အမှုသွား အမှုလာကို ကြားနာရပြီး မောင်ငဝေလသည် တစ်စုံတစ်ခုကို လျှို့ဝှက် ဖုံးကွယ်ထားသည်ကို သိသွားဟန် တူလေသည်။

မောင်ငဝေလသည် သူဖုံးကွယ်ထားသော ဧကရီ၏စာကို ထုတ်ဖော်ပြောရန်ကိစ္စကိုမူ လုံးဝ မလိုလားပေ။ ထို့ကြောင့် မောင်ငဝေလသည် ဖခင်ကြီးကိုပြန်ပြီး နှစ်သိမ့်လိုက်သည်။

"သား ဒါတွေ ဘာမှမသိပါဘူး ဖေဖေ၊ သား ရာဇဝတ်အုပ် ကိုသက်ညွန့်ကို မသတ်ဘူး၊ ဒါပဲ ပြောနိုင်ပါတယ်"

"သားရယ်၊ သားဟာ ရာဇဝတ်အုပ် ကိုသက်ညွန့်ကို မသတ်ဘူးဆိုတာကို ပြောနေတာထက် သား ဖုံးကွယ်ထားတဲ့ ကွင်းဆက်ကို ထုတ်ဖော် ပြောလိုက်ပါလားကွယ်၊ သား ဖုံးကွယ်ထားတာက အမှန်တရားကို ထင်ရှားဖို့ ပိုပြီး ထိရောက်နိုင်ပါတယ်"

"ဖေဖေက ကိုသိန်းဒိုး ပြောတဲ့စကားကို ယုံနေတာကိုး၊





သားဟာ ကိုသက်ညွန့်ကို မသတ်မှန်း သိလျက်နဲ့ အငှားတရားခံကို စက်တိုင်ပို့တဲ့ ကိုသိန်းဒိုးရဲ့ အရည်အချင်းကို ဖေဖေ အထင်ကြီးနေသလား ဖေဖေ"

မောင်ငဝေလက အမှုမှန်ပေါ်အောင် စစ်ဆေးနိုင်ခြင်းမရှိပဲ မောင်ငဝေလကိုသာ လူသတ်မှု တရားခံအဖြစ် စွပ်စွဲခဲ့သော ဒ္ဓာနာအုပ် ကိုသိန်းဒိုးကို မကျေမနပ်နှင့် ပြောလိုက်သည်။

"မောင်သိန်းဒိုးရဲ့ အရည်အချင်းကို ဖေဖေ အကြွင်းမဲ့ ယုံကြည်တယ်၊ သားဟာ အရေးကြီးဆုံးသက်သေ ဖြစ်ရမယ့်အစား တရားခံအဖြစ်နဲ့ အုတ်နံရံကို ခေါင်းနှင့်ပြေးဆောင့်နေတာကိုး။ သားဟာ ဘယ်သူ့အတွက် သူ့ရဲ့ကောင်း ဆန်နေရတာလဲ၊ တစ်ပါးသူ တစ်ယောက်အတွက် မြင့်မြတ်ကြီးကျယ်တဲ့စိတ် မွေးနိုင်တဲ့ နှလုံးလှတဲ့ သားဟာ မိဘတွေအပေါ်မှာ ကြင်နာတဲ့စိတ် နည်းနည်းကလေးမှ မထားနိုင်ဘူးလားကွယ်၊ သားဟာ အမှန်တရားကို သိပါတယ်"

ဖခင်ကြီးသည် မိဘမေတ္တာနှင့် လွှမ်းတင်ထားသော သံယောဇဉ်ကြိုးနှင့် မောင်ငဝေလကို ရစ်ပတ်လိုက်သည်။

မောင်ငဝေလသည် ဟောရင်းသာ လျှာပြတ် နပ်မည့်ပုံ မပေါ် သူဖြစ်နေသည်။

ယခုအချိန်ထိ အနစ်နာခံခဲ့ပြီးတော့မှ သူသည် လူစားထိုး မလဲနိုင်တော့ပါ။ ချစ်သောဧကရီကိုသာ ကာကွယ်ရင်း ဖက်ပြီး သေလိုက်တော့မည်ဟု မထူးဇာတ်ကို ခင်းလိုက်သည်။

"သားဘက်က တာဝန်ကျေပြီလို့ ထင်တယ်ဖေဖေ၊ သားဟာ ကိုသက်ညွန့်ကို မသတ်ဘူး၊ ကိုသက်ညွန့်ကို သတ်တဲ့လူကို သူတို့



www.burmeseclassic.com

www.burmeseclassic.com

ဘာသာ စုံစမ်းပါစေပေါ့ ဖေဖေ၊ သူတို့ ညံ့ဖျင်းလို့ပဲ သားဟာ လူသတ်တရားခံဘဝနဲ့ ဒီဟံသာဝတီ စက်ရှင်တရားရုံးကို ရောက်ခဲ့တာ မဟုတ်လား"

ဦးမြတ်မင်းသည် စိတ်မလျှော့သေးဘဲ သားဖြစ်သူကို ဆက်ပြီး ဖျောင်းဖျနေသေးသည်။

" မဟုတ်ဘူး . . သား၊ သားဟာ မောင်သက်ညွန့်ကို မသတ်ဘူးလို့ပြောရုံနဲ့ တာဝန်ကျေပြီ မထင်နဲ့၊ သားဟာ တရားခံတစ်ယောက်အနေနဲ့ ကိုယ့်ကို စွပ်စွဲထားတဲ့ ကိစ္စကို ငြင်းဆိုပြရုံနဲ့ တာဝန်ကျေပြီမထင်နဲ့၊ သားဟာ မောင်သက်ညွန့်ကို မသတ်ဘူးဆိုတဲ့ အထောက်အထားကို ပြဖို့ တာဝန်ရှိတယ် သားရယ်၊ ဖေဖေ့ကို သနားရင် အဲ့ဒီ အထောက်အထားကို ရုံးတော်ကို တင်ပြလိုက်ပါလား ကွယ် . . . သားရယ်၊ ဖေဖေတို့ဟာ သားကို မွေးဖွားလာရတာ မျှော်လင့်ချက်ကြီးနဲ့ပါ၊ ကိုယ့်သားကို စက်တိုင်ပေါ် တက်ရအောင် မွေးဖွားလာရတာ မဟုတ်ပါဘူး၊ သားစက်တိုင်ပေါ် တက်သွားရင် သားတစ်ယောက်တည်းကို သေဒဏ်စီရင်ခံရတယ် မထင်ပါနဲ့ကွယ်၊ မေမေနဲ့ ဖေဖေဟာ လေတိုးရင်တောင် လဲတော့မယ့် ယှဲယှဲကလေး အခြေအနေပါကွယ်၊ သား စက်တိုင်ပေါ်မတက်မီ ဖေဖေနဲ့ မေမေ သေဒဏ်စီရင်ပြီး ဖြစ်နေမှာပါကွယ် "

အိုကြီး အိုမနှင့် ဖခင်ကြီး ဦးမြတ်မင်းသည် မောင်ဝေလကို စကားရှည်ကြီး ပြော၍ တောင်းပန် ခယလေသည်။

မောင်ဝေလသည် ဖခင်ကြီးကို ကြည့်၍ လွန်စွာ စိတ်မချမ်းမြေ့ ဖြစ်သွားလေသည်။





ထို့ကြောင့် မောင်ဝေလသည် ဖခင်ကြီး စိတ်ချမ်းသာစေရန် အမှန်တစ်ဝက်နှင့် မုသားတစ်ခြမ်းကို ရောပြွမ်းပြီး ပြောလိုက်သည်။

" သားသိထားတဲ့ အထောက်အထားဟာ သားကိုယ်တိုင် ဖျက်ဆီးလိုက်မိပါပြီ ဖေဖေ၊ နောက်ကျသွားပါပြီ၊ အဲဒီ အထောက်အထားကို သားပြရင်လဲ ပါးစပ်နဲ့ပဲ ပြောလို့ရတော့မှာပါ၊ စကားဟာ ရုံးတော်မှာ သက်သေခံမဝင်ပါဘူး ဖေဖေ၊ ပြီးတော့လဲ ဖေဖေ စဉ်းစား ကြည့်ပါဖေဖေ၊ အဲ့ဒါတွေ ထင်ရှားရင် သားကတော့ လွတ်ပေမယ့် သားရဲ့ ပယောဂကြောင့် လူတစ်ယောက်ဟာ စက်တိုင်တက်ရလိမ့်မယ် ဖေဖေ၊ သူတို့ ပုလိပ်ဘက်နဲ့ တရားရုံးက သူတို့ဘာသာ စုံစမ်း ဖော်ထုတ်လို့ အဲဒီလူဟာ စက်တိုင်တက်ရရင် သားနဲ့ ဘာဆိုင်လဲ၊ အခုတော့ သားမှာ အမှုက လွတ်ပေမယ့် ထာဝရပယောဂကြီး စွဲပြီး တစ်သက်လုံး ခံစားသွားရမှာ ဖေဖေ၊ သားလေ ဒီဘဝရဲ့ အပြစ်ဒဏ်ကို လွတ်ပေမယ့် သံသရာအပြစ်ဒဏ်ကို တိမ်းရှောင်နိုင်မှာ မဟုတ်ပါဘူး ဖေဖေ "

မောင်ဝေလ၏ စကားကို ကြားရသောအခါ တရားသူကြီးသည် သူကိုယ်တိုင် သေဒဏ် စီရင်ချက်ကို ကြားလိုက်ရသလို ခေါင်း ငိုက်စိုက်ကျသွားသည်။

တရားဓမ္မနှင့် မွေ့လျော်သော ဦးမြတ်မင်းသည် မောင်ဝေလ၏ 'သံသရာ အပြစ်ဒဏ်' ဟူသော စကားတစ်ခွန်းကြောင့် မောင်ဝေလကို မြုပ်နေသော ကွင်းဆက်ကို ပြန်ဖော်ရန် မကြိုးစားတော့ပေ။

တရားသူကြီးအိုကြီးသည် လေးကန်သော ခြေလှမ်းများနှင့် သူ၏ခုံရုံးရာသို့ ပြန်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

မောင်ဝေလအတွက် လိုက်ပါလာသော ရှေ့နေဦးဖေဆန်းက ဦးမြတ်မင်းကို ကပျာကယာ လာတွေ့ပြီး ဦးမြတ်မင်း၏ ထိုင်ခုံသို့ လိုက်ပို့ပေးသည်။

. . . . . . . . . . . . . . . . . . . . . . . . .

မောင်ဝေလကို လူသတ်မှုနှင့် ဟံသာဝတီ စက်ရှင်ရုံးသို့ တရားစွဲတင်စဉ်က ရှေ့နေငှားသောကိစ္စနှင့် ပတ်သက်ပြီး ပြဿနာ တက်ရသေးသည်။ မောင်ဝေလ၏ ဖခင်ကြီး ဦးမြတ်မင်းသည် ဘီလပ်ပြန်ဝတ်လုံတော်ရတစ်ဦးကို မိဘတို့ချစ်ခြင်းမေတ္တာ ကြီးမားစွာနှင့် ငှားရမ်းပေးသည်။

သို့သော် မောင်ဝေလက ထိုဘီလပ်ပြန် ဝတ်လုံတော်ရကို ငှားရမ်းရန် လက်မခံပေ။ ပါဝါတွင် လက်မှတ်မထိုးပေး။

မောင်ဝေလက မိဘကျေးဇူး မဆပ်ဘူးသဖြင့် ထိုဝတ်လုံတော်ရ ငှားရမ်း၍ ကုန်ကျမည့်ငွေကိုပဲ ကျေးဇူး ဆပ်ပါရစေဟုဆိုပြီး ဖခင်ကြီး ငှားရမ်းလာသော ဝတ်လုံတော်ရကို ငြင်းဆန်လိုက်သည်။

ထိုအခါတွင် သေဒဏ်နှင့် တစ်သက်တစ်ကျွန်း ထောင်ကျခံရသော အမှုများတွင် အစိုးရက ငှားပေးသော ရှေ့နေကိုသာ မောင်ဝေလက မလွှဲသာ၍ လက်ခံလိုက်သည်။ အစိုးရငှားပေးသော ရှေ့နေကို လက်ခံသူများမှာ ဆင်းရဲသား မိသားစုများသာ ဖြစ်ပေသည်။

မောင်ဝေလအတွက် ကံကောင်းသည်လား၊ ကံဆိုးသည်လား မဆိုနိုင်ပေ။ အစိုးရက ငှားရမ်းပေးသော ရှေ့နေဦးဖေဆန်းမှာ ဘီလပ်





ပြန် ဝတ်လုံတော်ရတစ်ဦး မဟုတ်ပေ။ သာမန် အထက်တန်းရှေ့နေ တစ်ဦးမျှသာ ဖြစ်သည်။

သို့သော် ဦးဖေဆန်းသည် ရှေ့နေကောင်းတစ်ဦး ဖြစ်သည်။ ရှေ့နေလောကတွင် စံနှိုင်းပုံပြုအပ်သော ရှေ့နေမျိုးဖြစ်သည်။ ရှေ့နေ မျိုးဖြစ်သည်။ ရှေ့နေတို့၏ဩဝါဒမှာ ရှေ့နေတစ်ယောက်သည် သူတော်စင်ကဲ့သို့ ရိုးသားပြီး အသယထိုရ်မြင်းကောင်းကဲ့သို့ အလုပ်လုပ် ရမည်ဟူ၏။ ဦးဖေဆန်းသည် ထိုကဲ့သို့သော ရှေ့နေမျိုးဖြစ်သည်။

ဦးဖေဆန်းသည် ဘွဲ့ထူးဂုဏ်ထူးမရှိသော်လည်း ရှေ့နေ ပညာတွင် ကုံလုံပြည့်ဝသူဖြစ်သည်။ ရှေ့နေ ပညာရှင်ကြီးများက ဥပဒေဗဟုသုတသည် နေရောင် လရောင်ထက် တောက်ပပြီး ကျောက်သား ကျောက်ဆိုင်ထက် ခိုင်မြဲသည်ဟူသော စကားကဲ့သို့ပင် ဦးဖေဆန်းသည် ဥပဒေဗဟုသုတနှင့် ပြည့်စုံသူဖြစ်သည်။

မောင်ဝေလအမှုကို လက်ခံပြီးသည်နှင့် ဦးဖေဆန်းသည် အမှုတွဲကို သေချာစွာ စေ့ငအောင် လေ့လာသည်။

မောင်ဝေလသည် ဇကရီကို မျှော်နေစဉ်မှာပင် ရှေ့နေ ဦးဖေဆန်းသည် ဘားလမ်း အချုပ်တွင် မောင်ဝေလကို ထောင်ဝင်စာ လာတွေ့သည်။

ဦးဖေဆန်းသည် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ခန့်ညားသူ ဖြစ်သည်။ ရုပ်ရည်မှာ ချောမောမှုထက် ကျက်သရေရှိမှုက ပိုသာသည်။ ရှေ့နေပီပီ မြန်မာဆန်သော အဝတ်အစားများကို သပ်ရပ်သန့်ရှင်းစွာ ဝတ်ထားသည်။ တာဖက်တာ အပေါ်ဖုံးအင်္ကျီအနက်နှင့် အနီရင့် ရွှေတောင်ပုဆိုးနှင့် ရှူးဖိနပ်တို့ကို ရှေ့နေတို့၏ ဖက်ရှင်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဆင်ထားသည်။

ထို့ပြင် ရှေ့နေတို့၏ လက်နက်ကောင်း တစ်ခုဖြစ်သည့် အသံသြဇာလည်း ဦးဖေဆန်းတွင်ရှိသည်။ ဦးဖေဆန်းအသံက အောင်မြင်ပြီး ဆွဲဆောင်မှုရှိသည်ဟု မောင်ဝေလ ထင်သည်။

" ကိုဝေလ ခင်ဗျားရဲ့အကြောင်း ကျွန်တော့်ကို ပြောပြပါလားဗျ "

ဦးဖေဆန်းက မတိုးမကျယ်နှင့် ပြောလိုက်သည်။ ထိုအသံထဲတွင် မဖြစ်မနေပြောရန် တိုက်တွန်းမှုပါသည်။

သို့သော် မောင်ဝေလက စိတ်မရှည်သော အမူအရာမျိုးနှင့်

" အမှုတွဲထဲမှာ ဖတ်ကြည့်ပါလား ဦးမင်း "

ဦးဖေဆန်းက မောင်ဝေလကို ပြုံးရွှင်စွာကြည့်ပြီး စိတ်ရှည်စွာနှင့် . .

" အမှုတွဲဆိုတာ ဘိုင်စကုတ်နဲ့ တူတယ် ကိုဝေလရဲ့၊ တကယ့်အဖြစ်အပျက်ကို ရိုက်ကူးထားပေမယ့် လိုတဲ့အချက် အရေးကြီးတဲ့ ပြကွက်ကလေးတွေကိုသာ ပြထားတာ။ ပြီးတော့ ဘိုင်စကုတ်ဆိုတာ ရုပ်က ကွင်းကွင်းကွက်ကွက် ပြနိုင်ပေမယ့် ဇာတ်ကောင်ရဲ့အတွင်းစရိုက်လို့ခေါ်တဲ့ စိတ်ကို ထင်ရှားအောင် ပြဖို့ခက်တယ်။ အဲဒါကြောင့် ကျုပ် ကိုဝေလနဲ့ လာပြီး တွေ့ဆုံပြီး အမှုအကြောင်း မေးတာပါဗျ "

ရှေ့နေပီပီ ဦးဖေဆန်း စကားပြောကောင်းသဖြင့် မောင်ဝေလ ချက်ချင်း သဘောပေါက်သည်။ သို့သော် မောင်ဝေလက ရှေ့နေကို စောဒက တက်လိုက်ပြန်သည်။





" လူ့ရဲ့အတွင်းစိတ်ဟာ ရုံးတော်မှာ သက်သေခံ ဝင်တာမှ ဟုတ်ဘဲ ဦးမင်းရယ် "

" နာမ်ရဲ့ စေစားမှုတွေကို ရုပ်တရားအဖြစ် ထင်ရှားလာအောင် အကောင်အထည်ဖော်တာဟာ ရှေ့နေ ပညာပါပဲ ကိုဝေလ။ ကြောင့် ကိုဝေလရဲ့ရင်ထဲမှာ ရှိသမျှကို ဦးလေးကို ပြောပြပါလား "

" ကျွန်တော်ပြောချင်တာကတော့ ဒါပါပဲ ဦးရယ် "

မောင်ဝေလ၏စကားကို ကြားရသောအခါ ဦးဖေဆန်းသည် သြသွားပုံရလေသည်။ သို့သော် ဦးဖေဆန်းသည် လွယ်လွယ်နှင့် တ်ပျက်တတ်သူ ဖြစ်ပုံမရပေ။ သို့သော် ဦးဖေဆန်းသည် မောင်ဝေလ ဆန္ဒကို လိုက်လျောပုံမျိုးနှင့် ထိုင်ရာမှ ထလိုက်လေသည်။

" မောင်ဝေလက ဦးကို အမှုအကြောင်းနဲ့ ပတ်သက်ပြီး ာမှ ပြောချင်ပုံမရဘူး၊ မောင်ဝေလရဲ့ ဆန္ဒအတိုင်း ဦးပြန်ပါတော့မယ်၊ သမယ့် ဦးမကြာခင် မောင်ဝေလနဲ့ လာတွေ့ပါဦးမယ်၊ ဘာဖြစ်လို့ ဆိုတော့ ဦးဟာ မောင်ဝေလအတွက် အစိုးရက ငှားပေးတဲ့ ရှေ့နေ မယ့် မင်းတိုင်ကြေရှေ့နေ မဟုတ်ဘူးဘူးကွယ့်၊ မောင်ဝေလအမှုတွဲ သေသေချာချာသိပြီး မှန်မှန်ကန်ကန် ဆောင်ရွက်ပေးချင်တယ်၊ ပေမယ့် ဦးဒီကိုလာရတာ မလွယ်ပါဘူး၊ ဟိုမှာ ရုံးချိန်ဖျက်ပြီး ာခဲ့ရတာပါ၊ ကဲ . . ဦးသွားဦးမယ်နော် "

ဦးဖေဆန်းက ထိုသို့ပြောလိုက်သောအခါ မောင်ဝေလသည် ဖေဆန်းကို ပထမဆုံးအကြိမ် အားနာသွားမိလေသည်။

" ဦးမင်း ကျွန်တော့်ကိုလာတွေ့ပြီး အမှုအကြောင်းမေးတာ န်တော့်ကို အမှုကလွှတ်စေချင်တဲ့ ဆန္ဒကြောင့်လား၊ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com

စေတနာကြောင့်ဆိုရင် ဦးမင်းပြန်ပါတော့၊ ကျွန်တော်ကိုယ်တိုင် အပြစ်မှမလွတ်ချင်ဘဲ ''

"မောင်ဝေလ မှားသွားပြီ ဦးမင်းဟာ မောင်ဝေလထင်သ ကိုယ့်အမှုသည် လွတ်ရင် ပြီးရောဆိုတဲ့ ခပ်ညံ့ညံ့ရှေ့နေလို့ ထင် သလား၊ မောင်ဝေလက ရာဇဝတ်အုပ် ကိုသက်ညွန့်ကို တကယ်သ ခဲ့ရင် မောင်ဝေလ အပြစ်ကျသင့်တာပေါ့၊ တကယ် မသတ်ခဲ့ဘူးဆို တော့ မောင်ဝေလ အပြစ်မကျစေချင်ဘူး၊ ဦးမင်းဟာ လောလောဆ ဆယ်မှာ မောင်ဝေလရဲ့ ရှေ့နေပေမယ့် ကိုယ့်အမှုသည်ဘက်က ရပ်တည်မယ်ဆိုတဲ့ ရှေ့နေပေမယ့် ကိုယ့်အမှုသည်ဘက်ကပဲ ရပ်တ မယ်ဆိုတဲ့ စိတ်မျိုးရှိမနေဘူး၊ ဦးမင်းမှာ တရားလို၊ တရားခံမရှိဘူး ဦးမင်းမှာ မှန်ကန်တဲ့ တရားစီရင်ရေးပဲ ရှိတယ် ''

ဦးဖေဆန်း၏ အပြောမျိုးကို ရှေ့နေကို အားကိုးသေ သာမန်တရားခံတစ်ယောက်သာဆိုလျှင် ရှေ့နေကို သဘောကျ မဟုတ်ပေ။ သို့သော် မောင်ဝေလကမူ သဘောကျသွားသည်။ စင် အားဖြင့် မောင်ဝေလသည် ဦးဖေဆန်း၏ ရှေ့နေပရိယာယ်ထဲ တိုး အောင် ဦးဖေဆန်းက ဖန်တီးလိုက်ခြင်းသာဖြစ်သည်။ အခြားတရား တစ်ဦးသာဆိုလျှင်လည်း ဦးဖေဆန်းသည် ထိုစကားမျိုးပြောမ မဟုတ်ပေ။

မောင်ဝေလသည် ဦးဖေဆန်းကို အထင်ကြီးအားကိုးသေ စိတ်မျိုး ဝင်သွားသည်။

"ဦးမင်းခင်ဗျာ၊ ဦးမင်း သိချင်သမျှ ကျွန်တော် အကု ပြောပါ့မယ်၊ ဒါပေမယ့် ကျွန်တော့်ကို သေဒဏ်မကျအောင် ဆောင်ရွ





းနိုင်မယ်လို့ ကတိပေးနိုင်ပါမလား ''

မောင်ဝေလ၏ စကားကို ဦးဖေဆန်းသည် ချက်ချင်းပင် ပြန် အဖြေပေးလိုက်သည်။

"မောင်ဝေလမှားပြန်ပြီ၊ ဦးမင်းဟာ အမှုသည်အလောင်းအ း လုပ်တတ်တဲ့ ရှေ့နေမျိုးမဟုတ်ဘူး''

"ဒါဖြင့်ရင် ဦးမင်းက ကျွန်တော့်အတွက် ဘယ်လိုဆောင် က်ပေးနိုင်မှာလဲ''

" ဒါက မောင်ဝေလအပေါ်မှာ တည်ပါတယ်ကွယ်၊ ောင်ဝေလဟာ ရာဇဝတ်အုပ် ကိုသက်ညွန့်ကို သတ်သလား မသတ် ဘူးလား ''

" ကျွန်တော် မသတ်ဘူး ''

"ဒါဖြင့်ရင် မောင်ဝေလ လွတ်ရမှာပေါ့၊ မောင်ဝေလ မသတ် ဘူးမှန်ရင် ကိုသက်ညွန့်ကို ဘယ်သူသတ်သလဲ ''

" ဒါကတော့ ကျွန်တော်မသိဘူး ဦးမင်း ''

" မောင်ဝေလကို သက်သေတစ်ယောက် အနေနဲ့ အမှု ကြောင်း လုံးဝ သိလိုက်မယ်လို့ ဦးမင်း မယူဆပါဘူး၊ မောင်ဝေလ သမျှကို ဦးမင်းတို့ကို ကူညီပေါ့ ''

ရှေ့နေဦးဖေဆန်းသည် စကားကို ဖြတ်တောက်လိုက်ပြီး ောင်ဝေလကို အကဲခတ်နေသလို မျက်မှန်အတွင်းမှ မျက်လုံးကြီးကို ကြည့်လိုက်သည်။ မောင်ဝေလက ဦးဖေဆန်းစကား မဆုံးသေး ဖြင့်လော သူ့ထံ့တွင် စကားပြောစရာ တစ်စုံတစ်ရာ မရှိ၍လော သိ၊ ဘာမှ ပြန်မပြောဘဲ ဦးဖေဆန်းကိုသာ မော့ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'' အမှုတစ်ခုမှာ မျက်မြင်သက်သေရှိမှ အပြစ်ရတာမဟုတ်ပါဘူး၊ မျက်မြင်သက်သေမရှိဘဲ အပြစ်ရတဲ့အမှုတွေ အများကြီးပါ ပတ်ဝန်းကျင်သက်သေလို့ခေါ်တယ်၊ ကျိုးကြောင်းဆက်စပ်နေ ပတ်ဝန်းကျင် သက်သေပေါ့ကွယ်၊ မောင်ဖြူက မောင်မဲကို ဓားနဲ့ချောင်ပြီး ခုတ်သတ်တဲ့ အမှုမျိုးကို ဥပမာထားပြီး ပြောရရင် မောင်ဖြူ မောင်မဲကို ဓားခုတ်တဲ့ အချိန်ဟာ ညအချိန်တို့ လူသူမရှိတဲ့ နေရာ ရွေးချယ်မှာမို့ ဘယ်မှာ မျက်မြင်သက်သေရှိမလဲ၊ ဒါပေမယ့် လူသတ်မဖြစ်ခင် ဖဲဝိုင်းမှာ ရန်ဖြစ်တာ၊ မောင်ဖြူငှက်ကြီးတောင်ဓား သွေးတာ။ လူသတ်မှုဖြစ်ပြီး မောင်ဖြူ ထွက်ပြေးတာ။ ငှက်ကြီးတောင်ဓားကို မောင်ဖြူရဲ့အိမ်နောက်ဖေးက ရေတွင်းထဲက ရတာ၊ ဓားမှာ လူသွေးတွေ့တာတို့ကို ဆက်စပ်လိုက်ရင် မောင်ဖြူဟာ မောင်မဲကို သတ်တာ မျက်မြင်သက်သေ မရှိပေမယ့် အပြစ်ရနိုင်တာပဲ၊ မောင်ဝေလ အမှုမှာလဲ ဒီလိုပေါ့၊ မောင်ဝေလက ရာဇဝတ်အုပ် ကိုသက်ညွှန့်ကို သတ်သွားတဲ့ လူကို မမြင်ရပေမယ့် သူနဲ့ ဆက်စပ်နေတဲ့ ကိစ္စတစ်ခုကိုတော့ မောင်ဝေလ သိထားရမှာပေါ့၊ မောင်ဝေလ သိတာကလေးကို ဦးမင်းကို ပြောပြပါ ''

စင်စစ် မောင်ဝေလသည် သေသူ ကိုယ်သက်ညွှန့်၏ အလောင်းထဲတွင် သူ၏ချစ်သူ ဧကရီ၏ စာကလေးကို တွေ့သည်မှ လွဲပြီး ဘာမျှမသိပါ၊ ဘာမှုလည်း မတွေ့ပါ။

ဧကရီ၏စာနှင့် ပတ်သက်၍ မည်သူ့ကိုမျှ မပြောရန်ဆုံးဖြတ်ထားပြီးဖြစ်သည်။ သူသိမှာလည်း ကိုသက်ညွှန့်၏ အလောင်းထဲမှတွေ့သော ကိုသက်ညွှန့်ထံ ရေးသော ဧကရီ၏ စာအကြောင်းသာ





ဖြစ်သည်။ ထို့ကြောင့် မောင်ဝေလသည် အမှုနှင့်ပတ်သက်ပြီး ဘာမှမသိရှာပါ။ မောင်ဝေလက . . .

'' ကျွန်တော် ဘာမှမသိပါဘူး ဦးမင်းရယ် ''

ဦးဖေဆန်းသည် သူက ထိုမျှရှင်းလင်းပြလျက် မောင်ဝေလက 'ဘူး' ကွယ်လိုက်သဖြင့် စိတ်များပျက်သွားပါသည်။ သို့သော် ဦးဖေဆန်းသည် အားလျှော့သော အမူအရာမျိုး မပေါ်လွင်အောင် ဟန်ဆောင်နိုင်ပါသည်။

ဦးဖေဆန်းသည် မောင်ဝေလကို စိတ်ရှည် လက်ရှည်နှင့် ရှင်းပြပါသေးသည်။

'' ဒီလိုရှိတယ် မောင်ဝေလ၊ ပုလိပ်ဘက်ကလဲ မောင်ဝေလကို လူသတ်တရားခံအဖြစ် တရားစွဲတင်လိုက်ရပေမယ့်၊ မောင်ဝေလ သတ်တယ်လို့ မယုံကြည်ဘူး၊ မောင်ဝေလဟာ တစ်စုံတစ်ယောက်ကို အကာအကွယ် ပေးနေတယ်လို့ သူတို့ ထင်နေကြတယ်၊ သူတို့လဲ မောင်ဝေလကို လူသတ်တရားခံ လက်ညှိုးထိုးပြရပေမယ့် စိတ်မချမ်းသာကြပါဘူး၊ သူတို့ လူမှားပြီး တရားစွဲတာ မဟုတ်ဘူး၊ မောင်ဝေလကို တရားစွဲတင်မှ တရားခံအစစ် ပေါ်ပေါက်မယ်ထင်လို့ မောင်ဝေလကို တရားစွဲရတာပါ ''

ဦးဖေဆန်း၏ စကားကို ကြားရသောအခါ မောင်ဝေလသည် ကျွဲမြီးတိုသွားသည်။

'' ကျွန်တော် မသတ်မှန်းသိရင် သူတို့ တရားခံအစစ်ကို ရှာကြပေါ့၊ သူတို့က ဘာဖြစ်လို့ ကျွန်တော့်အသက်နဲ့ ရင်းပြီး အလောင်းအစား လုပ်ရတာလဲ ''

www.burmeseclassic.com

www.burmeseclassic.com



" တရားခံအစစ်ကိုရှာဖို့က မောင်ဝေလရဲ့ အကူအညီလိုတယ်။ မောင်ဝေလက တရားခံအစစ်ကိုရှာဖို့ ပထမဆုံး စရမယ့် 'စ'မှတ်နေရာဖြစ်တဲ့ မောင်ဝေလက အမှန်ကို မပြောတော့ သူတို့ တရားခံ အစစ်ကို ဘယ်လို ရှာမလဲ "

မောင်ဝေလ စိတ်ဆိုးမပြေသေးဟန်နှင့် အငေါ်တူး၍ ပြောလိုက်သည်။

" ဒါက သူတို့ ညံ့တာပဲ "

" ဒီလိုလဲ မပြောနဲ့လေ၊ ဘောလုံးအသင်း နှစ်သင်းကန်တဲ့ အခါမှာ တစ်ခါတစ်ခါကျရင် ဒိုင်လူကြီး ညစ်တာနဲ့ တော်တဲ့အသင်း ဟာ ရှုံးတတ်ပါတယ် မောင်ဝေလ "

ဦးဖေဆန်းသည် စကားပြော ကောင်းသူ ဖြစ်သည်။ စကားကြီး စကားကျယ်မပြောဘဲ ရိုးရိုး စကားများသာ ပြောသော်လည်း ထိမိပါသည်။

မောင်ဝေလက ပုလိပ်အဖွဲ့ကို သူထင်မြင်ယူဆခဲ့အမျှ ဦးဖေဆန်း၏ဒိုင်လူကြီး ဥပမာစကားကြောင့် သူအထင်လွဲခြင်းသာ ဖြစ်ကြောင်း ချက်ချင်းသဘောပေါက်သွားသည်။ ပုလိပ်အဖွဲ့သည် ညံ့၍မဟုတ်ဘဲ ဒိုင်လူကြီးဖြစ်သော မောင်ဝေလက ညစ်သူဖြစ်ကြောင်း မောင်ဝေလ သဘောပေါက်မိပါသည်။

ဦးဖေဆန်းက သူ၏ စကားကို ဆက်ပြန်သည်။

" ကလေးတွေ တူတူပုန်းတမ်း ကစားတာ မောင်ဝေလ တွေ့ဖူးမှာပေါ့၊ ရှာသူနဲ့ ပုန်းသူ ကလေးချင်း အသိဉာဏ်ချင်း ပြိုင်ကြတဲ့အခါမှည အသိဉာဏ်ကြွယ်တဲ့လူကြီးက ပုန်းတဲ့ကလေးကို ဂုက်ပေး





ထားရင် ရှာရတဲ့ကလေးဟာ ပင်ပန်းတတ်ပါတယ်။ ရှာသူနဲ့ ပုန်းသူကြားမှာ 'ဂုက်သူ'ပေါ်လာတော့ ရှာရတဲ့လူဟာ နှစ်ယောက်နဲ့ ပြိုင်ရသလိုပေါ့၊ ဒိုင်လူကြီးပါ ဝင်ကစားတဲ့ပွဲဟာ ပွဲကောင်း မဟုတ်နိုင်ပါဘူး မောင်ဝေလ "

ဦးဖေဆန်းသည် အကွက်ကျကျနှင့် မှန်သောစကားများကိုသာ ဆိုသည်။

ထိုနေ့က ဦးဖေဆန်းသည် မောင်ဝေလကို အရှုံးပေးသွားရသည်။ သို့သော် ဦးဖေဆန်းသည် ပရိယာယ်ကြွယ်ဝသော ရှေ့နေပီပီ သူရှုံးသည်ကို မောင်ဝေလ သိသွားလျှင် ရောင့်တက်သွားမည်စိုး၍ ရှုံးကြောင်းမပြော၊ ဝန်မခံ။

ဦးဖေဆန်းသည် အရှုံးပွဲကို သရေပွဲဖြစ်အောင် လုပ်သွားသည်။

" မောင်ဝေလ စဉ်းစားထားပါဦးလေ၊ အခုနေ အခါမှာ မောင်ဝေလဟာ ငယ်ပါသေးတယ်၊ လူငယ်ပီပီ သူ့ရဲကောင်းဆန်ဆန် အနစ်နာခံတာဟာ မြင့်မြတ်တယ်ဆိုတဲ့ လွဲမှားတဲ့ အယူအဆနဲ့ တရားမျှတမှုကို ပိတ်ဖုံး ကာဆီးနေပေမယ့် တစ်နေ့ကျရင် မောင်ဝေလ အမြင်မှန် ရလာမှာပါ၊ အဲဒီအခါကျရင် ဦးလေးကို အမှန်ကို ထုတ်ဖော်ပြောလိမ့်မယ်လို့ ယုံကြည်ပါတယ် "

ဦးဖေဆန်း၏ စကားထဲတွင် မောင်ဝေလကို မျှော်လင့်အားထားနေသေးကြောင်း ပေါ်လွင်ပါသည်။

သို့သော် မောင်ဝေလကမူ ယတိပြတ်ဆုံးဖြတ်လိုက်သည်။

သူသည် သေဒဏ်အကျခံခဲ့လျှင် မည်မျှ ကြီးလေးသော



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ်ကိုကိုပင်ရရ ကေရီနှင့်ပတ်သက်ပြီး တစ်ခွန်းတပါဒမျှ ထွက်ဆိုခြင်း မပြုတော့ဟု ဆုံးဖြတ်လိုက်သည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . .



## အခန်း (၉)

မောင်ဝေလကလေးအမှုကို ဟံသာဝတီ စက်ရှင်ရုံးတွင် စစ်ဆေးနေရာမှ စွဲချက်တင်သင့် စွဲချက်မတင်သင့် အဆင့်တွင် မောင်ဝေလ၏ရှေ့နေ ဦးဖေဆန်းသည် စီရင်ထုံးကို အကိုးအကား ပေါင်းများစွာနှင့် မောင်ဝေလကလေးဘက်မှ ခုခံကာကွယ်ခဲ့ပါသည်။ သို့သော် မောင်ဝေလကလေးတို့ အရေးနိမ့်ခဲ့ပါသည်။ မောင်ဝေလ ကလေးကို အိန္ဒိယ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂အရ စွဲချက်တင် သင့်ကြောင်း ရုံးတော်မှ ဆုံးဖြတ်လိုက်ပါသည်။

မောင်ဝေလကလေး၏ အမှုသည် အပြက်ပြက်နှင့် နှာခေါင်း သွေးထွက်နေပြီကို နားလည်လာရတော့သည်။

အမှုနှင့်ပတ်သက်ပြီး စွဲချက်မတင် ခံရခြင်းသည် အမှုတစ် ဝက်ရှုံးပြီဟု မယူဆနိုင်သော်လည်း အလား အလာ မကောင်းတော့ ပါ၊ အပြစ်ကျမည့် အရိပ်အရောင်များ ယှက်သန်းစပြုပြီး၊ အနှုတ်ယ



www.burmeseclassic.com

www.burmeseclassic.com



ကောင်၏ ခြေသံကို ကြားရစပြုပြီ။

မောင်ဝေလကလေးသည် မကြောက်ရွံ့ဘူးဟု ဆိုသည့်တိုင်အောင် တွေးတော ပူပန်စပြုပြီ။

ထိုအချိန်တွင် တာဝန်ကျေပွန်သော မောင်ဝေလလေး၏ ချစ်သူ ဧကရီသည် ရောက်လာပါသည်။ ဧကရီ တစ်ယောက်တည်း မဟုတ်ပါ။ ဧကရီဖခင် ရာဇဝင်လူလူဆိုးကြီး ဗိုလ်မဲထီးနှင့် ဝါးဘလောက်သောက်ရွာမှ ဗိုလ်တဲစောင့် ဦးဆစ်တိုဖြစ်သည်။

ဧကရီ၏ မျက်နှာကလေးမှာ ရွှင်လန်းနေသဖြင့် တစ်ခုခုတော့ ထူးခြား တိုးတက်မှုရှိပြီဟု မောင်ဝေလကလေး ထင်လိုက်သည်။

မောင်ဝေလကလေး ထင်သည့်အတိုင်းပင် တရားခံအစစ်သည် မောင်ဝေလကလေး၏ ရှေ့မှောက်သို့ ရောက်လာပြီဖြစ်သည်။

ဗိုလ်တဲစောင့်ဦးဆစ်တိုသည် ရာဇဝတ်အုပ် ကိုသက်ညွှန့်ကို သတ်သော တရားခံ အစဖြစ်နေသည်။

ဗိုလ်မဲထီးက ဦးဆစ်တိုကိုကြည့်ပြီး စကားပြောရန်အချက်ပြလိုက်သည်။

" ကဲ . . . သူငယ်ချင်း၊ ဒီက ငါ့တူကလေး စိတ်အေးရအောင် ပြောလိုက်ပါကွာ "

ဦးစစ်တိုသည် စကားပြောရန် တုံ့ဆိုင်းနေသည်။ ဘယ်ကစပြီး ပြောရမှန်း မသိ၍ စဉ်းစားသလို နှုတ်ဆွံ့နေသည်။ ဦးဆစ်တိုက ပြောပြသောအခါမှ အစီအစဉ် ကျနပြေပြစ်ပါသည်။

" ဒီလိုပါကွ၊ အခုကိစ္စမှာ ငါ့တူ မတရားခံနေရတယ်ဆိုတာ ဦးလေးသိပါတယ်၊ လုပ်တုန်းကတော့ ဒီလို မတရားခံရအောင် လုပ်တာ





ပဲ၊ ငါ့တူနဲ့တော့ မဆိုင်ပါဘူး၊ ငါ့တူက ခံစားခံရတာဆိုပါတော့ကွာ၊ ဒါပေမယ့် . . ဦးလေးတို့ မြန်မာလူမျိုးတွေမှာ ကိုယ့်အကျွက်နဲ့ သူများဒုက္ခရောက်မယ်ဆိုရင်တော့ လက်ပိုက် ကြည့်မနေနိုင်တော့လို့ ဆိုင်ရာကို ဖြောင့်ချက်ပေးဖို့ ဦးလေး ဒီကို ရောက်လာတာပါ "

" ဘယ်လိုဖြစ်တာလဲ ဦးလေးရယ် "

" ပြောရရင်တော့ ရှည်လိမ့်မယ်ကွ၊ အတိုတို ပြောရရင် ဦးလေးဟာ ရမည်းသင်း ဒီစကြိတ်ဘက်ကပါ၊ မင်းအဖေ ဦးမြတ်မင်းဟာ ရာဘက် တရားသူကြီးဘဝတုန်းက ဦးလေးကို မတရားထောင်ချခဲ့လို့ အဲဒီတုန်းက သွေးနုနုနဲ့ ဦးလေးရဲ့ဇနီး ဆုံးသွားလို့ ဦးလေးရဲ့ရင်ထဲမှာ တစ်သက်လုံး အငြိုးအပြေနိုင်သော ကလဲ့စားချေဖို့ အမြဲစဉ်းစားနေခဲ့တာပေါ့ကွာ "

" ဩော် . . ဦးလေးတို့ ဖေဖေဟာ မတရား ထောင်ချခဲ့တာကိုး "

" ဦးလေးကို ကိုသက်ညွှန့်က မမှတ်မိဘူးလား "

" မမှတ်မိပါဘူး၊ ဦးလေးရဲ့သမီး သေတုန်းက သူမသိလိုက်မသိဘာသာ ရှောင်နေတော့ ဦးလေးနဲ့ ဘယ်ဆုံမလဲ၊ ကိုသက်ညွှန့်ဟာ ဝါးဘလောက်သောက်ရွာကို မကြာခဏလာပြီးတော့ ဗိုလ်တဲမှာတဲရင်း ဦးလေးကို ဟောဒီက တူမကြီး မမွေးထုံ့ရဲ့ အကြောင်းကိုခံစမ်းတယ်၊ မမွေးထုံကို သူက အသေအလဲ သဘောကျနေတော့ မမွေးထုံကို နားဝင်အောင် ပြောပေးနိုင်မယ့် အောင်သွယ်တော်ကို လာရှာတာကိုး "

" ဒါနဲ့ ဦးလေးက ကျွန်တော့်ကို ဘယ်လိုသိတာလဲ "



www.burmeseclassic.com

www.burmeseclassic.com

" မင်းက မွန်နေလို့ ဦးလေးကို မသိဘဲ၊ ဝါးဘလောက်သောက်ရွာကို ချောင်းပေါက်အောင်လာနေတော့ ဦးလေးက မင်းကို သိတာပေါ့၊ ပြီးတော့ မင်းအကြောင်း စုံစမ်းတော့ မင်းဟာ ဦးလေးရဲ့ ရန်သူတော် ဟံသာဝတီ စက်ရှင်မင်းကြီး ဦးမြတ်မင်းသားမှန်းလဲသိရော တစ်ချက်ခုတ် နှစ်ချက်ပြတ် ကလဲ့စားချေဖို့ ဦးလေးစိမ်ကိန်းချတော့တာပဲ "

" ဘယ်လို စိမ်ကိန်းလဲ ခင်ဗျ "

" တူမ မမွေးထုံက မင်းနဲ့လဲ ရည်ငံနေတယ်၊ ကိုသက်ညွန့်ကလဲ မမွေးထုံကို တမ်းတမ်းစွဲဖြစ်နေတော့၊ မင်းတို့နှစ်ယောက်စလုံးကို မမွေးထုံနဲ့ ထောင်ချောက်ဆင်မယ်လို့ ဦးလေးစဉ်းစားတယ်၊ ကိုသက်ညွန့်ကို ဦးလေးသမီးသေခဲ့ရသလို သတ်ပစ်ပြီး မင်းကိုတော့ ဦးလေး မတရား ထောင်ချခံခဲ့ရသလို ကျစေချင်ရုံပါ၊ မင်းကိုတော့ ဦးလေးကသတ်ဖို့ မစဉ်းစားပါဘူး၊ ဦးလေးက မတရားမလုပ်ပါဘူး"

" ဟုတ်ကဲ့ . . . "

" ဒါနဲ့ ဦးလေးလဲ မမွေးထုံရဲ့ လက်ရေးသိအောင် ဦးလေးက မမွေးထုံကို ထူးမခြားနား သီချင်းတစ်ပုဒ် မဟာဂီတအထဲက ကူးခိုင်းတယ်၊ မမွေးထုံရဲ့ လက်ရေးလဲ ရရော ဦးလေးလဲ မမွေးထုံရဲ့ လက်ရေးကို လေ့ကျင့်တာပဲ၊ ဒါနဲ့ ကိုသက်ညွန့်ဆီစာတစ်စောင်၊ မင်းဆီကို စာတစ်စောင်ရေးပြီး ချိန်းတယ်၊ ကိုသက်ညွန့်ကို တစ်ရက်စောပြီး ချိန်း၊ မင်းကို နောက်တစ်နေ့ချိန်းပေါ့၊ ကိုသက်ညွန့်ကလဲ ချိန်းတဲ့အတိုင်း တစ်ရက် ကြိုရောက်လာတော့ အဲဒီညပဲ ဗိုလ်တဲပေါ်မှာ ကိုသက်ညွန့်အိပ်နေတုန်း ဦးလေးဓားနဲ့ ထိုးသတ်လိုက်တယ်။ နောက်





တစ်နေ့ မင်းကမ်းနားက တက်လာတာကို မြင်လိုက်တာနဲ့ ဦးလေး ဗိုလ်တဲကို ပြေးသွားတာပဲ၊ ဒါနဲ့ ဗိုလ်တဲမှာ အသင့်ရောက်နေတဲ့ သူကြီး ဦးလှမောင်နဲ့ ဒွာနာအုပ် ကိုသိန်းဒိုးလဲ ချက်ချင်းပဲ ရောက်လာတာပဲ "

ဦးဆစ်တိုသည် စကားရှည်ကြီးကို ပြောနေရသည်မှာ မောနေ န်နှင့် ခေတ္တရပ်နားလိုက်သည်။ မောင်ဝေလသည် ဦးဆစ်တို သူ့ကို ထောင်ချောက်ဆင်လိုက်မှန်း သိသွားသော်လည်း ငြူးစူပြစ်တင်ခြင်း လုံး၀မရှိဘဲ ငေးစိုက်ကြည့်နေသည်။

မောင်ဝေလ၏ ကြည့်ပုံမှာ မြားပစ်ခံရသော သမင်ကလေးက ဆိုးကြီးကို ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ မြားနဲ့ ပစ်ရတာလဲဗျာဟု က်လုံးနှင့် မေးနေသယောင်ဖြစ်သည်။

ထို့နောက် ဦးဆစ်တိုသည် သူ၏စကားကို ဆက်ပြန်သည်။

" အခု မင်းဒုက္ခရောက်နေပြီဆိုတာ ဦးလေး သိပြီးပါပြီကွာ၊ ကယ်တော့ မင်းနဲ့ မဆိုင်တဲ့ကိစ္စပါ၊ ဦးလေးက မင်းအဖေ သိုးကြီး သာ သင်ခန်းစာပေးချင်တာပါ၊ မင်းလို သိုးငယ်နဲ့ မဆိုင်မှန်း သိတော့ လေးလဲမနေနိုင် မထိုင်နိုင် စားမဝင် အိပ်မပျော်နဲ့ သိပ် စိတ်ဆင်းရဲ တယ်။ မင်းဟာ အချုပ်ခန်းထဲမှာ စိတ်ဆင်းရဲရသလို၊ ကောက်ကျစ် တ်မာတဲ့ ဦးလေးဟာ မီးပုံလေးပုံကြားမှာ နေရသလို လောင်ပြင်းပြ ခံစားရပါတယ်၊ ဟောဒီက ဗိုလ်မဲထီးရောက်လာပြီး စုံစမ်းရင်းက လေးလဲ မထူးတော့ဘူးဆိုပြီး သက်ဆိုင်ရာကို ဖြောင့်ချက်ပေးဖို့ ်လာတာပဲ "

" ဦးလေးကလဲဗျာ ဒုက္ခရှာလို့၊ ဝါးဘလောက်သောက်ဂါတ် ှာပဲ အဖမ်းခံလိုက်ရင် ပြီးတာပဲဟာ "



www.burmeseclassic.com

www.burmeseclassic.com

" ဝါးဘလောက်သောက် ဂါတ်တဲမှာတော့ အဖမ်းမခံချ ဘူးကွာ၊ ငါ့ကို မတရားအမှုဆင်ရကောင်းလားလို့ ထုထောင်းမှာလဲ ကြောက်ရ၊ သူတို့ပုလိပ်အရာရှိကို သတ်ရမလားဆိုပြီး ငိုင်းပြီး ညည ပန်းမှာလဲ ကြောက်လို့ ဟံသာဝတီစက်ရှင်မင်းကြီးရုံးကို ဆက်ပြီး ဖြောင့်ချက် ပေးပါ့မယ်ကွာ၊ မပူပါနဲ့ မနက်ဖြန်လောက်ဆိုရင် မင်း အချုပ် လွတ်ပါပြီ "

ထို့နောက် မောင်ဝေလကလေးသည် ဗိုလ်မဲထီး၊ ဧကရီတို့ နှင့် တိုင်ပင်ပြီး ပန်းဆိုးတန်းရှိ ဦးဖေဆန်း၏ ရှေ့နေရုံးခန်းသို့သွား ပြီး၊ ဦးဖေဆန်းနှင့်တိုင်ပင်ပြီး၊ ဦးဆစ်တိုကို ယနေ့ဟံသာဝတီ စက်ရှင် ရုံးသို့ခေါ်သွားပြီး ဖြောင့်ချက်ပေးရန် စီစဉ်ကြလေသည်။

ဗိုလ်မဲထီးနှင့် ဦးဆစ်တိုတို့ ထွက်ခွာသွားကြသောအခါ ဧကရီသည် နောက်ချန်၍နေခဲ့သည်။ ဧကရီက အချုပ်သံတိုင်အနီးသို့ ပြေးကပ်လာပြီး . . .

" ကဲ . . မောင်၊ ဘာမှမပူနဲ့တော့၊ မောင် မနက်ဖြန်ဆိုရင် လွတ်မှာပါ "

" ကျေးဇူးပဲ ဧကရီ "

" မောင်ရယ် ကိုယ့်ချစ်သူကို ကျေးဇူးတင်တယ်ဆိုတာ သူစိမ်းဆန်ပါတယ်ကွယ်၊ ဒီလိုကျေးဇူးတင်စတမ်းဆိုရင် မောင်လဲ ဧကရီအတွက် ဘဝနဲ့ရင်းပြီး စွန့်စားခဲ့ရတာပဲ မဟုတ်လား "

" အို .. ဧကရီမှ ကိုသက်ညွှန့်ကို မသတ်ဘဲ၊ မောင်စွန့်စား ရတာ အရေးမရောက် အရာမထင်ပါဘူးကွယ် "

" မောင်ရယ် ဒီလိုပြောလို့ ဘယ်ရမလဲ၊ ကိုသက်ညွှန့်ဆီ





ဦးဆစ်တိုရေးတဲ့စာနဲ့ မောင့်ဆီကို ဦးဆစ်တိုရေးတဲ့စာတွေကို ဌာနာအုပ် ကိုသိန်းဒိုး တွေ့သွားရင် မြားဦးက ဘယ်သူ့ဆီ လှည့်လာမလဲမောင်၊ ဒါတွေတွေးမိရင် ကြက်သီးထစရာကြီးပါ မောင်၊ မောင်က ဧကရီရဲ့ ရှေ့က ဒိုင်းလိုကာ လိုက်တာ ဧကရီ သဘောပေါက်ပါတယ် "

" မောင်က ဧကရီကို ဒိုင်းလို မကာကွယ်ချင်ပါဘူး "

" ဘယ်လို လုပ်ချင်လို့လဲ "

" အမြဲတမ်း ထွေးပိုက်ထားချင်ပါတယ်ကွယ် "

" ဟင်း . . မကဲနဲ့တော်၊ အချုပ်ထဲမှာ ဆက်ပြီးထားလိုက်မှ ဟုတ်ပေ့ ဖြစ်နေဦးမယ် "

" ဧကရီ ဘုရင်မကြီးရဲ့ အမိန့်အတိုင်းပါပဲ ခင်ဗျာ "

. . . . . . . . . . . . . . . . . . . . . . . . . . . .

ထိုနေ့ ညနေပိုင်းမှာပင် ဧကရီ မျက်နှာသိုးငယ်စွာနှင့် ဘားလမ်း အချုပ်ခန်းသို့ ပြန်ရောက်လာသည်။ နံနက်ပိုင်းက တက်ကြွ သန်းဆန်းနေသလောက် ညနေပိုင်းတွင် မီးပြင်တိုက်ခံရသလို န်းကလေးကို သိုးငယ်နေသည်။

ထို့ပြင် ဧကရီ့အသံသည် ထိတ်လန့်ချောက်ချားသော အမူအရာများကိုပါ မောင်ဝေလကလေး တွေ့ရသည်။ ဧကရီ၏ ခန္ဓာ ကိုယ်ကလေးသည် တုန်တုန်ယင်ယင် ဖြစ်နေသည်။ ဧကရီ့မျက်နှာ ကောင်းသဖြင့် မောင်ဝေလကလေး ရင်ထဲ၌ ထိတ်သွားသည်။

ဧကရီသည် မောင်ဝေကလေးကို တွေ့သည်နှင့် ချုံးပွဲချ


www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးတော့သည်။ လုံးဝရှုံးနိမ့်သွားခြင်း၏ အမှတ်လက္ခဏာမှန်း မောင်ဝေလကလေး နားလည်လိုက်သည်။ အငိုတိတ်သောအခါ ဧကရီသည် သတင်းဆိုးကြီးတစ်ခုကို သယ်ဆောင်လာသည်။

"သွားပြီ မောင်ရေ၊ သွားပြီး ခဲလေသမျှ သဲရေကျရပြီ"

ဧကရီက ရှိုက်သံများစွက်ပြီး ညည်းညူလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ဧကရီရယ်၊ မထိတ်သာ မလန့်သာ ရှိလိုက်တာ"

"ပန်းဆိုးတန်းကနေ ပုလိပ်ရုံးကြီးကိုအသွား၊ ကုန်သည်လမ်းပေါ်လဲရောက်ရော ဦးဆစ်တိုကို မောင်တော်ကားတစ်စီးက ဝင်တိုက်တာ ပွဲချင်းပြီးပဲမောင်ရယ်၊ ရှေ့နေ ဦးဖေဆန်းကလဲ သေတမ်းစစ်ချက်ရဖို့ ကြိုးစားပေမယ့် နေရာတင်မှာပဲ ဆုံးသွားရှာတယ်"

ဧကရီ ဖြန့်ချီသော သတင်းဆိုးကို ကြားရသောအခါ မောင်ဝေလကလေးသည် ခန္ဓာကိုယ်ထဲ၌ အရိုးဟူ၍ မရှိအောင် ပျော့ခွေကျသွားသည်။

မိမိရှေ့၌ ရွှေတောင်ကြီး ပြိုလဲသွားသည်ကို မြင်လိုက်ရသလို ဖြစ်သွားသည်။ နံနက်ခင်းက ပြက်ခနဲ မြင်တွေ့လိုက်ရသော မျှော်လင့်ချက် ရောင်ခြည်သည် မှောင်ကြီးကျပြီးသွားသည်။ အလွန်လှပသော ရောင်စုံ ပန်းချီကားကလေးကို ဆေးမည်းနှင့်သုတ်ပြီး ပိတ်ဖုံးခြင်း ခံလိုက်ရသလို ဖြစ်သွားသည်။

မောင်ဝေလသည် ရင်ထဲ၌ အသွေးအသား နှလုံးသားများကို ထုတ်ယူသလို ခံစားသွားရသည်။ အားအင်ဟူသမျှ ကုန်ခန်းသွားသည်။





ဧကရီ မိမိရှေ့တွင် တွေ့ခဲ့ရသော အနိဋ္ဌာရုံ မြင်ကွင်းကြောင့် စိတ်လန့် တုန်လှုပ်နေဟန်ရှိသည်။

"ကဲ . . စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ ဧကရီရယ်၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့"

မောင်ဝေလကလေး ယောကျ်ားပီပီ စိတ်ကိုတင်းပြီး တ်မချမ်းမြေ့ဖြစ်နေသော ဧကရီကို နှစ်သိမ့်လိုက်သည်။

မိမိက ပူဆွေးဝမ်းနည်းမှု ပြနေပါက ချစ်သူမှာ ပို၍ ခံစားရည်ဖြစ်၍ မောင်ဝေလကလေးသည် ဘာမှ စိတ်လှုပ်ရှားမှု မရှိသလို န်ဆောင်လိုက်သည်။ ယုန်သူငယ်ကို တုန်လှုပ်နေသော်လည်း သို့အသည်းငှားပြီး နိရဲပြနေသည်။

"ဧကရီဘာမှ မဖြစ်တာပဲ ကံကြမ္မာကို ကျေးဇူးတင်ပါတယ် ယ်"

ဧကရီက မောင်ဝေလကလေးကို မော့ကြည့်လိုက်ပြီး ကြင်နာနှင့် . . .

"တကယ်ပြောတာပါ မောင်ရယ်၊ မောင် အချုပ်လွတ်အောင် ဆစ်တို သေမယ့်အစား ဧကရီ့ကို အစားထိုးပြီး သေလိုက်ချင်ပါယ်၊ အပိုပြောတာ မဟုတ်ပါဘူး မောင်ရယ်"

"ယုံပါတယ် အချစ်ရယ်၊ ကောင်းတဲ့ဘက်က လှည့်ပြီး ားရင် ဦးဆစ်တို သေသွားတာတောင် မောင်က ဝမ်းသာပါသေး ည်"

ဧကရီက မောင်ဝေလကလေးကို အံ့သြသလိုလှမ်းကြည့်ပြီး လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့လဲ မောင်ရယ် "

" ဦးဆစ်တို့ အစစ်ခံရမယ်၊ ဒီအမှုထဲမှာ ကေရီ့နာမည်ပါလာ
မယ်၊ ကေရီရဲ့ နာမည်ပါလာရင် မှုခင်းသတင်းထောက်တွေက
တစ်ဆိတ်ကိုတစ်အိတ်လုပ်ပြီး သတင်းစာမှာ ရေးကြဦးမယ်၊ ကေ
အရှက်ရစရာ ဖြစ်ဦးမယ်၊ လူထုက ကေရီ့ကို ယုံထင်ကြောင်ထ
ဖြစ်ဦးမယ် "

" ဪ . . မောင်ရယ်၊ ကေရီ့အတွက်ပဲ တွေးနေတယ်
ဦးဆစ်တို့သေသွားတော့ မောင်ရဲ့ လွတ်မြောက်ရေး လမ်းက ဆုံးပြီ
မောင်ရယ် "

" ကံတရားရဲ့ နိမိတ်လက္ခဏာကို မောင်မြင်ရပါပြီ ကေ
ဒီအမှုနဲ့ ပတ်သက်ပြီး မောင်တစ်ခုခုဖြစ်မှ ကံကြမ္မာက အားရနှစ်သ
မှာပါ၊ လူသတ်တရားခံက ဝန်ခံလာလျက်သားနဲ့တောင် မလွတ်အော
ဖြစ်ရတဲ့ မောင့်အမှုဟာ အတိတ်က အရိပ်တစ်ခုပါကွယ်၊ ပစ္စုပ္
ပြဿနာဆိုရင် ဒီလောက်အထိ လှည့်စားခံရတာ မဟုတ်ပါဘူး "

" မျက်လှည့်ပြနေသလိုပါပဲ မောင်ရယ် "

" ဟုတ်ပါတယ် ကေရီ၊ ကံကြမ္မာဟာ မျက်ရည်မ
မျက်လှည့်ပွဲမျိုးတွေ ဖန်တီးတတ်ပါတယ် "

" မောင်ရယ် ဘာလုပ်ကြမလဲ၊ မျှော်လင့်ချက် ရောင်ခြည်
တွေ ကုန်ဆုံးသွားပြီလား "

" ရုန်းကန်လို့မှမရဘဲ ကုန်ဆုံးကြရုံ ရှိတာပေါ့ . . ကေ

" မောင်ရယ် . . ဒီလိုနဲ့ပဲ အလံဖြူ တင်တော့မှာလား

" လက်မြှောက်ပြီး အရှုံးပေးရုံတင် မဟုတ်ဘူး၊ ခြေထော





ပါမြှောက်ပြီး အရှုံးပေးလိုက်ပါပြီ၊ ကဲ . . . ကေရီ မောင့်အမှုအတွက်
နဲ့ ပင်ပန်းလှပါပြီ၊ နားပါတော့၊ မောင်တစ်ယောက်တည်း ကံဆိုးပါ
စေ၊ ကေရီကိုပါ အဆစ်မပါပါစေနဲ့ "

" ဒီလိုလုပ်ရင် မကောင်းဘူးလား မောင်၊ အခုလို ဖြစ်ရတဲ့
ကိစ္စကို ရုံးတက်ပြီး ကေရီအစစ်ခံချက်ပေးရင် မကောင်းဘူးလား "

" တော်ပါတော့ ကေရီ၊ ရုံးတော်က ယုံမှာတဲ့လား၊ ဥပဒေ
အရကော အကျုံးဝင်မှာတဲ့လား၊ မောင့်ကိုချစ်ရင် မောင့်စကားနား
ထောင်ပါ . . ကေရီ၊ မောင့်ရဲ့ ရည်မှန်းချက်ကိုပျက်အောင်တော့
လုပ်ပါနဲ့ ကေရီ၊ မောင်အနစ်နာ ခံခဲ့တာတွေ သေးသိမ်အောင်
အဓိပ္ပာယ်မရှိ လျှောက်လုပ်ရင်း ကေရီကို မောင် တစ်သက်လုံး ခွင့်လွှတ်
နိုင်မှာ မဟုတ်ဘူး "

" ဪ . . မောင်ရယ် . . . "

" ကဲ . . သွားတော့ ကေရီ၊ ကံဆိုးတဲ့မောင်ရှင်နဲ့ ကြမ်း
ပြင်တည်း မထိုင်နဲ့၊ အမိုးတစ်ခုအောက်လဲ မနေနဲ့၊ ဂြိုဟ်ဆိုးက
နဲ့ခံလိုက်လာလိမ့်မယ် "

" အို . . မောင်ရယ်၊ ဟယ်လောကခံ သင် ဘယ်လို
မိုးခြောက် ငါ ဒူးမထောက်၊ လောကခံကြုံမဖြုံစတမ်း လက်တွဲလို့
ခံမှာပေါ့၊ အားမငယ်နဲ့ကွယ် "

. . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မောင်ဝေလကလေးကို ဟံသာဝတီ စက်ရှင်ရုံးမှ တစ်သက်တစ်ကျွန်းဒဏ် စီရင်ချက် ချလိုက်သည်။ သေဒဏ်ကြီးဒဏ်မချသဖြင့် မောင်ဝေလကလေးသည် တရားသူကြီးကို ကျေးဇူးတင်မိသေးသည်။

ထိုနေ့က တကယ်ခံစားရသော မောင်ဝေလကလေးက တုန်လှုပ်မှုမရှိခဲ့ပေ။

ကေရီကမူ အရုပ်ကြိုးပြတ် ပုံလျက်လဲကျသွားသည်။

ဖခင်ကြီး ဦးမြတ်မင်းသည် အိုကြီးအိုမနှင့် မျက်ရည်ကျရသည်။ ဖခင်ကြီး ဦးမြတ်မင်းသည်သည် တရားစီရင်ရေးချွတ်ချော် တိမ်းပါးသွားပြီဟူသော အဓိပ္ပာယ်နှင့် လွဲပြီ လွဲပြီ အကြီးအကျယ်လွဲပြီဟု မြည်တမ်းလေသည်။





မောင်ဝေလကကလေးဆီသို့ လျှောက်လာပြီး ပထမဆုံး အားပေးသူမှာ ရာဇဝင်လူဆိုးကြီး မိုလ်မဲထီးပင်ဖြစ်သည်။

"ငါ့တူရေ ကံကြမ္မာလို့သာ အောက်မေ့ပေတော့၊ ဦးလေးလူလဲ သတ်ဖူးတယ်၊ ဓားပြလဲ တိုက်ဖူးတယ်၊ အနုကြမ်းလဲ စီးဖူးတယ်၊ နွားလဲခိုးဖူးတယ်၊ ဒါပေမယ့် ငါ့တူလောက် ပြင်းထန်တဲ့ အပြစ်ဒဏ်မျိုး မခံရဘူး၊ ပြစ်မှုလုံးဝမကျူးလွန်တဲ့ လူက အကြီးမားဆုံး အပြစ်ဒဏ်ခံရတယ်"

မှန်သောစကားကို ဆိုရလျှင် ဦးဆစ်တို ကားတိုက်ခံရသော နေ့ကလောက် မောင်ဝေလလေး တုန်လှုပ်မှု မရှိပါ။ သေဒဏ်မခံရသဖြင့် ဝမ်းမသာမိသော်လည်း တော်သေးတာပေါ့ဟု ထင်လိုက်သည်။

ကေရီ၏ မိခင် ဒေါ်ဖြူနုသည် ကေရီကို အတန်ကြာအောင် ပြုစုရလေသည်။

ကေရီနှင့် သဘောမတူပါဟုဆိုသော ဖခင်ကြီး ဦးမြတ်မင်းနှင့် ကေရီ၏အဖြစ်ကိုကြည့်ပြီး ကရုဏာ သက်နေသည်။ ဦးမြတ်မင်းသည် ရှေ့နေ ဦးဖေဆန်းကို ကေရီအတွက် ဆရာဝန်ခေါ်ပေးဖို့ အကူညီအီတောင်းသည်ကို မောင်ဝေလလေး နားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။

မောင်ဝေလကလေးကို ပုလိပ်အမှုထမ်းများ ဆွဲခေါ်သွားမည်ဖြစ်သောအခါ အားပြတ်ပြီး လဲနေရာမှ လူးလဲထရာသည်။

ကေရီသည် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသော်လည်း အားတင်းပြီး စကားကိုပြောရာသည်။

"မောင်ရေ . . မောင့်ကို အပြစ်ဒဏ်ချလို့ ရပေမယ့် ကေရီ

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ အချစ်ကို ဘယ်လိုအပြစ်ဒဏ်မျိုး၊ ဘယ်လိုအရာမျိုးကမှ တားဆီးလို့ မရပါဘူး မောင်၊ ဘာမှ အားမငယ်ပါနဲ့ မောင်၊ မောင် အသက် ၅၀ကျရင် မြန်မာပြည် ပြန်လာမှာပါ၊ ကေရီ မောင့်ကို စောင့်နေပါ့မယ်၊ တချို့က ရွှေခေတ်ကို တည်ဆောက်သလို အငြိမ့်သမ ကေရီကလဲ သစ္စာခေတ်ကို တည်ထောင်ပြီး စောင့်နေပါ့မယ် ''

'' မောင်တစ်ယောက်တည်း ဘဝကို အစတေးခံပါရစေတော့ ကေရီ၊ ကေရီ အဆစ်မပါပါစေနဲ့၊ ကေရီ မောင့်ကို စောင့်မနေပါနဲ့ ''

'' မောင်ရယ် ခွဲခွာရတော့မယ့်အချိန်မှာ ကွဲကွာရမယ့်စကားတွေ ဘာဖြစ်လို့ ပြောနေရတာလဲ၊ ကေရီရဲ့အချစ်က ဘယ်တော့မှ နေမဝင်ပါဘူး ''

'' မောင်အချစ်ကလဲ ဆံဖြူပါးရေနားရေ တွန့်တဲ့အထိ အိုမင်းသည်အထိ ချစ်မယ့်အချစ်ပါ ကေရီ ''

'' ဘုရားသွား ကျောင်းတက်တော့လဲ တောင်ဓုေးအတူတူ ထူကြတာပေါ့ . . မောင့်မေတ္တာ နန်းစဉ် သရဖူကို ကေရီအမြဲ ဆောင်းထားပါ့မယ် ''

မောင်ဝေလကလေးက ကေရီကို အချစ်ဘုရင်မကြီးအဖြစ် တုန့်နှိုင်းစံပြုလိုက်ပါသည်။

ပုလိပ်များက မောင်ဝေလကို အချုပ်ထောင်ကားရှိရာသို့ ဆွဲခေါ်သွားကြသည်။ ကေရီသည် လဲကျ၍ ကျန်ရစ်ခဲ့သည်။

ယခုတစ်ကြိမ်တွင်မူ မောင်ဝေလသည် မဟာသုဘဒ္ဒါသခင်မကြီးလို ပြန်ကြည့်ကာ လှည့်ကြည့်ကာနှင့် လိုက်ပါသွားရသည်၊ ခန္ဓာကိုယ်က ရှေ့သို့ သွားနေသော်လည်း မျက်နှာက ကေရီ့ဆီမှာ





မျက်လုံးက ကေရီ့ဆီမှာ၊ အတွေးက ကေရီ့ဆီမှာ၊ နှလုံးသားက ကေရီဆီမှာ ကျန်ရစ်ခဲ့သည်။

ကြင်နာမှုကင်းမဲ့သော လက်ထပ်သံကြိုးသည် တင်းနေသည်။ မောင်ဝေလကလေးကလည်း နောက်ဆံတင်းနေသည်။

မောင်ဝေလကလေး၏ သံယောဇဉ်ကြိုးတို့သည် လက်ထိပ်ကဲ့သို့လည်း ခိုင်ခံ့နေသည်။

လှိုင်မီးစာ မအေးနိုင်သဖြင့် မင်းဘီးငယ်ကွာနေရ ရှိသော ကေရီသည် တရားရုံးခန်းထဲတွင် ကျန်ရစ်ခဲ့သည်။

မောင်ဝေလကလေး၏ ကြေကွဲဖွယ်ရာ ဆိုရမည်ထက် ကျေနပ်စရာ လုံးဝမကောင်းသော ဇာတ်လမ်းသည် နိဂုံးကမ္ပတ် အဆုံးသတ်သွားသည်။

ကိုဝေလကြီးသည် အက်ဒမန် ကျွန်းသို့သွားရန် သင်္ဘောဆိပ်သို့ဆင်းသောနေ့က ကေရီကို မတွေ့ရသဖြင့် မေးလိုက်သည်။

'' ချစ်လှချည်ရဲ့ဆိုတဲ့ မင်းကေရီက မင်းကို သင်္ဘောဆိပ်ဆင်းပြီး မပို့ပါလားကွ ''

'' ဘယ်ပို့နိုင်မလဲ အစ်ကိုကြီးရယ်၊ ရန်ကုန်ဆေးရုံကြီးမှာ ကေရီကို တင်ထားရတယ်၊ ရောဂါထဲမှာ နှလုံးကွဲတဲ့ရောဂါက အဆိုးဆုံးပါ အစ်ကိုကြီးရာ ''

'' ဪ . . ဆေးရုံကိုတောင် တင်ထားရသကိုး၊ သနားစရာ ကောင်းလိုက်တာကွာ ''

'' အမှတ်သညာကြီးတဲ့လူဟာ သောကကို လွယ်လွယ်နဲ့ ဖာစားလို့မရဘူး၊ ကေရီဟာ မဟာ အချစ်ဘုရင်မကြီး၊ အချစ်ကြီး


www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အမှတ်သညာကြီးတယ် ”

“ ဒါဖြင့် မောင်ဝေလနဲ့ ကေရီဘုရင်မကြီးပေါ့ ဟုတ်လား ”

“ မောင်ဝေလ မဟုတ်ဘူး၊ ကျွန်တော်က တရားခံဆိုတော့ ငဝေလ၊ တိုင်းပြည်နဲ့ လူမျိုး သူများလက်အောက် ကျွန်သဘောက် ဖြစ်ရတာ မကောင်းပါဘူး အစ်ကိုကြီးရာ၊ တရားခံအဖြစ်နဲ့ လူရဲ့ ရှေ့က ‘ င ’ ဆိုတဲ့ စာလုံးက အလိုလို ရောက်လာတယ်နော်၊ လူလူချင်း ချိုးနှိမ်တာ အစ်ကိုကြီးရ၊ အဲဒီတော့ ကျွန်တော်ငဝေလ၊ ငဝေလနဲ့ ကေရီ ဘုရင်မကြီးပေါ့ ”

“ ဟော့ ဒီလိုဆိုတော့ တို့အမှုတွဲနဲ့ နာမည်တူသွားပြီ၊ တို့ အမှုတွဲမှာလဲ ငဝေလရဲ့ ကေရီဘုရင်မကြီး မဟုတ်လား . . ”

“ ကျွန်တော်တို့ အမှုတွဲက ပြီးသွားပါပြီ အစ်ကိုကြီးရာ၊ ကေရီနဲ့ ကျွန်တော့်အမှုတွဲကတော့ ဆက်ရဦးမှာပါ၊ အသက် ငါးဆယ် အထိနေရအောင် ကြံဖန် အသက်မွေးရဦးမှာပါ ”

“ မပူပါနဲ့ကွာ၊ မင်းသေသွားရင်လဲ ငဝေလနဲ့ ကေရီ ဘုရင်မကြီးရဲ့ အမှုတွဲကို ငါ တစ်ဦးတည်းသော သက်သေအဖြစ် စကြာဝဠာတံတိုင်းပတ်ပြီး ကြေညာပေးပါ့မယ် ”

. . . . . . . . . . . . . . . . . . . . . . . . .



## ကိုဝေလကြီး အမှုတွဲ

လမ်းဆုံသစ်ရိပ်
ရေဆိပ်အလား
တဲတားသဖွယ်
ဈေးလယ်မဏ္ဍပ် . . .

(မဃဒေဝ)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့ စီးနင်းမည့် သင်္ဘောသည် ပင်လယ်ပြင်အတွင်းသို့ ရောက်ခဲ့ကြလေပြီ။ ရာသီဥတု သာယာသောအခိုက်တွင် မြန်မာပိုင် ကိုကိုကြီးကျွန်းနှင့် ကိုကိုလေးကျွန်းတို့ကိုပင် မှုန်ပျပျ လှမ်းမြင်ရလေပြီ။

သင်္ဘောပေါ်တွင်ဆုံတွေ့ရင်း နာမည်လည်းတူ အမှုလည်းတူနေသော ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့သည် ခင်မင်ရင်းနှီးခဲ့ကြပြီဖြစ်သည်။

ယမန်နေ့က မောင်ဝေလကလေးသည် သူ၏အဖြစ်အပျက်များကို ပြောဆိုခဲ့ရင်း အချိန်ကုန်သွားသည်။

ယနေ့နံနက် ထမင်း စားသောက်ပြီးသောအခါ မောင်ဝေလကလေးသည် ကိုဝေလကြီးနှင့် သင်္ဘောကုန်းပတ်တွင် ထိုင်ရင်း





ကိုဝေလကြီး၏ အဖြစ်အပျက်ကို မေးမြန်းမည်ဟု စိတ်ကူးမိသည်။

ထောင်သားတို့သဘာဝမှာ တစ်ယောက်၏အကြောင်းကို တစ်ယောက်က မေးမြန်းရင်း ရသေ့ စိတ်ဖြေလုပ်နေရသည် မဟုတ်ပါလော။ ထိုသို့ တစ်ယောက်အကြောင်းကို တစ်ယောက်ပြောကြားရင်း အချိန်ကုန်အောင် လုပ်နေရသည်။

ထောင်ကျ အကျဉ်းသမားဟူသည်မှာ လောကတွင် လူပိုတစ်ယောက်လို ဖြစ်သွားပေပြီ။ ထောင်ကျနေသော ကာလအတွင်း အလွန်ပင် ဉာဏ်ရှိသူ လူအနည်းငယ်သာလျှင် မိမိ၏ ကြီးပွားချမ်းသာရေးအတွက် စာပေဗဟုသုတ စုဆောင်းခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို တတ်မြောက်အောင် သင်ကြားခြင်းစသည်ဖြင့် အချိန်ကိုတန်ဖိုးရှိအောင် အသုံးချတတ်လေသည်။

" အစ်ကိုကြီး "

မောင်ဝေလ၏ ခေါ်သံကြောင့် ကိုဝေလကြီးသည် မောင်ဝေလကို သတိပြုမိဟန်နှင့် လှမ်းကြည့်လိုက်သည်။ မျက်နှာတွင် ပြုံးရွှင်ရယ်မောခြင်းမရှိ။ မောင်ဝေလ၏ လာခြင်းကို ကြိုဆိုလက်ခံသော အမူအရာမျိုး အလျှင်းမရှိပေ။

မောင်ဝေလက . . .

" အစ်ကိုကြီး ဘာလုပ်နေတာလဲ "

ကိုဝေလကြီးသည် မောင်ဝေလ၏အမေးကို တော်တော်နှင့် မဖြေသေးဘဲ အတန်ကြာမှ ကိုဝေလကြီး၏ မျက်နှာသည် ပြုံးယောင်သန်းလာပြီး မောင်ဝေလဘက် လှည့်လာသည်။

" ငါကို ထောင်ကျ အကျဉ်းသားဆိုတာ အချိန်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ်ကြီးက တို့ရဲ့ကုပ်ပိုးကို ခွစီးထားတယ်ကွ၊ အဲဒီတော့ ငါက အချိန်ကို သတ်ပစ်နေတာ ''

ကိုဝေလကြီး၏ ထူးဆန်းသော စကားကြောင့် မောင်ဝေလက အံ့ဩသွားပြီး ကိုဝေလကြီးကို စူးစမ်းလိုက်သည်။

" အချိန်ကို ဘယ်လိုသတ်တာလဲ အစ်ကိုကြီးရ "

" အဆုံးအစ မရှိတဲ့ ပင်လယ်ပြင်ကို အဓိပ္ပာယ်မရှိ ငေးမောနေတာပေါ့ကွာ၊ အချိန်ဖြုန်းနေတာပေါ့၊ ငါတို့ အက်ဒမန်ကျွန်းရောက်ရင်လဲ ဒီလိုပဲ အချိန်ကို သတ်တဲ့အလုပ်ကို လေ့ကျင့်ပြီး အချိန်ကို သတ်ပစ်ရမယ်ကွ "

ကိုဝေလကြီး၏ စကားအဓိပ္ပာယ်ကို မောင်ဝေလလေးသည် ဉာဏ်မမီဖြစ်နေရပြန်သဖြင့် . . .

" အဆုံးအစမရှိတဲ့ ပင်လယ်ပြင်ကြီးကို အဓိပ္ပာယ်မရှိ ငေးမောနေတာနဲ့ အချိန်ကို သတ်လို့ရသလား အစ်ကိုကြီး "

" ဒါဖြင့်ရင် အစ်ကိုကြီးနဲ့ ကျွန်တော်နဲ့ ကျွန်းကိုရောက်ရင် ပင်လယ်ကမ်းစပ်မှာ လာထိုင်ပြီး အချိန်ကို သတ်ပစ်ကြတာပေါ့ "

" အေး . . အဲဒီလိုလုပ်ရလိမ့်မယ်ကွ၊ တို့ကို တရားထိုင်တဲ့ သူတော်စင်ကြီးတွေဆိုပြီး လူတွေက ကြည်ညိုမှာလဲ စိုးရသေးတယ်ကွ၊ ဟိုးရှေးတုန်းက နေမင်းကိုစိုက်ကြည့်ပြီး သူတော်စင်ယောင်ဆောင်နေတဲ့ ကြောင်ပါးကြီးလိုပေါ့ကွာ "

ကိုဝေလကြီးသည် သူ့စကားကို သူ့ဘာသာ သဘောကျဟန်နှင့် ရယ်မောလိုက်သည်။ ထို့နောက် ဖင်စီခံနား ကပ်နေပြီဖြစ်သော ပိုလိုစီးကရက်ကို နောက်ဆုံးအနေနှင့် အားရပါးရ ဖွာရှိုက်လိုက်ပြီး





စီးကရက်ကို လက်နှင့် တောက်ထုတ်လိုက်သည်။

ကိုဝေလကြီး အချိန်သတ်နည်း စကားစ ပြတ်သွားသဖြင့် မောင်ဝေလသည် သူသိလိုသော ကိုဝေလကြီး၏အကြောင်းကို မေးမြန်းရန် စိတ်ကူးလိုက်သည်။

" မနေ့တုန်းက အစ်ကိုကြီးကို ကျွန်တော့်အကြောင်း အိပ်သွန်ဖာမှောက် ပြောပြလိုက်ပြီနော် အစ်ကိုကြီး "

လွန်စွာ ပါးရည်နပ်ရည်ရှိသော ကိုဝေလကြီးသည် မောင်ဝေလ၏ စကားစလိုက်သည်နှင့် ဘာကိုဆိုလိုလိုက်မှန်းသိသွားသည်။

ကိုဝေလကြီးက . . .

" ဘာလဲကွ၊ မင်းက အချိန်သတ်နည်းတစ်ခု ထပ်တွင်ဦးမလို့လားကွ "

ကိုဝေလကြီးက ကွက်ကျော်ရိုက်ပြီး ပြောလိုက်သော စကားကို မောင်ဝေလ နားမလည်ပေ။

" ဘာကို ဆိုလိုတာလဲ အစ်ကိုကြီး "

" ဒီလိုလေကွာ၊ မနေ့တုန်းက မင်းက မင်းရဲ့အကြောင်းကို ငါ့ကိုပြောပြတယ်၊ ဒီနေ့တော့ မင်းက ငါ့အကြောင်းကို သိချင်တယ် ဟုတ်လား၊ ငါ ပြောပြမယ်၊ ငါ့ရဲ့အကြောင်းကို နားထောင်ရင်း မင်း အချိန်ဖြုန်းချင်တယ် မဟုတ်လား "

ထိုအခါကျမှ မောင်ဝေလသည် ချက်ဆိုလျှင် နားကွက်ကမ်းတောက်သော ဦးဝေလကြီး၏ အရည်အချင်းကို အထင်ကြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" အစ်ကိုကြီးကလဲ ကျွန်တော့်အတွင်း စိတ်အရှုတ္တသန္တာန်ကိုတောင် သိနေတာပဲ "

" ဒီလောက်လဲ အထင်မကြီးပါနဲ့ကွာ၊ အသက်အရွယ်က သင်ကြားပေးတာပါ "

" ဟုတ်တယ် အစ်ကိုကြီးရာ၊ အပျင်းလဲပြေ၊ ဗဟုသုတလဲ ရတာပေါ့၊ အစ်ကိုကြီးရဲ့အကြောင်းကို ကျွန်တော့်ကို ပြောပြပါလား "

မောင်ဝေလ၏ စကားကြောင့် ကိုဝေလကြီးသည် ငိုင်ကျသွားသည်။ ကိုဝေလကြီး၏ မျက်နှာကြီးသည် ရင့်ကျက်တည်ငြိမ်သွားသည်။

ကိုဝေလကြီး၏မျက်နှာသည် စောစောကလို အဆုံးမရှိသော ပင်လယ်ပြင်ကြီးကို အမိပ္ပာယ်မရှိ ငေးမောကြည့်နေသည်။ လူမသိအောင် ချလိုက်သော ကိုဝေလကြီး၏ သက်ပြင်းချသံကို မောင်ဝေလကြားလိုက်မိသည်။

မောင်ဝေလသည် အသံမပြုဘဲ ကိုဝေလကြီး၏မျက်နှာကိုသာ မျက်တောင်မခတ်ဘဲ ငေးကြည့်နေသည်။ မောင်ဝေလ၏ မျက်လုံးအစုံတွင် မျှော်လင့်ဦး ရောင်ခြည်များကြောင့် လက်နေသည်။

ကိုဝေလကြီး၏ မျက်နှာသည် အိုမင်းရင့်ရော်သွားသည်။ ကိုဝေလကြီး၏ မျက်လုံးအစုံသည် အုံ့မှိုင်းသွားသည်ဟု ထင်ရသည်။

ကိုဝေလကြီးသည် အတန်ကြာ တိတ်ဆိတ် ငြိမ်သက်သွားသည်။

ထို့နောက် ကိုဝေလကြီးသည် မောင်ဝေလကို တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .





" မင်း သိချင်ရင် ပြောရတာပေါ့ မောင်ဝေလရယ်၊ ငါရဲ့အကြောင်းက မင်းအတွက် အပျင်းပြေမှာလဲ မဟုတ်ပါဘူး၊ ဗဟုသုတလဲ ရှိမှာမဟုတ်တာ သေချာတယ်ကွယ်၊ မင်းအတွက် စိတ်တောင်ညစ်ရဦးမယ် ထင်တယ်၊ အေးလေ . . အပျင်းပြေလဲမဟုတ်၊ ဗဟုသုတလဲ ရှိမှာမဟုတ်ပေမယ့် သင်ခန်းစာတစ်ခုတော့ ဖြစ်ကောင်းပါရဲ့ကွာ၊ ပြီးတော့လဲ ငါ့အတွက် ရင်ပေါ့တဲ့ ဆေးပေါ့ကွာ၊ ကိုယ့်အကြောင်းကို ပြောလိုက်ရရင် ရင်ပေါ့သွားတယ်လို့ ဆိုကြတယ်ဟုတ်လား "

" ဘာဖြစ်လို့လဲ အစ်ကိုကြီး "

" ငါ့ရဲ့အကြောင်းက ဒီဘဝရဲ့ ဘုံအလယ်မှာ လူတွေအတွက် ပြင်သဖွယ်ပြောလို့ မကောင်းတဲ့ အကြောင်းကွ၊ အခင်းမလှလို့ င်းတောင် မပြချင်တော့ပါဘူးကွယ် "

" အစ်ကိုကြီးအတွက် စိတ်ထိခိုက်မယ့်အကြောင်းဆိုရင် တော့လဲ မပြောချင် နေပါစေတော့ အစ်ကိုကြီးရာ "

" ဒီလောက်ကြီးလဲ စိတ်ထိခိုက်စရာတော့ မကောင်းလှပါဘူး ၊ စိတ်တောင် ကျေနပ်စရာ ကောင်းပါဦးမယ် "

" ခင်ဗျာ "

" တစ်သက်တစ်ကျွန်း ကျတာချင်း တူပေမယ့် မင်းနဲ့ ငါ 'ဝေလ' ချင်းတူပေမယ့် အဖြစ်အပျက်ချင်းကတော့ မတူဘူးကွ၊ က လူတစ်ယောက်ရဲ့ အသက်ကိုမသတ်ဘဲ တစ်သက်တစ်ကျွန်း ကျလာတယ်၊ ငါက လူနှစ်ယောက်ရဲ့ အသက်ကို သတ်ခဲ့တာ၊ ို မင်းတစ်ယောက်တည်းကိုသာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

အကြိမ် ပြောပြတာပါ၊ တို့ အနီးအနားမှာ သက်သေလဲ မရှိဘူး မဟုတ်လား"

"ဒါဖြင့်ရင် အစ်ကိုကြီး တစ်သက်တစ်ကျွန်းဒဏ် ခံရတာ ကျွန်တော့်လို မတရားခံရတာ မဟုတ်ဘူးပေါ့"

"တကယ်ဆိုတော့ ငါဟာ လူနှစ်ယောက်ရဲ့ အသက်ကို နှစ်ခါသတ်ခဲ့တာဆိုတော့ စက်တိုင်ကို နှစ်ကြိမ်တက်ပြီး သေဒဏ် နှစ်ခါ ခံသင့်တာပေါ့ကွာ၊ ငါ့ကို တစ်သက် တစ်ကျွန်းဒဏ်ပေးလိုက်တာဟာ အများကြီး သက်သာတာပေါ့။ ငါ အပြစ်ဒဏ်ခံရတာ 'လျှော့ဈေး'မိလိုက်တာပေါ့ကွာ၊ အစိုးရဘက်ကကြည့်ရင် ငါ့ကို အပြစ်ဒဏ်ချတာ နည်းနေလို့ မတရားဘူးပေါ့ကွာ၊ နည်းတဲ့ဘက်က မတရားဘူးပေါ့"

"ဘယ်လိုဖြစ်တာလဲ အစ်ကိုကြီး"

BURMESE CLASSIC

မောင်ဝေလက သိချင်ဇောနှင့် မေးလိုက်သည်။

ကိုဝေလကြီးက ပိုလိုစီးကရက် အသစ်တစ်လိပ်ကို မီးညှိပြီး အားရပါးရ ဖွာရှိုက်လိုက်သည်။

ကိုဝေလကြီး . . .

"ဖြည်းဖြည်းပေါ့ကွာ၊ ငါ့ရဲ့အဖြေက ဘာနဲ့တူသလဲဆိုတော့ လောကကြီးမှာ နွားကို နဖားကြိုး ထိုးလို့ရပေမယ့် ကျားကို နဖားကြိုး ထိုးလို့မရဘူး ဆိုတာလိုပေါ့ကွာ၊ သူတို့က ငါတို့ လူနဲ့လူအကြီးဆိုပြီး နဖားကြိုးထိုးချင်တာပေါ့ကွာ၊ ဒါပေမယ့် ငါက ကျားလိုသတ္တဝါ နဖားကြိုး အထိုးမခံနိုင်ဘူး၊ သူတို့ထက် ဉာဏ်သွားတဲ့လူပဲ၊ သူတို့က ငါ့ကို ထောင်ချောက်ဆင်ခဲ့ပေမယ့် အဲဒီထောင်ချောက်ဟာ ငါ့အတွက်





ဖြစ်မလာခဲ့ဘူး၊ ထောင်ချောက်ဆိုတာ ချေလို၊ ယုန်လိုသတ္တဝါမျိုးသာ အမိပွာယ်မရှိတာကွ၊ ကျားလို သတ္တဝါမျိုးကို ထောင်ချောက်ဆင်လို့ပဲ ထား၊ ဘယ်လို အသုံးချမလဲ၊ သူ့ကိုထောင်ချောက် ဆင်ရုံနဲ့မရဘူး ရင်ဆိုင်ဖို့ပါ လိုတယ်ကွ၊ ရင်ဆိုင်ဖို့ပါ လိုတယ်ကွ၊ အေး သူတို့ ကျားနဲ့ ရင်ဆိုင်လိုက်ရတာပါပဲကွာ"

"သူတို့ဆိုတာက"

"ငါ့ရဲ့အမြွှာပူးညီ ငွေမြရယ်၊ ငါ့ရဲ့ဇနီးကြင်စာရီရယ်၊ ကြင်စာရီရဲ့ ယောကျ်ားဟောင်း ထွန်းလုံရယ်ပေါ့ကွ"

"သူတို့က သုံးယောက် အစ်ကိုကြီးက တစ်ယောက်တည်းပေါ့"

"ဟုတ်တယ် ဦးခေါင်းတွေ ဘယ်လောက် များပေမယ့် ဦးနှောက်မပါတဲ့ လူတွေနဲ့ ရင်ဆိုင်ရတာပဲကွာ၊ သုံးယောက်မကလို့ ဘယ်နှစ်ယောက်ရှိပါစေ၊ ဘာကြောက်စရာ လိုသလဲကွ . ."

"သူတို့က အစ်ကိုကြီးကို အနိုင်ယူဖို့ကြိုးစားကြတာပေါ့"

"ဟုတ်တယ်၊ သူတို့က ငါ့ရဲ့ငွေတွေကိုယူဖို့ ကြိုးစားတယ်၊ ငါ့ကိုသတ်ဖို့ ကြိုးစားတယ်၊ ဒါကြောင့် ငါက သူတို့ကို ပြန်သတ်လိုက်တာပဲ"

"သြော် . . အစ်ကိုကြီး ပြန်ပြီးလက်တုံ့ ပြန်လိုက်တာပေါ့"

"လောကကြီးဆိုတာ ပဆစ်အိမ် ကစားသလိုပါပဲကွာ၊ ကိုယ့်ကိုမသတ်နိုင်အောင် ကိုယ်က ဦးအောင် သတ်ရတာပဲ၊ သူတို့ ရှုံးလိုက်တာဟာ ကိုယ့်သေတွင်း ကိုယ်တူးတာပဲ"

"ရှောင်းပြေးလို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်ပြေးတဲ့ နိယာမကို လူတိုင်းသုံးချင်း ကြပါတယ်ကွာ၊ ငြိမ်းချမ်းရေးလက္ခဏာပေါ့၊ ဒါပေမယ့် . . . ကိုယ်က ရောင်ရင် လောကကြီးက အပြီးအပိုင် ရောင်ရမယ့်ကိစ္စမျိုးကျတော့ ရင်ဆိုင်လိုက်တာ အကောင်းဆုံးပါပဲကွာ"

. . . . . . . . . . . . . . . . . . . . . . . . .



## အခန်း (၁၂)

ကိုဝေလကြီးက သူ၏ဇာတ်လမ်းကို ဤသို့ပင် ပြောပြသည်။

ကိုဝေလကြီးတို့၏ မိဘများသည် ပဲခူးမြို့တွင် ရွှေမော်ဓော ဘုရားကြီးလမ်းတွင် နေထိုင်ကြသော မြေပိုင်ရှင်ကြီးများ ဖြစ်ကြသည်။

ကိုဝေလကြီး၏ မိဘနှစ်ပါးသည် ပဲခူးတွင် ကုလားချောင်းကြီးရွာဘက်တွင် လယ်ကေပေါင်း များစွာပိုင်ဆိုင်သည်။ တစ်နှစ်ကို လယ်စု သီးစားခများစွာ ရရှိပြီး ချမ်းချမ်းသာသာ နေထိုင်နေကြသည်။

ကိုဝေလကြီးသည် အမြွာပူး ညီအစ်ကို ကို ဝေလမင်းသား မြန်မာနိုင်ငံလာသောနှစ်တွင် မွေးဖွားသည်။

ကိုဝေလကြီး၏ဖခင် ဦးကျော်ရန်ကို အင်္ဂလိပ်အစိုးရက သမာဓိမြို့ဝန် ခန့်အပ်သဖြင့် ဦးကျော်ရန်သည် အင်္ဂလိပ်အစိုးရ၏



www.burmeseclassic.com

www.burmeseclassic.com



အထင်အကြီးသူဖြစ်သည်။

ထို့ကြောင့် ဝေလမင်းသာ မြန်မာပြည်ကိုလာသောနှစ်တွင် မွေးဖွားသော မိမိ၏သားကို မောင်ဝေလဟု နာမည်မှည့်မည် စိတ်ကူးမိသည်။ ကိုဝေလကြီး၏မိခင် ဒေါ်သိုင်းချို့သည် သားနှစ်ယောက်ကို တစ်ပြိုင်တည်း မွေးဖွားလာသောအခါ ဦးကျော်ရန်သည် နာမည်အမှည့်ရ ခက်သွားသည်။

သို့သော် အင်္ဂလိပ်အစိုးရကို အထင်ကြီးသူပီပီ သားကြီးဖြစ်သူကို မောင်ဝေလဟု မှည့်ဖြစ်အောင် မှည့်လိုက်သေးသည်။ အငယ်ဖြစ်သူကို မောင်ဝေလနှင့် ဆင်တူအောင် ငွေလဟု မှည့်ခဲ့သေးသည်။ သို့သော် အမြွှာပူးညီအစ်ကိုကလည်း ဖြစ်နေသေး၊ နာမည်ကလည်း ဆင်တူနေသဖြင့် လူချင်းလည်းမှား၊ နာမည်ချင်လည်း မှားခေါ်သဖြင့် အငယ်ဖြစ်သူကို မောင်ငွေမြဟု ပြောင်းလဲလိုက်သည်။

BURMESE CLASSIC

မောင်ဝေလနှင့် မောင်ငွေမြတို့သည်ည် အမြွှာပူးညီအစ်ကိုဖြစ်ပြီး ရုပ်ခြင်းဆင်တူသော်လည်း စိတ်ထားချင်း ကွာခြားလှသည်။ တစ်မိဝမ်းတွင်း အတူဆုံရုံမက တစ်ပြိုင်တည်း လူဖြစ်လာသော်လည်း စိတ်ဓာတ်ချင်း မိုးနှင့်မြေပမာ ကွာခြားလှသည်။

အကြီးဖြစ်သူ မောင်ဝေလသည် အေးဆေးပြီး စိတ်သဘောထားနူးညံ့သည်။ သူ့ဘာသာ တစ်ယောက်တည်း နေလေ့ရှိသည်။

အငယ်ဖြစ်သူ မောင်ငွေမြမှာမူ သံမီးကျည်ကလေး ဖြစ်သည်။ ငယ်စဉ်က လိုတာမရလျှင် ငိုကြွေးရှည်သည်။ မိဘနှစ်ပါးကို နားပူနားဆာလုပ်သည်။ ကတ်သီးကတ်သတ်လည်း နိုင်လှသည်။ လူမှန်းသိလာသောအခါ လူတကာနှင့် ရန်ဖြစ်တတ်သည်။ သူများကလေးများ





ကို အနိုင်ကျင့် စော်ကားသဖြင့် မကြာခဏ အတိုင်အတောခံရသည်။

မောင်ဝေလနှင့် မောင်ငွေမြတို့မှာ ငယ်စဉ်ကပင် သိပ်ပြီးတည့်လှသည် မဟုတ်ပေ။ မောင်ဝေလက အေးဆေးစွာ နေသဖြင့် မောင်ငွေမြသည် အနိုင်ကျင့် စော်ကားချင်သည်။ သို့သော် မောင်ဝေလကလည်း သည်းခံပြီး ရန်မဖြစ်ရန် အေးအေးနေသဖြင့် ညီအစ်ကိုချင်း တကျက်ကျက်တော့ မဖြစ်ပေ။

သို့သော် မောင်ငွေမြက စော်ကား နှိပ်စက်ဖန်များသောအခါ မောင်ဝေလက တဆုံးတဆ ရိုက်နှက်လေ့ရှိသဖြင့် မောင်ငွေမြမှာ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရသည်။

မောင်ဝေလက တဆုံးတဆ ရိုက်နှက်လိုက်၍ မောင်ငွေမြ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်သော်လည်း မိဘများသည် မောင်ဝေလကို ချည်သည့်အခါမှ ရိုက်နှက်လေ့ မရှိပေ။ အဘယ်ကြောင့်ဆိုသော် မောင်ဝေလသည် မောင်ငွေမြ နှိပ်စက်သမျှကို သည်းခံလေ့ရှိပြီး သည်းမခံနိုင်သော အဆုံးမှသာ တုံ့ပြန်တတ်ခြင်း ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက် လူလားမြောက်လာသော အချိန်တွင်လည်း အခြားသော ညီအစ်ကိုများကဲ့သို့ အစေးကပ်လှသည့် မဟုတ်ပေ။

မောင်ဝေလသည် ငယ်စဉ်က အကျင့်စိဇအတိုင်းပင် ခပ်အေးအေးနေလေ့ရှိသည်။ မောင်ငွေမြကမူ အရွယ်ရောက်သည်နှင့် အတတ်မျိုးစုံတတ်သည်။ အပေါင်းအသင်း စုံသဖြင့် မကောင်းမှုဘက်သို့ ဦးတည်နေသည်။ အသက်အရွယ် ရင့်လာသည်နှင့်အမျှ ဆေးလိပ်သောက်တတ်လာသည်။ အရက်သောက်တတ်၊ ဖဲကစ :တတ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိန်းမ လိုက်စားတတ်လာသည်။ ငယ်စဉ်က ဗီဇအတိုင်း လူတကာကို အနိုင်ကျင့်စော်ကားချင်၍ ရန်ခဏခဏ ဖြစ်ရလေသည်။

မောင်ငွေမြ အတတ်မျိုးစုံနေသော်လည်း အစ်ကိုဖြစ်သူ မောင်ဝေလမှာ လက်ဖက်ရည်ဆိုင်တွင်ပင် မတိုင်တတ်သေး။ ဆေးလိပ် မသောက်တတ်သေးပေ။

မောင်ငွေမြနှင့် မောင်ဝေလတို့ ဆယ်တန်းအောင်သောနှစ် တွင် မိဘများသည် လယ်ယာများကို ရောင်းချပြီး ဆေးပေါ့လိပ် လုပ်ငန်းသို့ ပြောင်းပြီး လုပ်သည်။

မောင်ဝေလသည် ဆေးလိပ်လုပ်ငန်းလုပ်ရာတွင် မိဘများနှင့် ကိုယ်ဖိရင်ဖိ ပါဝင်ကူညီသော်လည်း ညီဖြစ်သူ မောင်ငွေမြမှာ လတ်လျားလတ်လျားနှင့် နေသည်။ ပဲခူးမြို့သာမက ရန်ကုန်ကိုပါ တက်ပြီး နယ်ချဲ့လာသည်။ ဟိုတယ်တက်၊ မြင်းပွဲလောင်းနှင့် ဖြစ်လာသည်။

လူရိုးလူအေးကြီးဖြစ်သူ မောင်ဝေလအတွက် မောင်ငွေမြက တစ်သက်လုံး ပျော့ကွက်ဖြစ်ခဲ့ရသော အမှားတစ်ခုကို ဘုမသိ ဘမသိ ပဲ ကျူးလွန်မိခဲ့သည်။

မောင်ဝေလ ရှမ်းပြည်နယ်သို့တက်၍ သနပ်ဖက်ဝယ်ရင်း တရုတ်ကပြားမကလေး တစ်ယောက်နှင့် အိမ်ထောင်ကျလာသည်။

ကြင်စာရီသည် ကိုဝေလနှင့် အသက် မတိမ်းမယိမ်းရှိသော် လည်း အိမ်ထောင်သက် ဆယ်နှစ်ပင် ဖြစ်ခဲ့လေပြီ။ ပထမယောက်ျား မှာ အင်္ဂလိပ်မျက်နှာဖြူတစ်ယောက် ဖြစ်ခဲ့သည်။ ကြင်စာရီကို ရှမ်းပြည် နယ်တွင် ဗိုလ်ကတော်ကျဟု လူသိများသည်။





ဗိုလ်ကတော် ကြင်စာရီသည် အင်္ဂလိပ်မျက်နှာဖြူ ကွယ်လွန် အနိစ္စ ရောက်သွားသောအခါ ထွန်းလုံဆိုသော လူတစ်ယောက်နှင့် အိမ်ထောင်ကျလေသည်။ ထွန်းလုံသည် ယခုအခါ ဘယ်တော ဘယ်တောင် ဆိုက်နေသည်မသိ။ ထွန်းလုံ ပျောက်ဆုံးနေခိုက် မောင်ဝေလနှင့် ကြင်စာရီ တွေ့ခဲ့ခြင်းဖြစ်သည်။

ဝေလနှင့်ကြင်စာရီ စတွေ့စဉ်က ကြင်စာရီသည် မအိုသေး တဲ့သူ အပျိုလေးနှင့်တူနေသည်။ လူရိုးလူအေးကြီး မောင်ဝေလသည် ကြင်စာရီ၏ ရုပ်ရည်တွင် ယစ်မူးပြီး နွားရူးဆူးတိုးဖြစ်ကာ ကြင်စာရီကို အပျိုလား အအိုလား စောကြောမနေတော့ဘဲ ကောက်ယူတော့သည်။ ကြင်စာရီကလည်း ကိုဝေလနှင့်လက်ထပ်ပြီးသည်အထိ သူ့တွင် အိမ်ထောင်နှစ်ဆက် ရှိခဲ့သည်ကို လုံးဝထုတ်မပြောပေ၊ ကိုဝေလက လည်း သူမအား အချောအလှကို အပျိုဟုသာ ထင်နေသည်။

ကိုဝေလသည် ကြင်စာရီကို ရှည်းပြည်နယ်မှ ပဲခူးသို့ခေါ်လာ သော ကိုဝေလ၏ မိဘများဖြစ်သော ဦးကျော်ရန်၊ ဒေါ်သိုင်းချိုတို့ နှစ်ယောက်စလုံး စိတ်ဆင်းရဲရလေသည်။

ဦးကျော်ရန်နှင့် ဒေါ်သိုင်းချိုတို့သည် ကိုဝေလကို ပဲခူးမြို့တွင် သူတို့ကဲ့သို့ ဆေးလိပ်ခုံလုပ်ငန်း လုပ်ကိုင်နေသော သူဌေးသမီးကလေး တစ်ဦးနှင့် ကိုဝေလကို လက်ထပ်ပေးရန် ရည်ရွယ်ရင်း ရှိခဲ့လေသည်။

ယခု ကိုဝေလက အမျိုးအအမည် မထင်ရှားသော ကြင်စာရီ ဆိုသော မိန်းကလေးတစ်ယောက်ကို ကောက်ယူခဲ့သောအခါ သူတို့ အကြံအစည် ပျက်ရသဖြင့် စိတ်ဓာတ်ကျဆင်းရလေသည်။

ကိုဝေလသည် ကြင်စာရီကို ကောက်ယူခဲ့ရသဖြင့် တစ်အိက်



www.burmeseclassic.com

www.burmeseclassic.com



မှ မိဘများမှာ အရှက်ကွဲရသည်ဟု ဆိုကာ ကိုဝေလ၏ မိဘများနှင့် အဆက်အသွယ် ပြတ်တောက်လေသည်။ ကိုဝေလ၏မိဘများက အကြီးဖြစ်သူ ကိုဝေလ အိမ်ထောင်ကျသွားလျှင်လည်း အငယ်ဖြစ်သူ မောင်ငွေမြနှင့် လက်ဆက်ပေးပါရစေဟု တောင်းပန်ပါသည်။

သို့သော် တစ်ဘက်မိဘများသည် မောင်ငွေမြ၏ငယ်ကျူး ငယ်နာမှန်သမျှကို သိသဖြင့် သူတို့၏သမီးကို မောင်ငွေမြနှင့် လက်ထပ်ရန်မှ လုံးဝသဘောမတူပေ၊ ထိုသို့ပြောသည်မှာပင် သူတို့၏ဂုဏ်သိက္ခာကို စော်ကားသည်ဟု အငြိုးအတေးထားလေသည်။

ထို့ကြောင့် ဆေးလိပ်လုပ်ငန်း အရှိန်ယူကာစဖြစ်သော ကိုဝေလတို့ စီးပွားရေး ပျက်စီးရာပျက်ဆီးကြောင်းကို တစ်ဘက်က မိန်းကလေးရှင်များသည် ကြိုးစားအားထုတ်တော့ရာ ကိုဝေလတို့၏ ဆေးလိပ်လုပ်ငန်းသည် အရှိန်မရမီပင် အညွန့်ကျိုးစပြုသည်။ အတက်မထွက်မီပင် အမြစ်ပြတ်ရလေတော့သည်။

စီးပွားပျက်ပြီဆိုသဖြင့် ကိုဝေလ၏မိဘနှစ်ပါးသည် စိတ်ထောင်း၍ ကိုယ်ကြေပြီး လုံးပါးပါးကာ နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားတော့သည်။

မောင်ငွေမြက ကိုဝေလသည် သူ၏ မိဘနှစ်ပါးကို သတ်သော တရားခံအဖြစ် လက်ညှိုးထိုးတော့သည်။ မိဘနှစ်ပါးသည် ကိုဝေလသည် ကြင်စာရီနှင့် အိမ်ထောင်ပြုခဲ့သည်မှစပြီး စိတ်မချမ်းမြေ့ခဲ့ရာမှ စီးပွားပျက်သောအခါ သေတွင်းသို့ တွန်းပို့သလို ဖြစ်သွားရလေသည်။

ကိုဝေလသည် မိဘများ ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများကို





သက်စေ့ ထက်ခြမ်းခွဲခွဲပြီး ညီဖြစ်သူ မောင်ငွေမြကို ဝေစုတစ်ဝက် ပေးလိုက်သည်။

ထုံးစံအတိုင်းပင် ညီဖြစ်သူ မောင်ငွေမြမှာ အသုံးအဖြုန်းကြီး၊ အပျော်အပါးလိုက်စားသူဖြစ်ရာ မကြာမီ နှစ်များအတွင်းပင် သူ၏ ဝေစုငွေများမှာ ပြောင်တလင်း ခါသွားသည်။

ကိုဝေလကမူ မိဘများ မအောင်မြင်ခဲ့သော ဆေးလိပ်လုပ်ငန်းကို မဖြစ်မနေ ကျားကုတ်ကျားခဲပြန်ပြီး ကြိုးစားလုပ်ကိုင်သည်။

လုံ့လဝင်ဥာဏ်ဆင်ပြီး ဆေးလိပ်လုပ်ငန်းကို ပြန်ပြီး ကြိုးစားလုပ်ကိုင်ခဲ့သော မောင်ဝေလသည် တဖြည်းဖြည်းနှင့် ဖွဲ၏အကျိုးကို ခံစားလာရသည်။ ဆေးလိပ်လုပ်ငန်းသည် တဖြည်းဖြည်းနှင့် တွင်ကျယ်ပြီး အောင်မြင်လာသည်။

ဆေးလိပ်လုပ်ငန်းတွင် အောင်မြင်လာသောအခါ မောင်ဝေလသည် ငွေကို သဲ့ယူသလိုရလာသည်။ ချမ်းသာ ပြည့်စုံလာသည်။

ထိုအချိန်တွင် မိဘ၏အမွေအနှစ်ကို တစ်ဝက်ခန့်ရသွားသော ညီဖြစ်သူ မောင်ငွေမြ၏ ငွေများမှာ ကုန်ခန်းသလောက် ရှိနေပြီဖြစ်ရာ စီးပွားတိုးတက်စ အစ်ကိုဖြစ်သူ ကိုလေဝ၏ အိမ်ပေါ်သို့ ပြန်ရောက်လာသည်။

အမြွာပူး ညီအစ်ကို ဖြစ်သဖြင့် ကိုဝေလသည် ကိုငွေမြထက် မိနစ်ပိုင်းမျှသာ အသက်ကြီးသော်လည်း ကိုဝေလသည် အစ်ကိုကြီး အဖအရာသဘောမျိုးနှင့် ညီဖြစ်သူကို သစ်စိမ်းချိုး မချိုးနိုင်သဖြင့် လက်ခံထားလိုက်သည်။ မိဘများမရှိပြီးနောက် ဒီညီအစ်ကို နှစ်ယောက်သာ ကျန်ခဲ့သည်ဖြစ်ရာ ကိုဝေလက ညီဖြစ်သူကို ပစ်ပယ်



www.burmeseclassic.com

www.burmeseclassic.com



ခါခါမလုပ်ရက်သဖြင့် တခြားတွင်လျှောက်ပြီး တေတေပေပေနေမည့် အစား မျက်စိအောက်တွင်ပင် စောင့်ရှောက်ထားရန် စိတ်ကူးလိုက်သည်။

သို့သော် ကိုငွေမြ၏လာခြင်းကား ကောင်းသောလာခြင်း မဟုတ်။

ကိုငွေမြသည် ကမ္ဘာပျက်လက်နက်နှင့် ဖြူဟွာခေါင်းကို ကိုင်ပြီး ကိုဝေလ၏အိမ်ပေါ်သို့ တက်လာခဲ့ခြင်း ဖြစ်သည်။

ယခင်က မရီးဖြစ်သူကြင်စာရီကို တရုတ်မ ရေမျောကမ်းတင်ဟု စွပ်စွဲခဲ့သော ကိုငွေမြသည် သူဌေးကတော်ဖြစ်၍ စည်းစိမ်တွေတိုးအလုဖြိုးဝေနေသော ကြင်စာရီကို မျက်စောင်းထိုးလာသည်။

ကြင်စာရီကလည်း သူတကာက သဘောကျစရာ ရုပ်ဆင်းရူပကာ လှပချောမွေ့သည်။ လူတကာကိုလည်း ကြင်စာရီက သဘောကျဖို့ ဝန်မလေးပေ။

ကိုဝေလသည် စီးပွားဥစ္စာ တိုးတက်လာသော်လည်း လုံ့လဝီရိယမလျှော့။ တက်မထောင်၊ ရှမ်းပြည်နယ် နှင့် ပဲခူးကို ကူးချည်သန်းချည်လုပ်ပြီး ဆေးလိပ်လုပ်ငန်း တွယ်ကျယ်အောင် အားသွန်ခွန်စိုက်ကြိုးစားသည်။

ကိုဝေလက စီးပွားရေးကို သျှောင်ကိုမီးထွန်း၊ ပခုံးကို နွားပြုပြီး ရှာနေသလောက် ညီဖြစ်သူ ကိုငွေမြမှာ ကိုဝေလ၏ အိမ်ကြီးပေါ်တွင် အမြိုင့်သားထိုင်စားနေရုံမျှမက မရီးဖြစ်သူ ကြင်စာရီနှင့် ပရောပရည် ပြုလာသည်။

ကြင်စာရီကလည်း မိန်းမတို့ဓာတ်၊ မပြတ်လော်လီ၊ ထည်အာ





ရုံ၊ မြင်တိုင်းပုံသို့၊ လမ်းဆုံသစ်ရိပ်၊ ရေဆိပ်အလား၊ တံတားသဖွယ်၊ ဈေးလယ်မဏ္ဍာပ်၊ သေသောက်အိမ်သို့၊ မတွေ့မှရှောင်၊ မီးနှယ်လောင်၏ . . . ဆိုသော မဃဒေဝ လင်္ကာသစ်ကဲ့သို့ပင် လာသမျှကို လက်သင့်ခံရန် ဝန်လေးသူ ဖြစ်သည်။

ထို့ကြောင့် မစွန်းရင်းကရှိသဖြင့် ကန်စွမ်းခင်းငြိကာ ကြင်စာရီနှင့် ကိုငွေမြတို့သည် ကိုဝေလ၏ နောက်ကွယ်တွင် မာန်ဝင်ကာ လှဂုဏ်ထူးသူရဲ့ ငါထင်တာ နောက်လင်နဲ့ ပလူးပါရဲ့ ဆိုသလို လှေကြီးပေါ် လှေငယ် ဆင့်တော့သည်။

လူရိုးကြီး ကိုဝေလသည် ညီဖြစ်သူနှင့်ဇနီးဖြစ်သူ အဖြစ်ကို မရိပ်မိရှာပေ။

. . . . . . . . . . . . . . . . . . . . . . . . . .

ကိုဝေလကြီးသည် သူ၏အသက်မက ချစ်လှစွာသော ဇနီးကြင်စာရီ နောက်မီးလင်းသော အခန်းသို့ ရောက်သောအခါ မေးကြောကြီးများ ထောင်လာသည်။

သူ၏ညီဖြစ်သူကို ငွေမြနှင့် ကြင်စာရီတို့အဖြစ်ကို ပြန်လည်သတိရဟန်နှင့် ဒေါသများ ထွက်လာဟန်ရှိသည်။

သို့သော် ကိုဝေလကြီးသည် မောင်ဝေလကိုမှ တူသားနှောင်ရင်းသဖွယ် ကောင်းမြတ်သော မနုသီ စိတ်ထားနှင့် သင်ခန်းစာပေးရှာပါသည်။

"မင်းတို့ငယ်သေးတယ်ကွာ၊ ဒီအက်မဒန်ကျွန်းမှာ ဖြစ်ဖြစ်

www.burmeseclassic.com



အက်ဒမန်ကျွန်းက နှစ်စေ့လို့ မြန်မာပြည် ပြန်ရောက်ရင် ဖြစ်ဖြစ် အိမ်ထောင်ပြုဦးမှာပဲ။ မိန်းမဆိုတာ သုံးမျိုးရှိတယ်။ ပထမတစ်မျိုးက ကိုယ်ကျိုးစီးပွား ဂုဏ်သိက္ခာရာထူးဌာနန္တရ တိုးတက်အောင် မောင် တစ်ထမ်းမယ်တစ်ရွက် ဆောင်ရွက်နိုင်တဲ့ မိန်းမ။ ဒုတိယတစ်ဦး ကတော့ တိုးတက်အောင်လဲ မလုပ်နိုင်ဘူး။ ဆုတ်ယုတ်အောင်လဲ မလုပ်ဘူး၊ အေးအေးနေတယ်။ ယောကျ်ားရဲ့ လုံ့လစွမ်းပကားအတိုင်း ပဲ တိုးတက်ချင်လဲ တိုးတက်မယ်၊ ဆုတ်ယုတ်ချင်လဲ ဆုတ်ယုတ်မယ်။ အဲဒီမိန်းမနှစ်မျိုးကတော့ ပေါင်းသင်းအပ်တယ်ပေါ့ကွာ။ နောက်ဆုံး အမျိုးအစားဖြစ်တဲ့ မိန်းမကတော့ သူ့ကိုယူမိတာနဲ့ ယောကျ်ားရဲ့ စီးပွား ဉစ္စာဂုဏ်သိက္ခာရာထူးဌာနန္တရ ဆုတ်ယုတ်ဖို့ ဖြစ်တာပဲ ''

မောင်ဝေလက . . .

'' ကျွန်တော်ကြားဖူးတာက ကိုးခန်းပျို့မှာ အမိလည်းရှ၊ နှမလဲမှန်၊ ခင်ပွန်းလဲမည်၊ ကျွန်ရာထည်တဲ့ဗျ ''

'' အေးပါကွာ၊ မယားအပြား ဘယ်နှစ်ပါးလဲဆိုတာ ရေတွက် ပြတာမဟုတ်ပါဘူး။ မယားအမျိုးအစားကို ပြတာပါ။ မယားအပြားထဲ ကဆိုရင် ငါ့ရဲ့မယား ကြင်စာရီဟာ ရန်သူမည်တဲ့ မယားပေါ့ ''

'' ဖိုးသူတော်ဦးနုက အမျိုးယုတ်မာအဆင်းလှက စာဂတန် ချေ၏ . . ဆိုတာလိုပေါ့ အစ်ကိုကြီး ''

'' အေးပေါ့ကွာ၊ ငါ့မှာတော့ ငါ့မယား ကြင်စာရီဟာ ရုပ်ကလေးကလှတော့ တာနေယက္ခဘီလူးလို မျိုးထားမတတ် ချစ်မိ ပါတယ်ကွာ။ သူ့မျက်နှာကို အရိပ်လိုပဲ ကြည့်ခဲ့မိတယ် ''

'' အစ်ကိုကြီးက ဒီလောက်မြတ်နိုးလျက်နဲ့ သစ္စာမစောင့် ထိန်းဘူးနော် . . ''

'' အေးလေကွာ၊ နို့မထွက်တဲ့ နွားမကန်တတ်သည်ဆိုသလို နို့မထွက်တဲ့ နွားမဟာ တန်ဖိုးမရှိတဲ့ကြားက လူတစ်ယောက်သား နာကျင်ဒုက္ခရောက်အောင် ကန်တတ်တဲ့ အကျင့်ဆိုးက ရှိသလိုပေါ့ ''

'' ကိုငွေမြနဲ့ ကြင်စာရီတို့ ဖောက်ပြန်နေတာကို အစ်ကိုကြီး ဘာယ်လိုသိသလဲ ''

'' အနီးဆုံးနေပေမယ့် ကိုယ့်မယား ဖောက်ပြန်နေတာ နောက်ဆုံးမှ သိရတာပါကွာ။ သူတို့က ပါးလဲပါး၊ လျင်လဲ လျင်တော့၊ ငါလဲ တော်တော်နဲ့ မရိပ်မိဘူး။ တစ်နေ့တော့ကွာ . . ''

တစ်နေ့တွင် ဝေလကြီးသည် သနပ်ဖက်ပိုများ ငွေချေရန် အတွက် ရှမ်းပြည်နယ်သို့သွားရန် ပဲခူးဘူတာမှ မန္တလေးသို့ ရထားနှင့် ထွက်ခဲ့သည်။

တောင်ငူဘူတာသို့ ရောက်သောအခါ မန္တလေးမှလာသော ရထားနှင့်ဆုံသည်။ ထိုရထားပေါ်မှ ရှမ်းပြည်နယ် သနပ်ဖက်ပွဲရုံပိုင်ရှင် ဦးကြာအုံနှင့်ဆုံသည်။ ထို့ကြောင့် ကိုဝေလကြီးသည် သနပ်ဖက်ပို များအတွက် ငွေချေရန် ဦးကြာအုံနှင့်အတူ ထိုမန္တလေးရထားနှင့် ရန်ကုန် ပြန်လိုက်ခဲ့သည်။ ရန်ကုန်သို့ရောက်သောအခါ ဦးကြာအုံ တည်းခို သော ဟိုတယ်၌ ဦးကြာအုံကို ငွေချေပေးလိုက်သည်။

မကြင်စာရီနှင့် ကိုငွေမြတို့သည် ပဲခူးမြို့တွင် မရိုးနှင့်မတ်တို့ ထူခြေနှုရရနေသဖြင့် ပဲခူးမှလူများ မရိပ်မိကြပေ။ သို့သော် ကိုဝေလကြီး ခရီးထွက်သွားသည်နှင့် ရန်ကုန်သို့ ချိန်းပြီးသွားကြသည်။ ရန်ကုန်ရှိ ဟိုတယ်တကာသို့လှည့်လည်ပြီး ပျော်ပါးကြသည်။ ကိုဝေလကြီး







www.burmeseclassic.com

www.burmeseclassic.com

ခရီးထွက်ရာမှ ပြန်မရောက်မီ ပဲခူးသို့ တစ်ယောက်တစ်ကွဲစီ ပြန်ပြီး ကိုယ်ရှိန်သိတ်နေကြသည်။ ထို့ကြောင့် ကိုဝေလကြီးနှင့် ပဲခူးမှ လူများသည် ကိုငွေမြနှင့် ကြင်စာရီတို့အကြောင်းကို တော်တော်နှင့်မရိပ်မိကြခြင်းဖြစ်သည်။

ထိုနေ့က သနပ်ဖက်ပွဲရုံပိုင်ရှင် ဦးကြာအုံနှင့်အတူ ရန်ကုန်သို့ လိုက်လာသော ကိုဝေလကြီးသည် သူ၏ဇနီး ကြင်စာရီနှင့် ညီဖြစ်သူ ကိုငွေမြတို့ ရန်ကုန်မြို့ထဲတွင် ကားတစ်စီးနှင့် လည်ပတ်သွားလာနေသည် မျက်စိနှင့်တပ်အပ် မြင်လိုက်ရသည်။

သို့သော် လူရိုးလူအကြီး ကိုဝေလသည် ကိုငွေမြနှင့် ကြင်စာရီနောက်သို့ နောက်ယောင်ခံပြီး လိုက်မသွားပေ။ ကိုဝေလကြီးသည် ကိုငွေမြနှင့် ကြင်စာရီတို့ အမှန်တကယ် ဖောက်ပြန်နေသည်ကို ပက်ပင်းတွေ့ရသည်ကို မတွေ့ရ၍ ရင်မဆိုင်ရဲပေ။

ကိုဝေလကြီး၏စိတ်ထဲတွင် ကိုငွေမြနှင့် ကြင်စာရီတို့သည် ဖောက်ဖောက်ပြန်ပြန်နှင့် နယ်မလွန်ပါစေနဲ့ဟု ကျိတ်ပြီး ဆုတောင်းမိသည်။ ယခုအတူတကွတွဲပြီး သွားလာနေသည်မှာ အကြောင်းတစ်ခုကြောင့် မရီးနှင့်မတ်တို့ ခရီးအတူသွားလာခြင်း ဖြစ်ပါစေဟု ဆုတောင်းမိသည်။

ညီဖြစ်သူနှင့် ဇနီးဖြစ်သူတို့ ဖောက်ပြန်နေသည်ဟု သည့်အဖြစ်ကို ကိုဝေလကြီးသည် မမြင်ရဲ မကြားရဲပေ။

ကိုဝေလကြီးအနေနှင့် သူတို့နှစ်ယောက် ခြေလှမ်းများနေပါက ရပ်တန်းကရပ်ရည် ရည်ရွယ်၍ ပဲခူးသို့ချက်ချင်း ပြန်သွားသည်။ သူခရီးထွက်နေကြောင်း ပဲခူးအိမ်တွင် ကြင်စာရီနှင့် ကိုငွေမြတို့





နှစ်ယောက်စလုံး မရှိဟူသောအဖြစ်ကို သူသိနေကြောင်း အရိပ်အယောင်ပြရုံလောက်သာ ကိုဝေလကြီး ရည်ရွယ်ခဲ့ပါသည်။

ကိုဝေလကြီး ပဲခူးသို့ပြန်ရောက်သော ညနေပိုင်းမှာပင် ကြင်စာရီသည် ပြန်ရောက်လာသည်။

ကြင်စာရီသည် ပုန်းလျှိုးကွယ်လျှိုးနှင့် ကိုဝေလကြီးကို လုံးဝအသိမပေးဘဲ ရန်ကုန်သို့သွားရာ ယခုကိုဝေလကြီး ပဲခူးသို့ ပြန်ရောက်နေသဖြင့် အံ့သြထိတ်လန့်သွားသည်။

သို့သော် အမူအရာကောင်းသော ကြင်စာရီသည် ဟန်ဆောင်ကွယ် အတတ်ရှာသော ကိုဝေလကြီးကို ရှုသိုးသိုးဖြစ်နေသော ကျနာကြည့်ပြီး ခရာတာတာနှင့် အချွဲပိုတော့သည်။

" ဟင် . . မောင် ဘယ်တုန်းက ပြန်ရောက်တာလဲ "

ကိုဝေလကြီးက သံပြတ်နှင့် ဖြေလိုက်သည်။

" ဒီနေ့ပဲ "

" မောင် ရှမ်းပြည်နယ်ကို မရောက်ခဲ့ဘူး မဟုတ်လား၊ မကောင်းလို့ လှည့်ပြန်လာတာလား "

ပြောပြောဆိုဆို ကြင်စာရီသည် ကိုဝေလကြီး၏ နဖူးကို ၏ဖြူဖွေးသော လက်ကလေးနှင့် ယုယစွာ စမ်းသပ်ရန် ပြင်လိုက်သည်။ ကိုဝေလကြီးသည် ကြင်စာရီ၏ လက်ကိုပုတ်မချရက်သဖြင့် ဆုတ်လိုက်သည်။

ကြင်စာရီနှင့် သူ၏ညီ ကိုငွေမြတို့ ဖောက်ပြန်နေသည်ကို ချာအောင် လိုက်မချောင်းရဲသဖြင့် ဖောက်ပြန်နေသည်ကို အသေ မစွပ်စွဲရဲသေးပေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုဝေလကြီးက . . .

" နေကောင်းပါတယ်၊ ဒါနဲ့ ကြင်စာရီ ဘယ်ကို သွားတာလဲ "

ကြင်စာရီက ကြိုတင်စဉ်းစားထားဟန်နှင့် မဆိုင်းမတွပင် ဖြေလိုက်သည်။

" ရန်ကုန်မှာရှိတဲ့ အကြင်ရဲ့ အဒေါ်တစ်ယောက် နေမကောင်းဘူးဆိုတာ မောင်မရှိတုန်း သွားမိတာပါ မောင်ရယ်။ နာရေးကိစ္စဆိုတော့လဲ မသွားရင် လူမှုရေး ကျင့်ဝတ်တွေ ပျောက်ကွယ်မယ် မဟုတ်လား မောင်ရယ်။ မောင် ဒီလိုပြန်လာမှန်းသိရင် မောင့်ကို နှုတ်ဆက်ခွင့်တောင်းပြီးမှ သွားပါတယ် မောင်ရယ် "

" ဒါနဲ့ ညီလေးကော "

" မောင့်ညီကတော့ မောင်သွားတဲ့နေ့ကတည်းက ဖောင်းဖောင်းလွှတ်လိုက်တဲ့မြင်းလို ကဆုန်ပေါက် ပြေးတာပါပဲ။ ဘယ်ကိုသွားမယ် ဘယ်ကို ရောက်မယ်ဆိုတာ မရီးတစ်ယောက် အနေနဲ့ အရာထားပြီး ပြောတာ မဟုတ်ပါဘူး မောင်ရယ်။ မောင်လဲ အသိသားနဲ့။ မောင့်ညီဟာ အကြင့်ကို မရီးတစ်ယောက်လို အသိအမှတ်မပြုပဲ ကျွန်တစ်ယောက်လို သဘောထားနေတာ မဟုတ်လား "

" တော်ပါတော့ကွာ၊ မင်းတို့နှစ်ယောက်က တောင်ငှက်ကတောင်ငှ၊ မောင်းထောင်းကလဲ မောင်းထောင်းပါပဲ "

" ဒါနဲ့ မောင် ဘာဖြစ်လို့ ပြန်လာသလဲဆိုတာ အကြင့်ကို မဖြေရသေးဘူးနော် "

" တောင်ငှဘူတာမှာ သနပ်ဖက်ပွဲရုံပိုင်ရှင် ဦးကြာအုံးနဲ့





တွေ့လို့ တောင်ငှကနေ ရထားပြောင်းစီးပြီး၊ ဦးကြာအုံ့နဲ့ ရန်ကုန်အထိ လိုက်သွားပြီး၊ သနပ်ဖက်ဖိုးတွေ ငွေချေပြီး ပြန်ခဲ့တာပဲ "

ကိုဝေလကြီးသည် သူ ရန်ကုန်ရောက်ခဲ့ကြောင်း ကြင်စာရီ သိအောင် အရိပ်အမြွက်မျှ ပြောလိုက်သည်။ ကြင်စာရီသည် ကိုဝေလကြီး ရန်ကုန် ရောက်ခဲ့သည်ဟု ပြောလိုက်သည်နှင့် မျက်နှာ အနည်းငယ် ပျက်သွားသည်။ သို့သော် ချက်ချင်းပင် ဟန်ဆောင်လိုက်သည်။

" ဪ . . မောင် ရန်ကုန်ရောက်သွားသေးသကိုး၊ တို့ လင်မယားနှစ်ယောက် ရန်ကုန်တစ်မြို့တည်း ရောက်တာတောင် ဆုံကြဘူးနော်၊ ကုသိုလ်ကံများ လွဲချင်တော့ ကြုံဖန်ဖြစ်တာပဲ "

ကိုဝေလကြီးသည် ကြင်စာရီနှင့် ရန်ကုန်တွင် ဆုံတွေ့ခဲ့ကြောင်း ပြောပြလိုက်ချင်သည်။ သို့သော် မပြောရဲသေး။

ထိုစဉ်က ကြင်စာရီက သူသည် ကိုငွေမြနှင့် ဖောက်ပြန်ခဲ့ပါသည်ဟု စိတ်လိုလက်ရ ဝန်ခံသည့်တိုင်အောင် နားထောင်ရဲသော သတ္တိ ကိုဝေလကြီးတွင်မရှိပေ။

ထိုစဉ်က တရားခံ ဖြောင့်ချက်ပေးမည်ဆိုလျှင်ပင် ကိုဝေလကြီးသည် တရားခံဖမ်းဆီးချင်သောစိတ် လုံးဝမရှိပေ။

ထို့ကြောင့် ကြင်စာရီပြောသမျှကို မယုံသော်လည်း ယုံလိုက်သည်။

ကြင်စာရီပြောသကဲ့သို့ပင် အဒေါ်ဖြစ်သူ နေမကောင်း၍ သွားကြည့်ရာတွင် ညီဖြစ်သူ ကိုငွေမြနှင့် ရန်ကုန်တွင်ဆုံတွေ့သဖြင့် တွဲတက္ကသွားလာခြင်း ဖြစ်ပါစေဟု ကျိတ်ပြီး ဆုတောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြင်စာရီသည် အမှန်တကယ် ရိုးသားသူဖြစ်ပါက သူနှင့် ကိုငွေမြတို့ ရန်ကုန်တွင် ဆုံပြီး အတူတကွ သွားလာခဲ့သည်ကို ကိုငွေမြတို့ ရန်ကုန်တွင် ဆုံပြီး အတူတကွ သွားလာခဲ့သည်ကို အဘယ့်ကြောင့် ထုတ်မပြောရသနည်းဟု ကိုဝေလကြီး တွေးမိသည်။ ကိုဝေလကြီး၏ ဆုတောင်းသည် ပြည့်ဝမည်မဟုတ်ကြောင်း မဆွကပင် ကိုဝေလကြီး ရိပ်မိပါသည်။

သို့သော် သပွတ်အူ၏အစကို ဆွဲထုတ်ရန် ခွန်အားသည် ကိုဝေလကြီးထံတွင် မရှိသေးပေ။

ထို့ကြောင့် ယုတ္တိမတန်၊ မဆီလျော်သော်လည်း ကိုဝေလကြီး ကြိတ်မှိတ်ပြီး ယုံကြည်လိုက်သည်။

နောက်တစ်နေ့တွင် ညီဖြစ်သူ ကိုငွေမြ ပဲခူးသို့ ပြန်ရောက်လာသည်။

ကိုဝေလကြီးက ညီဖြစ်သူကို ဘယ်က ပြန်လာသလဲဟု မေးရာ၊ ညီဖြစ်သူက သူသည် ဆေးရွက်ကြီးများ စိုက်သော ရွှေကျင်ကျောက်ကြီးဘက်သို့ သွားနေကြောင်း ပြောလေသည်။

ရန်ကုန်တွင် ကြင်စာရီနှင့် ကိုငွေမြတို့ ကားတစ်စီးတည်း အတူစီးသွားသည်ကို တွေ့ခဲ့ပါလျက် ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြကို အမှုပေါ်အောင် မစစ်ဆေးတော့ပဲ ကွင်းရှောင်လိုက်သည်။

ကိုငွေမြ လိမ်ပြောသော ရွှေကျင် ကျောက်ကြီးဘက် သွားသည်ဆိုသော ကိစ္စမှာလည်း ခိုင်လုံသော လိမ်လည်မှုတစ်ခု မဟုတ်ပါ၊ ရွှေကျင်ကျောက်ကြီးဘက်ရှိ ဆေးရွက်ကြီးသွင်းနေသော ကိုယ်စားလှယ်ကို စုံစမ်းလိုက်ရုံမျှနှင့် ကိုငွေမြသည် ရွှေကျင်ကျောက်





ကြီးကို ရောက်မလာကြောင်း ပေါ်လွင်လာလိမ့်မည်။

သို့သော် ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြသည် အမှန်ပင် ရွှေကျင်ကျောက်ကြီးသို့ သွားခြင်းဖြစ်ပြီး၊ ကြင်စာရီနှင့် ကိုငွေမြကို ရန်ကုန်တွင် တွေ့ရခြင်းသည် သူသာ မျက်စိမှောက်မှားပါစေဟု ဆုတောင်းမိလေသည်။

နည်းနည်းကလေး စစ်ဆေးရုံမျှနှင့် ပေါ်ပေါက်မည့် အမှုတွဲကို ကိုဝေလကြီးသည် အမှုပိတ်လိုက်သည်။ မလုံဘဲ အာနေသော အဖုံးကို ကိုဝေလကြီးသည် တည့်တည့် ဖုံးပေးပြီး အပေါ်က ကျောက်ခဲတုံး ဖိထားလိုက်သည်။

. . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

လိမ်လည် လှည့်ဖြားရဲဆိုသည်မှာ ဆံချည်ကြိုးနှင့် လေးကို ချည်သလိုပင် မကြာခင်ပြတ်ထွက်ပြီး ရိုက်ခတ်ခံရပါသည်။

ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြနှင့် ကြင်စာရီတို့ဆက်ပြီး မျောက်ဖာတ်မခင်းနိုင်ရန်အတွက် သူသည် ပဲခူးနေအိမ်မှ မခွာတော့ပေ၊ ငွေရေးကြေးရေး မဟုတ်သောကိစ္စများတွင် ညီဖြစ်သူ ကိုငွေမြကိုသာ စေလွှတ်သည်။ မလွှဲမရှောင်သာသော ငွေရေးကြေးရေး ကိစ္စများနှင့် ခရီးထွက်ရလျှင် ဇနီးဖြစ်သူ ကြင်စာရီကိုပါ တပါတည်း ခေါ်သွားသည်။

သမင်နှင့်ကျား၊ ချည်သီးနှင့် ဆားကို နီးစပ်ခွင့်မပေးဘဲ ထိန်းသိမ်းလိုက်သည်။

ငမဲနှင့် နီပါးအတူထား နီပါးငမဲတူ ဟူသောစကားရှိပါ





သည်။ အကျင့်တန်သော ခွေးငမဲနှင့် ရိုးသားသော ခွေးနီပါးကို အတူထားလျှင် ရိုးသားသော နီပါးသည် ငမဲ၏ဓာတ်ကူးပြီး အကျင့်တန်မည်စိုးပြီး ငမဲနှင့်နီပါး အတူမထားရဟု ရှေးလူကြီးများက ဆိုခဲ့ကြသည်။ သို့သော် ကိုဝေလကြီး၏အဖြစ်တွင်မူ ငမဲကလည်း အကျင့်တန်၊ နီပါးကလည်း အကျင့်မကောင်းသဖြင့် အတူမအထားသော်လည်း နီးစပ်အောင် ဖြစ်လာကြသည်။

ဟန်ဆောင်လှည့်ဖြား ဖုံးကွယ်မှုများသည် ကြာရှည်မခံသလို ကိုငွေမြနှင့် ကြင်စာရီတို့ကို မနီးစပ်အောင် ကိုဝေလကြီးက ကြိုးစားသော်လည်း သူတို့နှစ်ယောက်၏ မျောက်ဖာတ်လမ်းကြီးသည် ဗူးပေါ်သလိုပေါ်လာသည်။ ထိန်းမရ သိမ်းမရ ဖြစ်လာသည်။

သို့ရာတွင် ရုပ်ဆင်းရူပကာ ချောမောလှပသော ကြင်စာရီကို ကိုဝေလကြီးက မပစ်နိုင်သလို ညီဖြစ်သူ ကိုငွေမြကိုလည်း မစွန့်နိုင်၊ ထို့ကြောင့် ကိုဝေလကြီးသည် မသိချင်ဟန်ဆောင်နေရ၍ သူတို့နှစ်ယောက် အသိတရားရပြီး ကိုယ်ရှိန်သတ်ရန်သာ ကျိတ်ပြီး ဆုတောင်းနေမိသည်။

ထိုသို့ မသိချင်ဟန် ဆောင်နေရသော ကိုဝေလကြီးအတွက် အလွန်တရာစိတ်ဆင်းရဲ ပင်ပန်းလှပါသည်။ အသည်းနှလုံးကို မီးကျီခဲနှင့် အုံးသလို အခံရခက်လှပါသည်။

ထိုစဉ်က ကိုဝေလကြီးက သူတို့နှစ်ယောက် ဖောက်ပြန်နေကြောင်း လက်ဆုပ်လက်ကိုင်ဆွဲပြပါက သူတို့နှစ်ယောက်သည် ကိုဝေလကြီးကို ပစ်ပြီးထွက်ပြေးမည်မှာ သေချာလှပေသည်။ ထိုသို့ ခိုးရာထွက်ပြေး ခံရမည်ကို ကိုဝေလကြီး ရင်မဆိုင်ဝံ့သဖြင့် သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းကို မသိချင်ဟန်ဆောင်နေရခြင်း ဖြစ်သည်။

မြွေပွေ့ရာကင်းမှောင့်ဆိုသော စကားကဲ့သို့ ထိုသို့ ကြင်စာ နှင့် ကိုငွေမြတို့ ဖောက်ပြန်နေသော ဓာတ်လမ်းကို မရှင်းလင်းနိုင်သေး မီပင် ဓာတ်ရှုပ်တစ်ခုကို ရင်ဆိုင်လာရပြန်သည်။

ထိုဓာတ်ရှုပ်၏ အဓိကဓာတ်ကောင်မှာလည်း ချစ်ဇနီး ကြင်စာရီပင် ဖြစ်သည်။ တစ်ဘက်အမှုသည်ကား ကြင်စာရီ၏ ယောကျ်ား ထွန်းလုံဆိုသူပင်ဖြစ်၏။

ဘယ်အခါမျှ ယောကျ်ားရှိခဲ့ဖူးသည်ဟု မဆိုခဲ့သော ကြင်စာရီတွင် လင်ယောကျ်ားတစ်ယောက် ရှိခဲ့ကြောင်း ပေါ်လွင်လာ ခြင်းဖြစ်သည်။

ထိုအချိန်ကျမှ ကိုဝေလကြီး၏ ရူးမတတ်အောင် ချစ်ခဲ့ရသော အချစ်ဦးကလေး ကြင်စာရီသည် လင်နှစ်ယောက် ရခဲ့ကြောင်း သိခဲ့ သည်။

ယခု ပဲခူးသို့ လိုက်လာသူမှာ ကြင်စာရီ၏ ဒုတိယလင်ဖြစ် သူ ထွန်းလုံဆိုသူဖြစ်သည်။ ထွန်းလုံသည် ဘိန်းမှုတစ်ခုနှင့် ထောင် ကျနေစဉ် ကိုဝေလကြီးနှင့် ကြင်စာရီတို့ ညားခဲ့ကြခြင်းဖြစ်သည်။

အပျိုပါပဲဟု ဆိုခဲ့သဖြင့် ကြင်စာရီကိုယူခဲ့သော ကိုဝေလကြီး သည် ယခုကဲ့သို့ ကြင်စာရီတွင် လင်ရှိနေကြောင်း သိရပြန်သောအခါ ကြင်စာရီကို စိတ်ဆိုးဒေါသဖြစ်ပြီး စွန့်ပစ်ရမည့်အစား ကြင်စာရီသည် ထိုလင်ဟောင်းနှင့် ပြန်လိုက်သွားမည်ကို လွန်စွာစိုးရိမ်မိခဲ့လေသည်။

ကြင်စာရီသည် အပျိုဟုဆိုပြီး ကိုဝေလကြီးကို လိမ်လည် လှည့်ဖြား ယူခဲ့သည်ကို ပြစ်တင် မောင်းမဲရမည့်အစား ကိုဝေလကြီး





သည် ထွန်းလုံနှင့် ကြင်စာရီ ပြန်မလိုက်သွားရန် သနားစဖွယ် တောင်းပန်ခယ ရှာလေသည်။

ကိုဝေလကြီးသည် ကြင်စာရီက ထွန်းလုံနောက် ပြန်လိုက် သွားမည်ကို စိုးရိမ်သလို ကိုထွန်းလုံကလည်း ကြင်စာရီကို မရမက ပြန်ခေါ်မည်ကို စိုးရိမ်နေခဲ့သည်။

ကိုဝေလကြီး၏ ဆုတောင်းပြည့်ပါသည်။

ကြင်စာရီကို ကိုဝေလကြီးကသာ တလေးတစား တန်ဖိုး ထားနေသော်လည်း ထွန်းလုံကဲ့သို့ ဘိန်းသယ်ယူ ပို့ဆောင်သူ တစ်ယောက်ကမူ ကြင်စာရီကို မှန်ကန်စွာ တန်ဖိုးဖြတ်နိုင်၍လားမသိ၊ တန်ဖိုးလုံးဝမထားပေ။

ထွန်းလုံက သူထောင်ကျနေတုန်း ကိုဝေလကြီးသည် သူ၏ မယားကြင်စာရီကို ခိုးယူပေါင်းသင်းခဲ့သဖြင့် မယားခိုးမှုနှင့် တရားစွဲ မခံချင်ပါက ငွေငါးထောင် လျော်ကြေးပေးရန် တောင်းဆိုပါသည်။

ကြင်စာရီကို မြတ်နိုးနေရှာသော ကိုဝေလကြီးသည် ကိုထွန်းလုံတောင်းဆိုချက်ကို ဈေးပင်မဆစ်ပဲ ငွေငါးထောင်ကို ချက်ချင်း ထုတ်ပေးလိုက်သည်။ ကြင်စာရီသည် ငွေငါးထောင်မက တန်ကြောင်း ကိုဝေလကြီးသည် ထင်မိလေသည်။ ထို့ကြောင့် မယားကို ပြန်မခေါ်ဘဲ လျော်ကြေးကိုသာ ယူသောထွန်းလုံကို ကိုဝေလကြီးက ကျေးဇူးတင်မိသေးသည်။ နောက် ငွေကုန်လျှင် လာခဲ့ ပါဦးဟုပင် မိုက်မဲစွာ ဖိတ်မန္တက ပြုလိုက်သေးသည်။

ကိုလေဝကြီး၏စိတ်ထဲတွင် ကြင်စာရီကို ငွေငါးထောင်နှင့် ရလိုက်သည်မှာ ဈေးချောင်းမိပြီး အရတော်လေခြင်းဟု အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖွေဆိုးပါသည့်နွားကိုပင် အရချောင်သည်ဟု နွားအကြောင်းကို မသိသူ ထင်ကြသလို မယားအကြောင်းမသိရှာသော ကိုဝေလကြီးမှာ ကြင်စာရီကို တန်ဖိုးထားလေသည်။ ကိုဝေလကြီးသည် ခြံခုန်သော နွားကိုပင် ပေါ့ပါးသည်ဟု ထင်မြင်မည့်သူ ဖြစ်နေသည်။

ယခု ကိုဝေလကြီး ပြောပြနေသော ဇာတ်လမ်းမှာ မတင်မကျ ဖြစ်နေသည်။ ကိုဝေလကြီးသည် သူ၏ဇနီး ကြင်စာရီနှင့် ညီဖြစ်သူ ကိုငွေမြတို့ တိတ်တိတ်ပုန်းဖြစ်နေသော ကိစ္စကို မဖော်ထုတ်မီ ကိုထွန်းလုံဆိုသော ကြင်စာရီ၏ ယောက်ျားဆိုသူက ဝင်လာပြန်သည်။

" ဒီမှာအစ်ကိုကြီးရ၊ အစ်ကိုကြီးဇာတ်လမ်းကလဲ မတင်မကျကြီးနဲ့၊ ကိုထွန်းလုံဆိုတဲ့လူ ပဲခူးကိုရောက်လာပြီး အစ်ကိုကြီးဆီက ငွေငါးထောင်ယူသွားတဲ့အထိ အစ်ကိုကြီးက ကိုငွေမြနဲ့ ကြင်စာရီတို့ နောက်မီးလင်းနေတာကို မဖမ်းသေးဘူးနော် . . "

မောင်ဝေလကလေးက သူ၏ရင်တွင်း၌ မရှင်းမလင်း ဖြစ်နေသောကိစ္စကို ကိုဝေလကြီးကို မေးလိုက်သည်။

ကိုဝေလကြီးက . . .

" အေးပါကွ။ မတင်မကျ ဖြစ်နေတာ အဲဒီတုန်းကသာ မဟုတ်ပါဘူး။ အခုထိပါ။ ငါလူသတ်မှုဖြစ်တဲ့အထိ။ ညီလေးနဲ့ ကြင်စာရီတို့ နောက်မီးလင်းတဲ့ကိစ္စကို ငါ ဖော်မထုတ်ခဲ့ပါဘူး။ မျက်နှာကိုလက်သီးနဲ့ ငေါက်တောက်ထိုးပြီး စွပ်စွဲရမယ့် ကိစ္စဖြစ်ပေမယ့် ငါ့ရင်ထဲမှာ သိမ်းဆည်းခဲ့ပါတယ်ကွာ "

" ဘာဖြစ်လို့လဲ အစ်ကိုကြီးရ "

" ဘာဖြစ်လို့ ရမှာလဲကွ။ ကြင်စာရီကို ငါ သိပ်ချစ်လို့ပေါ့





ကွာ "

" ဟာဗျာ . . အစ်ကိုကြီး အချစ်ကလဲ လွန်ပါတယ် "

" မလွန်နဲ့ မောင်ဝေလ၊ ထွန်းလုံရောက်လာကတည်းက ငါ ထိတ်ထိတ်ပျာပျာဖြစ်ပြီး ညီလေးနဲ့ ကြင်စာရီတို့ ကိစ္စကို ငါ ဆူလားပူလား မလုပ်ရဲတော့ဘူး "

" အစ်ကိုကြီးမိန်းမက ပြစ်မှုတစ်ခုတည်း မဟုတ်ဘဲ နှစ်ခု ကျူးလွန်တာကို ဘူးပေါ်သလို ပေါ်လာတာတောင် အစ်ကိုကြီးက ခွင့်လွှတ်နိုင်တာ အံ့ဩစရာပဲနော် "

" အေး . . ထွန်းလုံ ရောက်ကတည်းက ထွန်းလုံကသာ ကြင်စာရီကို ပြန်ခေါ်သွားရင် အခက်တွေချည်ရဲ့ဆိုပြီး ငါ့မှာ ပူပန်လိုက်ရတာကွာ၊ တကယ်ပါပဲ။ တကယ်လို့သာ ထွန်းလုံသာ ရောက်မလာရင် ညီလေးနဲ့ ကြင်စာရီကိစ္စကို ငါပြောင်ပြောင်ဖွင့်ပြီး စွပ်စွဲမိမှာပဲ၊ ထွန်းလုံရောက်လာတော့ ကြင်စာရီကိုလက်လွှတ်ဆုံးရှုံးရမှာကြောက်လို့ ညီလေးနဲ့ ကြင်စာရီတို့ ဖောက်ပြန်နေတာကို သိလျက်နဲ့ ငါ မစွပ်စွဲရဲတော့ဘူး၊ တကယ်လို့ စွပ်စွဲလိုက်ရင် ညီလေးနဲ့ ကြင်စာရီတို့က ဝန်ခံပြီး ယူလိုက်ကြမှာကို မခံနိုင်လို့ ငါလဲ မသိချင်ယောင်ဆောင်တဲ့ လုပ်ငန်းကြီးကို ဆက်လုပ်ခဲ့ရတာပေါ့ကွာ "

ကိုဝေလကြီး၏ စိတ်နေသဘောထားသည် အလွန်ပင် ထူးဆန်းသည်ဟု မောင်ဝေလကလေး ထင်မိသည်။

လူတစ်ယောက်သည် အပြစ်တစ်ခု ကျူးလွန်သည်ထက် အပြစ်နှစ်ခု ကျူးလွန်သည်က ပို၍ အပြစ်ဒဏ် ကြီးလေးပါသည်။ ယခုလည်း မကြင်စာရီသည် ကိုငွေမြနှင့် ဖောက်ပြန်နေသော ပြစ်မှု



www.burmeseclassic.com

www.burmeseclassic.com



သာမက ကာမပိုင်လင်ယောကျ်ား ရှိခဲ့ပါလျက် အပျိုဟုလိမ်ညာပြီး ကိုဝေလကြီးကို ယူခဲ့သော ပြစ်မှုပါ ရှိလာပါသည်။

ကြင်စာရီ ပြစ်မှုတစ်ခုကျူးလွန်စဉ်က ကိုဝေလကြီးသည် စွပ်စွဲရန် ကြိုးစားခဲ့သော်လည်း ပို၍ကြီးမားသော ပြစ်မှုနှစ်ခု ကျူးလွန်ပြန်သောအခါမှ ပို၍ နှစ်နှစ်နာနာ စွပ်စွဲရှုတ်ချရမည့်အစား ကိုဝေလကြီးသည် လုံးဝချမ်းသာခွင့် ပေးလိုက်သည်မှာ ဆန်းလှသည်။

"အဲဒီ ကိုထွန်းလုံဆိုတဲ့ မကြင်စာရီရဲ့ ယောကျ်ားဟာ အစ်ကိုကြီးဆီ နောက်ထပ် ရောက်လာသေးသလား"

"လာတာပေါ့ကွာ၊ ထွန်းလုံးအတွက် ငါ့ဟာ သူ့ရဲ့ငွေတွင်းရှာစ်တွင်းဖြစ်နေတာပေါ့၊ ငွေကုန်တာနဲ့ ရောက်လာတာပဲ လက်ဝါးဖြန့်တာပဲ၊ ငါကလဲ တစ်ထောင်မျိုး နှစ်ထောင်မျိုး ပေးလိုက်တာချည့်ပါပဲ၊ ငါတို့များ ဥပဒေပညာနဲ့ ပတ်သက်ပြီး ဘယ်လောက်ညံ့သလဲဆိုတာ သူက ငါ့ကိုမယားခိုးမှုနဲ့ တရားစွဲမခံချင်ရင် လျော်ကြေးပေးရမယ်လို့ တောင်းဆိုတယ်၊ သူနဲ့ ကြင်စာရီတို့ ကွာရှင် ပြတ်စဲကြောင်း 'ကွာစာ'လုပ်ပေးရမှာကို မလုပ်ထားမိတော့ ထွန်းလုံဟာ ခွေးလမ်းဖောက်ပြီး တို့ရဲ့ဓာတ်လမ်းမှာ ဓာတ်ကောင်သစ်တစ်ယောက် ဖြစ်လာတာပဲ"

"အစ်ကိုကြီးဟာက မကြင်စာရီအတွက်ဆိုရင် အစ်ကိုကြီးရဲ့ စည်းစိမ်ဥစ္စာမှန်သမျှကို မင်းစပါးလှန်းသလို လှန်းနေတာကိုဗျ"

"အေးကွာ၊ ကိုယ်ကလဲ ဒီလောက်ကြီးတဲ့ဆင်ကြီးကို သတ်မိမှတော့လဲ ဆင်သတ်ပြီး အရပ်ဝေရတာပေါ့"

"အစ်ကိုကြီးကလဲ တော်တော်ခက်တာပဲ၊ ကျွန်တော်သာဆို





ရင် မကြင်စာရီကို တစ်ခါကည်း အိမ်ပေါ်က နှင်ချလိုက်ပြီ၊ သူအပြစ်ကျူးလွန်တာ ခွင့်လွှတ်ရအောင် တစ်ကြိမ် တစ်ခါမှ မဟုတ်ဘဲ၊ နှစ်ကြိမ်နှစ်ခါပဲဟာ"

"ကျောက်ကောင်းဆိုရင် အနာတော့ပါစမြဲပေါ့ မောင်ဝေလရာ"

"ဟိုဟာကကျောက်ဗျ၊ လူမှာ အနာပါရင် ပုပ်စော်နံလာရောဗျ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကိုဝေလကြီးသည် ဆံပင်တတင်း ချစ်ခြင်းမယားဖောက်ပြန်နေသည်ကို ဒိန်းတလိန်းနတ် မူးနေရှာသော်လည်း သူ၏မယားကို မစွန့်လွှတ်နိုင်သေး၊ သူသည် သည်းခံပြီး နေရှာပါသည်။

ကိုဝေလကြီးဘက်မှ အစစအရာရာ ချုပ်ထိန်းအနစ်နာခံခဲ့သော်လည်း ကိုငွေမြနှင့် မကြင်စာရီတို့က တစ်ဆင့်ကဲတက်လာပြန်ပါသည်။

ကိုဝေလကြီးက ကိုငွေမြတို့ကိစ္စ မသိကျိုးကျွန်ပြုနေသော် ကိုငွေမြနှင့် မကြင်စာရီတို့သည် ကိုဝေလကြီးအပေါ် နောက်ကျောကဓားနှင့်ထိုး၊ အမျိုးမျိုးယုတ်မာရန် ရှေ့တစ်လှမ်း တိုးလာကြပါသည်။

ကိုဝေလကြီး၏မယားကို ရ , ထားရုံနှင့် အားမရ မတင်း





တိမ်နိုင်သော ကိုငွေမြသည် ကိုဝေလကြီး၏ စည်းစိမ်ဥစ္စာများကိုပါ လိုချင်တပ်မက်သောစိတ်များ တဖွားဖွား ပေါ်ပေါက်လာပြန်သည်။

တနည်းအားဖြင့်လည်း ကိုဝေလကြီး အသက်ရှင်လျက်ရှိနေလျှင် မကြင်စာရီနှင့် ထင်ထင်ပေါ်ပေါ် လွတ်လွတ်လပ်လပ် နေရမည်မဟုတ်ပေ၊ ထို့ပြင် ကိုဝေလကြီးကသာ သေဆုံးသွားပါက သူ၏တည်ထောင် ကြိုးပမ်းခဲ့ရသော စီးပွားဥစ္စာ ရတနာများနှင့် ဆေးလိပ်ခုံမှရရှိသော အကျိုးစီးပွားတို့ကို တစ်သက်စာမကုန်အောင် ထိုင်စားရတော့မည် မဟုတ်ပါလား။

ထို့ကြောင့် ကိုငွေမြနှင့် ကြင်စာရီတို့သည် ကိုဝေလကြီးကို အပျောက်ရှင်းရန် စီစဉ်ကြလေတော့သည်။

ကိုငွေမြနှင့် မကြင်စာရီတို့သည် တစ်ချက်ခုတ် နှစ်ချက်ပြတ်ရန်အတွက် ကိုထွန်းလုံနှင့် ကိုဝေလကြီးကို ရန်တိုက်ပေးရန် စီစဉ်ကြသည်။ အကယ်၍ ကိုဝေလကြီးက ထွန်းလုံကိုသတ်ပစ်လျှင် လူသတ်မှုနှင့် ကြိုးစင်တက်ရမည်ဖြစ်ရာ ကိုထွန်းလုံလည်းသေ၊ ကိုဝေလကြီး၏ စည်းစိမ်ဥစ္စာတို့ကိုလည်း ကိုငွေမြနှင့် ကြင်စာရီတို့က မောင်ပိုင်စီးနိုင်ပေသည်။

အကယ်၍ ကိုထွန်းလုံက ကိုဝေလကြီးကို သတ်ပစ်လိုက်လျှင်လည်း သူတို့အတွက် ပို၍ကောင်းသည်။ ကိုဝေလကြီး သေဆုံးသွားလျှင် ကိုဝေလကြီး ချမ်းသာသမျှ စည်းစိမ်ဥစ္စာတို့ကို သူတို့ပိုင်ဆိုင်ပြီး ကိုထွန်းလုံလည်း လူသတ်မှုနှင့် ထောင်ကျသွားမည် မဟုတ်ပါလော။

ထို့ကြောင့် ကိုဝေလကြီးနှင့် ကိုထွန်းလုံတို့နှစ်ယောက်အို



www.burmeseclassic.com

www.burmeseclassic.com



ရန်တိုက်ပေးရန် ကိုငွေမြနှင့် မကြင်စာရီတို့သည် စီမံကိန်းချပြီး အကြီးအကျယ် လုံးပန်းလေတော့သည်။

ကိုဝေလကြီးနှင့် ကိုငွေမြတို့မှာ အမြွှာပူးညီအစ်ကို ဖြစ်သဖြင့် ရုပ်ချင်းက ဆင်တူသောကြောင့် အထူးဇီရိယစိုက်ပြီး ကိုထွန်းလုံ၊ ကိုဝေလကြီးတို့ကို ရန်တိုက်ပေးစရာမလိုပေ။

ကိုဝေလကြီးနှင့် ကိုငွေမြတို့ ဝတ်စားဆင်ယင်ပုံမှာ အနည်းငယ်ကွဲပြားသည်။ ကိုဝေလကြီးသည် မြန်မာဆန်သော အဝတ်အစားဖြစ်သော မန္တလေး ကျစ်ကိုးပုဆိုး တိုက်ပုံအင်္ကျီနှင့် ကျေးတရာခေါင်းပေါင်းတို့ကို မြန်မာဆန်ဆန် ဝတ်စားသည်။ ကိုငွေမြမှာ ခေတ်ဆန်သော ဘလေဇာကုတ်အင်္ကျီ၊ ရှီးတိုက်မှထုတ်သော စပို့ရှပ်ပနားမှား ကွမ်းရိုးစင်း ရှပ်အင်္ကျီစသည်တို့က လျှပ်ပေါ်လောလီပြီး ဝတ်စားတတ်သည်။

ကိုဝေလကြီးနှင့် ကိုငွေမြတို့မှာ အသံအနည်းငယ် ကွဲပြားသည်။ ကိုဝေလကြီး၏အသံမှာ ခပ်သြသြဖြစ်ပြီး၊ ကိုငွေမြအသံမှာ ခပ်ပျာပျာဖြစ်သည်။ ထိုရက်ပိုင်းများအတွင်း ကိုငွေမြသည် ကိုဝေလကြီး၏ အသံနှင့်တူရန် အနည်းငယ် လေ့ကျင့်လေသည်။

ကိုငွေမြသည် ကိုဝေလကြီး၏အသံနှင့် တူအောင် ခပ်သြသြပြောတတ်အောင် လေ့ကျင့်ပြီးနောက် ကိုထွန်းလုံနှင့် တွေ့ဆုံရန် ချိန်းဆိုလိုက်လေသည်။

ကိုထွန်းလုံသည် ပဲခူးမြို့ဘူတာရုံရှိ တရုတ်စားသောက်ဆိုင်တစ်ခုတွင် ကိုဝေလကြီးနှင့်တွေ့ဆုံရန် ချိန်းဆိုလိုက်လေသည်။

ချိန်းဆိုထားသောနေ့တွင ကိုငွေမြသည် ကိုဝေလကြီးကဲ့သို့





ပင် မြန်မာဆန်ဆန် ထားဝယ် နံ့ဖြတ်ပုဆိုး အယ်(လ်)ပတ်ကားတိုက်ပုံအင်္ကျီ၊ ရွှေကျင်ခေတ် ပဝါတို့ကို ပေါင်းပြီး ကိုဝေလကြီး ဟန်ဆောင်ကာ ပဲခူးဘူတာရုံအနီး တရုတ်စားသောက်ဆိုင်သို့ သွားလေသည်။

စားသောက်ခန်းတစ်ခုထဲတွင် ကိုထွန်းလုံသည် ကိုဝေလကြီးဟန်ဆောင်လာသော ကိုငွေမြကို အသင့်စောင့်နေလေသည်။

ကိုထွန်းလုံသည် အရက်ပုလင်းနှင့် အမြည်းများ စားသောက်နေရင်း ကိုငွေမြကို အသင့် စောင့်နေလေသည်။

ကိုငွေမြ အခန်းတွင်းသို့ ဝင်သွားသည်နှင့် ကိုထွန်းလုံသည် အရက်အတန်ငယ်မူးနေပြီး အရှိန်ရစ ပြုနေသည်။ ကိုထွန်းလုံသည် ကိုငွေမြကို တွေ့လိုက်သည်နှင့် လှုံမိုက်ပီပီ ထီမထင်သော အမူအရာမျိုးနှင့် . . .

“ လူကြီးမင်းက ဘာအရေးဘာကိစ္စများရှိလို့ ကျွန်တော့်ကို ဒုရာစစ ချိန်းဆိုရတာလဲဗျ။ ဘာလဲ မယားခိုး ဆက်ကြေးကို တိုးဖြီးပေးမလို့ သဒ္ဓါပေါက်လာဟန် တူပါရဲ့ ”

ကိုငွေမြသည် ကိုထွန်းလုံ၏ အမူအရာကြောင့် သူသည် ကိုဝေလကြီး ဟန်ဆောင်ပြီး လာခဲ့ရလင့်ကစား ဒေါသထွက်သွားသည်။

သို့သော် ဆေးလိပ်ခုံပိုင်ရှင်ကိုဝေလကြီး ဟန်ဆောင်ထားသဖြင့် ကိုငွေမြ၏မိုက်တီခိုက်ကန်း အမူအရာမျိုးကို ချိုးနှိမ်သည်းခံလိုက်ပြီး . . .

“ ဒီမှာ ကိုထွန်းလုံ၊ ခင်ဗျားက ကျွန်တော့်ကို ခင်ဗျားရဲ့ ထွင်းကြီးတစ်တွင်း အောက်မေ့နေသလား ”



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ သူဌေးမင်းရဲ့ ကျုပ်ကတော့ လူသေကောင်ပါးစပ်ထဲက ငွေတစ်မတ်ကိုလဲ နည်းတယ်လို့ မထင်ပါဘူးဗျာ ဟဲ . . ဟဲ"

" ဒီနေ့တော့ ကျုပ် ရှင်းရှင်းပဲ ပြောချင်တယ်ဗျာ။ ခင်ဗျား ကျုပ်ဆီက ငွေညှစ်တဲ့အလုပ်ကို ရပ်တန်းက ရပ်တော့ဗျာ"

" ဘာလဲ ခင်ဗျားရဲ့ မယားခိုးဆက်ကြေးကို ရပ်စဲတော့ မလို့လား "

ထိုသို့ပြောရင်း ကိုထွန်းလုံသည် အရက်တစ်ခွက်ကို သောက်ချလိုက်ပြန်သည်။ ထို့နောက် ကိုထွန်းလုံသည် အရက်ကို ဖန်ခွက် အသစ်တစ်ခွက်ထဲသို့ ဖြည့်ပေးပြီး ကိုငွေမြဘက်သို့ ထိုးပေးလိုက်သည်။

" ဖြည်းဖြည်းပေါ့ ဦးလေးရာ။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ဟာ မယားတစ်ယောက်တည်းကို အတူယူထားတဲ့ မယားညီအစ်ကိုပါဗျ။ ခင်ခင်မင်မင်ပေါ့၊ ရော့ သောက်လိုက်စမ်းပါဦး"

ကိုငွေမြသည် စားသောက်ခန်းထဲ ဝင်လာစကပင် ကိုထွန်းလုံ အရက်သောက်နေသည်ကို မြင်ကတည်းက အရက်သောက်ရန် သွားရည်ယိုနေမိသည်။ ယခု ကိုထွန်းလုံက အရက်ခွက်ကို ထိုးပေး လိုက်သောအခါ သူသည် ကိုဝေလကြီး ဟန်ဆောင်လာသော မျက်နှာ ဖုံးသည် ကွာကျသွားသည်။ ကိုဝေလကြီးသည် ယခုအသက်အရွယ် တိုင်အောင် အရက်သောက်သူမဟုတ်ပေ။

ကိုငွေမြသည် ကိုထွန်းလုံ ထိုးပေးသော အရက်ခွက်ကို ယူပြီး ကွပ်ခနဲနေအောင် သောက်ချလိုက်သည်။

ကိုထွန်းလုံက အရက်ခွက်ကို ထပ်မံ ဖြည့်ပေးလိုက်သော





ခါ ကိုငွေမြသည် အရက်ကို ဆက်တိုက်ပင် သောက်ချလိုက်သည်။

ကိုထွန်းလုံသည် အရက် လုံးဝမသောက်ဟု ကျော်ကြားသော ဆေးလိပ်ခုံပိုင်ရှင် ကိုဝေလကြီး၏ အပြုအမူကို ကြည့်ပြီး အံ့သြနေ သည်။

" ဘယ်လိုလဲ ကိုဝေလရဲ့၊ ဒီတစ်ခါ အရက်မသောက်စဖူး သောက်နေပါလား "

ကိုငွေမြက . . .

" ကျုပ် သိပ်စိတ်ညစ်တယ် ကိုထွန်းလုံ။ ခင်ဗျားရဲ့မယား ကြင်စာရီကို ယူမိတာနဲ့ ကျုပ် ရှေ့လျှောက် ခင်ဗျားကို ငွေမပေးနိုင်တော့ ဘူး "

ကိုထွန်းလုံးက မခိုးမခန့် ပြုံးလိုက်ပြီး . . .

" ကျုပ်ရဲ့မယား၊ အဲလေယောင်လို့ ဦးဝေလရဲ့ မယား ကြင်စာရီဟာ ငွေတစ်သောင်းမကတန်ပါတယ်ဗျာ။ ကြင်စာရီက သိပ်လှတယ်နော် "

" သိပ်လှလို့ သိပ်ခက်နေတာပေါ့ဗျ။ ကျုပ်လဲလှတာမက် တော့ ညစာခက်နေတာပေါ့ဗျ"

" ရှေးဘဝက ရေစက်ကြောင့် ဒီဘဝမှာ ဦးဝေလနဲ့ ကျွန်တော်နဲ့ဟာ မယားညီအစ်ကိုလာတော်ရတာဗျ။ ကြင်စာရီရဲ့ မျက်နှာကို ထောက်ထားပြီး ဆက်ပြီး ထောက်ပံ့ဦးမှပေါ့ဗျာ။ နို့မဟုတ် ရင် ပဲခူးမြို့ မြို့မျက်နှာဖုံးဆေးလိပ်ခုံပိုင်ရှင်ကြီး တစ်ယောက် မယားခိုး မှုနဲ့ ရုံးရောက်ရင် အရှက်တစ်ကွဲ အကျိုးနည်းဖြစ်ရမည်က ငွေ တစ်သောင်းမက တန်ပါလိမ့်ဦးမယ်ဗျနော်"



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလုံက ခြိမ်းခြောက်လိုက်သည်။ အကယ်၍သာ ကိုဝေလကြီးသာ ဖြစ်ပါက ကိုထွန်းလုံ၏ ခြိမ်းခြောက်မှုကြောင့် တုန်လှုပ်ပြီး တွေဝေသွားပေလိမ့်မည်။ သို့သော် ကိုငွေမြမှာ ကိုဝေလကြီး အစစ်မဟုတ်သဖြင့် တွေဝေငေးမောခြင်းမရှိဘဲ ချက်ချင်းပင် ကိုထွန်းလုံ အား နှုတ်တုံ့ပြန်လိုက်သည်။

" ဒီမှာ ကိုထွန်းလုံ၊ ဒီတစ်ခါ ခင်ဗျားကြိုက်သလောက် ငွေတောင်း ကျုပ်ကျေနပ်ပြီး ပေးနိုင်လောက်တဲ့ ငွေဆိုရင် ခင်ဗျား ပေးဖို့စဉ်းစားမယ်။ အေး ဒါပေမယ့် အဲဒီလိုငွေမပေးခင် ခင်ဗျား ကြင်စာရီကို မန္တလေးဖြစ်ဖြစ်၊ ပဲခူးနဲ့ဝေးတဲ့ အထက်မြန်မာပြည် မြို့တစ်မြို့မှာဖြစ်ဖြစ် ကွာရှင်းပြတ်စဲပြီဆိုတဲ့ ကွာစာကိုတော့ ခင်ဗျား လက်မှတ်ထိုးပေးရလိမ့်မယ် "

" ဘာလဲ . . ဦးဝေလရဲ့ ဥစ္စာစောင့် သိုက်ပြောင်းတော့ မလို့လား . . "

" မဟုတ်ဘူး၊ ခင်ဗျားလို ငွေညှစ်တဲ့ လူနဲ့ မဆက်ဆံချင် တော့ဘူး၊ ပြည်ဖုံးကား ချလိုက်ချင်ပြီ "

ကိုထွန်းလုံသည် အရက်ဖန်ခွက်ကို ဟန်ပါပါမော့ကြ လိုက်ပြီး ကိုငွေမြကို မကျေနပ်သော အမူအရာနှင့်ကြည့်ပြီး . . .

" ဒီမှာ ဦးဝေလရဲ့၊ ကျွန်တော်က ကွာစာကို လက်မှတ် ပေးလိုက်ရင် နေ့တိုင်း ရွှေဥပေးနေတဲ့ ရွှေငန်းကြီးကို သတ်ပစ်သလို ဖြစ်သွားမှာပေါ့ "

ကိုထွန်းလုံသည် ထိုသို့မခိုးမခန့်ပြောပြီး အရက်ကိုသောက် လိုက်သည်။ ထို့နောက် ကိုထွန်းလုံသည် မျက်ထောင့်နီကြီးဖြင့်





...ကြည့်ပြီး ကိုငွေမြကို ဂရုမစိုက်သော အမူအရာနှင့် . . .

" တကယ်လို့ ကျွန်တော်က ကွာစာကို လက်မှတ်မထိုးပေး ...ကော ဦးဝေလရဲ့ . . . "

" ခင်ဗျားကို ငွေမပေးတော့ဘူးပေါ့ "

" ကျွန်တော့်ကို ငွေမပေးတော့ဘူးဆိုရင် ဦးဝေလ မယားခိုး ...တရားခံအဖြစ်နဲ့ ရုံးတော်က ဆင့်စာကို စောင့်မျှော်နေပေါ့ဗျာ၊ ရှေ့နေ ...ကောင်းကောင်းကို ဈေးကြီးကြီးပေးပြီး ငှားထားပေါ့ဗျာ "

ထိုအခါ ကိုငွေမြသည် အရက်ဖန်ခွက်ကို စားပွဲပေါ်သို့ ...ဆောင့်ချလိုက်ပြီး၊ ကုလားထိုင်တွင် ထိုင်နေရာမှ ဆတ်ခနဲထလိုက် ...သည်။ ထိုငွေမြ၏မျက်နှာတွင် ဒေါသရောင်များ လွှမ်းနေသည်။

ကိုငွေမြက . . .

" ဒီမှာ ကိုထွန်းလုံ ခင်ဗျား ကျုပ်ဆီက ငွေညှစ်ပေါင်း ...များလှပြီနော် "

ကိုထွန်းလုံက . . .

" သိပ်မများပါဘူး ဦးဝေလရဲ့၊ ငွေတစ်သောင်းကျော်ရုံ ...လေးပါ၊ ကြင်စာရီက တစ်သောင်းမက တန်ပါတယ်လေ၊ မယားခိုး ...အရှက်ကွဲမှာက တစ်သောင်းမက တန်ပါတယ်။ ရုံးတော်မှာ ...ကောင်မကျအောင် ရှေ့နေငှားရမှာတွေ စဉ်းစားကြည့်ပါဦးလေ ...ဝေလရဲ့ "

ကိုငွေမြက လွန်စွာ ဒေါသထွက်သော အမူအရာနှင့် . . .

" ခင်ဗျားပါးစပ် ပိတ်ထားစမ်းပါ ကိုထွန်းလုံ၊ မှန်တယ် ...ယားခိုးမှုအတွက်လဲ အရှက်မကွဲရအောင်၊ ရှေ့နေခလဲ မကုန်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တစ်ခုခုလုပ်ဖို့တော့ စီစဉ်ရတော့မယ် "

"ဘယ်လို အစီအစဉ်များလဲ ဦးဝေလရဲ့ "

"ကြေးစား လူသတ်သမား ငှားလိုက်ရင် ဒီလောက်အကျ အကျလဲ မများတော့ဘူး . . ."

"ဘယ်သူ့ကို သတ်ဖို့လဲ "

"မယားခိုးမှုနဲ့ စွပ်စွဲမယ့်လူရဲ့ နှုတ်ကို ပိတ်ဖို့ပေါ့ "

ကိုငွေမြ၏စကားကြောင့် ထွန်းလုံသည် အနည်းငယ်တုန်လှု သွားပါသည်။ သို့သော် အရက်အရှိန်ကလည်း ရနေပြီး၊ လူဆ တစ်ယောက်ဖြစ်၍ ထွထွေ့ဆည်လိုက်နိုင်သည့်ပြင်၊ အရေးမစိုက်သေ အမူအရာမျိုး တမင်တကာ ဖန်တီးလိုက်ပြီး . . .

"ဦးဝေလရဲ့ အကြံက မဆိုးပါဘူး "

"ဟုတ်တယ်လေ၊ ကျုပ်တို့ ပဲခူးကွင်း နတ်ရေကန်၊ ကျွဲတဲ ကုလားချောင်းကြီးဘက်မှာ ကြေးစား လူသတ်သမား တစ်ယောက် ငွေသုံးထောင်လောက် ပေးလိုက်ရင် ကိစ္စငြိမ်း စီစဉ်ပေးမှာ ဟုတ်တယ်၊ ဒီနည်းက အကောင်းဆုံးဖြစ်မှာပဲ "

ပြောပြောဆိုဆို ကိုငွေမြသည် စားသောက်ခန်းထဲ ထွက်သွားရန် ဟန်ပြင်သည်။

ကိုငွေမြသည် ကိုထွန်းလုံအပေါ် စေတနာမရှိလှသော်လည်း အကယ်၍ ကိုထွန်းလုံသေဆုံးသွားပါက မသေမီ ကိုထွန်းလုံနှ ပဲခူးမြို့မှ မျက်နှာဖုံး ဆေးလိပ်ခုံပိုင်ရှင်ကြီး ကိုဝေလကြီးတို့ ထိုစ သောက်ဆိုင်တွင် တွေ့ဆုံခဲ့ကြောင်း သက်သေရရန်အတွက် ဆိုင်ရှ တရုတ်ကြီးထံသို့သွားပြီး ကိုထွန်းလုံ အခန်းထဲမှ အရက်ဖိုးငွေ





ရှင်းပေးလိုက်သည်။

ဆိုင်ရှင်တရုတ်ကြီးကလည်း ကိုငွေမြကို ကိုဝေလအမှတ်နှင့် ပြုံးရွှင်စွာဆီးကြိုပြီး၊ ကိုငွေမြထုတ်ပေးသောငွေကို လက်နှစ်ဖက်နှင့် ရိုသေစွာ လှမ်းယူလိုက်သည်။

ထိုအချိန်တွင် ကိုထွန်းလုံသည် အခန်းထဲမှ ဒယီးဒယိုင်နှင့် ထွက်လာပြီး . . .

"ပြန်တော့မလို့လား ဦးဝေလရဲ့၊ ကျွန်တော်တို့ကိစ္စ ဘယ်လို ရှင်းမလဲ "

ကိုငွေမြက ဟန်ပါပါ ခါးထောက်လိုက်ပြီး . . .

"ခင်ဗျား စဉ်းစားလေ၊ ကွာစာကို လက်မှတ် ထိုးပေးနိုင်မယ်ဆိုရင် အကြောင်းကြားပေါ့၊ မထိုးပေးနိုင်ဘူးဆိုရင်လဲ အကြောင်းပြန်ပေါ့၊ ကျွန်တော်တို့ဘက်ကတော့ တုံ့ပြန်ဖို့အသင့်ပဲ၊ ဒီနေ့ လူလွှတ်ခေါ်လိုက်ရင် နတ်ရေကန်၊ ကျွဲတဲ၊ ကုလားချောင်းကြီးဘက်ကလူတွေ မနက်ဖြန်လောက်ဆိုရင် ရောက်လာမှာပဲ "

"ဦးဝေလက တကယ်ပြောနေတာလား "

"အဟုတ်လုပ်မှာ၊ ကျုပ် စိတ်မရှည်တော့ဘူး၊ ဒီလိုသာ ဆက်ပြီး သည်းခံနေရင် မီးခိုးမဆုံးမိုးမဆုံး ဖြစ်နေတော့မှာပဲ၊ တိုတိုနဲ့ပဲ ဖြတ်ချင်ပြီဗျာ "

. . . . . . . . . . . . . . . . . . . . . . .

မောင်ဝေလကလေးသည် ကိုငွေမြက ကိုဝေလကြီးဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီး ကိုထွန်းလုံကို သွားတွေ့သောကိစ္စကို ကိုဝေလကြီး မည်သို့မည်ပုံ သိရှိသည်ကို သိလိုသဖြင့် ကိုဝေလကြီးကို မေးလိုက်သည်။

မောင်ဝေလကလေး . . .

" ဒီလို ကိုငွေမြက အစ်ကိုကြီးဟန်ဆောင်ပြီး ကိုထွန်းလုံနဲ့ သွားတွေ့တာကို အစ်ကိုကြီး ဘယ်လိုလုပ် သိသလဲ "

ကိုဝေလကြီး . . .

" ထွန်းလုံးက လူပါးပဲကွ၊ ငါဟာ အရက်မသောက်တက်မှန်း သူက သိထားတယ်လေကွာ၊ ညီလေးက ငါ့လို ဟန်ဆောင်ပြီး သူ့ကို လာတွေ့မှန်း သိသွားတယ် "

" ဒါနဲ့ ကိုထွန်းလုံက အစ်ကိုကြီးကိုလာတွေ့ပြီး သတိပေးသလား "

" အေး . တစ်နေ့တော့ ညီလေးငွေမြမရှိတုန်း ထွန်းလုံ အိမ်ကိုရောက်လာပြီး ငါ့ဆီကငွေတောင်းတယ်၊ ငါကလဲ ငွေပေးလိုက်ပါတယ်၊ အဲဒါနဲ့ ထွန်းလုံလဲ ငွေမြက ငါ့ဟန်ဆောင်ပြီး စားသောက်ခန်းမှာ ချိန်းတွေ့ပြီး သူ့ကို ကွာစာမပေးရင် ကုလားချောင်းကြီးက ကြေးစားလူသတ်သမားငှားပြီး သတ်ခိုင်းမယ်လို့ ခြိမ်းခြောက်ကြောင်း ပြန်ပြောပြတယ်၊ ဒါပေမယ့် ညီလေးငွေမြတို့ မစဉ်းစားမိတဲ့ အချက်က ထွန်းလုံဟာ ငါ့ကိုသတ်မလားကွ၊ ငါဟာ သူ့ရဲ့ငွေတွင်းပဲ၊ ငါသေသွားရင် သူဟာ ရွှေဥအုပေးတဲ့ ငန်းကြီးကိုသတ်သလို ဖြစ်မှာပေါ့။ ထွန်းလုံက ငါသေသွားရင်လဲ အမွေစားအအမွေခံမှ မဟုတ်ဘဲ၊ ငွေဘယ်ရမှာလဲ၊ အဲဒါကို သူတို့အတွေးခေါင်ပြီး ငါနဲ့ ရန်တိုက်ပေးတယ် "





" ကိုထွန်းလုံနဲ့ အစ်ကိုကြီးနဲ့ ကိုငွေမြက ရန်တိုက်ပေးမှန်း အဲဒီကစပြီး သိတာပေါ့ ဟုတ်လား "

" အေး . . ပထမတော့ ညီလေးငွေမြတို့ အစီအစဉ်ကို ငါလဲမသိဘူး၊ နောက်မှ စဉ်းစားကြည့်တော့ ညီလေးငွေမြဟာ ငါနဲ့ ထွန်းလုံကို ရန်တိုက်ပေးမှန်း သိပြီး သူတို့ဟာ ငါ့ကို အကောက်ကြံနေပြီဆိုတာ သိရတော့တာပဲကွာ။ ငါ့အရိပ်မှာနေ၊ ငါ့ထမင်းကိုစား၊ ငါ့မယားကို ကြာခိုပြီး ငါ့အသက်ကိုပါ ရန်ရှာဖို့ သူတို့လုပ်ကြတော့တာပေါ့ကွာ "

" ဒါနဲ့ အစ်ကိုကြီးက သူတို့ကို လက်တုံ့ပြန်ဖို့ စီစဉ်ရောလား . . "

" နေဦးကွ၊ ဒီလိုအလုပ်ခင် ငွေမြက ကြားဖြတ် အစီအစဉ်တစ်ခုလုပ်ပြီး သိက္ခာချဖို့ လုပ်သေးတယ်၊ အဲဒီ ကိစ္စကတော့ ငွေမြဟာ ငါ့ကို အစ်ကိုတစ်ယောက် ဖြစ်နေတော့ သတ်ရမှာ မသတ်ရက်လို့နဲ့ တူပါတယ်ကွာ၊ ထောင်ထဲ ရောက်ရုံလောက် ပို့ဖို့စီစဉ်တာနဲ့ တူပါတယ် "

" ဘယ်လို ကြားဖြတ် အစီအစဉ်လဲ အစ်ကိုကြီးရ "

" မုဒိမ်းမှု၊ ငါ့ကို မုဒိမ်းမှုတစ်ခုနဲ့ ထောင်ထဲ ရောက်အောင် ငွေမြက အစီအစဉ်တစ်ခု လုပ်သေးတယ် "

" အဲဒီ မုဒိမ်းမှုနဲ့ အစ်ကိုကြီးထောင်ထဲ ရောက်သွားသေးလား . . "

" မရောက်ခဲ့ပါဘူး "

" အစ်ကိုကြီးကို မုဒိမ်းမှုနဲ့ ထောင်ထဲ ရောက်အောင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သလဲ ”

“ ဒီလိုကွ၊ ဒီလို . . . ”

. . . . . . . . . . . . . . . . . . . . . . . . . .



## အခန်း (၁၅)

တစ်နေ့တွင် ညီဖြစ်သူ ကိုငွေမြသည် ဆေးလိပ်ခုံမှ ဆေးလိပ်သမလေး မသန်းမေဆိုသူကို ပဲခူးဟင်္သာကုန်းရှိ အိမ်ကလေး တစ်အိမ်တွင် ချိန်းဆိုပြီး မုဒိမ်းကျင့်လေသည်။

ထိုသို့မုဒိမ်းကျင့်ရာတွင် ကိုငွေမြသည် သူ့အစ်ကို ကိုဝေလကြီးဟန်ဆောင်ပြီး မုဒိမ်းကျင့်ခြင်းဖြစ်သည်။ ကိုဝေလကြီး၏ အဝတ်အစားကို ဝတ်ဆင်ပြီး၊ ကိုဝေလကြီး ဟန်ဆောင်၍ ဆေးလိပ်သမကလေး မသန်းမေကို သားမယားပြုကျင့်ခြင်းဖြစ်သည်။

အကယ်၍ မသန်းမေက ရုံးနှင့်ဂါတ်သို့ တိုင်ကြားပါက ကိုဝေလကြီးကို မုဒိမ်းမှုနှင့် ဖမ်းဆီးရန်ဖြစ်သည်။

သို့သော် မသန်းမေကလေးသည် ဂါတ်တဲနှင့်ရုံးသို့မတိုင်ကြားပဲ၊ ကိုဝေလထံသာ လာရောက် တိုင်ကြားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုငွေမြသည် သူ့ကိုယ်သူ ကိုဝေလကြီးဟန်ဆောင်ပြီး မသန်းမေကလေးနှင့် ဆက်ဆံစဉ် သူသည် ကိုဝေလကြီးဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း မသန်းမေကလေးသည် ကိုငွေမြမှန်း သိရှိလေသည်။

သိရှိပုံမှာ မသန်းမေကလေးသည် ကိုဝေလကြီးတို့၏ မိဘများဖြစ်သော ဦးကျော်ရန်နှင့် ဒေါ်သိုင်းချုံတို့ ရှိစဉ်ကပင် သူတို့ဆေးလိပ်ခုံတွင် ဆေးလိပ် လိပ်နေသည်ဖြစ်ရာ ကိုဝေလကြီးနှင့် ကိုငွေမြတို့ အမြွှာပူးညီအစ်ကိုတို့၏ အကျင့်စရိုက်အားလုံးကို သိရှိထားသည်။

ကိုဝေလကြီးနှင့် ကိုငွေမြတို့မှာ ခွဲမရအောင် တူသော အမြွှာပူး ညီအစ်ကိုများဖြစ်သဖြင့် ငယ်စဉ်ကစပြီး ကိုဝေလကြီး၏ လည်ပင်းတွင် စိန်လော်ကက်ကလေးကို ရွှေဆွဲကြိုးနှင့် ဆွဲပေးထားပြီး၊ ကိုငွေမြ၏လည်ပင်းတွင် ပတ္တမြားလော်ကက်ကလေးကို ရွှေဆွဲကြိုးနှင့် ဆွဲပေးထားပြီး ခွဲခြားပေးထားရသည်။

အမြွှာပူး ညီအစ်ကိုနှစ်ယောက်ကို ထိုအမှတ်အသား လက္ခဏာများနှင့် မိဘနှစ်ပါးက ခွဲခြားပေးထားရသည်။

ထို့နောက် ကိုငွေမြသည် သူ့ကိုယ်သူ ကိုဝေလကြီးပါဟု ပြောဆိုသော်လည်း လည်ပင်းတွင် အမြဲ ဆွဲနေကျ ပတ္တမြားဆွဲကြိုးကိုမူ မေ့လျော့ပြီး ဆွဲထားမိသည်။ မသန်းမေကလေးက ပတ္တမြားဆွဲကြိုးကို တွေ့သည်နှင့် ကိုငွေမြမှန်းသိသည်။ ထို့ပြင် ကိုဝေလကြီး၏ အေးဆေး တည်ငြိမ်သော အမူအရာနှင့် ကိုငွေမြ၏ ရိုင်းပျစော်ကားသော အမူအရာတို့ကို မသန်းမေကလေးသည် သိရှိထားသည်။ အမြွှာပူးညီအစ်





ကို ဖြစ်သော်လည်း စိတ်သဘောထား အပြုအမူချင်း မိုးနှင့်မြေလို ကွာသည်။

ထို့ပြင် ထိုဟင်္သာကုန်းမှ အိမ်ကလေးဆီသို့ ကိုဝေလကြီး ချိန်းဆိုသည်ဆိုသဖြင့် ကိုဝေလကြီး၏ ဂုဏ်သိက္ခာကို ယုံကြည်ပြီးပြီး မသန်းမေသည် လာရောက်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ ကိုငွေမြသာ ချိန်းဆိုမှန်းသိလျှင် မသန်းမေကလေးသည် ရှောင်ပေါက်မည်ဆိုလျှင်ပင် လာမည်မဟုတ်ပေ။

ယခု မသန်းမေကလေးသည် ကိုငွေမြက သူ့ကို သားမယား ပြုကျင့်သော်လည်း ရုံးနှင့်ဂါတ်သို့ မတိုင်ကြားခြင်းမှာ ကိုဝေလကြီးတို့၏ မိဘများလက်ထက်ကစပြီး ကျေးဇူးခံ ကျေးဇူးစားများရှိခဲ့သဖြင့် ဖြစ်သည်။ ထို့ပြင် ကိုဝေလကြီးတို့၏ ဂုဏ်သိက္ခာ ကျဆင်းမည် စိုးရိမ်၍ ဖြစ်သည်။

မသန်းမေကလေးအဖို့ ကိုဝေလကြီးသည် သူ့ကိုသားမယား ပြုကျင့်ခြင်း မဟုတ်ကြောင်း သံသယကင်းရှင်းစေသော အချက်မှာလည်း မသန်းမေကလေးသည် ဟင်္သာကုန်းအိမ်ကလေးမှ ဒရောသောပါးနှင့် ပြေးလာခဲ့ရာ ရွှေမောဓောဘုရားလမ်းရှိ ဆေးလိပ်ခုံကြီးသို့ ရောက်သောအခါ ကိုဝေလကြီးကို အဆင်သင့်တွေ့နေရခြင်းအားဖြင့် ကိုဝေလကြီးသည် သူ့ကိုစောကား မောကားလုပ်သူ မဟုတ်ကြောင်း ထင်ရှားပါသည်။ ကိုငွေမြသာလျှင် သူ့ကို ဗလက္ကာရ ပြုရုံမျှမက သူ့အစ်ကိုဟန်ဆောင်သည်ကိုပါ မသန်းမေ သိရခြင်းဖြစ်သည်။

ကိုဝေလကြီးသည် ညီဖြစ်သူက ရိုးရိုးပြစ်မှု ကျူးလွန်ရုံမက သူ့ကို အပြစ်ကျရောက် ချောက်တွန်းမှန်း သိသဖြင့် ဒေါသ အလွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com

လှိုင်း ထွက်ရပါသည်။ သို့ရာတွင် ဒေါ်သကို အန်ထုတ်လိုက်ပါက သူတို့သာလျှင် အရှက်တကွဲ အကျိုးနည်းရမည်ကို စိုးရိမ်သဖြင့် မသန်းမေကို ရုံးမတက်၊ ဂါတ်မတိုင်ရန် တောင်းပန်ရသည်။

ထို့နောက် ညီဖြစ်သူ ကိုငွေမြကို မသန်းမေနှင့် မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်းရန် လက်ထပ်ပေးရန် စီစဉ်ပေးပါမည်ဟု ကိုဝေလကြီးက မသန်းမေကို တောင်းပန်သည်။

ကိုငွေမြနှင့် မသန်းမေကို ပေးစားမည်ဆိုသောအခါ မသန်းမေသည် သားမယား ပြုကျင့်ခံရသည်ထက်ပင် ဆတ်ဆတ်ခါနာကျည်းသွားသည်။ မသန်းမေသည် ကိုငွေမြ၏ အကျင့်စာရိတ္တကို သိသဖြင့် ဆေးလိပ်ခုံပိုင်ရှင်၏ ညီဖြစ်သော်လည်း လက်ထပ်ယူရန် ခါးခါးသီးသီးဖြစ်နေသည်။

စင်စစ်သော်ကား မသန်းမေသည် ဉာဏ်အမြော်အမြင်ကြီးမားခြင်းဖြစ်သည်။ ကိုငွေမြသည် ကုသိုလ်ကံအရ မြေပိုင်ရှင်သား ဆေးလိပ်ခုံပိုင်ရှင်၏ညီ ဖြစ်နေသော်လည်း ကိုယ်တိုင်ကြီးပွားချမ်းသာရန် အရည်အချင်းရှိသူ မဟုတ်ပေ။ မှီခိုကပ်ရပ်ပြီး စားသောက်ရန်သာ တတ်သူဖြစ်သည်။ ထို့ပြင် ရွှေပုံကြီးပုံပေးလျှင်ပင် တိုးပွားအောင် လုပ်တတ်မည့်သူ မဟုတ်ပေ။

ထို့ကြောင့် ကိုဝေလကြီးသည် မသန်းမေကလေး အပျိုရည်ပျက်ရသဖြင့် လျော်ပေးကြေးသည့်အနေနှင့် ငွေငါးထောင် ထုတ်ပေးသော်လည်း မသန်းမေကလေးသည် ငွေမက်သူမဟုတ်ပေ။ ကိုဝေလက လျော်ကြေးအနေနှင့် ပေးသော်လည်း မသန်းမေကလေးသည် လုံးဝလက်မခံပေ။





ကိုဝေလကြီးသည် တစ်ဘက်လှည့်ပြီး မသန်းမေကလေး၏ မိဘများ နေထိုင်သောအိမ်ကို ပြင်ဆင်ပေးပြီး ရင်းနှီးစားသောက်ရန် ငွေသုံးထောင်ကိုထုတ်ပေးလိုက်သည်။ မသန်းမေကလေး၏ မိဘများသည် ကိုဝေလကြီးတို့၏ မိဘများလက်ထက်ကတည်းက ကူညီခဲ့သူများဖြစ်၍ ကိုဝေလက ကျေးဇူးသိတတ်သောအားဖြင့် ပြန်ပြီးကူညီထောက်ပံ့သည်ဟူသောအဖြစ်နှင့် ချေးသိပ်ခဲ့ရသည်။

စင်စစ်သော်ကား မသန်းမေကလေးသည် ကိုငွေမြမုဒိမ်းမှုနှင့် ထောင်ကျရန် ရုံးတက်ဂါတ်တိုင်မလုပ်ခြင်းမှာ ကိုဝေလကြီးကို ကြည်ညိုလေးစားသောကြောင့် ကိုဝေလကြီး၏ မျက်နှာတစ်ခုကိုသာ ထောက်ထားသောကြောင့် ဖြစ်ပါသည်။

ယခုတစ်ကြိမ်တွင်မူ ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြ၏ အကောက်ကြံမှုကို တော်တော်ပင် စိတ်ဆိုးမိသည်။ ကိုယ့်ဘာသာကိုယ် မသန်းမေကို စော်ကားပြုကျင့်သည်ကို အဘယ်ကြောင့် ကိုဝေလကြီး ဟန်ဆောင်ရသနည်း။

ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြ၏ ပြစ်မှုကို ထိထိရောက်ရောက် အရေးယူရန် စီစဉ်လိုက်သည်။ သူက တစ်ချက်ခုတ်နှစ်ချက်ပြတ်အနေနှင့် သူ၏ ဇနီးဖြစ်သူနှင့် အနေဝေးသွားရန် ညီဖြစ်သူမောင်ငွေမြကို အိမ်ပေါ်မှနှင်ချရန် စီစဉ်လိုက်သည်။

ကိုငွေမြသည် ရက်အတန်ကြာပင် အိမ်သို့ ပြန်မလာဘဲ ရှောင်နေသည်။ တစ်ပတ်နှစ်ပတ်ကြာပြီ၊ ယူသွားသောငွေပြတ်လတ်မှ အိမ်ပေါ်သို့ပြန်တက်လာသည်။

ထိုအခါ ကိုဝေလကြီးသည် မီးဟုန်းဟုန်း တောက်နေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံနှင့် ညီဖြစ်သူကို ကြည့်ပြီး ဒေါသထွက်စွာနှင့် . . .

"ဟော့ကောင်ခွေး၊ မင်း ခွေးကျင့်ခွေးကြံ ကြံတဲ့အလုပ်ကြီး ကောင်းသလား၊ မိဘဆွေမျိုးအားလုံးရဲ့ မျက်နှာကို အိုးမည်းသုတ်တဲ့ ကောင်၊ မင်းဟာ မျိုးနွယ်ရဲ့ဂုဏ်ကို ဖျက်ဆီးတဲ့အကောင် "

"အဲဒီ သန်းမေဆိုတဲ့ကောင်မလေးက ခပ်ပျံ့ပျံ့ပါ အစ် ရာ . ."

"မင်းပါးစပ် ပိတ်ထားစမ်း၊ ဒါဟာ မုဒိမ်းသမားတိုင်း သုံးတဲ့ လက်သုံးစကားပဲ၊ ကိုယ်ကလဲ နမချင်းမစာနာ စော်ကားသေးတယ် ကိုယ်စော်ကားခံရတဲ့ မိန်းကလေးရဲ့ ဂုဏ်သိက္ခာကျမှု၊ ကိုယ့်အမှု သက်သာအောင် မိန်းကလေးက ခပ်ပျံ့ပျံ့လေး၊ အရပ်ပျက်ကလေး ပြည့်တန်ဆာမလေး'စွပ်စွဲသေးတယ်၊ ကိုယ်အမှုသက်သာအောင် သူတစ်ပါးရဲ့ ဂုဏ်သိက္ခာကိုချပြီး အသရေဖျက်မှုတစ်ခုပါ ထပ်ပြီး ကျူးလွန်တယ်၊ ဒါကြောင့် ထောင်ထဲမှာ အပြစ်ကျ ထောင်သားချင်း အတူတူ မုဒိမ်းသမားဆိုရင် ဗိုင်းနှိမ်တာ "

ကိုဝေလကြီးက စကားရှည်ကြီးပြောသောအခါ ညီဖြစ်သူ ကိုငွေမြသည် ငြိမ်ကုပ်နေသည်။ ထို့နောက် ကိုငွေမြက . . .

"ကျွန်တော်ချိန်းတဲ့နေရာကို သူ ဘာဖြစ်လို့ လာရသလဲ ကိုကို"

"မင်းက ငါ့နာမည်ပြောပြီး ချိန်းလို့ လာတာပေါ့ကွ၊ မင်း နာမည်သာပြောပြီး ချိန်းကြည့်ပါလား၊ ရွှေထွက်တဲ့အရပ်ဆိုရင်တောင် မသန်းမေက လာမှာမဟုတ်ဘူး "

ကိုဝေလကြီးသည် ထိုသို့ပြောရင်းမှ ညီဖြစ်သူ ကိုငွေမြ





ဝေလကြီး ဟန်ဆောင်ပြီးမှ မုဒိမ်းမှု ကျူးလွန်သည်ကို သတိရ ဖြင့် . . .

"ပြောပါဦးကွ ကိုယ့်ဟာကိုယ် မဟားတရား လုပ်ရုံတင် ဘူး ငါ့နာမည်ကိုပါ ဖျက်သေးတယ်၊ တော်တော် အသုံးမကျတဲ့ ကောင်ပဲ "

ထိုအခါ ကိုငွေမြသည် မချိုမချဉ် မျက်နှာလေးနှင့် . . .

"ကိုကို့ရဲ့ နာမည်ကိုပြောပြီး ပြစ်မှုကျူးလွန်လို့ ကျွန်တော် တ်တဲမရောက်တာပေါ့ ကိုကိုရဲ့၊ နို့မဟုတ်ရင် အခုလောက်ဆို န်တော်အချုပ်ထဲ ရောက်နေပြီကိုကိုရဲ့၊ မသန်းမေက ကျွန်တော့်ကို ကိုလို့ထင်လို့သာ ဂါတ်ကို မတိုင်တာပါ "

"အားကြီးဟုတ်လိမ့်မယ်၊ မင်းဟာ ငါမဟုတ်ဘူး၊ ငါဟာ လိုအကျင့်စာရိတ္တမတန်ဘူးဆိုတာ မသန်းမေ အစောကြီးကတည်းက တယ်၊ အမြွှာပူးညီအစ်ကိုပေမယ့် မင်းဟာ ငါမဟုတ်သလို၊ ငါဟာ င်းမဟုတ်ဘူးဆိုတာ လူတိုင်းသိတယ်၊ ဘယ်လောက်ပဲ ရုပ်ချင်းဆင် မယ့် အကျင့်စာရိတ္တက ကွာခြားပါတယ်ကွာ၊ လူတွေဟာ ရုပ်ချင်းဆင် အောင် တူလို့ရပေမယ့် အကျင့်စာရိတ္တချင်းတူအောင်တော့ ဘယ်တော့ ရဘူးကွ "

ကိုဝေလကြီး၏စကားကြောင့် ကိုငွေမြသည် ငြိမ်ကျသွား ည်။ နှုတ်တုံ့မပြန်တော့ဘဲ ဆိတ်ဆိတ်နေသည်။

"မင်းက ငါ့ကို ဂုဏ်သိက္ခာချဖို့ ငါ့ဟန်ဆောင်ပြီး မသန်းမေ ဒိမ်းကျင့်တာ မဟုတ်လား၊ မင်းဟာ ငါ့ကိုချောက်တွန်းဖို့ ဘယ်လို အစဉ်တွေ ရှိနေသလဲဆိုတာ ငါသိတယ် "



www.burmeseclassic.com

www.burmeseclassic.com



ကိုငွေမြ လေပြေထိုးသည်။

" ကျွန်တော့်မှာ ကိုကို့ကို ထိခိုက်အောင်လုပ်ဖို့ အစီအ
တော့ လုံးဝမရှိပါဘူး ကိုကိုရာ၊ ကျွန်တော် အမြစ်မကျအောင် ထိ
နာမည်ကို အလွဲသုံးစားလုပ်မိတာပါ "

" မဟုတ်ဘူး ဒီထက်လေးနက်တဲ့ အဓိပ္ပာယ် ရှိတယ်
မင်း ငါ့ရဲ့ နောက်ကျောကို ဓားနဲ့ထိုးဖို့ကြံနေတာ တစ်ခုတည်း
မဟုတ်ဘူး "

" မဟုတ်ရပါဘူး ကိုကိုရာ၊ ကျွန်တော်ဟာ ကို
ညီအရင်းတစ်ယောက်ပါ၊ ဒါထက်ပိုပြီးရင်းနှီးတာက အမြွှာပူးညီ
ပါ၊ ပြီးတော့ ကိုကိုရဲ့အရိပ်မှာ မှီခိုနေရတာပါ၊ ကိုကိုဘေးဒုက္ခရော
မယ့် အလုပ်မျိုးကို လုပ်ပါ့မလား ကိုကိုရာ "

" မင်းက တောင်ကြီးမျိုပြီး သစ္စာဆိုလဲ မင်းပါးစပ်စင်
တယ်လို့ပဲ ငါသဘောထားတယ်၊ မင်းကို ငါမယုံဘူး "

" ယုံပါကိုကိုရာ၊ ကျွန်တော်တို့ဟာ ညီအစ်ကိုအရင်း တွေ
ပြီးတော့ အမြွှာပူး ညီအစ်ကိုတွေပါ၊ သွေးအရင်းကြီးတွေပါ "

" တော်ပါကွာ၊ သွေးဟာရေထက်လေးပေမယ့်၊ သွေး
ရေလောက် မသန့်ရှင်းဘူး၊ ဒီတော့ မင်းနဲ့ ငါ ညောင်ညိုပင် မရော
ခင် အခုကတည်းက လမ်းခွဲတာ ကောင်းမယ်၊ ညောင်ညိုပင်ရောက်
အထိ စောင့်နေရင်၊ မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် တစ်ယောက်ယော
ဒုက္ခရောက်ရလိမ့်မယ်၊ အဲဒီတော့ တို့လက်မလွန်းခင် စာရင်းရှင်း
ဒုက္ခကင်းလိမ့်မယ် "

" ကိုကို အထင်လွဲနေတာပါ "





" သူယုတ်မာကို မကောင်းထင်တာဆိုရင် ထင်တဲ့လူမှာ
ပြစ်မရှိပါဘူးကွာ "

" ကျွန်တော် မှားသွားပါတယ် ကိုကိုရာ "

" တော်ပါကွာ၊ မင်းဟာ သေတာတောင် လူမိုက်မွေးကျွတ်
ယ့်အကောင် မဟုတ်ဘူး "

" လူတွေဟာ သူတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် နောင်တနဲ့
းဆပ်လို့ မရဘူးလား ကိုကို "

" အေး နောင်တဆိုတဲ့ အကာအကွယ်ယူပြီး အတွင်းဝင်
သတ်မယ့်လူမျိုးရဲ့ အန္တရာယ်ကိုတော့ ငါကြိုတင်မြင်ပါတယ်ကွာ "

" နောင်ကို ဒီလိုမဖြစ်ရတော့ပါဘူး ကိုကိုရယ် "

" ဒီလိုအမှားမျိုးမဟုတ်တဲ့ နောင်တမျိုးအမှားမျိုးကိုတော့
ကျူးလွန်ဖို့ မင်းပြင်ဆင်နေတယ် မဟုတ်လား "

" မဟုတ်ရပါဘူး ကိုကိုရာ၊ ကိုကို့ကို ကျွန်တော်က
ကောက်ကြံပါ့မလား၊ အပင်လဲရင် သိုက်အုံပြိုမယ်ဆိုတာ ကျွန်တော်
သိတာပေါ့ "

" အပင်လဲပြီး သိုက်အုံပြိုတော့ ရိပ်မြုံအသစ် တည်ထောင်
ကြမှာပေါ့ကွာ၊ ကဲ . . ဒီကနေ့ကစပြီး မင်း ငါ့အိမ်ပေါ်က ဆင်းတော့၊
မြွေပွေးကို ငါ ခါးပိုက် မပိုက်ထားနိုင်တော့ဘူး "

" ရက်စက်တော့မှာလား ကိုကိုရာ "

" မင်းကိုရက်စက်မှ ငါ့အတွက် သက်သာမှာပါကွာ၊ မင်း
အိမ်မှာ ငါနဲ့အတူနေလို့ မဖြစ်တော့ဘူး၊ အဲဒီတော့ ဆင်းတော့ "

" ကျွန်တော် အားကိုးစရာဆိုလို့ ကိုကိုတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ ကိုကိုက အစ်ကိုကြီး အဖအရာနှင့် ကျွန်တော့်ကို နောက်ဆုံး အနေနှင့် စောင့်ရှောက်ပါဦး ”

“အစ်ကိုကြီးအဖရာဖြစ်ရအောင် မင်းနဲ့ ငါနဲ့ဟာ အမြွာ ညီအစ်ကိုပါကွာ၊ အသက်အရွယ်ချင်း ငါက မိနစ်ပိုင်း ကလေးကြီးတာ ပါ၊ ဒါပေမယ့် မင်း ပဲခူးမှာပဲဖြစ်ဖြစ်၊ ရန်ကုန်မှာပဲဖြစ်ဖြစ် ကြိုက်ရာ ဆီမှာနေပါ၊ မင်းရဲ့ လိပ်စာပေးထား၊ မင်းကို ငါ တစ်လကို ငွေငါး ထောက်ပံ့မယ်၊ ဒါဟာ ငါ့ရဲ့ နောက်ဆုံး အလိုက်အလျောဆုံး မင်းတော့ ငါ့အိမ်ရိပ်ကိုတောင် မနင်းနဲ့တော့၊ အိမ်ရိပ်ကိုနင်းတာ မင်းဟာ ငါ့ကို အကောက်ကြံဖို့လာတဲ့ ရန်သူလို့ ငါသဘောထားပြီး လက်တုံ့ပြန်တော့မယ်၊ မင်းကို ငါ သတိပေးထားပြီးပြီ၊ နောက် မှားတယ်ဆိုပြီး ဘွာခေတ်လို့ မရဘူးနော်၊ ဒီအချိန်ကစပြီး မင်းက ငါ ရန်သူလို့ သတ်မှတ်လိုက်ပြီ။ ရန်သူလို့ သတ်မှတ်ပြီးရင် မင်း ငါရဲ့ အိမ်ရိပ်မှာဆက်ပြီး နေခွင့်မရှိတော့ဘူး၊ သွားတော့ . . သွား တော့”

ထိုစဉ်က ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြကို အိမ်ပေါ် မှ နှင်ချလိုက်သော်လည်း ချစ်ဇနီး ကြင်စာရီသည် ကိုငွေမြနှင့် လိုက် သွားမည်ကို စိုးရိမ်မိသေးသည်။

ညီဖြစ်သူ ကိုငွေမြ အိမ်ပေါ်မှ မျက်ရည် စက်လက်နှင့် ဆင်းသွားသော်လည်း ကြင်စာရီသည် ကိုငွေမြနှင့်အတူ လိုက်ပါ မသွား ခဲ့ပေ။

ထိုသို့ ကြင်စာရီသည် ကိုငွေမြနှင့် လိုက်ပါမသွားခဲ့ခြင်း ကြင်စာရီသည် သူ့အပေါ် သံယောဇဉ် တွယ်ရှားသားပဲဟု ကိုဝေလကြီး





အထင်ရောက်လေသည်။

သို့သော် ကြင်စာရီအိမ်ပေါ်မှ တစ်ပါတည်း ဆင်းမလိုက် ခြင်းမှာ ကိုဝေလကြီးအပေါ် မေတ္တာသက်ဝင် ချစ်ချင်လွန်း၍ ဟုတ်ပေ။ ကိုဝေလကြီးကို အကောက်ကြံရန် ကိုငွေမြ၏ ပဉ္စမံတပ် အဖြစ် ကိုယ်ရောင်ဖျောက်ပြီး နေခဲ့ခြင်းဖြစ်သည်။ ကြင်စာရီ၏ ရည်ရွယ်ချက်ကို ကိုဝေလကြီးမသိရှာပေ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . .

အထက်ပါအကြောင်းနှင့် ပတ်သက်ပြီး မောင်ဝေလကလေး သည် ကိုဝေလကြီး၏ စိတ်နေသဘောထားနှင့် ကိုဝေလကြီး၏ သူများဖြစ်သော ကိုငွေမြနှင့် မကြင်စာရီတို့၏ စိတ်နေသဘော ထားကို သဘောပေါက်ပါသည်။

သို့သော် ကိုဝေလကြီးက သူမရှင်းသော ကိစ္စများကို မောင်ဝေလကလေးကို ပြောပြလေသည်။

ကိုဝေလကြီးက . . .

“လောကမှာ ကြင်စာရီရဲ့ စိတ်နေသဘောထားကို ငါစဉ်း စားရ အကျပ်ဆုံးပဲကွာ။ သူဟာ ဘာကြောင့် ငါ့ရဲ့ညီ ငွေမြကို သဘော ကျပြီး ငွေမြနဲ့ ပူးပေါင်းပြီး ငါ့ကို ဘာဖြစ်လို့ အကောက်ကြံသလဲဆို တာ ငါစဉ်းစားလို့ မရဘူးကွ”

“ဘာဖြစ်လို့လဲ အစ်ကိုကြီးရ . .”

ကိုဝေလကြီးရှင်းပြမှ နားပိုရှုပ်သွားသော မောင်ဝေလကလေး



www.burmeseclassic.com

www.burmeseclassic.com



က မေးလိုက်သည်။

" ဒီလိုကွာ၊ ကြင်စာရီဟာ ငါနဲ့ ညီလေးငွေမြ နှစ်ယောက် အနက် ညီလေးငွေမြနဲ့ ဘာဖြစ်လို့ ပူးပေါင်းသွားရတာလဲဆိုတာ င စဉ်းစားလို့ မရဘူး "

မောင်ဝေလကလေးက ဘာမျှမေးခွန်းမထုတ်ဘဲ ကိုဝေလကြီး ပြောသမျှကိုသာ ဂရုစိုက် နားထောင်နေသည်။

ကိုဝေလကြီးက . . .

" မင်း စဉ်းစားကြည့်လေကွာ၊ ငါနဲ့ ညီလေး ငွေမြက ဘယ်င အရည်အချင်း ကွာခြားသလဲ၊ ကိုယ်ရည်သွေးတာတော့ မဟုတ်ဘူး နှိုင်းယှဉ်ဝေဖန်ကြည့်စမ်းပါကွာ။ ငါနဲ့ ညီလေးငွေမြဟာ ရုပ်ရည်ချင် ယှဉ်ရင် အမြွှာပူး ညီအစ်ကိုမို့ ခွဲမရအောင် ချွတ်စွပ်တူတယ်၊ ငါ အကြီးပေမယ့် အသက်အရွယ်ချင်းက မိနစ်ပိုင်ပဲကွာတယ်၊ ဒါက သူ ငါနဲ့ တူညီတဲ့ အချက်တွေပဲ "

" ဟုတ်ကဲ့ . . "

" အေး . . ငွေမြထက် ငါက သာတဲ့ အချက်တွေ အများကြ ပါကွာ၊ ဥပမာ ငါက ငွေမြထက် ချမ်းသာတယ်၊ ငွေမြက လက်ထဲမှ ခြူးတစ်ပြားမှ မရှိတဲ့ကောင်၊ ပြီးတော့ ငါက ငွေမြထက် အကျင့်စာရိ ကောင်းတယ်။ ငါ့ရဲ့ စိတ်သဘောထားကလဲ ငွေမြထက် အများကြ သာပါတယ်၊ ငါနဲ့ ကြင်စာရီဟာ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ အသက်ထက် ဆုံး ပေါင်းသင်းသွားကြလို့ ငါက အရင်ဆုံးသေသွားရင် ငါ့ရဲ့အမွေ တွေအားလုံး ကြင်စာရီရမှာပါ။ တကယ်လို့ ငါ့ကို သူတို့ကသတ်လ ငါ့အမွေတွေ ရပြီပဲထား၊ ငွေမြက ကြင်စာရီကို ငြီးငွေ့သွားမ





တန့်ထုတ်မှာပါကွာ။ ဒါနဲ့များ ကြင်စာရီက ဘာဖြစ်လို့ ငွေမြနဲ့ ပူးပေါင်း ရသလဲဆိုတာ ငါ စဉ်းစားလို့မရဘူး "

မောင်ဝေလကလေးက . . .

" အဲဒါ သိလား အစ်ကိုကြီးရ၊ သူယုတ်မာတို့ နယ်မြေမှာ းသားခြင်းဟာ အရည်အချင်း ညံ့ဖျင်းခြင်းပဲဗျ။ တချို့လူတွေက ပြတ်လမ်းသွားရတာ သဘောကျတယ်ဗျ "

. . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကိုငွေမြသည် ရွှေမောဓောလမ်း အိမ်ကြီးပေါ်မှ ဆင်းသွား သော်လည်း အစ်ကိုဖြစ်သူ ကိုဝေလကြီးအပေါ် အကောက်ကြံသော စီမံကိန်းကြီးကို လက်လျှော့သွားသည် မဟုတ်ပါ။ အတွင်းသလို ကြင်စာရီနှင့် ဆက်သွယ်ပြီး ကိုဝေလကြီးအသက်ကို ရန်ရှာရန် စီစဉ် ပါတော့သည်။

ကိုဝေလကြီးသည် ယခုကဲ့သို့ ညီဖြစ်သူနှင့် ဇနီးဖြစ်သူက ပူးပေါင်းပြီး သူ၏အသက်ကို ရန်ရှာတော့မည်ဟု သိရသည်နှင့် ဥစ္စာက်စောင့်၊ အသက်ဉာဏ်စောင့်ဆိုသလို အရေးတကြီး စီမံချက် တစ်ခုအနေနှင့် လုပ်ငန်းချမှတ်သည်။

ကိုဝေလကြီးက သူ့ကို လုပ်ကြံနိုင်ရန်အတွက် ဟာကွက်





ဥကွက်ကိုတွေ့ရသည်။ အစားအသောက် စားသောအချိန်တွင် အဆိပ် ခပ်ပြီး လုပ်ကြံနိုင်သည်။ အိပ်နေသော အချိန်တွင် လုပ်ကြံနိုင်သည်။ ထို့နောက် သွားလာ လှုပ်ရှားနေသောအချိန် လုပ်ကြံနိုင်သည်။

ထို့ကြောင့် ကိုဝေလကြီးသည် အိမ်ရှိ ထမင်းချက်များကို မီးဖိုခန်းထဲသို့ ကြင်စာရီ လုံးဝမဝင်ရန်နှင့် ကိုဝေလကြီး၏ အစား အသောက်များကို ထမင်းချက်က လုံးဝ တာဝန်ယူချက် ထားဝင်ပေး လိုက်သည်။

ကိုဝေလကြီးသည် ကြင်စာရီနှင့်အတူ မအိပ်တော့ဘဲ အခြား အခန်း အခန်းများတွင် ပြောင်းရွှေ့အိပ်သည်။ အိမ်တွင်ရှိသော အခန်း၂ခန်းနှင့် ကိုငွေမြအိပ်ထားသောအခန်းတွင် အိပ်ခန်းသုံးခုကို အသင့်ပြင်ဆင်ထားစေသည်။ ညတွင် ကိုဝေလကြီးသည် အိပ်ချင် သောအခန်းတွင် ဝင်အိပ်သည်။ ကိုဝေလကြီး မည်သည့်အခန်းတွင် အိပ်သည်ကို ကြင်စာရီပင် မသိရပေ။

ထို့ပြင် ကုလားချောင်းကြီးတွင် နေထိုင်သော သူတို့အရိုးထဲ မှ စစ်သားလူထွက် တစ်ယောက်ကို ကိုယ်ရံတော်အဖြစ် ခေါ်ယူထား ပြီး သေနတ်တစ်လက် လိုင်စင်ခံထားပေးကာ ကိုဝေလကြီး သွားလေ ရာ နေရာများတွင်စောင့်ရှောက်ရန် ထိုလူကို ခေါ်သွားသည်။ ကိုဝေလကြီးထံတွင် ရှိနေသော ခြောက်လုံးပြူး သေနတ်ကိုလည်း အမြဲတမ်း တိုက်ချွတ်ဆေးကြောပြီး အဆင်သင့်ရှိနေစေသည်။

များသောအားဖြင့် ကိုဝေလကြီးသည် နေအိမ်တွင် ထမင်း မစားဘဲ ပဲခူးမြို့တွင်းရှိ တရုတ်စားသောက်ဆိုင်များ၊ ကုလား စားသောက်ဆိုင်များနှင့် မြန်မာစားသောက်ဆိုင်များတွင် စားသောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက် နေအိမ်ဝင်းတံခါးတွင် ချထားသော ခေါ်ရခါး လူမျိုး ဒါရဝမ်အပြင်၊ ပန်ချာပီလူမျိုး ပုလိပ်ထွက် တစ်ဦးကိုလည်း ခန့်ထားသည်။ ဒါရဝမ်များကို ၂၄နာရီမပြတ် စောင့်ကြပ်စေသည်။

အိမ်ဝင်းထရံများကို လုံခြုံအောင်ကာရံခြင်း၊ ခြံဝင်းအတွင်း မီးများထွန်းညှိခြင်း ပြုလုပ်သည်။ ခြံဝင်းအနီးသို့ လူကပ်လာပါက အလွယ်တကူသိရန် ချုံနွယ်များ ရှင်းထားသည်။

ထို့ပြင် ဂိတ်တံခါးများကို အမြဲပိတ်ထားပြီး၊ အိမ်တွင်းသို့ ဝင်ရောက်လာသူများကို သေသေချာချာ စစ်ဆေးပြီးမှ ဝင်ခွင့်ပြုသည်။ မျက်နှာစိမ်းများဆိုလျှင် လုံးဝ ဝင်ခွင့်မပြုတော့ပေ။

ကိုဝေလကြီးသည် ဆေးလိပ်ခုံသို့ နေ့စဉ်မှန်မှန် သွားနေရာမှ အချိန်ကို ပြောင်းလဲပြီး သွားလာသည်။ များသောအားဖြင့် မန်နေဂျာကို နေအိမ်သို့ ခေါ်ယူပြီး ခိုင်းစေစရာရှိသမျှ ခိုင်းစေသည်။

ကိုဝေလကြီးသည် ခါတိုင်း မြို့တွင်းသို့သွားလျှင် သူ၏ အော်စတင်ကားနှင့် သွားလေ့ရှိသည်။ ယခုအခါတွင် အော်စတင်းကားကို အသုံးမပြုဘဲ ရထားလုံးနှင့်ဖြစ်စေ၊ လန်ချားနှင့်ဖြစ်စေ ရုတ်တရက်လူမြင်သူမြင်မခံဘဲ ခရီးသွားလေ့ရှိသည်။

ထို့နောက် ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြ၏ လှုပ်ရှားမှုကို အမြဲ ချောင်းမြောင်းကြည့်ရှုရန် ငွေကြေးပေးပြီး သူလျှိုလွှတ်၍ စောင့်ခိုင်းထားသည်။

ကိုငွေမြသည် ရန်ကုန်တွင်နေလိုက်၊ ပဲခူးမြို့သို့ ပြန်လာလိုက်၊ တစ်ခါတစ်ရံ ကုလားချောင်းကြီးရှိ အမျိုးများအိမ်သို့သွားပြီး





ကိုဝေလကြီးသည် အမွေကို ခွဲမပေးဘဲ သူ့ကိုအိမ်မှ နှင်ချလိုက်သယောင် သားပုပ်လေလွင့် လျှောက်ပြောနေသည်။

တစ်ခါတစ်ရံ ကိုငွေမြသည် မော်လမြိုင်ဘက် ခရီးထွက်တတ်ပြီး ပျောက်နေတတ်သည်။ သို့သော် တစ်လကုန်သောအခါတွင်မူ ငွေငါးရာယူရန် လူတစ်ယောက်ကိုမူ မပျက်မကွက် စေလွှတ်တတ်သည်။

ကိုဝေလကြီးသည် ညီဖြစ်သူကို သံယောဇဉ်မကင်းသဖြင့် သုံးလေးလ စောင့်ကြည့်ပြီး အခြေအနေကောင်းပါက လခတိုးပေးပြီး ရန်ကုန်ရှိ ဆေးလိပ်ကိုယ်စားလှယ် ခန့်ထားရန်ပင် စဉ်းစားမိသေးသည်။

ကိုဝေလကြီးသည် သူ့ဇနီး ကြင်စာရီနှင့် ပတ်သက်၍မူ စိတ်မချသော်လည်း လင်ယောကျ်ားတစ်ယောက်၏ ဝတ္တရားမပျက် အဝတ်အစားများ ဝယ်ပေးချိန်တန်လျှင် ဝယ်ပေးသည်။ အသစ်အဆန်း ပေါ်သည်နှင့် ခါးပေါ် တင်ပေးသည်။ ကြင်စာရီ စားသောက်ချင်သော အစားအစာများ၊ အသုံးအဆောင် ပစ္စည်းများကိုလည်း လိုလေသေးမရှိအောင် ဝယ်ခြမ်းပေးသည်။

ကြင်စာရီသွားလာသော ပျော်ပွဲရွှင်ပွဲများကို အတူတကွ သွားလာခြင်းမရှိသော်လည်း အဖော်ကောင်းနှင့် စေလွှတ်သည်။

ကိုဝေလကြီးကား ခနဉစ္စာ ပြည့်ဝချမ်းသာသော်လည်း အပေါင်းအသင်းဇာတာ မကောင်းရှာပေ။

ညီဖြစ်သူမှာ အမွှာပူးညီအစ်ကို ဖြစ်လင့်ကစား စိတ်မချရ၍ အိမ်ပေါ်မှနှင်ချထားရသည်။ ဇနီးမယား ကြင်စာရီမှာလည်း စိတ်မချ



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် တစ်အိမ်တည်း အတူနေသော်လည်း သံသယကန့်လန့်ကာ ကြီး ခြားကာ သူစိမ်းပြင်ပြင် နေထိုင်ဆက်ဆံရလေသည်။

ကိုဝေလကြီးသည် ထိုမျှ သတိဝီရိယနှင့် အသက်ကိုဉာဏ် ဆောင့်ပြီး ကာကွယ်နေသော်လည်း တစ်နေ့တွင်အလစ်ခံလိုက်ရသည်။

တစ်နေ့တွင် ကြင်စာရီထံသို့ ရန်ကုန်ရှိ သူ၏အဒေါ် တစ်ယောက် အသည်းအသန်ဖြစ်နေကြောင်း သံကြိုးစာ ရောက်လာ သည်။

နာရေးကိစ္စဖြစ်သဖြင့် ကိုဝေလကြီးသည် တာဝန်အရ ရန်ကုန်သို့ လိုက်ပို့ရန်စီစဉ်သည် သို့သော် သတိဝီရိယကြီးမားသော ကိုဝေလကြီးသည် သူ၏ကားနှင့်မသွားဘဲ တက္ကစီအငှားကားတစ်စီး နှင့် ရန်ကုန်သို့သွားရန် စီစဉ်သည်။

ကိုဝေလကြီးသည် သူ၏ကိုယ်ရံတော် ကိုရဲဒင်ကိုပါ အပါခေါ်ပြီး ရန်ကုန်သို့ ထွက်ခဲ့ကြသည်။

အင်းတကော်သို့ ရောက်သောအခါ လမ်းကိုဖြတ်ပြီး သစ်တုံး နှင့်ပိတ်ကာ သူတို့ကားကို အသင့်စောင့်နေသော ဓားပြ(၅)ယောက်ခန့် နှင့် ရင်ဆိုင်ထိုးတော့သည်။ လက်မြန်သော ကိုရဲဒင်က ဓားပြများကို သေနတ်နှင့် တစ်ချက်သာ လှမ်းပစ်ရသေးသည် ဓားပြများက ကိုဝေလကြီးတို့ကားကို ကျည်မိုးရွာတော့သည်။ သို့သော် ထိမှန်အောင် တော့မပစ်ဘဲ လက်နက်ချရန်သာ ခြိမ်းခြောက်သည်။

အင်အားချင်းမယှဉ်သာသဖြင့် ကိုဝေလကြီးနှင့် ကိုရဲဒင်တို့ သည် ဓားပြများကို လက်နက်ချလိုက်ရသည်။

ကိုဝေလကြီးတို့စီးနင်းလာသော ကားကို အင်းတကော်မှ





တောစပ်ထဲသို့ မောင်းဝင်ခိုင်းသည်။ တောထဲရောက်မှ ကိုဝေလကြီးကို ဖမ်းဆီးပြီးလုပ်ကြံရန်ဖြစ်ကြောင်း ကိုဝေလကြီးရိပ်မိလိုက်သည်။

သို့သော် ကိုဝေလကြီးတွင် သူတစ်ပါးလက်ချက်နှင့် သေရ သောဥပဒ္ဒေဒကံ ပါလာဟန်မတူပေ။ ကိုဝေလကြီးတို့ကားကို တောစပ် ထဲ မောင်းဝင်ခိုင်းနေစဉ်ပင် ပဲခူးမှရန်ကုန်သို့ သွားမည့် ပဲခူးရာဇဝတ်ဝန် ဦးဆောင်သော ပုလိပ်ကားနှစ်စီးက တွေ့သွားပြီး ကိုဝေလကြီးတို့ မော်တော်ကားကို တောစပ်အတွင်းသို့ မောင်းသွင်းခိုင်းနေသော ဓားပြ များကို တွေ့သွားပြီး ပုလိပ်အဖွဲ့သည် ဝင်ရောက် တိုက်ခိုက်တော့ သည်။

အကယ်၍သာ ပုလိပ်အဖွဲ့သာ ရောက်မလာပါက ကိုဝေလ ကြီး၏အဖြစ်မှာ တွေးဝံ့စရာမရှိပေ။ ဓားပြများက ဥစ္စာပစ္စည်းလုယူရုံ ဆိုလျှင် တော်ပေဦးမည်။ ကိုဝေလကြီး၏ အသက်ကို ရန်ရှာကောင်း ရန်ရှာနိုင်ပါသည်။

ပုလိပ်အဖွဲ့နှင့် ဓားပြများ တိုက်ပွဲဖြစ်သဖြင့် ဓားပြများသည် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားပါသည်။ သို့သော် ပုလိပ်အဖွဲ့သည် ဓားပြတစ်ယောက်ကို ဒဏ်ရာပြင်းထန်စွာ ဖမ်းဆီးရမိလိုက်သည်။

ထိုဓားပြကို ပဲခူးဆေးရုံတွင် သေတမ်းစစ်ချက် ယူရာတွင် သတို့သည် မော်လမြိုင်ဘက်မှ လူဆိုးများဖြစ်ပြီး ဆေးလိပ်ခုံပိုင်ရှင် ကိုဝေလကြီးကို ဓားပြတိုက်ရန် မဟုတ်ဘဲ သတ်ပစ်ရန်အတွက် လူတစ်ယောက်က စေခိုင်းသဖြင့် ကိုဝေလကြီး၏ ကားကို တောထဲသို့ ဖမ်းခေါ်သွားခြင်း ဖြစ်ကြောင်း သေတမ်းစစ်ချက် ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဓားပြသည် ဒဏ်ရာပြင်းသဖြင့် သေတမ်းစစ်ချက်ကို တစ်ဝက်တစ်ပျက်သာပေးနိုင်ပြီး သေဆုံးသွားသည်။ ဓားပြအဖွဲ့တွင် မည်သူများပါကြောင်း၊ သူတို့ကို ငွေကြေးပေးပြီး ကိုဝေလကြီးကို သတ်နိုင်းသူသည် မည်သူမည်ဝါဖြစ်ကြောင်း ပုလိပ်အဖွဲ့မှ သဲလွန်စ မရလိုက်ပေ။

ပုလိပ်အဖွဲ့မှ သဲလွန်စ မရလိုက်သော်လည်း ကိုဝေလကြီးသည် တရားခံကို ရိပ်မိလိုက်ပါသည်။

တရားခံမှာ အခြားသူ မဖြစ်နိုင်ပါ။ သူ၏ညီလေးငွေမြနှင့် ကြင်စာရီတို့ ပူးပေါင်းကြံစည်သော လုပ်ကြံမှုပင်ဖြစ်သည်။ ကိုဝေလကြီးသည် သူ၏အသက်လုပ်ကြံရန် ကြံစည်ခံရသည်ကို မသိလိုက် မသိဘာသာပင်နေလိုက်သည်။ ကြင်စာရီကို မသင်္ကာသော အပြုအမူ၊ ညီလေးဖြစ်သူ ငွေမြကို အထင်လွဲသော အပြုအမူမျိုး လုံးဝ မပေါ်စေရန် ကိုဝေလကြီးသည် ထိန်းသိမ်းလိုက်သည်။

ညီဖြစ်သူကိုငွေမြသည် အရေးကြီးသဖြင့် သွေးစည်းသည့် အမူအရာမျိုးဖြင့် မျက်နှာပြောင်တိုက်လာပြီး သတင်းလာမေးသည်။

ကိုဝေလကြီးသည် ညီဖြစ်သူကိုငွေမြကို ကောင်းစွာ လက်ခံ တွေ့ဆုံပါသည်။ အရေးကြီးသဖြင့် သွေးစည်းသော ညီဖြစ်သူကို ကျေးဇူးတင်ဟန်နှင့် ခင်မင်ရင်းနှီးစွာ နေသွားကြရန်ပင် ကိုဝေလကြီးက ပြောဆိုလိုက်သေးသည်။

ညီဖြစ်သူ ကိုငွေမြက ကိုဝေလကြီး၏ အန္တရာယ် ကြုံတွေ့ခဲ့သောအချိန်တွင် ကူညီစောင့်ရှောက်ရန် အကြောင်းပြပြီး နီးနီးကပ်ကပ် နေထိုင်ရန် အကြောင်းပြသဖြင့် ကိုဝေလကြီးသည် ညီဖြစ်သူ ကိုငွေမြ





နေထိုင်ရန် ပဲခူးမြို့ပေါ်တွင် အိမ်တစ်လုံး ငှားပေးလိုက်သေးသည်။

ညီအစ်ကိုနှစ်ယောက် အရေးအကြောင်းပေါ်သဖြင့် ပြန်ပေါင်းထုတ်သလို ရင်းရင်းနှီးနှီး ပြန်ပြီးဆက်ဆံသည်။ ကိုဝေလကြီးက သူ၏ညီ ကိုငွေမြအတွက် ဖောဖောသီသီ သုံးစွဲနိုင်ရန် ငွေကြေးများ ထောက်ပံ့ပေးလိုက်သေးသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .

မောင်ဝေလကလေးသည် ကိုဝေလကြီးကို လုပ်ကြံရသော ကိစ္စနှင့်ပတ်သက်ပြီး ကိုဝေလကြီးက သူ၏ညီ ကိုငွေမြက လုပ်ကြံမှန်း သိပါလျက် ဘာကြောင့် ညီဖြစ်သူကို လက်ခံ သိမ်းပိုက်ရသည်ကို နားမရှင်းပေ။

မောင်ဝေလကလေးက . . .

"အစ်ကိုကြီးဟာက အဲဒီဓားပြတွေကို ကိုငွေမြက နိုင်းစေပြီး အစ်ကိုကြီးကို လုပ်ကြံနိုင်းတာ သေချာရဲ့လား"

"သေချာတာပေါ့ကွာ၊ ငါက မသေချာဘဲနဲ့ ပြောပါ့မလားကွ"

"ဟိုဖမ်းမိတဲ့ ဓားပြကြီးရဲ့ သေတမ်းစစ်ချက်ထဲမှာ သူ့ကို စေနိုင်းတဲ့လူဟာ ကိုငွေမြလို့ အစစ်ခံမသွားဘူး"

"မင်းမေ့နေလို့ဖြစ်မယ်၊ ငွေမြဟာ မော်လမြိုင်ဘက်ကို သွားပြီး ပျောက်နေတယ်ဆိုတာ အဲဒီကိစ္စ သွားပြီးစီစဉ်တာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုငွေမြမှာ အစ်ကိုကြီးက တစ်လကို ငွေငါးရာသာ ထောက်ပံ့ထားတော့ အဲဒီဓားပြ ငါးယောက်ကို ဘယ်လိုလုပ်ပြီး ငွေပေးနိုင်းလို့ရမလဲ "

"ကြင်စာရီပေါ့ကွာ၊ ကြင်စာရီကို ငါ တစ်ကိုယ်စာ ဆင်ထားတဲ့အထဲက စိန်ကြယ်သီးတွေပျောက်နေတယ်၊ အဲဒီငွေနဲ့ထုခွဲပြီး ဓားပြတွေ ငွေပေးတာဖြစ်မှာပေါ့၊ ငါက ကြင်စာရီရဲ့ စိန်ကြယ်သီးတွေပျောက်နေတာကို အစောကြီးတည်းက သိတယ်ကွ၊ ဒါပေမယ့် ဒီလိုလဲ သွားရင်းလာရင်း ငါ့ကို လုပ်ကြံမယ်မထင်ဘူး၊ အိမ်ဝင်းထဲကိုပဲ လူသတ်ကောင်လွှတ်ပြီး လုပ်ကြံလိမ့်မယ် ထင်လို့ ဒီအိမ်ဝင်းရဲ့ လုံခြုံရေးကို ဂရုစိုက်နေတုန်း အလစ်မှာ ခံလိုက်ရတာ "

"ပုလိပ်ကားသာ အချိန်မီရောက်မလာရင် အစ်ကိုကြီးတော့ အဲဒီအင်းတကော်က တောထဲမှာတင် အသေပဲနော်"

"အခုလောက်ဆိုရင် အရိုးဆွေးနေပြီပေါ့ကွာ"

"ဒါနဲ့ ကိုငွေမြနဲ့ မကြင်စာရီတို့ ပူးပေါင်းပြီး ကြံစည်တာကို ဘယ်လိုလုပ် ရိပ်မိသလဲ "

" အဲဒီလိုဖြစ်ဖြစ်ချင်း ငါ့တပည့် တစ်ယောက်လွှတ်ပြီး ကြင်စာရီရဲ့ အဒေါ်ဆိုသူ အသည်းအသန် ဖြစ်နေတယ်ဆိုတာ ဟုတ်သလား သွားစုံစမ်းခိုင်းတာပေါ့၊ ကြင်စာရီရဲ့ အဒေါ်ဟာ ရန်ကုန်မှာ နေကောင်းတာမှ ဒေါင်ဒေါင်ကို မြည်နေတာပဲ၊ တမင်တကာ သူ့အဒေါ် နေမကောင်းဘူးဆိုပြီး ငါ့ကို ပဲခူးက ခေါ်ထုတ်ပြီး အင်းတကော်မှာ အစဖျောက်မလို့ကွ၊ အဲဒီကောင်တွေဟာ ဓားပြအစစ်တွေ မဟုတ်ဘူး။ ဒီရက်ပိုင်းအတွင်း ပဲခူးနဲ့ ရန်ကုန်ကြား ဘယ်နေရာမှာမှ ဓားပြတိုက်





...ာမရှိဘူး၊ အဲဒီဓားပြတွေဟာ ငါ့ရဲ့အသက်ကို လုပ်ကြံဖို့ စပယ်ရှယ် ...စီအစဉ်နဲ့ စောင့်နေတဲ့သူတွေပဲ"

" အစ်ကိုကြီးက အဲဒီနေ့က အိမ်ကကားနဲ့ မသွားဘဲ ...ားပြောင်းစီးတာတောင် ဓားပြတွေက မှတ်မိတယ်နော် "

"သူတို့ရဲ့ သဋ္ဌမံတပ်သား ကြင်စာရီပါတာကိုးကွ။ ငါကို ...လဲ နည်းနည်းလိုသွားပါတယ်ကွာ။ အဲဒီနေ့က ကြင်စာရီဟာ ...ဘီအနီ၊ အင်္ကျီအနီ ဖက်ရှင်ဝတ်ထားတာ ငါ မရိပ်မိလိုက်ဘူး။ ...မိလိုက်ရင် ပဲခူးက ထွက်သွားကတည်းက ငါ့ရဲ့ ကားထဲမှာ ပုလိပ် ...ွ ခေါ်သွားပါတယ် "

"အစ်ကိုကြီးကို ကျွန်တော် အံ့သြတာတစ်ခုရှိတယ်။ ...စ်ကိုကြီးက သိပ်ပြီး နှလုံးကောင်းတာပဲ၊ နှလုံးကောင်းတော့ ဝမ်းကြီး ...တာလို ဖြစ်နေတာပေါ့"

"ဘာများလဲကွ"

"မကြင်စာရီရဲ့ ကိုငွေမြဟာ ပူးပေါင်းပြီး အစ်ကိုကြီးရဲ့ ...သက်ကို ကြံစည်မှန်းသိပါလျက် မကြင်စာရီကို အစ်ကိုကြီးရဲ့ ...ပေါ်မှာ ပြန်ပြီးတင်ထားတယ်၊ ပြီးတော့ ကိုငွေမြကိုလဲ ပဲခူးအိမ်မှာ ...ပေးပြီး ငွေကြေး ထောက်ပံ့တာလေ"

"အဲဒါက ငါ့ရဲ့ ပရိယာယ်ပဲကွ"

"ဘယ်လိုပရိယာယ်လဲ အစ်ကိုကြီးရ၊ ကျွန်တော်တော့ ရှုပ်နေ ...ယ်"

" ဒီလိုလေကွာ၊ သူတို့နှစ်ယောက် ပူးပေါင်းပြီး ငါ့ရဲ့ ...သက်ကို ရန်ရှာတာ သေချာသွားပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အဲဒီတော့ ငါက သူတို့နှစ်ယောက်ကို တုံ့ပြန်ရမှာပေါ့ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီတော့ သူတို့နှစ်ယောက်ကို ငါက 'ခြံလှောင်ပြီး' ထား လိုက်တာပေါ့"

"ဗျာ၊ ခြံလှောင်တယ် ဟုတ်စ၊ ခြံလှောင်တယ်ဆိုတာ ဘာ အဓိပ္ပာယ်လဲ အစ်ကိုကြီးရ"

"မုဆိုးဟာ သားကောင်ကို တောထဲမှာ လိုက်ရှာရင် မပင်ပန်း ဘူးလားကွ"

"ပင်ပန်းတာပေါ့ အစ်ကိုကြီးရဲ့"

"တကယ်လို့ မုဆိုးဟာ သားကောင်ကို ခြံလှောင်ထားပြီး အမဲလိုက်ရင် ပိုမကောင်းဘူးလားကွ"

"ဟာ . . ဟုတ်တာပေါ့။ ခြံလှောင်ထားတဲ့ သားကောင်ကို မုဆိုးဟာ အချိန်မရွေး အမဲလိုက်နိုင်တာပေါ့"

"အေးပေါ့ကွာ၊ ဒါကြောင့် ညီလေး ငွေမြကို ပဲခူးက ဘယ် ထွက်မသွားအောင် ငွေကြေးထောက်ပံ့ပြီး ခြံလှောင်လိုက်တယ် ကြင်စာရီကိုလဲ အိမ်ပေါ်က ထွက်ပြေးမသွားအောင် သူတို့ အကြံအစည် ကို မသိဟန်ဆောင်ပြီး အိမ်ပေါ်က ဆင်းမပြေးသွားအောင် ထွေ မပျက် ထိန်းသိမ်းထားလိုက်တယ်၊ အဲဒါ ခြံလှောင်တာပေါ့ကွာ ခြံလှောင်ပြီးမှ အမဲလိုက်တာပေါ့၊ ထောင်ချောက်ဆိုရင် လူတွေရိပ်





မိမယ်၊ ခြံလှောင်တယ်ဆိုတာ ညင်ညင်သာသာနဲ့မို့ ဘယ်သူမှ မရိပ် မိဘူး"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကိုဝေလကြီးသည် သူ့ညီနှင့် သူ့ဇနီးက သူ၏အသက်ကို ရက်ရက်စက်စက် ကြံစည်မှန်း သေချာပြီးသည့်နောက် သူသည် ညီနှင့် ဇနီးတို့ကို လက်တုံ့ပြန်ရန် စီမံချက် ရေးဆွဲတော့သည်။

ကိုဝေလကြီးသည် အောင်မြင်သော စီးပွားရေးသမားတစ်ယောက်ပီပီ အလုပ်တစ်ခုလုပ်လျှင် ကြိုတင်စီစဉ်ပြီး စနစ်တကျ လုပ်တတ်သည်။ ဘာပြီးလျှင် ဘာလုပ်ရမည်ဟု အစီအစဉ်ကိုလည်း နားလည်သည်။ ထို့ပြင် သူ့အတွက် လုံခြုံမှုရရန် ကြိုတင်အကာအကွယ်ကိုလည်း ပြုလုပ်တတ်သည်။

ကိုဝေလကြီးသည် အင်းတကော်တွင် ဓားပြများ ဖမ်းဆီးခံရပြီး သေနတ်နှင့်ပစ်ခတ်ခြင်း ခံရချိန်မှစပြီး သွေးပျက်သွား၍ စိတ်ဖောက်ပြန် သွားလေသယောင်ယောင် သတင်းလွှင့်ပြီး ရူးသွပ်ချင်ဟန်





ဆောင်တော့သည်။

ကိုဝေလကြီးသည် လူတကာကို ကြောက်ရွံ့လေဟန်ဆောင်ပြီး သူ့ကို သတ်ဖြတ်ရန် လူသတ်သမားများ လာနေပြီဟု အော်ဟစ်လေသည်။ တစ်ခါတစ်ရံတွင်မူ လူကောင်းဟန်ဆောင်ပြီး အမူအရာနှင့် မျက်လုံးကသာ ရူးသွပ်ချင်ဟန် ဆောင်သည်။

ကိုဝေလကြီးသည် ပဲခူးဆေးရုံမှ ဆရာဝန်ကြီး ရန်ကုန် စိတ်ရောဂါကုသော ဆရာဝန်ကြီးများထံ သွားပြပြီး ရောဂါကုဆေးရန် သူ့ကိုယ်သူ သွားအပ်သည်။ အင်္ဂလိပ်ဆရာဝန်များက ထိတ်လန့်စရာ အဖြစ်အပျက်ကို ကြုံတွေ့လိုက်ရသဖြင့် သွေးအနည်းငယ် ပျက်သွားသည်ဟု မှတ်ချက်ချလေတော့သည်။

ထို့ပြင် ကိုဝေလကြီးသည် မြန်မာ သမားတော်များကို ပင့်ဖိတ်ပြီး သူ၏ရောဂါကို ကုသစေသည်။ မြန်မာသမားတော်များကလည်း ကိုဝေလကြီးသည် သည်းခြေ ပျက်သွားသည်ဟုဆိုကာ သည်းခြေနှင့် ပတ်သက်သော ဆေးဝါးများနှင့် ကုသလေသည်။

ပဲခူးတစ်မြို့လုံး ကိုဝေလကြီးသည် ယဉ်ယဉ်လေးနှင့်ရူးနေသည်ဟူသော သတင်းတို့ ပျံ့နှံ့သွားတော့သည်။ လူစည်ကားရာ ဈေး၊ ဘူတာရုံ၊ လက်ဖက်ရည်ဆိုင်စသော နေရာတို့တွင် ကိုဝေလကြီး ရူးနေသော သတင်းသည် ဥက္ကောဋ္ဌေယျ ဖြစ်နေတော့သည်။

တစ်နေ့တွင် ကိုဝေလကြီးသည် ပဲခူးဆေးရုံမှ ဆရာဝန်ကြီးထံ ဖုန်းဆက်လေသည်။ သူသည် သူ၏ဇနီး ကြင်စာရီကို လည်ပင်းညှစ်သတ်ရာ ကြင်စာရီသည် အသက်မြောမြောကလေး ကျန်တော့သဖြင့် ကြင်စာရီ၏ အသက်ကယ်ရန် သူ၏နေအိမ်သို့ အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



လာရန် ဖုံးဆက်လေသည်။

ဆရာဝန်ကြီးသည် နောက်လိုက်လက်သား တပည့်များနှင့် ကိုဝေလကြီး၏ နေအိမ်သို့အပြေးအလွှား ရောက်လာသည်။

ဆရာဝန်ကြီးသည် ကိုဝေလကြီး၏နေအိမ်သို့ ရောက်သောအခါ ကြင်စာ့ရီကို အကောင်းပကတိတွေ့ရပြီး ဆရာဝန်ကြီးက ကြင်စာ့ရီကို စုံစမ်းလေသည်။ ကြင်စာရီက ကိုဝေလကြီးသည် သူ့ကို အန္တရာယ်ပေးမည့်အပြုမူမျိုး လုံးဝမပြုလုပ်ကြောင်း ဖြေကြားလေသည်။

ထိုအခါ ဆရာဝန်ကြီးက ကိုဝေလကြီးသည် စိတ်ဖောက်ပြန်စွာနှင့် သူ့ကို ဖုန်းဆက်ဒုက္ခပေးခြင်းဖြစ်ကြောင်း ထင်သွားသည်။ ထို့ကြောင့် ဆရာဝန်ကြီးသည် ကိုဝေလကြီးကို စိတ်ငြိမ်ဆေးများကျွေးပြီး ဆေးထိုးကာ ကုသပေးလေသည်။

များမကြာမီ ရက်ပိုင်းအတွင်း ကိုဝေလကြီးသည် မော်တော်ကားနဲ့ ပဲခူးမြို့မဂါတ်တဲသို့ ရောက်သွားသည်။ ဂါတ်တဲအောက်စားပွဲတွင်ထိုင်နေသော ဌာနာအုပ်ကို ကိုဝေလကြီးက သူသည် ပဲခူး ဖိုင်းဂနိုင်း ရွှေသာလျောင်း ဘုရားအနီးတွင် လူတစ်ယောက်ကို ကားနှင့် တိုက်သတ်မိခဲ့ကြောင်း ပြောပြီး အဖမ်းခံလေသည်။

ပဲခူးဌာနာအုပ်သည် ချက်ချင်းပင် ပဲခူး ဖိုင်းဂနိုင်း ရွှေသာလျောင်း ဘုရားကြီးအနီးသို့ရောက်သောအခါ ကိုဝေလကြီး ကားနှင့် တိုက်သတ်ခဲ့သည်ဆိုသော လူ၏ အလောင်းကို သယ်ရန်နှင့် အမှုစုံစမ်းရန် ထွက်သွားသည်။

ပဲခူး ဖိုင်းဂနိုင်း ရွှေသာလျောင်းဘုရားအနီးတွင် ကိုဝေလကြီး





ကားနှင့် တိုက်သတ်ခဲ့သူဟူသော လူ၏အလောင်းကို လုံးဝမတွေ့ရပါ။ ဘုရားစောင်းတန်းမှ ဈေးသည်များနှင့် ဘုရားလူကြီးများကို အနီးအနားတွင် ကားတိုက်မှုဖြစ်မဖြစ် စုံစမ်းရာ ကားတိုက်မှုလုံးဝမဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကိုဝေလကြီး၏ ကားသည်ပင် ပဲခူးဖိုင်းဂနိုင်းသို့ ရောက်လာခြင်း မရှိကြောင်းသိရသည်။

ပဲခူးဌာနာအုပ်သည် စိတ်ပျက်ပျက်နှင့် ဂါတ်တဲသို့ ပြန်လာပြီး ကိုဝေလကြီးသည် မည်သူ့ကိုမှ ကားနှင့် တိုက်သတ်ခြင်းမရှိဘဲ ဘာ့ကြောင့် ဒုက္ခပေးရသလဲဟု မေးမြန်းလေသည်။

ကိုဝေလကြီးက အတည်ပေါက်နှင့် သူသည် ယနေ့နံနက် ရွှေသာလျောင်းဘုရားသို့ ယတြာချေရန် သွားရာ လူတစ်ယောက်က ကားရှေ့ရပ်ပြီး သူ့ကို သေနတ်နှင့်ပစ်သတ်ရန် ကြံစည်သဖြင့် သူသည် ထိုလူကို ကားလီဗာကို အဆုံးနင်းပြီး တိုက်သတ်ရကြောင်း မယုံလျှင် ကားရှေ့ဘန်ပါများကို သွားကြည့်ရန် ပြောလေသည်။

ဌာနာအုပ်သည် ကားဘန်ပါများကို သွားကြည့်ရာ၊ အမှန်ပင် ပိန်ချိုင့်နေသည်ကို တွေ့ရပါသည်။

ထို့ပြင် ကိုဝေလကြီးက ထိုလူသတ်သမားသည် ကားတိုက်ခံရသောဒဏ်ရာနှင့် သွေးရူးသွေးတန်းဖြစ်ကာ တောထဲဝင်ပြေးသွားကြောင်း၊ တောတဲရောက်မှ လဲကျ သေဆုံးနိုင်ကြောင်း အခိုင်အမာ ပြောကြားလေသည်။

ထို့ကြောင့် ပဲခူးဌာနာအုပ်နှင့်အဖွဲ့သည် ရွှေသာလျောင်းဘုရားသို့ ဒုတိယတစ်ကျော့ သွားရပြန်သည်။ ကိုဝေလကြီးကားနှင့် တိုက်သတ်ခဲ့သည်ဆိုသော အလောင်းကို တောစပ်ထဲရှိ ထန်းတောနှင့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းတို့တွင် ရှာဖွေကြပြန်တော့သည်။ သို့ရာတွင် သွေးစသွေးနများကို လုံးဝ မတွေ့ရပေ။

ပဲခူးဌာနာအုပ်သည် ဒုတိယအကြိမ် ရွှေသာလျောင်းဘုရားမှ ပြန်လာသောအခါမှ လမ်းတွင် ကိုဝေလကြီးသည် ယဉ်ယဉ်ကလေးနှင့် ရှုးနေကြောင်း သိရပါသည်။

ပဲခူးဌာနာအုပ်သည် ပဲခူးမြို့၏မျက်နှာဖုံး ဆေးလိပ်ခုံပိုင်ရှင် ကိုဝေလကြီးကို သဟောက်သဟ မပြုတော့ဘဲ ချော့မော့ပြီး အိမ်ပြန်ပို့လေတော့သည်။

ထိုသို့ဖြစ်ပွားပြီး ရက်အနည်းငယ် ကြာသောအခါ နံနက် ဝေလီဝေလင်းအချိန်တွင် ကိုဝေလကြီးသည် ပဲခူးဂါတ်တဲသို့ ဖုန်းဆက် ပြန်လေသည်။ ယနေ့နံနက်ပိုင်းက လူသတ်ကောင်တစ်ယောက်သည် သူ၏ခြံဝင်းထဲ ကျူးကျော်ဝင်လာသဖြင့် သူသည် သေနတ်နှင့် ပစ်သတ် လိုက်ရာ လူသတ်ကောင် သေဆုံးသွားကြောင်း၊ အလောင်းကို လာရောက်ပြီး အမြန်ဆုံး စစ်ဆေးရန်အကြောင်းကြားကြောင်း ဖုန်းဆက်လိုက်သည်။

ပဲခူးဌာနာအုပ်နှင့် ပုလိပ်အဖွဲ့သည် ကိုဝေလကြီး၏ ခြံသို့ အူရားဖားရားနှင့် ရောက်လာပါသည်။ ကိုဝေလကြီး၏ ခြံထဲသို့ ရောက်သောအခါ သေဆုံးနေသော အလောင်းကိုရှာဖွေရာ ခြံတစ်ခုလုံး မည်သည့်နေရာမှ အလောင်းကို မတွေ့ရပေ။ အတန်ကြာမှ ပဲခူးဌာနာ အုပ်သည် ကိုဝေလကြီးသည် စိတ်ဖောက်ပြန်နေသူ ဖြစ်သဖြင့် ပေါက်တတ်ကရ လျှောက်ပြောနေကြောင်းရိပ်မိပြီး စိတ်တိုတိုနှင့် ပဲခူးဂါတ်တဲသို့ ပြန်သွားလေသည်။





တစ်နေ့တွင် ကိုဝေလသည် ပဲခူးမြို့မှ နာမည် အကြီးဆုံး ဦးချစ်မောင်ဆိုသော ဝတ်လုံတော်ရတစ်ဦးကို ဖုန်းဆက်ခေါ်ပြီး ပဲခူးမြို့ တရားမရုံးသို့ ခေါ်သွားလေသည်။ တရားမ တရားသူကြီးရှေ့သို့ ရောက်သောအခါ ကိုဝေလကြီးက သူသည် သူချမ်းသာသမျှ စည်းစိမ် ဥစ္စာတို့ကို အမွေခွဲဝေပေးချင်သဖြင့် တရားဝင်အောင် ဆောက်ရွက် မှတ်ပုံတင်ပေးရန် ပြောကြားလေသည်။

တရားမ တရားသူကြီးက မည်သူ့ကို အမွေခွဲဝေပေးလို သနည်းဟု မေးမြန်းရာ ကိုဝေလကြီးက သူ၏မိဘများ ဖြစ်သော ဦးကျော်ရန်နှင့် ဒေါ်သိုင်းချုံတို့ကို အမွေခွဲဝေပေးလိုကြောင်း ပြောကြား လေသည်။

တရားသူကြီးက တရားမဥပဒေအရ အမွေရှင်က သူ၏ အမွေပုံပစ္စည်းကို သူမသေမီအမွေခွဲဝေပေးရန် မိသားစု စီမံကိန်း ပြုလုပ် ခွင့်ရှိသဖြင့် ကိုဝေလကြီး၏ မိဘများဖြစ်သော ဦးကျော်ရန်နှင့် ဒေါ်သိုင်းချုံတို့မှာ ကွယ်လွန်ပြီး ဖြစ်နေသည်ကို သိရပါသည်။

အမွေဆက်ခံခွင့်ဥပဒေအရ သာမန်အားဖြင့် မိဘတို့သည် အမွေရှင်၏ သားသမီး၊ မြေးမြစ်မရှိသော မိမိသားသမီး၏ အမွေကို ဆက်ခံခွင့်ရှိပါသည်။ များသောအားဖြင့် မိဘများသည် သားသမီးများ ထက် အလျင်စောပြီး ကွယ်လွန်တတ်ရာ သားသမီး၏အမွေကို မိဘများသည် ရလေ့မရှိပေ။

ယခုမူ ကိုဝေလကြီးသည် သူ့ထက်အလျင် သေဆုံးသော မိဘနှစ်ပါးကို အမွေပေးသည်ဟုဆိုခြင်းမှာ လူကြားလျှင်ရယ်စရာ ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ တရားမ တရားသူကြီးနှင့် ဝတ်လုံတော်ရကြီးသည် ကိုဝေလကြီးသည် စိတ်ဖောက်ပြန်နေသဖြင့် သူ၏အမွေများကို သေဆုံးသူများကို လာရောက် ပေးအပ်ခြင်းဖြစ်ကြောင်း သိရပြီး၊ ကိုဝေလကြီးကို ရုံးတော်မှ ချော့မော့၍ လွှတ်လိုက်ရတော့သည်။

ကိုဝေလကြီးသည် ပဲခူးမြို့ပေါ်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများကို တစ်မျိုးပြီးတစ်မျိုး ဒုက္ခပေးတော့သည်။

တစ်နေ့တွင် ကိုဝေလကြီးသည် သူ၏အိမ်တွင် မီးလောင်နေကြောင်း ပဲခူးမီးသတ်အဖွဲ့သို့ တယ်လီဖုန်းဆက်၍ အကြောင်းကြားလေသည်။

ပဲခူး မီးသတ်အဖွဲ့သည် တပ်လှန့်သံချောင်း ခေါက်ပြီး မီးသတ်ကားကြီးကို ကိုဝေလကြီး၏နေအိမ်သို့ စေလွှတ်လေတော့သည် ပဲခူးမီးသတ်အဖွဲ့မှ မီးသတ်ကားသည် တရကြမ်းမောင်းပြီး ကိုဝေလကြီး၏ နေအိမ်သို့ရောက်လာသည်။ ပဲခူးတစ်မြို့လုံးလည်း မီးလှန့် သံချောင်းသံကြောင့် ထိတ်လန့်သွားကြသည်။

မီးသတ်ကားသည် ကိုဝေလကြီး၏အိမ်သို့ ရောက်သောအခါ မီးနှင့်တူ၍ ဆေးလိပ်မီးကိုပင် မတွေ့ရပေ။ နောက်မှပင် စိတ်ဖောက်ပြန်နေသော ကိုဝေလကြီးသည် ပဲခူးမီးသတ်အဖွဲ့ကို အရူးလုပ်ခြင်းဖြစ်ကြောင်း ပဲခူးမီးသတ်အဖွဲ့သည် သိရတော့သည်။

ပဲခူးတစ်မြို့လုံးက ကိုဝေလကြီးသည် သွက်သွက်ခါအောင် ရူးသွပ်နေပြီဟု ပြောဆိုကြတော့သည်။

ကိုဝေလကြီးသည် ရက်အနည်းငယ်မျှ ငြိမ်သက်သွားပြီးနောက် ပဲခူးမြို့ မြူနီစပယ်အဖွဲ့သို့ လူတစ်ယောက် သေဆုံးသဖြင့်





သင်္ချိုင်းတစ်နေရာစာပေးရန် လျှောက်လွှာတစ်စောင် ရောက်လာသည်။

ထို့နောက် သင်္ချိုင်းရှိ စဏ္ဍာလများထံသို့ ကိုဝေလကြီး ရောက်သွားပြီး မသာချရန်အတွက် မြေတစ်နေရာ တူးရန်ပြောလေသည်။ စဏ္ဍာလများက မြေကိုတူးပြီး စောင့်နေသော်လည်း မသာချမလာသဖြင့် လွန်စွာ အံ့သြနေသည်။ နောက်ပိုင်းကျမှ စိတ်ဖောက်ပြန်နေသော ကိုဝေလကြီး၏ လက်ချက်မှန်းသိရပြီး ငိုအားထက်ရယ်အားထက်သန်ရသည်။

သင်္ချိုင်းကုန်းတွင် ကိုဝေလကြီး သွားရောက် ဂျီကျသောကိစ္စသည်လည်း ပဲခူးတစ်မြို့လုံး ပျံ့နှံ့သွားပြန်ပြီး နေရာတိုင်းတွင် ပြောစမှတ် ဆန်းကြရလေသည်။

. . . . . . . . . . . . . . . . . . . . . . . . .

ကိုဝေလကြီးသည် သူ၏ရန်သူများဖြစ်သော ကိုငွေမြနှင့်ကြင်စာရီတို့ကို လက်တုံ့ပြန်မည်ဟုဆိုပြီးမှ ကိုဝေလကြီး ပြုလုပ်နေသော အစီအစဉ်များကို မောင်ဝေလကလေးသည် သဘောမပေါက်ပေ။

မောင်ဝေလကလေးက . . .

" အစ်ကိုကြီးဟာက ဘာတွေ လျှောက်လုပ်နေတာလဲ အစ်ကိုကြီးပြောတာ နားထောင်ရတာ ကျွန်တော်တောင် ရူးချင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝေလကလေးက စိတ်ရှုပ်သော အမူအရာနှင့် မေးလိုက်သောအခါ ကိုဝေလကြီးသည် သဘောကျစွာ ဟားတိုက်ရယ်မောလေတော့သည်။

" ဟား . . ဟား . . ဟား . . ဟား . . ဘယ်လိုလဲ မောင်ဝေလရဲ့ မင်း ငါ့ရဲ့ အစီအစဉ်တွေကို ဉာဏ်မမီဘူး မဟုတ်လား"

"ဟုတ်တယ်လေ၊ အစ်ကိုကြီးက ရန်သူတွေကို သုတ်သင်ရှင်းလင်းမယ်လဲ ပြောသေး၊ အခုတော့ အစ်ကိုကြီးဟာ အစ်ကိုကြီးလူသတ်မှု ကျူးလွန်မှာကို ပုလိပ်အဖွဲ့ကို ကြိုတင်သတိပေးသလိုဖြစ်နေတယ်။ ပြီးတော့ ဆရာဝန်ရော တရားသူကြီး၊ မီးသတ်၊ မြူနီစပယ်ပါ မနေရဘူး။ အစ်ကိုကြီးလျှောက်ပြီး ဒုက္ခပေးတာ"

" ပုလိပ်အဖွဲ့ကို ကြိုတင် သတိပေးတာလဲ မဟုတ်ဘူး၊ ဌာနဆိုင်ရာတွေကို ဒုက္ခပေးတာလဲ မဟုတ်ဘူး၊ ငါ လူသတ်မှု မကျူးလွန်မီ ငါ့ဘက်က ကြိုတင်ကာကွယ်မှု ယူရတာကွ"

မောင်ဝေလကလေးသည် ကိုဝေလကြီး ပြောသည်ကို နားမရှင်းသေးသဖြင့် . . .

"ဘယ်လို ကြိုတင် ကာကွယ်မှုလဲ အစ်ကိုကြီးရ၊ ရှင်းစမ်းပါဦး"

"အရှူး လက်မှတ် ကြိုတင် ယူထားတာပေါ့ကွာ"

"ဘယ်လို အရူးလက်မှတ်လဲဗျ၊ အစ်ကိုကြီးရှင်းမှ ပိုရှုပ်ကုန်ပြီ"

ကိုဝေလကြီးသည် သဘောကျသော အမူအရာနှင့် ပြုံးယောင်သန်းသွားပြီး စိတ်ရှုပ်နေဟန်ရှိသော မောင်ဝေလကလေးကို ရှင်းပြလေသည်။





" ဒီလိုလေကွာ၊ တရားဥပဒေမှာ ကင်းလွတ်ခွင့်ဆိုတာ ရှိတယ်ကွ၊ အပြစ်ကျူးလွန်ပါလျက်သားနဲ့ အပြစ်မရတာ ကင်းလွတ်ခွင့်ပေါ့ကွာ၊ ဥပမာ အသက်မစေ့သေးဘဲ ကလေးတစ်ယောက် ပြစ်မှုကျူးလွန်ရင် အပြစ်ပေးလို့ မရဘူး။ ရူးသွပ်နေတဲ့လူ ပြစ်မှုကျူးလွန်ရင် အပြစ်ပေးလို့ မရဘူး။ ဒါကြောင့် ငါဟာ ပြစ်မှုကျူးလွန်တော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီးတာနဲ့ အရူးလက်မှတ်ရအောင် ကြိုတင် စီစဉ်ရတာပဲ"

မောင်ဝေလသည် အနည်းငယ် သဘောပေါက်လာဟန်ရှိသည်။ သူ၏မျက်နှာတွင် စိတ်ရှုပ်ထွေးသော အမူအရာ မတွေ့ရတော့ပေ။

ကိုဝေလကြီးက သူ၏စကားကို ဆက်ပြန်သည်။

"ငါ ပုလိပ်အဖွဲ့နဲ့ ဆရာဝန်ဆီကို လူသတ်တယ်လို့ တိုင်တာ တရားမ တရားသူကြီး၊ မီးသတ်၊ မြူနီစီပယ်တို့ကို ဒုက္ခသွားပေးတာ အလကား ရည်ရွယ်ချက်မရှိဘဲ ဦးတည်ရာမဲ့ လုပ်နေတာ မဟုတ်ဘူးကွ၊ တကယ်လို့ ငါပြစ်မှုကျူးလွန်မိရင် ငါဟာ ရူးသွပ်နေပါတယ်လို့ ငါ့ဘက်က သက်သေခံရအောင်လုပ်ထားတာ၊ အရူးတစ်ယောက် ရာဇဝတ်မှု ကျူးလွန်ရင် အပြစ်ဒဏ် မခံရဘူးမဟုတ်လားကွ၊ ဒါကြောင့် ငါဟာ အရူးလက်မှတ် ကြိုတင်ယူထားပြီး ကင်းလွတ်ခွင့်ရအောင် လုပ်တာကွ"

မောင်ဝေလကလေးက သူ၏ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

"ကျွန်တော်တော့ မကြားဖူးပါဘူးဗျာ၊ ကျွန်တော့်အမေပဲ



www.burmeseclassic.com

www.burmeseclassic.com



စက်ရှင်မင်းကြီးပါပဲ"

"တို့မြန်မာပြည်မှာ အရူးသိပ်မရှိတော့ ဒီလိုခုခံကာကွယ်တာ သိပ်နည်းလို့ မင်းမကြားဘူးတာ ဖြစ်ပါလိမ့်မယ်။ မင်းက ဥပဒေ နားမလည်လို့ပါ။ မင်းရဲ့အဖေ စက်ရှင်မင်းကြီးကတော့ ဒီအကြောင်းကို သိပါလိမ့်မယ်၊ ပြီးတော့ တို့နိုင်ငံမှာ တကယ်ရူးပြီး ကျူးလွန်တာ တောင် ရှေ့နေမငှားနိုင်လို့ ရုံးတော်က သိချင်မှတောင် သိမှာပါကွာ"

"ဒီလိုအရူးဆိုပြီး ခုခံကာကွယ်ထားတာမျိုးက အနောက် တိုင်းတို့ ဥရောပတိုက်တို့ဆိုရင် အရူးတွေကများတယ်ကွ၊ လူတွေကြည့်တော့ ဟိတ်နဲ့ဟန်နဲ့၊ ယဉ်ယဉ်ကလေး ရူးနေကြတာကွ"

"အနောက်တိုင်းမှာ ဘာဖြစ်လို့ အရူးများရတာလဲ အစ်ကို ရဲ"

"ဘာသာတရားရဲ့ အဆုံးအမပေါ့ကွာ၊ တို့ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတွေမှာ ရောင့်ရဲတင်းတိမ်မှုရှိတယ်၊ ကိုယ့်ရဲ့ရည်မှန်းချက် ဆုံးရှုံး သွားရင်လဲ ကုသိုလ်ကံ အကျိုးမပေးလို့ဆိုပြီး နှစ်သိမ့်နိုင်တယ်၊ ဒါကြောင့် တို့မြန်မာနိုင်ငံမှာ အရူးနည်းတာကွ"

"ဒါဖြင့်ရင် အစ်ကိုကြီး ဘာဖြစ်လို့ တစ်သက်တစ်ကျွန်း ဒဏ်ကျခံခဲ့ရတာလဲ"

"စီအိုင်အေ အိုင်အိုမင်းအောင်ဆိုတဲ့ စုံထောက်လေ သိတယ် မဟုတ်လား၊ သိပ်တော်တယ်ကွာ၊ ငါကကံဆိုးချင်တော့ ငါ့ရဲ့အမှုကို သူက ကိုင်တာကွ၊ နို့မဟုတ်ရင် ဒီအမှုက ငါ ကွင်းလုံးကျွတ် လွတ်တာ ပေါ့ကွ"

"ကျွန်တော် အမှုကျတော့ အိုင်အိုမင်းအောင် မကိုင်တာ သိပ်





နာတာပဲဗျာ"

"အေး အမှုမကျူးလွန်ဘဲ မှားပြီးခံရတဲ့ အမှုတွေမှာ အိုင်အို မင်းအောင်မကိုင်ရင် ကံဆိုးတာပဲကွ၊ ငါလိုပြစ်မှုတကယ် ကျူးလွန်တဲ့ အမှုတွေမှာ အိုင်အိုမင်းအောင်ကိုင်ရင် ကံဆိုးတာပဲ"

.............................



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ကိုဝေလကြီးသည် သူ၏အသက်ကို ရန်ရှာခဲ့သော ညီဖြစ်သူ ကိုငွေမြနှင့် ဇနီးဖြစ်သူ ကြင်စာရီတို့ကို လောကကြီးမှ မောင်းထုတ်ပစ်ရန် တစိုက်မတ်မတ် ကြိုးစားတော့သည်။

သူတစ်ပါးကို အကောက်ကြံပြီး သုတ်သင်ရန် ဖောကပ်နေသူသည် ရှေ့သို့လောကြီးနေသဖြင့် အကာအကွယ် မဲ့နေတတ်သည်။ သူတစ်ပါးကို လုပ်ကြံရန် ဖောသန်နေသူကို လုပ်ကြံရန် လွယ်ကူလှသည်။ သားကောင်ချောင်းနေသော မုဆိုးသည် အန္တရာယ်ကို ကျောပေးနေတတ်ပါသည်။ သားကောင် ချောင်းနေသော မုဆိုးကို သားကောင်အဖြစ် ပစ်ခတ်ဖမ်းဆီးရန် အလွယ်ကူဆုံးဖြစ်ပါသည်။

ကိုဝေလကြီးသည် ကိုငွေမြနှင့် ကြင်စာရီတို့ကို လွယ်ကူစွာပင် သုတ်သင် ရှင်းလင်းနိုင်ခဲ့ပါသည်။





ကိုဝေလကြီးသည် ပထမဆုံး ကိုငွေမြကို ရှင်းလင်းလိုက်သည်။

ကိုငွေမြသည် ကိုဝေလကြီးဟန်ဆောင်ပြီး ကိုထွန်းလုံနှင့်တွေ့ဆုံကာ ကိုထွန်းလုံနှင့် ကိုဝေလကြီးကို ရန်တိုက်ပေးခဲ့ပါသည်။ ယခု ကိုဝေလကြီးကလည်း ကိုငွေမြ အသုံးပြုခဲ့သော နည်းကိုပင် တစ်ကျော့ပြန်အသုံးပြုပြီး ကိုငွေမြကို သတ်ဖြတ်ခဲ့သည်။ သူ့နည်းနှင့် သူ့ကိုသုတ်သင်ခဲ့သည်။ သူ့အရိုးနှင့် သူ့ကို ပြန်ထိုးခဲ့သည်။

ကိုဝေလကြီးသည် ကိုထွန်းလုံဟန်ဆောင်ပြီး ကိုငွေမြထံ စာတစ်စောင်ပို့လိုက်သည်။ စာမှာ အောက်ပါအတိုင်း ဖြစ်သည်။

မိတ်ဆွေကြီးကိုငွေမြ . . .

ခင်ဗျားရဲ့ နောင်တော် မယားခိုးကြီးကိုဝေလကို ကျုပ် သုတ်သင်ပေးမယ်။

ငွေကြိုတင်ပေးစရာ မလိုပါဘူး။

အောင်မြင်လျှင် ကျုပ်အတွက် ဘယ်လိုအကျိုး ကျေးဇူးပြုမယ်ဆိုတဲ့ ကတိကိုသာ ကြိုတင်လိုချင်တယ်။

ပဲခူးဘူတာနားက တရုတ်စားသောက်ဆိုင်ကို လာခဲ့ပါ။

ထွန်းလုံ

ထိုစာကို ကိုငွေမြသည် လက်ခံရရှိသည်နှင့် သူ့ကို ထော



www.burmeseclassic.com

www.burmeseclassic.com



ချောက်ဆင်သည် သတ်ကွင်းထောင်သည်ကို သတိမမူမိ။ အစ်ကိုဖြစ်သူ ကိုသတ်ပြီး စည်းစိမ်ဥစ္စာကိုသိမ်းပိုက်ချင်သော ဖောက်ပြန်နေသော ကိုငွေမြသည် ပဲခူးဘူတာအနီး စားသောက်ဆိုင်သို့ ဒရောသောပါး ရောက်သွားတော့သည်။

ထိုအခါ ကိုထွန်းလုံဟန်ဆောင်နေသော ကိုဝေလကြီးက ညီဖြစ်သူ ကိုငွေမြအနီးသို့ ချဉ်းကပ်ပြီး တိုးတိုးတိတ်တိတ် တိုင်ပင် စကားပြောဟန်နှင့် သေကွင်းနေရာသို့ ခြေဖြောင်ကိုဆတ်ခနဲ ထိုးသွင်း လိုက်သည်။

ထိုစဉ်က ကိုငွေမြသည် ကိုဝေလကြီးဟန်ဆောင်ပြီး မြန်မာ ဆန်ဆန်အဝတ်အစားများ ဝတ်ဆင်သွားသည်မှာ ကိုဝေလကြီး အတွက် ပို၍အဆင်ပြေလေသည်။

ကိုဝေလကြီးသည် ကိုငွေမြကိုသုတ်သင်ပြီးသည်နှင့် သူ၏ လည်ပင်းတွင်ဆွဲထားသော စိန်လော်ကက်သီးဆွဲကြိုးလေးကို ဆွဲဖြေ လိုက်သည်။ ထို့နောက် ကိုငွေမြလည်ပင်းတွင် အမြဲဆွဲထားသော ပတ္တမြားလော်ကက်ဆွဲကြိုးကလေးကို သူ၏ လည်ပင်းတွင် ဆွဲလိုက် သည်။

အကယ်၍ လူအများက ကိုငွေမြ၏အလောင်းကိုမြင်လျှင် ဆေးလိပ်ခုံပိုင်ရှင်ကြီး ကိုဝေလကြီး သေဆုံးသွားပြီဟု ထင်မြင်မည် ဖြစ်သည်။

အမြွှာပူးညီအစ်ကို ဖြစ်သဖြင့် ကိုဝေလကြီးသည် သူ့ ကျန်သော ဘဝသက်တမ်းတစ်လျှောက်တွင် ကိုငွေမြ ဟန်ဆောင်ပြီး နေထိုင်ရန် အခက်အခဲရှိလိမ့်မည်မဟုတ်ပေ။





ကိုဝေလကြီးဘဝ ချုပ်ငြိမ်းခဲ့သော်လည်း အမြွှာပူးညီအစ်ကို ချင်းဖြစ်၍ ကိုငွေမြအဖြစ် ဟန်ဆောင်နေလို့လည်း ကိုဝေလကြီး အတွက် အဆင်ပြေနိုင်ပါသည်။

ကိုဝေလကြီးကို ကိုငွေမြဟု လူတကာက ထင်မြင်နိုင်ကာ ကိုငွေမြသည် ကိုဝေလကြီး၏ တစ်ဦးတည်းသော ညီဖြစ်သဖြင့် ကိုဝေလကြီးချမ်းသာသမျှ အမွေပုံပစ္စည်းကို ဆက်ခံနိုင်သည်။ ကိုဝေလကြီးသည် သူရှာဖွေခဲ့သော စည်းစိမ်ဥစ္စာဟူသမျှကို ကိုငွေမြ အဖြစ်နှင့် အမွေခံရုံသာရှိသည်။ ကိုယ့်ပစ္စည်းကို ကိုယ်ပြန်ပြီး အမွေ ခြင်းပင်ဖြစ်သည်။

ကိုငွေမြကိုသတ်ပြီးနောက် ကိုဝေလကြီးသည် ကိုထွန်းလုံ ဟန်ဆောင်ပြီး တရုတ်စားသောက်ဆိုင်ထဲမှ ထွက်ပြေးခဲ့သည်။ နောင် တွင် တရုတ်စားသောက်ဆိုင်မှ လူများက ကိုဝေလကြီးနှင့် ကိုထွန်းလုံ တို့သည် သူတို့စားသောက်ဆိုင်တွင် ချိန်းတွေ့နေကျဖြစ်ကြောင်း၊ ယခု ကိုဝေလကြီးကို ကိုထွန်းလုံကသတ်သွားကြောင်း ရုံးတော်တွင် အမှန် င် အစစ်ခံကြသည်။

ကိုငွေမြသေဆုံးမှုနှင့်ပတ်သက်ပြီး နောင်တွင် ပဲခူးပုလိပ် အဖွဲ့မှ ကိုထွန်းလုံကိုသာ ဖမ်းဆီးစစ်ဆေးခဲ့ပါသည်။ ကိုဝေလကြီးကို သံုးဝမထင်ခဲ့ပေ။

. . . . . . . . . . . . . . . . . . . . . . . . . .

ထို့နောက် ကိုဝေလကြီးသည် သူ၏ဇနီး ကြင်စာရီကို စာရင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းတော့သည်။ ကြင်စာရီကို စာရင်းရှင်းရသည်မှာလည်း လွယ်ကူပါသည်။

ကိုဝေလကြီးသည် ခေတ်ဆန်ဆန် အဝတ်အစားများကို ဝတ်ဆင်ပြီး အသံခပ်ပြာပြာ အပြောကျင့်ထားရုံမျှနှင့် ကိုငွေမြနှင့်တူသွားပါသည်။ ဤနေရာတွင် အမြွှာပူးညီအစ်ကို ဖြစ်သဖြင့် ကိုဝေလကြီးအတွက် အခက်အခဲ မရှိပါ။

ပဲခူးမြို့ထဲတွင် ကိုဝေလကြီးကို ကိုထွန်းလှုံက သတ်သွားသည်ဟူသောသတင်းကို ကြင်စာရီကြားလိုက်ရပြီး အလောင်းကို ပဲခူးရင်ခွဲရုံတွင် သွားကြည့်ကာ ဟန်ဆောင် ငိုကြွေးခဲ့ရသော ညချမ်းအချိန်မှာပင် ကိုဝေလကြီးသည် ကြင်စာရီထံ ရောက်လာသည်။

ကိုဝေလကြီးသည် ကိုငွေမြဟန်ဆောင်ပြီး ကြင်စာရီထံ ရောက်လာပါသည်။

ကြင်စာရီသည် ကိုဝေလကြီးကို ကိုငွေမြဟုပင် ထင်နေပါသည်။

ကြင်စာရီသည် ကိုငွေမြကိုချစ်စနိုးဖြင့် 'ကိုမြ'ဟု ခေါ်သည်။ ကြင်စာရီသည် ကိုဝေလကြီးကို ကိုငွေမြအမှတ်နှင့် ဝမ်းသာအယ်လဲ ကြိုဆိုသည်။

"ဟင် . . ကိုမြ"

ကိုဝေလကြီးသည် ကိုငွေမြက ကြင်စာရီကို 'ရီရီ'ဟုခေါ်သည့်အတိုင်း . . .

"ဒီမှာရီရီ၊ ကိုမြတော့ ကိုကို့ကို ကိုထွန်းလှုံ ဟန်ဆောင်ပြီး သတ်ခဲ့ပြီ"





"ဟုတ်လား၊ ရီရီက ကိုမြသတ်တယ် မထင်ဘူး။ ကိုထွန်းလှုံသတ်တယ်လို့ထင်တာ၊ ပဲခူးတစ်မြို့လုံးကလဲ မောင့်ကို ကိုထွန်းလှုံသတ်တယ်လို့ ပြောနေကြတာပဲ"

"အို၊ ဒီသေနာကြီးကို 'မောင်'လို့ ခေါ်မနေစမ်းပါနဲ့။ ပါးစပ်သနပါတယ်။ ကိုမြက ကိုထွန်းလှုံယောင် ဆောင်းပြီးသတ်လိုက်တာ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့ ရီရီရဲ့။ ပုလိပ်အဖွဲ့က ကိုထွန်းလှုံကို မသင်္ကာဘဲ ဖမ်းဆီးလိုက်ရင် တစ်တောရှင်းသွားတာပဲ မဟုတ်လား။ အခု တရုတ်စားသောက်ဆိုင်က လူတွေက ဟိုသေနာကြီးကို ကိုထွန်းလှုံ သတ်သွားတာပါလို့ ပုလိပ်အဖွဲ့ကို အစစ်ခံနေကြပြီလေ"

"ကြည့်လဲလုပ်ဦးနော် ဆရာကြီး။ ရီရီတော့ ရင်ထိတ်တယ်ဆရာ"

"ကဲ . . ရီရီ၊ ကိုမြတို့ ဒီလူသတ်မှုဖြစ်တဲ့ရက်ပိုင်းမှာ ရန်ကုန်မှာ ရှိနေတယ်ဆိုတဲ့ သက်သေပြဖို့အတွက် ရန်ကုန်မှာ ခဏသွားရှောင်နေရအောင်၊ ရီရီပါလိုက်ခဲ့"

"အို၊ ရီရီက ဟိုသေနာကြီးရဲ့ ဇနီးတစ်ယောက်အနေနဲ့ အသုဘကိစ္စတွေဘာတွေ ဆောင်ရွက်ရမယ် မဟုတ်လား။ ရီရီလိုက်လို့ ဖြစ်မလား"

"ဟို သေနာကျကြီးက ကိုမြကို အိမ်ပေါ်က နှင်ချထားကတည်းက ရီရီနဲ့ မချစ်ရတာ ကြာပြီ၊ ဒီည ရန်ကုန်မှာ သွားအိပ်ပြီး မနက်ကျမှ စောစော ရီရီ့ကိုပြန်ပို့မယ်"

"ဒီအိမ်က အသုဘအိမ်ဖြစ်နေပြီ ကိုမြရဲ့၊ တော်တော်ကြာ အသုဘသတင်း မေးလာမယ့်ဧည့်သည်တွေ လာကြမှာ။ သေနာကျကြီး



www.burmeseclassic.com

www.burmeseclassic.com



က မြို့ချက်နှာဖုံးဆိုတော့ လူစည်ကားဦးမှာ”

ကိုဝေလကြီးသည် ထိုည၌ပင် ကြင်စာရီကို သတ်လိုသော်လည်း ကြင်စာရီ၏ အကြောင်းပြချက်မှာ ခိုင်လုံနေသဖြင့် ကြင်စာ ဆန္ဒကို လိုက်လျောပြီး ကြင်စာရီကိုသတ်ဖြတ်ရန် အသုဘရက်လည်း သည့် ခုနစ်ရက် ရွှေ့ဆိုင်းလိုက်ရသည်။

ကိုဝေလကြီးသည် သူ၏ အသုဘဝေယျာဝစ္စ ကိစ္စများကို ကိုငွေမြဟန်ဆောင်ပြီး ဝိုင်းလုပ်ပေးရသည်။ ကိုဝေလကြီး၏ အသုဘ ကိုလာသော ပရိသတ်ကို ကိုငွေမြ ဟန်ဆောင်ပြီး ဧည့်ခံရသည်။

ကိုဝေလကြီး၏ အသုဘကို ကိုဝေလကြီးသည် ကိုငွေမြ ဟန်ဆောင်ပြီး လိုက်ပို့ရသည်။

ကိုဝေလကြီးနှင့် ကိုငွေမြတို့မှာ အကျင့်စရိုက် အပြုအမူချင်း မတူပေ။ ကိုဝေလသည် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေတတ်သည်။ ကိုငွေမြမှာ လူတကာနှင့် ဖက်လှဲတကင်းနေတတ်ပြီး အငြိမ်မနေသူဖြစ်ရာ ယခု ကိုဝေလကြီးမှာ ငြိမ်သက်နေသည်။ သို့သော် ကိုငွေမြသည် အစ်ကိုတစ်ယောက် ဆုံးရှုံးရသဖြင့် ထူးခြွေရရ ငြိမ်ငြိမ် ကုပ်ကုပ် နေထိုင်သည်ဟု ပရိသတ်က ထင်မြင်ကြပေသည်။

အသုဘရက်အတွင်း လူလစ်သောအချိန်တွင် ကြင်စာရီ သည် ကိုဝေလကြီးကို ကိုငွေမြအမှတ်နှင့် ရေလာမြောင်းပေးလုပ်သော် သော်လည်း ရိပ်မိသွားမည် စိုးရိမ်သဖြင့် ကိုဝေလကြီးက မသိချင်ဟန် ဆောင်၍နေရသည်။

အသုဘကိစ္စပြီးသွားပြီးနောက် ကိုဝေလကြီးသည် ရန်ကုန်သို့ ထွက်သွားသည်။ ပဲခူးတွင် နေထိုင်ရသည်မှာ လူအများရှေ့တွင် ထူးခြွေ





ဆောင်နေရသဖြင့် ရန်ကုန်တွင် လွတ်လွတ်လပ်လပ်နေထိုင်ရန် အကြောင်းပြပြီး ကြင်စာရီကို ရန်ကုန်သို့ လိုက်ခဲ့ရန် မှာကြားခဲ့သည်။

ကိုငွေမြနှင့် ပျော်ပါးရမည်ဟု ထင်သဖြင့် ကြင်စာရီသည် ဇောင်းမှလွတ်သော မြင်းမကလေးသဖွယ် ကိုဝေလကြီးနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့လေသည်။

ကြင်စာရီက ပဲခူးအိမ်ရှိလူများကို ကိုဝေလကြီး ကောင်းရာ သုဂတိလားရန် ရွှေတိဂုံဘုရားတွင် သွားရောက် အလှူဒါန ပြုမည်ဟု အကြောင်းပြပြီး ပဲခူးမှ ထွက်ခဲ့သည်။

ကိုဝေလကြီးသည် ကြင်စာရီကိုသတ်ရန် ကိုငွေမြနှင့် ကြင်စာရီတို့ ချိန်းပြီး မျောက်ဓာတ်ခင်းသော ရန်ကုန်ကမ်းနားလမ်းရှိ တည်းခိုခန်းတစ်ခုကို ရွေးချယ်လိုက်သည်။

ချိန်းဆိုထားသော ဟိုတယ်သို့ အာသာရမ္မက်ပြင်းသော ကြင်စာရီသည် ဝီရိယကောင်းစွာနှင့် ရောက်နေသည်။

ညမှောင်ချိန်တွင် ကိုဝေလကြီးသည် ကိုထွန်းလုံ ဟန်ဆောင်ပြီး ကြင်စာရီ မျှော်လင့်တကြီး စောင့်နေသော တည်းခိုခန်းသို့ ရောက်သွားသည်။ ညဘက်ဖြစ်သဖြင့် ကိုဝေလကြီးအတွက် ကိုထွန်းလုံ ဟန်ဆောင်ပြီး ရပ်ဖျက်ရသည်မှာ လွယ်ကူပါသည်။ အခက်အခဲမရှိလှပါ။

ကြင်စာရီ မျှော်လင့်တကြီးနှင့် စောင့်နေသော အခန်းထဲသို့ ကိုထွန်းလုံ ဟန်ဆောင်ထားသော ကိုဝေလကြီး ဝင်သွားသောအခါ ကိုထွန်းလုံဟု ထင်သဖြင့် ကြင်စာရီသည် ထိတ်လန့်သွားသည်။

သို့သော် ကိုဝေလကြီးက ချက်ချင်းပင် ကိုထွန်းလုံဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင် ရုပ်ဖျက်ထားသည်ကို ဖျက်လိုက်သောအခါ ကြင်စာရီသည် ကိုဝေလကြီးကို ကိုငွေမြဟု ထင်သဖြင့် အတင်းပင် ပြေးဖက်သည်။ ထို့နောက် ကြင်စာရီက ကိုဝေလကြီးကို မော့ကြည့်ပြီး . . .

"ရီရီတို့ ဝေးနေရတာ ကြာလှပြီနော် ကိုမြ"

ကြင်စာရီက ကိုဝေလကြီးကို ဆန္ဒပြင်းပြစွာနှင့် ဖက်ပြီး အငမ်းမရ ပြောလိုက်သည်။

ကိုဝေလကြီးက . . .

"အခု နီးရပါတော့မယ် ရီရီရယ်"

"ဟုတ်တယ်နော် ကိုမြ၊ နှစ်ယောက်သား ချစ်လဲ ချစ်နေကြတယ်၊ နီးလဲ နီးနေလျက်သားနဲ့ မပေါင်းရတဲ့ဘဝဟာ၊ ရီရီ့အတွက် ဆင်းရဲဒုက္ခ ကြီးလှပါတယ် ကိုမြရယ်၊ ရီရီတို့ အတိုးချပြီး ချစ်ကြအောင်"

"ရီရီကို ကိုမြသိပ်ချစ်တယ်၊ တမလွန်ဘဝအထိ ခေါ်သွားပြီး ရီရီ့ကို ချစ်ပြလိုက်မယ်"

ကိုဝေလကြီးက ကြင်စာရီကို အလိုက်သင့် ပြန်ဖက်ပြီး ပြောလိုက်သည်။

ထို့နောက် ကြင်စာရီသည် အချိန်ဖြုန်းတီးလိုစိတ် ရှိဟန်မတူဘဲ ကိုဝေလကြီးကို ခုတင်ဆီသို့ ဖက်ပြီးခေါ်သွားသည်။

ကိုဝေလကြီးကလည်း ကြင်စာရီကိုဖက်ပြီး ခုတင်ဆီသို့ လိုက်သွားသည်။

ထို့နောက် ကြင်စာရီက ကိုဝေလကြီးကို မြှောက်ပင့်ပြီး ပြောလိုက်သည်။





"ကိုမြက သိပ်ဆော်တာပဲ၊ အခန်းထဲဝင်လာခါစက ကိုထွန်းလှုံအောက်မေ့ပြီး ရီရီမြင်ရင်ကိုထိတ်သွားတာပဲ"

"ဟုတ်လား၊ ကိုမြက ကိုထွန်းလှုံရဲ့[illegible]လား"

"တူတယ် ကိုမြ"

"တကယ်လား ရီရီရဲ့"

"တကယ်ပါ ကိုမြရဲ့"

ကိုဝေလကြီးသည် ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ပြီး . . .

"ပြီးတော့ ကျုပ်ဟာ သေသွားတဲ့ငွေမြနဲ့[illegible] အကြင်ရဲ့"

ထိုစကားကို ကိုဝေလကြီးသည် ကိုငွေမြကဲ့သို့ [illegible] ပြာနှင့်ဘဲ ကိုဝေလကြီး၏ ဟန်ပန်မူရာအစစ်အတိုင်း [illegible] နှင့် ပြောလိုက်သည်။

ထိုအချိန်မှစပြီး ကိုဝေလကြီးသည် ကိုငွေမြ၏အမူအရာ ဟူသမျှကို စွန့်လွှတ်လိုက်သည်။ ကိုဝေလကြီးသည် ကိုဝေလကြီး၏ အမူအကျင့်အတိုင်း ကြင်စာရီကို ဆက်ဆံလိုက်သည်။

အကင်းပါးသော ကြင်စာရီသည် ကိုဝေလကြီးသည် ကိုငွေမြ မဟုတ်ကြောင်း ရိပ်မိသွားဟန်တူသည်။

"အို . .ရှင် . .ရှင်ဟာ . . ကိုမြ မဟုတ်ဘူးနော်"

"ဟုတ်တယ်၊ ငါဟာ နင့်လင်ငယ် ငွေမြလဲမဟုတ်ဘူး၊ နင့်လင်ဟောင်း ထွန်းလှုံလဲမဟုတ်ဘူး။ ငါဟာ ဝေလပဲ၊ ငါဟာ ဝေလ။ နင့်လင်ငယ် ငွေမြကိုလဲ ငါသတ်လိုက်ပြီ၊ အခု နင့်အလှည့်ပဲ"

ကြင်စာရီသည် အော်ဟစ်ရန် ပြင်ဆင်လိုက်သဖြင့် အသံ



www.burmeseclassic.com

www.burmeseclassic.com



မထွက်စေရန် ကိုဝေလကြီးက ကြင်စာရီ၏ပါးစပ်ကို လက်ယာလက်နှင့် လှမ်းပိတ်လိုက်ပြီး ဓားမြှောင်ကိုင်ထားသော လက်ဝဲလက်က ကြင်စာရီ၏နံကြားထဲသို့ ဝင်သွားသည်။

. . . . . . . . . . . . . . . . . . . . . . . . . .

ကြင်စာရီသေဆုံးသွားပြီးနောက် ကိုဝေလကြီးသည် ကိုထွန်းလုံဟန်ဆောင်ပြီး တည်းခိုခန်းထဲမှ ထွက်ခွာခဲ့လေသည်။

တည်းခိုခန်း ပိုင်ရှင်များက ကိုထွန်းလုံဟု နာမည်စာရင်းပေးထားသော လူတစ်ယောက်က ကြင်စာရီကို သတ်သွားကြောင်း ထွက်ဆိုကြသည်။

. . . . . . . . . . . . . . . . . . . . . . . . . .

မောင်ဝေလကလေးသည် ကိုဝေလကြီးက သူ့ညီကိုငွေမြနှင့် ကြင်စာရီတို့ သတ်သောအခန်းကို အလွန်ပင် သဘောကျမိလေသည်။

ကိုငွေမြကို သူစတင်အကောက်ကြံသော ပဲခူးဘူတာအနီး တရုတ်စားသောက်ဆိုင်တွင် လုပ်ကြံခဲ့ပြီး ကြင်စာရီကို သူမျောက်ဓာတ်ခင်းသော ရန်ကုန်မြို့ ကမ်းနားလမ်း တည်းခိုခန်းတွင် သုတ်သင်ခဲ့သည်မှာ နေရာဌာနအလိုက်လည်း တလှဲစားချေရာ ရောက်လေသည်။

မောင်ဝေလကလေးက . . .





"ဒီလိုတော့လဲ အစ်ကိုကြီးရဲ့ရန်သူနှစ်ယောက်ကို သုတ်သင်ပုံက သိပ်ပြီးနေရာကျတာပဲနော်။ ဒါနဲ့ ကိုထွန်းလုံကိုတော့ အစ်ကိုကြီးက ဘာဖြစ်လို့ အပျောက်မရှင်းသလဲ"

"ငါက ဟန်မူရာဘီ ကိုဓဥပဒေကို သဘောကျတယ်ကွာ။ ထွန်းလုံကငါ့ရဲ့အသက်ကို ရန်ရှာဖို့ကြိုးစားတာမှ မဟုတ်ဘဲ။ ထွန်းလုံကို ငါကသတ်ဖို့ မစဉ်းစားပါဘူး"

"ဒါနဲ့ အစ်ကိုကြီးက ကိုထွန်းလုံဟန်ဆောင်ပြီး ဘာဖြစ်လို့ လူသတ်မှုကျူးလွန်ရတာလဲ"

"ထွန်းလုံက ငါ့ဆီက ငွေတစ်သောင်း ခြိမ်းခြောက် ငွေညှစ်တယ် မဟုတ်လား။ သူ့ကို ငါ ငွေတစ်သောင်းနဲ့ တန်အောင် ပုလိပ်က ဖမ်းပြီး နှိပ်စက်ရအောင်ပေါ့ကွာ"

"ပုလိပ်က ကိုထွန်းလုံကို ဖမ်းသေးလား"

"ဖမ်းတာပေါ့။ ပဲခူးပုလိပ်က ဖမ်းမိအောင် ထွန်းလုံရှိတဲ့နေရာကို ငါကပဲ ကိုငွေမြဟန်ဆောင်ပြီး အစ်ကိုအတွက် အမှုပေါ်အောင် ကြိုးစားသလိုနဲ့ သတင်းပေးလိုက်တာပေါ့"

မောင်ဝေလကလေးသည် ငွေကြေးခနေ ပြည့်စုံသော ကိုဝေလကြီးသည် အဘယ့်ကြောင့် လူသတ်မှုကို ကိုယ်တိုင် ကျူးလွန်ရသည်ဟု စဉ်းစားမရပေ။

မောင်ဝေလကလေးက . . .

"အစ်ကိုကြီးကလဲဗျာ သူတို့နှစ်ယောက်ကို ပေးစားပြီး မောင်းထုတ်လိုက်ရင် ပြီးရဲ့သားနဲ့ ဘာဖြစ်လို့ လူသတ်ရတာလဲ"

"လူသတ်မှုနဲ့ ထောင်ထဲရောက်နေတဲ့ လူတွေ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သွားမေးကြည့်ပါ။ ဘယ်သူမှ လူသတ်ရတာ မပျော်ပါဘူးကွာ။ ဘယ်သူမှ လူမသတ်ချင်ပါဘူး။ ကိုယ့်အသက် သေရမှာကိုကြောက်လို့ လူသတ်ရတာပါ။ တကယ်တော့ လူသတ်တဲ့လူတွေဟာ သတ္တိရှိလို့မထင်နဲ့၊ အလွန်ကြောက်တတ်လို့ကွ၊ သေရမှာကြောက်လို့ လူသတ်တာကွ၊ ငါလဲ သိပ်ကြောက်လို့ လူသတ်မိတာပေါ့"

"အစ်ကိုကြီးက ငွေကြေးချမ်းသာတဲ့လူပဲ၊ ဘာဖြစ်လို့ ကိုယ်တိုင်သတ်ရတာလဲ၊ ကြေးစား လူသတ်သမားငှားပြီး သတ်ရင်လဲ ရတာပဲဟာ"

"ငါ လူအပိုတစ်ယောက် ထပ်ပြီး မသတ်ချင်လို့ကွ"

"ဘာပြောတယ်၊ အစ်ကိုကြီးပြောတာ ကျွန်တော် နားမရှင်းဘူး"

"မင်းပြောသလို ငါက ကြေးစားလူသတ်သမားကို ငွေပေးပြီး သတ်ခိုင်းရောဆိုပါတော့၊ တကယ်လို့ အဲဒီအမှုပေါ်လာရင် ကြေးစားလူသတ်သမား စက်တိုင် တက်ရမယ် မဟုတ်လား၊ အဲဒီတော့ ငါသတ်ချင်တာက နှစ်ယောက်တည်းရယ်၊ ငါက လူသုံးသတ်မိသလိုဖြစ်ရော၊ အဲဒီတော့ ငါလူတစ်ယောက်ပိုပြီး သတ်မိတာပေါ့ကွ"

ကိုဝေလကြီးက ရှင်းပြလိုက်သောအခါမှ မောင်ဝေလကလေးသည် ကိုဝေလကြီးပြောသော လူတစ်ယောက်ကို ထပ်ပြီး မသတ်ချင်လို့ဟူသော စကားသည် ရှင်းသွားပါသည်။

ကိုဝေလကြီးက သူ၏စကားကို ဆက်ပြန်သည်။

"ကြေးစားလူသတ်သမား ငှားပြီးသတ်လို့ အမှုပေါ်လာရင် ငါလဲမသက်သာပါဘူးကွာ၊ ငါလဲ လူသတ်မှုနဲ့ ဝင်ရမှာပါပဲ၊ အဲဒီတော့





ဘာဖြစ်လို့ သူများကို ဒုက္ခပေးနေတော့မလဲ၊ အဲဒီကြေးစားလူသတ်သမားဆိုတဲ့ လူကလဲ ဘယ်လောက် သစ္စာရှိရှိ ကြိုးစင်တက်ရတော့မယ်ဆိုတာနဲ့ ငါ့ကိုဖော်မှာပဲ၊ သူသေသွားလဲ သူ့ရဲ့ ကျန်ရစ်ခဲ့မိသားစုလဲ ဒုက္ခပင်လယ်ဝေ၊ ငါကလဲ မသက်သာနဲ့၊ မဟုတ်ပါဘူးကွာ"

မောင်ဝေလကလေးသည် ကြေးစားလူသတ်သမား ငှားပြီး သတ်ခိုင်းသောကိစ္စ၏ မကောင်းပုံကို ဖျက်ဝါးထင်ထင် သိမြင်သွားလေသည်။ ထို့ပြင် စိတ်နှလုံး ကောင်းရှာသော ကိုဝေလကြီး၏ သဘောထားကိုလည်း မောင်ဝေလကလေး သိလိုက်ရလေသည်။

ကိုဝေလကြီးသည် သူ၏စကားကို ဆက်ပြန်သည်။

"တကယ်လို့ အဲဒီတုန်းက လူတစ်ယောက်က စေတနာ့ဝန်ထမ်း ပင်သတ်ပေးမယ်ဆိုရင်လဲ ငါက လက်မခံပါဘူးကွာ၊ ငါကိုယ်တိုင် ငါ့လက်နဲ့ သတ်ချင်တာကိုးကွ"

မောင်ဝေလကလေးက . . .

"အဲဒီလို လူသတ်မှုနှစ်ခု ကျူးလွန်ပြီး အစ်ကိုကြီးက ဘာဆက်လုပ်သလဲ"

"ငါလဲ ညီလေးငွေမြဟန်ဆောင်ပြီး ပဲခူး ရွှေမော်ဓောဘုရားလမ်းက အိမ်ကြီးကိုပြန်ပြီး နန်းသိမ်းပွဲခံတာပေါ့။ ငါရှာထားတဲ့ ပစ္စည်းတွေကို ငွေမြအဖြစ်ဘဝနဲ့ ဘဝပြောင်းပြီး ပြန်သိမ်းပိုက်တာပေါ့။ နန်းသိမ်းပွဲသာ ခံလိုက်ရပါတယ်ကွာ သရဖူခေါင်းမှာ မဆောင်းလိုက်ရပါဘူး၊ ရာဇာဘိသိက် မခံလိုက်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီအမှုကို အိုင်အိုမင်းအောင် ကိုင်တော့တာကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်အမှုကိုစစ်တဲ့ ဌာနာအုပ် ကိုသိန်းဒိုးတို့နဲ့တော့ ကွာပါ့ဗျာ"

"ဘာဖြစ်လို့လဲ"

"ကိုသိန်းဒိုးတို့ ညွှန်ချက်များကတော့ ပြောလဲ မပြောချင်တော့ ပါဘူး အစ်ကိုကြီးရာ၊ ညကတည်းက သတ်ထားတဲ့ အလောင်းကို နောက်တစ်နေ့ တစ်နာရီလောက်မှ ထုတ်ပြတာကိုလဲ ယုံတာပဲ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



## အခန်း (၁၉)

အိုင်အိုမင်းအောင်သည် သူ၏အမှုကို ကိုင်တွယ်ပြီဟု ကြားသိရသည်နှင့် ကိုဝေလကြီးသည် သူ၏နောက်ဆုံးရက်များကို မြင်ယောင်လာသည်။ ထို့ကြောင့် ကိုဝေလကြီးသည် သူ၏ညီဖြစ်သူ ကိုငွေမြ သားမယားပြုကျင့် စော်ကားခဲ့သော မသန်းမေကလေးကို သူ၏နေအိမ်သို့ ခေါ်လိုက်သည်။

မသန်းမေကလေးသည် ကိုဝေလကြီး၏အိမ်သို့ ရောက်လာပြီး ကိုဝေလကြီး၏ရှေ့တွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်လေသည်။

ကိုဝေလကြီးက . . .

"ဒီမှာမသန်းမေ ကျုပ်ဟာဘာယ်သူလဲ မင်းသိသလား"

မသန်းမေက . . .


www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် အစ်ကိုကြီး။ အစ်ကိုကြီးက ကိုငွေမြပေါ့"

"မဟုတ်ဘူး၊ အစ်ကိုကြီးဟာ ကိုငွေမြဟုတ်ဘူး။ ကိုဝေလ ပဲကွယ့်။ အေး . . ဒီကိစ္စဟာ မင်း တစ်ယောက်တည်းပဲ သိပါစေ ကွယ်။ ဘယ်သူမှ ထုတ်မပြောနဲ့ ကြားလား"

"ဟုတ်ကဲ့ရှင့်"

"အေး . . ဒီနေ့ အစ်ကိုကြီး မင်းကိုခေါ်ယူရတဲ့အကြောင်း ကတော့ အစ်ကိုကြီးဟာ မကြာမီအဖမ်းခံရလိမ့်မယ်။ စက်တိုင်ကို တက်ချင်လဲ တက်ရမယ်။ တစ်သက်တစ်ကျွန်း ကျချင်လဲကျမယ်။ ဘာဖြစ်လို့လဲဆိုတာ အစ်ကိုကြီးလဲမမေးနဲ့။ ဘယ်သူ့ကိုမှလဲ လျှောက်မပြောနဲ့"

"ဟုတ်ကဲ့ရှင့်"

"အစ်ကိုကြီးအဖမ်းခံရရင် အစ်ကိုကြီးရဲ့ စည်းစိမ်ဥစ္စာတွေ ကစဉ့်ကရဲ ဖြစ်ကုန်လိမ့်မယ်။ အဲဒီတော့ အစ်ကိုကြီး ချမ်းသာသမျှကို မင်းကိုလွှဲပေးခဲ့ချင်တယ်"

"အစ်ကိုကြီးတို့မှာ ဆွေမျိုးညာတိတွေ ကုလားချောင်းကြီးရွာ မှာရှိနေသေးတာပဲ။ သူတို့ကို ဘာဖြစ်လို့ မလွှဲတာလဲ"

"သူတို့ဟာ သာရင်စံပြီး နာရင်မခံချင်တဲ့ ဆွေမျိုးတွေကွယ့်။ ပြီးတော့ မသန်းမေဟာ မောင်ငွေမြက စော်ကားမော်ကားလုပ်တုန်းက ကိုယ်ခန္ဓာနဲ့ရင်း အနစ်နာခံပြီး အစ်ကိုကြီးတို့ရဲ့မျိုးနွယ်ရဲ့ ဂုဏ်ကို စောင့်ထိန်းခဲ့တာကိုလဲ ကျေးဇူးဆပ်ချင်လို့ကွယ့်"

"အဲဒီတုန်းက ကျွန်မမိဘတွေနဲ့ တစ်ဖက်လှည့်ပြီး အစ်ကိုကြီး အိမ်ဆောက်ပေး၊ ငွေထုတ်ပေးသားပဲ ကျွန်မကျေနပ်ပါပြီ





ရှင့်"

မသန်းမေကလေးသည် ပကတိရိုးသားရှာလေသည်။

သူများကဲ့သို့ ပစ္စည်းဥစ္စာကို ငမ်းငမ်းတက် လိုချင်ရမ္မက် သည်း မကြီးရှာပေ။ ကိုဝေလကြီးသည် ထိုအကြောင်းကြောင့်ပင် မသန်းမေကလေးကို သဘောကျနေခြင်းဖြစ်သည်။

"တကယ်တွေးကြည့်ရင် မသန်းမေနဲ့ ငွေမြဟာ တရားဝင် လက်ထပ်ပေါင်းသင်းခြင်း မရှိပေမယ့် မင်းဟာ ငါ့ညီငွေမြရဲ့ မယားဆို တော့ ငါ့ရဲ့ခင်မ ဖြစ်နေသကွယ့်"

ထိုသို့ ကိုဝေလကြီးက ပြောလိုက်သောအခါ မသန်းမေ ကလေးသည် ရက်ရှို့သွားဟန်နှင့် ခေါင်းငုံ့သွားလေသည်။ လက်ချောင်းကလေးများနှင့် ကြမ်းပြင်ပွတ်သပ်နေသည်။

"အဲဒီတော့ အစ်ကိုကြီးချမ်းသာသမျှ ငွေကြေး၊ အတွင်း ပစ္စည်းနဲ့ ဆေးလိပ်လုပ်ငန်းကို မသန်းမေကို အပြီးအပိုင်လွှဲခဲ့မယ်"

"ကုလားချောင်းကြီးက အစ်ကိုကြီးရဲ့ ဆွေမျိုးတွေကိုလဲပါ သား။ သူတို့ကလာပြီး အမွေလုမှာတွေ ကျွန်မကြောက်တယ် အစ်ကို ကြီးရဲ့"

မသန်းမေကလေးသည် လောဘမတက်ဘဲ ငြင်းဆန်နေ သည်။

ကိုဝေလကြီးက . . .

"အေး . . ကုလားချောင်းကြီးက ဆွေမျိုးတွေ မနှောင့်ယှက် အောင် အစ်ကိုကြီးကို မသန်းမေ လက်ထပ်ကွယ့်"

"အို . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ မသန်းမေ၊ အစ်ကိုကြီးဟာ တရားကြောထဲ
မသန်းမေကလေးကို ယူချင်တာမဟုတ်ပါဘူး၊ အစ်ကိုကြီးရဲ့ တရား
ဇနီးဖြစ်ရင် အစ်ကိုကြီး ချမ်းသာသမျှကို မသန်းမေရတယ်၊ တရား
ဥပဒေအရ လင်ရဲ့ပစ္စည်းဟာ မယားပိုင်တာပဲ။ အစ်ကိုကြီးနဲ့ မသန်း
လက်ထပ်လိုက်ရင် အစ်ကိုကြီး ပစ္စည်းတွေအားလုံး မသန်းမေရ
ကုလားချောင်းကြီးက ဆွေမျိုးတွေ လာပြီး နှောင့်ယှက်လို့မရဘူး
မသန်းမေ ဘယ်လို သဘောရသလဲကွယ်"

မသန်းမေကလေးသည် နှုတ်ကမဖြေဘဲ ခေါင်းငုံ့နေသည်

မသန်းမေကလေးသည် နှုတ်ဆိတ်ပြီး အတန်ကြာငြိမ်သက်
နေသည်။

ကိုဝေလကြီးက . . .

"အစ်ကိုကြီး မေးတာ ဖြေပါဦး မသန်းမေရဲ့"

မသန်းမေက မဖြေ။ ကိုဝေလကြီးက . . .

"အစ်ကိုကြီးဟာ အပြင်မှာနေရရင် အလွန်ဆုံးတစ်လပါ
ကွယ်၊ ထောင်ထဲရောက်ရတော့မှာပါ၊ အစ်ကိုကြီး ပစ္စည်းတွေပေးချင်
လို့ပါ၊ အစ်ကိုကြီးကို လက်ထပ်ရုံလက်ထပ်ပါ။ မသန်းမေကလေး
မောင်နှမလို ဆက်ဆံပါ့မယ်၊ ဖြေပါဦး မသန်းမေရဲ့၊ မသန်းမေ
သဘောထားကို ပါးစပ်က ပြောမှပေါ့"

မသန်းမေကလေး ခေါင်းငုံ့ထားရာမှ တိုးတိုးကလေး
ဖြေလိုက်သည်။

မသန်းမေကလေး၏ မျက်နှာကိုသာ တစိမ့်စိမ့် ကြည့်နေ
သည်။





ထို့နောက် ကိုဝေလကြီးနှင့် မသန်းမေကလေးတို့သည်
နှစ်ယောက်အတူ ရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရားတို့ကို
သွားပြီး အလှူအတန်းများ ပြုကြပါသည်။

မသန်းမေကလေးသည် သူတော်ကောင်းမလေး ဖြစ်ရာ
သူ့အတွက် ချန်ထားမည်ဟု စိတ်မကူးဘဲ ရက်ရောစွာ လှူဒါန်းလေ
သည်။ ကိုဝေလကြီးကသာ မသန်းမေကို ဒုက္ခပေးရာ ရောက်မည်
စိုးသဖြင့် မသန်းမေအတွက် တစ်သက်စားမကုန်အောင် ချန်ထားရှ
စီစဉ်ပေလေသည်။

ကိုဝေလကြီးနှင့် မသန်းမေလေးတို့ ပေါင်းသင်းရသော
ရက်ကား နည်းပါးလွန်းလှပါသည်။

ကိုဝေလကြီးသည် သူက စေတနာနှင့် သူ၏စီးပွားဥစ္စာတို့
ကို လွှဲပေးချင်သဖြင့် မသန်းမေကလေးကို လက်ထပ်ခဲ့ရာ ယခုအခါ
မပျော်ရွှင်ရဘဲ သောကအထုပ်အပိုးနှင့် ရောက်လာမည်ကို မျှော်လင့်
နေရသဖြင့် နှစ်ဦးစလုံးမှာ စိတ်မချမ်းမြေ့ရပေ။

ကိုဝေလကြီးက ယူကျုံးမရစွာနှင့် . . .

"ကျုပ်မှားပြီ မသန်းမေ၊ ကျုပ်မှားပြီ၊ မင်းကို ကျုပ် ဒုက္ခပေး
သလို ဖြစ်နေပြီ မသန်းမေ"

"ဘာများဒုက္ခပေးလို့လဲ အစ်ကိုကြီးရယ်။ သန်းမေတစ်သက်
လုံး မမျှော်လင့်နိုင်တဲ့ စီးပွားဥစ္စာကို ပေးခဲ့တာပဲ"

"ဘယ်ဟုတ်မလဲ မသန်းမေ၊ မင်းဟာ ကျုပ် ထောင်ကျသွား
ရင် ပူဆွေးဒုက္ခနဲ့ နေရမယ်၊ ကျုပ်သေသွားရင်လဲ မုဆိုးမနဲ့နေရမယ်"

"နေရလဲ ဘာဖြစ်လဲ အစ်ကိုကြီးရယ်၊ ကိုငွေမြလို လူယုတ်



www.burmeseclassic.com

www.burmeseclassic.com



မာတစ်ယောက်နဲ့ တစ်သက်လုံးနေရမယ့်အစား အစ်ကိုကြီးလို သူတော်ကောင်းတစ်ယောက်နဲ့ တစ်နာရီတည်း ချစ်ရပါစေ သန်းမေ ကျေနပ်ပါတယ်"

"ဩော် . . မသန်းမေကလေးရယ်၊ မင်းနဲ့ခွဲရမှာ ကျုပ် အသည်းနာသကွယ့်"

"မခွဲရပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးနဲ့ ကျွန်မ မခွဲရပါဘူး၊ စိတ်ရည်တူနှစ်ကိုယ်မျှရင် ဘဝချင်းလွဲပေမယ့် အချစ်ချင်း မခွဲရပါဘူး။ အစ်ကိုကြီးသွားမယ့်ခရီးဟာ သန်းမေရဲ့ခရီးပါ၊ သန်းမေ အဖော်အဖြစ်လိုက်မှာပေါ့၊ အစ်ကိုကြီးဟာ သန်းမေရဲ့ လမ်းခရီး အစ်ကိုကြီးဟာ သန်းမေမေရဲ့ အသက်ပါ . ."

. . . . . . . . . . . . . . . . . . . . . . . . . .

ကိုဝေလကြီးသည် မသန်းမေကလေးနှင့် ပေါင်းသင်းနေထိုင်သောအကြောင်းကို ပြန်ပြောင်းပြောရာတွင် စိတ်ထိခိုက်နေဟန်တူပါသည်။

ကိုဝေလကြီးက . . .

"ငါစိတ်မကောင်းတာ တစ်ခုရှိတယ်ကွ"

"ဘာလဲ၊ မသန်းမေနဲ့ ခွဲခွာခဲ့ရတာလား"

"မဟုတ်ဘူး၊ မသန်းမေက ငါ့ရဲ့ ခယ်မ မဟုတ်လား မသန်းမေကလေးကို လက်ထပ်လိုက်တာဟာ ငါ့မယား ကြင်စာရိက် ငွေမြကကြာခိုလို့ ငါက သူ့မယား မသန်းမေကို ကြာခိုသလို ကလဲ့





စားချေသလိုများ ဖြစ်နေသလားလို့ပါကွာ၊ ငါ သူရသတ္တိချင်း ယှဉ်တဲ့ ကိစ္စမှာသာ ယှဉ်ပြိုင်ချင်ပေမယ့် ဒီလို ယုတ်မာတဲ့ကိစ္စမှာတော့ မယှဉ်ပြိုင်ချင်ပါဘူးကွာ"

"ဟာ . . မဆိုင်တာဘဲ၊ အစ်ကိုကြီးကသာ မသန်းမေကို အစ်ကိုကြီးရဲ့ ညီ ကိုငွေမြနဲ့ ဖြစ်ခဲ့လို့ ခယ်မထင်နေတာကိုး၊ တကယ်တော့ ကိုငွေမြက မသန်းမေကိုပေါင်းသင်းဖို့ ယူတာမှမဟုတ်ဘဲ၊ အနိုင်ကျင့်စော်ကားဖို့ ယူတာပဲ၊ တစ်ခါတစ်ခါ လူတွေဟာ အယူသည်းတတ်ကြတယ်၊ အစ်ကိုကြီးလဲ အယူသည်းတာပါ"

. . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

တစ်နေ့တွင် ကိုငွေမြဟန်ဆောင်ပြီး နေထိုင်သော ကိုဝေလကြီး၏အိမ်သို့ ရှမ်းအမျိုးသားကဲ့သို့ ဝတ်စားထားပြီး ယောကျ်ားပီသ ဥပဓိရုပ်ကောင်းသော လူရွယ်တစ်ယောက် ရောက်လာသည်။

ထိုလူရွယ်က သူသည် ကချင်ပြည်နယ် မိုးကောင်းမြို့မှဖြစ်ပြီး ရတနာကုန်သည်ဖြစ်ကြောင်း ကိုဝေလကြီးကို မိတ်ဆက်သည်။

ထို့နောက် ရတနာကုန်သည်လူရွယ်က သူ၏လွယ်အိတ်ထဲတွင် ထည့်ထားသော ရတနာဘူးများကို ထုတ်ပြီး ဖွင့်ကာအတွင်း၌ရှိသော ကျောက်စိမ်းတုံးများနှင့် ပတ္တမြားတုံးများကို ပြသည်။

ထို ရတနာကုန်သည်လူရွယ် ယူဆောင်လာသော ကျောက်စိမ်းတုံးနှင့် ပတ္တမြားတုံးများမှာ အလွန်ကြီးသည်။ ကြက်ဥ





တစ်လုံးခန့်ကြီးသည်။ အရိုင်းတုံးများဖြစ်သည်။

ရတနာများမှာ အရည်အသွေးကောင်းမွန်ပြီး ကြီးမားသဖြင့် မဝယ်ပါဘူးဟု ဆုံးဖြတ်ထားသော ကိုဝေလကြီးသည် ထိုကျောက်စိမ်းတုံးများနှင့် ပတ္တမြားတုံးများ ကောက်ယူပြီး ကိုင်တွယ်ကြည့်မိသည်။ ထိုကျောက်စိမ်းတုံးနှင့် ပတ္တမြားတုံးများမှာ ဆီသုတ်လိမ်းထားသဖြင့် စေးကပ်ကပ်ဖြစ်နေသည်။

ရတနာကုန်သည် လူရွယ်က ကျောက်စိမ်းတုံးများ အရောင်လက်အောင် အရောင်တင်ဆီ သုတ်လိမ်းထားကြောင်း ပြောပြပါသည်။

ကိုဝေလကြီးက ထိုရတနာများကို ဝယ်ယူလိုသော်လည်း ဈေးမတည့်သဖြင့် ရတနာကုန်သည်လူရွယ်သည် ရတနာများကို သိမ်းဆည်းပြီး ပြန်သွားပါသည်။

. . . . . . . . . . . . . . . . . . . . . . . . . .

တစ်နေ့တွင် ကိုငွေမြဟန်ဆောင်ပြီး နေထိုင်သော ကိုဝေလကြီး၏နေအိမ်သို့ လုံးကြီးပေါက်လှ အမျိုးသမီးတစ်ဦး ရောက်လာပါသည်။ ထိုအမျိုးသမီး၏ အဆက်အပေါက်မှာ ရွှေဘိုမင်းကြီးကုက်ပုံစံမျိုးဖြစ်ပြီး မြင်ရုံမျှဖြင့် မော်လမြိုင်မှ ဖြစ်ကြောင်းသိသာပါသည်။

ထိုအမျိုးသမီးသည် ကိုငွေမြနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဟန်တူပါသည်။

သို့သော် ကိုဝေလကြီးသည် ကိုငွေမြအစစ် မဟုတ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကို မသိပါ။ သို့သော် ကိုငွေမြဟန်ဆောင်ထားသော ကိုဝေလကြီးသည် ထိုအမျိုးသမီးကို ပျူပျူငှာငှာပင် ဟန်ဆောင်ပြီး နှုတ်ဆက်သည်။

သို့သော် ထိုအမျိုးသမီး၏နာမည်ကို ကိုဝေလကြီးသည် မသိပါ။

" လာ. . .လာ၊ ထိုင်ပါ မ . . . . မ . .ရဲ့"

" ဩော် . . ကိုကိုမြက ကျွန်မကိုတောင် မမှတ်မိတော့ဘူးလား . ."

"မှတ်မိပါကောဗျ၊ ရုတ်တရက် တွေ့လိုက်ရလို့ အံ့ဩသွားလို့ပါ မ. . .ရဲ့"

"မှတ်မိပါတယ်သာဆိုတယ် ဒီလောက်ရင်းနှီးတဲ့ ကျွန်မနာမည်ကိုတောင် မမှတ်မိတော့ဘူး မဟုတ်လား"

"မှတ်မိပါတယ်၊ ကိုကိုမြမှာလဲ အစ်ကိုကဆုံး၊ မရီးကသေနဲ့ အခုတစ်လော သောကတွေ သိပ်ရောက်နေလို့ စိတ်ကယောင်ချောက်ချားဖြစ်နေတယ်"

"ကဲ . . ဒါဖြင့် ကျွန်မနာမည် ဘယ်သူလဲ ပြောပါဦး"

"ဟိုဒင်း . . ဟိုဒင်းလေ . . ဘာတဲ့"

"ရှင် ကျွန်မကို မမှတ်မိလောကအောင်တောင် စိတ်သောကရောက်နေရှာသကိုး၊ ကျွန်မနာမည် မခင်ညိုလေ"

"အဲ . . အဲ ဟုတ်ပြီ၊ မခင်ညို . . ကိုကိုမြလဲ စိတ်ဒုက္ခတွေရောက်လွန်းလို့ သတိဓဏာဓဏာမေ့တယ်"

"သတိဓဏာဓဏာ မေ့ပေမယ့် ကျွန်မနဲ့ ကိုကိုမြနဲ့ ပြောထားတဲ့





ကိစ္စကိုတော့ မမေ့ပါဘူးနော်"

"မမေ့ပါဘူး"

"ကဲ . . မမေ့ပါဘူးဆိုရင် ဘာကိစ္စလဲ"

"အမယ်လေး . . ဒီကိစ္စတော့ ဘယ်မေ့လို့ဖြစ်မလဲ၊ ကိုကိုမြနဲ့ မခင်ညိုနဲ့ လက်ထပ်ဖို့ ကိစ္စမဟုတ်လား"

"အို၊ ရှင် . . ရှင် ဘာစကားပြောတာလဲ၊ ရှင့်အသက်ကို ကယ်ထားတဲ့ ရှင့်သူငယ်ချင်း ကိုသိန်းငွေရဲ့ ကျေးဇူးကိုတောင် မထောက်ဘူး၊ ကျွန်မကို ဘယ်လိုအစားမျိုးထဲက အောက်မေ့လဲ၊ ကိုသန်းငွေကလွဲရင် ဖွဲ့နဲ့ဆန်ကွဲပဲရှင့်၊ ကျွန်မတောင် ပဲရူးကို ကိစ္စနဲ့လာရင်း ကျွန်မတို့ မြိတ်နဲ့ မော်လမြိုင်စက်လှေဝယ်ပြီး ပြေးဖို့ကိစ္စ ရှင်က ရှယ်ယာထည့်မယ်ဆိုလို့ လာပြီး မေးတာရှင့်"

"စိတ်မရှိပါနဲ့ မခင်ညိုရယ်၊ ကျုပ်လဲ ရူးချင်သလို ဖြစ်နေတယ်"

"အို၊ ဒီလိုအူကြောင်ကြောင်ဖြစ်နေရင် ရှင်နဲ့ အတူတူ အလုပ်လုပ်လို့ မဖြစ်ပါဘူး"

မခင်ညိုဆိုသော မိန်းမသည် ဆောင့်ကြီးအောင့်ကြီးနှင့် ကိုဝေလကြီး၏ အိမ်ပေါ်မှ ဆင်းသွားပါသည်။ ကိုဝေလကြီးသည် ကိုငွေမြဟန်ဆောင်နေသော်လည်း ကိုငွေမြ၏ အသိအကျွမ်းများကို မသိသဖြင့် နောင်ရေးအတွက် ပူပန်မိရလေသည်။

ဟန်ဆောင်ရသော လုပ်ငန်းဆိုသည်မှာ အရင်းအနှီးတကာ့ အရင်းနှီးဆုံး အမြွာပူးညီအစ်ကို ဟန်ဆောင်ရသည်မှာ မလွယ်လှပါလားဟု ကိုဝေလကြီး ပထမဆုံးအကြိမ် တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အင်းစိန် စီ၊အိုင်၊ဒီ စုံထောက်ကျော် အိုင်အိုမင်းအောင်နှင့် အိုင်ပီ ဦးကျော်ခေါင်တို့သည် ကိုဝေလကြီး၏ နေအိမ်တံခါးကို လာပြီးခေါက်တော့သည်။

ရှေ့ဆုံးမှ အိုင်အိုမင်းအောင် ဝင်သည်။ ဒုတိယဝင်လာသူ အိုင်ပီကျော်ခေါင်၏ ပခုံးတွင် ကင်မရာတစ်လုံးကို တွေ့ရသည်။

ကိုဝေလကြီးသည် ကိုငွေမြနှင့် ကြင်စာရီ အသတ်ခံရမှုကို အိုင်အိုမင်းအောင် ကိုင်တွယ် စုံစမ်းနေပြီဟု သိကတည်းက တစ်နေ့တွင် သူသည် အဖမ်းခံရတော့မည်ကိုသိရှိပြီး အိပ်ရာလိပ်ကိုပြင်ထားသည်။

အိုင်အိုမင်းအောင်ကဲ့သို့ စုံထောက်ကျော်နှင့်ယှဉ်ပြိုင်လျှင် သူ ကျိန်းသေရှုံးနိမ့်ရမည်ဟုသိပါလျက် ကိုဝေလကြီးသည် တတ်နိုင်သမျှ ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည်။

ကိုဝေလကြီးက သူသည် မည်သည့်အခါမျှ လူသတ်မှုကို ထုတ်ဖော်ဝန်ခံခြင်း မပြုရန်လည်း ခိုင်မာစွာ ဆုံးဖြတ်ထားသည်။

အိုင်အိုမင်းအောင်နှင့် အိုင်ပီဦးကျော်ခေါင်တို့သည် ဧည့်ခန်းဆိုဖာပေါ်တွင် ဝင်ထိုင်ကြသည်။ ထို့နောက် အိုင်အိုမင်းအောင်၏ ခံ့ညားတည်ငြိမ်သော အမူအရာနှင့် ကိုဝေလကြီး၏ မျက်နှာကို စူးစိုက်ကြည့်သည်။ အိုင်အိုမင်းအောင်၏ စူးရှသော မျက်လုံးအစုံမှာ ကိုဝေလကြီး၏ နှလုံးသားကို လှံဖျားနှင့်ထိုးသလို ခံလိုက်ရသည်။

ကိုဝေလကြီးသည် အိုင်အိုမင်းအောင်၏ မျက်လုံးဒဏ်ကို ရင်မဆိုင်ဝံ့သဖြင့် အိုင်ပီကျော်ခေါင်ဘက်သို့ လှည့်လိုက်ပြီး ပဋိသန္ထာရစကားနှင့်နှုတ်ဆက်လိုက်သည်။





"ဘာကိစ္စရှိလို့ပါလဲ အင်စပက်တော်ကြီး"

အိုင်အိုမင်းအောင်က . . .

"ကိုဝေလရဲ့ညီ ကိုငွေမြအသတ်ခံရမှုကို စုံစမ်းရအောင် လာတာပါ"

ကိုဝေလကြီးက ခပ်တည်တည်နှင့် အကြောင်းရိုက်လိုက်သည်။

"ဘာပြောတယ်ခင်ဗျ၊ ကိုငွေမြအသတ်ခံရမှု ဟုတ်စ၊ အင်စပက်တော်ကြီးတို့ ယုန်တော်ပြေး ခွေးမြောက်လိုက် ဖြစ်နေပြီထင်တယ်၊ ကျွန်တော် ကိုငွေမြပဲ၊ ဘယ့်နှယ် ကျွန်တော်ရှိနေရဲ့သားနဲ့ ကိုငွေမြအသတ်ခံရတာ ဖြစ်မလဲ"

ကိုဝေလကြီးက ခိုင်မာစွာ ပြောလိုက်သော်လည်း အိုင်အိုမင်းအောင်က လုံးဝလက်မခံဘဲ . . .

"နေလနက္ခတ် အရာရာတွေ ဖောက်ပြန်ချင် ဖောက်ပြန်မယ်၊ ကျွန်တော်လိုက်တဲ့အမှုကတော့ ဘယ်တော့မှ မမှားပါဘူး ကိုဝေလ"

"မဟုတ်ဘူး မဟုတ်ဘူး၊ ခင်ဗျားတို့ ကျွန်တော့်ကို ကိုဝေလလို့ခေါ်နေတာက စပြီးမှားတယ်၊ ခင်ဗျားတို့ဟာက အခြေခံကစပြီး လွဲနေတာ၊ ကျွန်တော်ဟာ ကိုဝေလမဟုတ်ဘူး၊ ကိုဝေလက ကျွန်တော့်ရဲ့အစ်ကို။ အသတ်ခံရတာ ကျွန်တော့်ရဲ့အစ်ကို ကိုဝေလ"

အိုင်အိုမင်းအောင်၏ ခိုင်မာသော ဆုံးဖြတ်ချက် ချထားဟန်နှင့် တည်ကြည်စွာ ပြောလိုက်သည်။

"ဒီမှာ ကိုဝေလ၊ ကျွန်တော်လိုက်တဲ့ အမှုတွေဟာ ဘယ်တော့မှ မှားယွင်းတာ မရှိခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အခု ကျွန်တော့်အမှုကစပြီး ခင်ဗျားမှားပြီ"

"မမှားဘူး၊ ဒီအမှုကိုလိုက်ရတာ ကျွန်တော့်အတွက် သိပ်တောင် လွယ်နေသေးတယ်"

"လွယ်တာ မဟုတ်ဘူး၊ လွဲနေတာ"

"လွဲတာမဟုတ်ဘူး၊ ကိုဝေလက လွဲနေတာပါ။ အမှုလမ်းကြောင်းလွဲအောင် ကိုဝေလက လမ်းလွဲနေတာပါ။ ဒါပေမယ့် မရပါဘူး ကိုဝေလ။ မှောင်ရိပ်ထဲမှာ အရိပ် မထင်သလို ကျွန်တော်စုံစမ်းတဲ့အမှုကို ပျက်စီးအောင် ဘယ်လိုပဲ ကြိုးစားပေမယ့် အရာမထင်ပါဘူး"

ကိုဝေလကြီးက မည်မျှပင် ငြင်းဆန်သော်လည်း အိုင်အိုမင်းအောင်က လုံးဝ အလျှော့မပေးပေ။

ကိုဝေလကြီးသည် အဓိပ္ပာယ်မရှိ အငြင်းသန်နေသဖြင့် အိုင်အိုမင်းအောင်သည် တစ်ဖက်ရန်သူ လူဆိုးများကိုအနိုင်ယူ လွှမ်းမိုးလေ့ရှိသော လေသံမျိုးနှင့် ခပ်ထန်ထန် ဝင်ပြောလိုက်သည်။

"ဒီမှာကိုလေဝ၊ ခင်ဗျား ကျွန်တော်ပြောတာ နားထောင်ပါ။ ကျွန်တော့် စကားမဆုံးမချင်း ခင်ဗျား လုံးဝမပြောပါနဲ့။ ခင်ဗျားမှာ ခုခံချေပခွင့်၊ ငြင်းဆန်ခွင့် ရှိပါတယ်။ မြန်မာပြည်က ဝတ်လုံတွေနဲ့ မလုံလောက်ရင် ဘိလပ်က ဝတ်လုံရဲ့ လျှာကိုငှားပြီး ငြင်းခွင့်ရှိပါတယ်"

အိုင်အိုမင်းအောင်၏ အောင်မြင် ခံညားယောကျ်ားပီသသော အသံသည် သြဇာတိက္ကမကြီးလှသည်။ ကိုဝေလသည် အိုင်အိုမင်းအောင်၏စကားကို မလွန်ဆန်ရဲတော့ပေ။

အိုင်အိုမင်းအောင်က . . .

"ခင်ဗျားဟာ ကိုဝေလဖြစ်ကြောင်း ကျွန်တော်သက်သေပြ





ပါ့မယ်။ ကျွန်တော်ဟာ မိုးကောင်းက ကျောက်ကုန်သည်ဟန်ဆောင်ပြီး ခင်ဗျားကို ကျောက်စိမ်းတုံးနဲ့ ပတ္တမြားတုံးကိုပြပြီး ခင်ဗျားရဲ့ လက်ဗွေကို အရယူနိုင်ခဲ့ပါတယ်။ ကျောက်စိမ်းတုံးနဲ့ ပတ္တမြားတုံးမှာ ထင်ကျန်ရစ်တဲ့ခင်ဗျားရဲ့ လက်ဗွေက ခင်ဗျားကို ကိုငွေမြ မဟုတ်ဘူး ကိုဝေလ ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒါက ပထမစမ်းသပ်ချက်ပါ"

အိုင်အိုမင်းအောင်သည် ကိုဝေလကြီးကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်ပြီး သူ၏စကားကို ဆက်ပါသည်။

"ဒုတိယ စမ်းသပ်ချက်က ကိုငွေမြရဲ့ အလွန်ရင်းနှီးတဲ့ ဖော်လမြိုင်က ကိုသန်းငွေရဲ့ဇနီး မခင်ညိုကိုလွှတ်ပြီး ခင်ဗျားကို စမ်းသပ်ခဲ့ပါတယ်။ ခင်ဗျားဟာ ကိုငွေမြ မဟုတ်တော့ မခင်ညိုကို လုံးဝ မသိပါဘူး။ ဒီပြင် မခင်ညိုကို မဟုတ်တမ်းတရမ်းတွေ လျှောက်ပြောလိုက်ပါတယ်"

ကိုဝေလကြီးသည် အိုင်အိုမင်းအောင်က အချက်ပိုင်နိုင်စွာ စုံစမ်းထောက်လှမ်းသွားပုံကို ရိပ်မိလိုက်သဖြင့် သူ အရေးနိမ့်စပြုပြီဟု နားလည်လိုက်သည်။

အိုင်အိုမင်းအောင်က သူ၏စကားကို ပြန်ကောက်သည်။

"ခင်ဗျားဟာ ကိုဝေလဖြစ်ကြောင်း သက်သေပြတဲ့ကိစ္စကို ပြန်ကောက်ရရင် လောကမှာ အမြွှာပူး ညီအစ်ကိုတွေဟာ ရုပ်ချင်းခွဲမရအောင် တူပေမယ့် လက်ဗွေပုံစံချင်းကတော့ ခြားနားပါတယ်။ ကိုငွေမြဟာ မန္တလေးမြို့မှာ လိမ်လည်မှုတစ်ခုနဲ့ အပြစ်ဒဏ်ရဖူးတော့ သူ့ရဲ့လက်ဗွေဟာ အင်းစိန် စီ၊အိုင်၊ဒီ မှာရှိပါတယ်။ ကျောက်စိမ်းတုံး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ္တမြားတုံးကို ပြပြီးယူခဲ့တဲ့ ခင်ဗျားရဲ့ အသက်အာမခံပေါ်လစီက လက်ဗွေနဲ့ကျတော့ လာပြီးတူနေတယ်။ ဒါကြောင့် ခင်ဗျားဟာ ကိုငွေမြ မဟုတ်ဘူးဆိုတာ သေချာတယ်"

အိုင်အိုမင်းအောင် ပြောကြားသော စကားသည် နိုင်လုံ ခွန်အားရှိလာသဖြင့် ကိုဝေလကြီး၏ ခုခံကာကွယ်မှုသည် အားနည်းစ ပြုလေပြီ။

အိုင်အိုမင်းအောင်က . . .

"ခင်ဗျား ကိုငွေမြနဲ့ မကြင်စာရီကို သတ်ပုံသတ်နည်းကို ကျွန်တော် ဆက်ပြီးရှင်းပြမယ်။ ပထမဆုံးငြင်းမရတဲ့ အချက်ကတော့ ကိုငွေမြနဲ့ အလောင်းကရတဲ့ ဓားမြှောင်ပေါ်က လက်ဗွေပုံစံဟာ ခင်ဗျားရဲ့ လက်ဗွေပုံစံတွေပဲ ကိုဝေလ"

ကိုဝေလကြီးသည် ခေါင်းငိုက်စိုက်ကျသွားသည်။

အိုင်အိုမင်းအောင်က . . .

"ပြီးတော့ ခင်ဗျားက ကိုထွန်းလှံကို အမှုလမ်းကြောင်း လွဲပေးတယ်။ ပဲခူး ပုလိပ်အဖွဲ့က ကိုထွန်းလှံကိုမှားပြီး ဖမ်းမိတယ်။ ဒါပေမယ့် ကိုထွန်းလှံဟာ ကိုငွေမြနဲ့ မကြင်စာရီတို့ အသတ်ခံနေရတဲ့အချိန်တွေမှာ အချင်းဖြစ်အရပ်မှာ မရှိဘူး။ တစ်နေရာမှာ ရှိနေကြောင်း ခိုင်လုံတဲ့ အထောက်အထား ရှိတယ်။ ဒီထက်ပိုပြီး ခိုင်လုံတဲ့အထောက်အထားက ထွန်းလှံဟာ ဗယ်သန် မဟုတ်ဘူး"

ကိုဝေလကြီးသည် သူ၏ လက်ဝဲဘက်ကို ယောင်ယမ်းပြီး ကြည့်လိုက်သည်ကို အိုင်အိုမင်းအောင်က သတိထားမိလိုက်သည်။ နောက်မှ ကိုဝေလကြီးသည် သူ၏မျက်လုံးကို သူ၏ လက်ဝဲလက်ကို





ကြည့်နေရာမှ ချက်ချင်း လွှဲဖယ်ပြီး အိုင်အိုမင်းအောင်ကို မော့ကြည့် လိုက်သည်။

သူ့ကိုစောင့်ကြည့်နေသော အိုင်အိုမင်းအောင်နှင့် မျက်လုံး ချင်းဆုံသွားသဖြင့် ကိုဝေလကြီးသည် ကမူးကယာ မျက်လုံး လွှဲလိုက်သည်။

"ကိုငွေမြနဲ့ မကြင်စာရီတို့ နှစ်ယောက်စလုံး ရရှိတဲ့ဒဏ်ရာတွေဟာ ဗယ်သန်တဲ့ လူသတ်သမားက ထိုးသွားတဲ့ ဓားဒဏ်ရာတွေဆိုတာ ရှင်းနေပါသည်။ ပြီးတော့ ကိုဝေလ ခင်ဗျားဟာ ဗယ်သန်"

ပြောပြောဆိုဆို အိုင်အိုမင်းအောင်သည် စားပွဲပေါ်မှ ဆေးလိပ်ခွက်ကို ဆတ်ခနဲကောက်ယူပြီး ကိုဝေလကြီးကို ပစ်ပေးလိုက်သည်။

ကိုဝေလကြီးသည် သူ၏ကြွေဆေးလိပ်ခွက်ကလေး ကွဲသွားသွားမည်ကို စိုးရိမ်သဖြင့် ဗယ်ဘက်လက်နှင့် ဆီးဖမ်းသည်ကို အိုင်ပီ ဦးကျော်ခေါင်က အသင့်ပြင်ထားသော ကင်မရာနှင့် ချပ်ခနဲ ဓာတ်ပုံ ရိုက်ယူသည်။ ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြရန် ဖြစ်ဟန် တူလေသည်။

ထို့နောက် အိုင်အိုမင်းအောင်သည် ကိုဝေလကြီး၏ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး . . .

"ဒီမှာကိုဝေလ၊ ကျွန်တော်ဟာ ခင်ဗျားရဲ့အမှုကို ပေါ့ပေါ့ ဆဆ ကိုင်တွယ်တယ် မထင်ပါနဲ့၊ ခင်ဗျား ရှုးသွပ်ချင်ဟန်ဆောင်ပြီး ဆရာဝန်ကြီးဆီကို မကြင်စာရီ လည်ပင်းညှစ်သတ်တယ်လို့ ပြောခဲ့တာတွေ။ ပဲခူး ပုလိပ်ဌာနာအုပ်ကို လူတစ်ယောက်ကို ကားနဲ့တိုက်သတ်ခဲ့ကြောင်း ပြောပြီး သွားအဖမ်းခံတာတွေ၊ တရားမ တရားသူကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆီမှာ သေဆုံးပြီးတဲ့ မိဘတွေက အမွေပေးတာတွေ ခင်ဗျားအိမ်မှာ မီးလောင်နေတယ်ဆိုပြီး ခင်ဗျားအမှုအတွက် ကြိုတင်ကာကွယ်တဲ့ အနေနဲ့ အရှုးလက်မှတ်ရအောင် ကြိုးစားတာတွေအားလုံး လေ့လာခဲ့ပါတယ်''

ကိုဝေလကြီးသည် အံ့ဩလွန်းသဖြင့် အိုင်အိုမင်းအောင်၏ မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

''ခင်ဗျားဟာ လူသတ်မှုကျူးလွန်ပြီးရင် ဘယ်လိုအကာအကွယ်ယူမလဲဆိုပြီး ခုခံရေးစစ်မျဉ်း ဆွဲတာတွေကိုပါ လေ့လာတယ်၊ ခင်ဗျားဟာ ပထမလူသတ်မှုကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ပြီးမှ ရူးသွပ်လို့ ကျူးလွန်တယ်လို့ စီစဉ်ပြီးမှ ကိုယ့်လိပ်ပြာကိုယ် မလုံဘဲ ခြေရာဖျောက် ကျူးလွန်ပြီး လူချင်းအစားထိုးတဲ့ ခုခံရေးခံစစ်မျဉ်းကို ပြောင်းလဲအသုံးပြုလာတယ်''

အိုင်အိုမင်းအောင် ပြောသမျှမှာ ကိုဝေလကြီး စီစဉ်ခဲ့သမျှနှင့် ထပ်တူထပ်မျှဖြစ်နေသည်ကို ကိုဝေလကြီး အံ့ဩစွာ သိလိုက်ရသည်။

အိုင်အိုမင်းအောင်က . . .

''ခင်ဗျားကို ကျွန်တော်တစ်ခု သတိပေးလိုက်မယ် ကိုဝေလ၊ တကယ်လို့ ခင်ဗျားကိုယ်ခင်ဗျား ရူးသွပ်နေဟန် ဆောင်မယ်ဆိုရင် မှားသွားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရူးသွပ်နေတဲ့ လူတစ်ယောက်ဟာ သူသတ်ခဲ့တဲ့ ကိုငွေမြကို ကိုဝေလလို့ထင်အောင် လည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးကိုလဲပြီး ထားခဲ့ရလောက်အောင် အသိဉာဏ် မကောင်းဘူးဗျနော်၊ ပြီးတော့ ရူးသွပ်နေတဲ့လူဟာ သူ့ကိုယ်သူ ငွေမြပါ





ဆိုပြီး လူစားထိုးပြီး ဟန်ဆောင်မနေတတ်ဘူး''

အိုင်အိုမင်းအောင်က နိုင်မာတိကျစွာ ပြောလိုက်သည်။

ကိုဝေလကြီးသည် အိုင်အိုမင်းအောင်ပြောသမျှကို အချက်အလက်နှင့် မငြင်းဆန်နိုင်အောင် ဖြစ်နေရသည်။

အိုင်အိုမင်းအောင်က . . .

''ဒီမှာကိုဝေလ၊ ကျွန်တော်ဟာ အရူးနဲ့ မပတ်သက်တဲ့ လူရဲ့ အိမ်ရှေ့မှာ ယောင်ပြီး မတ်တတ်မရပ်ဘူး၊ တကယ်ကျူးလွန်တဲ့လူရဲ့ အိမ်တံခါးကိုပဲ ခေါက်တတ်တယ်၊ ကဲ . . ကျွန်တော့်အားဆုံးပြီ ခင်ဗျား ဘာပြောချင်သေးလဲ''

ကိုဝေလကြီးက . . .

''ကျွန်တော်ပြောချင်တာက ကျွန်တော်ဟာ ကျွန်တော့်ညီ ငွေမြကို မသတ်ဘူး''

''ငွေမြကို မသတ်ဘူး ဝန်ခံရင် ခင်ဗျားဟာ ဝေလပေါ့ ဟုတ်စ''

. . . . . . . . . . . . . . . . . . . . . . . . .

ကိုဝေလကြီးသည် သူ၏အကြောင်းကို ပြောနေရင်းမှ အိုင်အိုမင်းအောင်ဟူသော စုံထောက်ကျော်က သူ၏အမှုကို စုံစမ်းသောအခန်းသို့ရောက်သောအခါ ခိုညည်းသလို ညည်းတော့သည်။

ကိုဝေလကြီးက . . .

''ငါ့အမှုကို အိုင်အိုမင်းအောင်ကိုင်တာ ငါ့အတွက် ကံဆိုး



www.burmeseclassic.com

www.burmeseclassic.com



တာပဲကွာ၊ တခြားလူတစ်ယောက်ကိုင်ရင် လွှတ်ချင်လွှတ်မှာကွ ပဲခူးဂါတ်တဲကဆိုရင် ထွန်းလုံကိုတောင် မှားပြီးဖမ်းထားပြီ မဟုတ်လား"

"အစ်ကိုကြီး ပြောသမျှဆိုရင် အိုင်အိုမင်းအောင်ဆိုတဲ့ စုံထောက်က သိပ်ပြီးစေ့စပ်တာပဲနော်၊ ရေပက်မဝင်အောင် တဖြည်းဖြည်းပြလာတာ သူ့စကားလဲဆုံးရော အစ်ကိုကြီးကိုလဲ မရှုန်းသာအောင် ချည်နှောင်ပြီးသား ဖြစ်နေတာပဲနော်"

"အေး . . ဒီမောင်က ဇမ္ဗူမှာ ရှားတဲ့လူပါကွာ"

"ဟုတ်တယ်နော်၊ အစ်ကိုကြီး ဘယ်လိုနုခံကာကွယ်မလဲဆိုတဲ့ ခုခံရေးလမ်းကြောင်းကိုတောင် သူက ကြိုတင်မြင်နေတာပဲ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



ငဝေလနှင့် ကေရီဘုရင်မကြီးအမှုတွဲ
တရားကို နတ်စောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့ အက်ဒမန်ကျွန်းသို့ ရောက်သွားသောအခါ ပထမဆုံး ပို့ဘလဲယားမြို့ရှိ အကျဉ်းထောင်ကြီးထဲတွင် နေထိုင်ရသည်။

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့သည် သင်္ဘောပေါ်တွင် ခင်မင်ရင်းနှီးခဲ့သဖြင့် အက်ဒမန်းကျွန်းသို့ ရောက်သောအခါ၌လည်း အတူတကွ နေထိုင်ကြသည်။

အက်ဒမန်ကျွန်းကို မရောက်မီက စိတ်အားငယ်ရသော်လည်း ရောက်သွားသောအခါ မြန်မာလူမျိုးများကို တွေ့ရသည်။ ထို့ပြင် အက်မဒန်ကျွန်းသို့ရောက်နေသော မြန်မာအချင်းချင်းမှာလည်း ရိုင်းပင်းကြသည်။ ထို့ကြောင့် ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့မှာ နိုင်ငံခြားသို့ ရောက်သည်နှင့်မတူပေ။





ကိုဝေလကြီးသည် အက်ဒမန်ကျွန်းသို့ ရောက်သည်နှင့် အင်္ဂလန်နိုင်ငံရှိ ဧကရီဘုရင်မကြီးထံ အယူခံရန် စိစဉ်လေတော့သည်။

"ဟေ့ . . မောင်ဝေလ၊ တို့ အင်္ဂလန်က ဧကရီဘုရင်မကြီးထံ အယူခံစာ တင်ရအောင်ကွာ"

မောင်ဝေလကလေးက . . .

"ကျွန်တော်တို့ မြန်မာပြည်က ရန်ကုန်ထောင်မှာနေတုန်းက အင်္ဂလန်က ပရီဗီကောင်စီကို အယူခံဝင်ပြီးပြီ မဟုတ်လား"

"အေးလေ မြန်မာပြည်ကဟိုက်ကုတ်၊ ဘင်္ဂလားက ဆုပရင်းကုတ်၊ အင်္ဂလန်က ပရီဗီကောင်စီတွေကို အယူခံပြီးရင် နောက်ဆုံးအနေနဲ့ အင်္ဂလန်ပြည်ရှင် ဧကရီ ဘုရင်မကြီးဆီ နောက်ဆုံး အယူခံနိုင်ခွင့် ရှိတယ်ကွ။ အေးကွာ ဘာပဲဖြစ်ဖြစ် ငါတော့ အယူခံဝင်မယ်၊ အရှုံးမရှိပါဘူးကွာ၊ ငိုတတ်တဲ့ ကလေးနို့စို့ရတယ်ကွ"

"အလျှောက်ကောင်း အထောင်းသက်သာပေါ့ အစ်ကိုကြီးရာ၊ အစ်ကိုကြီးအယူခံဝင်ရန် ကျွန်တော်လဲ အယူခံဝင်မှာပေါ့"

"အေးကွာ၊ ငါ ထောင်ပိုင်ကြီးနဲ့ တွေ့ပြီးပြီ၊ သူကလဲ အယူခံဝင်ပါတဲ့၊ ပို့ပေးမယ်တဲ့"

"အစ်ကိုကြီး အယူခံဝင်ရင် လူသတ်မှုကို ကျူးလွန်တဲ့အကြောင်း ဝန်ခံမလား"

"တစ်သက်လုံး ဝန်မခံဘူး၊ ငါ့အမှု စစ်တုန်းကလဲ ငါ့ကို အပြစ်သာပေးတယ်။ ငါတော့ အပြစ်မရှိဘူးလို့ ငြင်းတာပဲ။ ဘယ်တော့မှ ဝန်မခံဘူး"

. . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



## ကိုဝေလကြီး၏ အယူခံလွှာ

ဂရိတ်ဗြိတန်နှင့် အိုင်ယာလန်နှစ်နိုင်ငံတိုင်းကြီး အရှင် အရှင်ဧကရီ ဘုရင်မကြီးခင်ဗျား . . .

ကျွန်တော်မျိုးသည် အရှင်ဧကရီဘုရင်မကြီး ပိုင်စိုးအုပ်ချုပ်တော်မူသော မြန်မာနိုင်ငံ ပဲခူးစကြိုတ် ပဲခူးမြို့မှ ငဝေလ ဖြစ်ပါသည်။

ကျွန်တော်မျိုး ငဝေလသည် ကျွန်တော်မျိုး မကျူးလွန်သော လူသတ်မှုနှင့် ပဲခူးစက်ရှင် တရားသူကြီးရုံးမှ ထောင်ဒဏ် တစ်သက်တစ်ကျွန်းချပြီး အက်ဒမန်ကျွန်းပို့ဘလဲယားတွင် အကျဉ်းခံနေရသူ တစ်ဦးဖြစ်ပါသည်။

ကျွန်တော်မျိုး ငဝေလသည် ကျွန်တော်မျိုးအား လွဲမှားစွာ အပြစ်ဒဏ် စီရင်ခဲ့သဖြင့် မြန်မာနိုင်ငံမှ ဟိုက်ကုတ်တရားရုံးသို့ အယူခံ ဝင်ခဲ့သော်လည်း ကျွန်တော်မျိုးမနိုင်ခဲ့ပါ။ အင်္ဂလန်နိုင်ငံ ပရီဗီကောင်စီတရား လွှတ်တော်သို့ ပြင်ဆင်မှု တက်ခဲ့သော်လည်း ကျွန်တော်မျိုး ရှုံးခဲ့ပါသည်။

ကျွန်တော်မျိုး၏ နောက်ဆုံး အားထားရာသည် အရှင်ဧကရီ ဘုရင်မကြီးသာလျှင် ဖြစ်ပါတော့သည်။





နေမဝင်အင်ပါယာကြီးအတွင်း မှီတင်း နေထိုင်ကြကုန်သော သတ္တဝါတို့ကို ရင်ငယ်သားကဲ့သို့ ကြင်နာသနားတော်မူ သော အရှင်ဧကရီဘုရင်မကြီး၏ သနားကရုဏာသာလျှင် ကျွန်တော်မျိုး မတရား ခံစားနေရသော တစ်သက် တစ်ကျွန်းဒဏ်မှ လွတ်ကင်းမည်အမှန် ဖြစ်ပါသည်။ ထို့ကြောင့် အသနားခံလွှာကို ဦးညွှတ်ရိုကျိုးခြင်း ကြီးစွာနှင့် တင်ဆက်ရခြင်း ဖြစ်ပါသည်။ အရှင်ဧကရီ ဘုရင်မကြီး၏ အရဏာလက်နှင့် ကျွန်တော်မျိုး၏ မျက်ရည်တို့ကို သုတ်လိမ်းပေးပါရန် တောင်းပန်အပ်ပါသည်။

ကျွန်တော်မျိုး ငဝေလသည် သေဆုံးသူ ကိုငွေမြနှင့် မကြင်စာရီတို့ကို သတ်သောတရားခံ လုံးဝမဟုတ်ပါ။ ကျွန်တော်မျိုးသည် ရာဇဝတ်ကြောင်းအရလည်း မကျူးလွန်ပါ။ ဓမ္မသတ်ကြောင်းအရလည်း အပြစ်မရှိပါ။ ကျွန်တော်မျိုးသည် ကြမ္မာဆိုး၏ ဒဏ်ခတ်ခြင်း ခံရသူသာ ဖြစ်ပါသည်။ ကျွန်တော်မျိုး မကျူးလွန်သော အမှု၌ အပြစ် ခံနေရခြင်းသာ ဖြစ်ပါသဖြင့် ကျွန်တော်မျိုးသည် နစ်နာလှ ပါသည်။

ကျွန်တော်မျိုး လုံးဝ မကျူးလွန်သော အမှုအတွက် ယခုကဲ့သို့ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ခံစားရသည်မှာ ကျွန်တော်မျိုးသည် သေဒဏ်ခံရသည်ထက် ပို၍ဆိုးပါသေးသည်။ သေခြင်းဆိုသည်မှာ ခန္ဓာကိုယ်သည် ဝိညာဉ်ပြတ်စဲရပြီး သေဆုံးခြင်းဖြစ်ရာ ကိုယ်ခန္ဓာ တစ်ခုသာလျှင် ဒုက္ခရောက်ခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ ထောင်ဒဏ်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တစ်ကျွန်းခံရခြင်းမှာ ကိုယ်ခန္ဓာရော စိတ်ဓာတ်ပါ အတိဒုက္ခရောက်ရပါသည်။ အမှန်အားဖြင့် သေဒဏ်ထက်ပို၍ကြီးလေးသော အပြစ်ဒဏ် စီရင်ခံရခြင်းကို ကျွန်တော်မျိုး ခံစားနေရပါသည်။

ထိုသို့သော တရားဥပဒေဆိုင်ရာ မှားယွင်းမှု ကြောင့် နစ်နာရသူများမှာ ကျွန်တော်မျိုး တစ်ယောက်တည်း မဟုတ်ပါ။

အရှင်ကေရီဘုရင်မကြီး၏ ဘာကင်ဟမ်နန်းတော်ကြီးနန်းစိုက်ရာ အင်္ဂလန်နိုင်ငံ အောက်စဖို့တွင်ပင် ဖြစ်ပွားခဲ့သည်ကို ကေရီဘုရင်မကြီး သိရှိပြီး ဖြစ်ပါလိမ့်မည်။

ဘုရင်မကြီးသတိရစေရန် ကျွန်တော်မျိုး ထိုအမှုကို ပြန်လည် တင်ဆက်ခွင့်ပြုစေလိုပါသည်။ ရွှေနန်းရှင် နားဆင်တော် မူပါခင်ဗျာ။

အောက်စဖို့မြို့မှ 'မစ္စတာဘရက်ဖို့ဒ်'ပိုင်ဆိုင်သော တည်းခိုခန်းသို့ မစ္စတာဟေးဆိုသော သူဌေးကြီးတစ်ဦးသည် သူ၏ အစေခံတစ်ယောက်နှင့်အတူ လာရောက်တည်းခိုပါသည်။ သူဌေးကြီး မစ္စတာဟေးသည် တည်းခိုခန်းတွင် ရောက်လာသူများနှင့် စကားစမြည်ပြောစဉ် သူ့တွင် ငွေအတော်များများပါလာကြောင်း အမှတ်မထင် ပြောမိပါသည်။

ထိုညတွင် မစ္စတာဟေး၏အခန်းမှ ဆူဆူညံညံအသံများကြားသဖြင့် တည်းခိုနေသောလူများနှင့် အစေခံများ မစ္စတာဟေး၏အခန်းသို့ ရောက်ရှိလာကြသည်။ ထိုအခါတွင် မစ္စတာဟေးသည် ဓားဒဏ်ရာများနှင့် သေဆုံးနေပြီး တည်းခိုခန်းပိုင်ရှင် မစ္စတာ ဘရက်ဖို့ဒ်ကို သွေးစွန်းနေသော ဓားမြှောင်တစ်ချောင်း၊ မီးအိမ်တစ်ခုတို့ကိုင်လျက် ရပ်နေသည်ကို လူအများ တွေ့ရပါသည်။

မစ္စတာဘရက်ဖို့ဒ်ကို မစ္စတာဟေးအား သတ်မှုဖြင့် သေဒဏ်စီရင်လိုက်ကြပါသည်။ အမှန်အားဖြင့် မစ္စတာဘရက်ဖို့ဒ်သည် မစ္စတာဟေးကို သတ်ခြင်းမဟုတ်ပါ။ မစ္စတာဟေးအခန်းမှ ဆူဆူညံညံ အသံကြားရသဖြင့် တာဝန်ကျေပွန်သောတည်းခိုခန်း ပိုင်ရှင်တစ်ယောက်အနေနှင့် မီးအိမ်ကိုဆွဲပြီး အလျင်ဆုံး ရောက်သွားခြင်းသာ ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော တည်းခိုခန်းပိုင်ရှင် မစ္စတာဘရက်ဖို့ဒ်ကို မှားယွင်း၍ သေဒဏ်စီရင်ပြီး နှစ်အတန်ကြာတွင် တရားခံ အစစ်အမှန်ဖြစ်သော မစ္စတာဟေး၏ အစေခံကသူသည် မစ္စတာဟေးကို သတ်ခဲ့ကြောင်း အာဏာပိုင်များကို လာရောက် အဖမ်းခံကာ ဖြောင့်ချက်ပေးခဲ့သည်ကို ကေရီဘုရင်မကြီး မှတ်မိသိရှိနိုင်ပါလိမ့်မည် ခင်ဗျား။

ထိုကဲ့သို့ပင် 'ဒါရက်နှင့်ကရိတ်'အမြွှာပူး ညီနောင် အမှုကိုလည်း ကေရီဘုရင်မကြီး မေ့ပျောက်နိုင်လိမ့်ဦးမည် မထင်ပါ။ ဒါရက်နှင့် ကရိတ်တို့သည် အမြွှာပူး ညီနောင်သာမက ဆိုးသွမ်းမိုက်မဲရာတွင်လည်း တူညီသဖြင့် မိုက်ခဲ ညီနောင်များ ဖြစ်ပါသည်။

တစ်နေ့တွင် ဒါရက်နှင့် ကရိတ် လူဆိုးညီနောင်တို့သည် ဖောက်ထွင်းမှုတစ်ခုကို ကျူးလွန်ရာတွင် ညီဖြစ်သူ







www.burmeseclassic.com

www.burmeseclassic.com



ကရိတ်က ပုလိပ်အရာရှိတစ်ဦးကို ပစ်သတ်လိုက်ပါသည်။

ပုလိပ်များက လူဆိုးညီနောင်ကို ဝိုင်းဝန်းပစ်ခတ်ဖမ်းဆီးရာတွင် အကိုဖြစ်သူ ဒါရက်ကို ဖမ်းမိပြီး လူသတ်မှုနှင့် တရားစွဲသည် အဘယ်ကြောင့်ဆိုသော သူတို့ညီအစ်ကို နှစ်ယောက်မှာ ရွေးမရအောင်တူသော အမြွှာညီအစ်ကို နှစ်ယောက်ဖြစ်နေပါသည်။ အစ်ကိုဖြစ်သူ ဒါရက်သည် သေနတ်နှစ်လက် ကိုင်ဆောင်လေ့ရှိသော်လည်း ပုလိပ်များ၏ ပစ်ခတ်မှုကြောင့် ညီဖြစ်သူ ဒါရက် ဒဏ်ရာရသွားသဖြင့် ထွက်ပြေး တိမ်းရှောင်နိုင်သော အချိန်ရရန်နှင့် ပုလိပ်များ အာရုံပြောင်းရန် ညီဖြစ်သူ ကရိတ်၏ သေနတ်ကိုယူပြီး အဖမ်းခံလိုက်ပါသည်။

သေနတ်ဒဏ်ရာရပြီး ပုန်းအောင်း တိမ်းရှောင်နေသော ညီဖြစ်သူ ကရိတ်သည် ဒဏ်ရာပျောက်ကင်းပြီး လာရောက်အဖမ်းခံသော အခါတွင်မှ ဒါရက်သည် သေဒဏ်ခံရပြီး ဖြစ်နေသည်ကို ဇေကရီဘုရင်မကြီး ကြားသိပြီး ဖြစ်ပါလိမ့်မည်။

ထို့ပြင် 'မစ္စစက်သော်မဆင်'၏ အမှုတွဲကိုလည်း ဇေကရီဘုရင်မကြီး အမှတ်ရနေဦးမည် ထင်ပါသည်။ မစ္စက်သော်မဆင်သည် မစ္စတာ ဘိုင်ဝါးတားဆိုသူနှင့် သယောင်ဆောင်လင်မြှောင် ထားခဲ့ပါသည်။ တစ်နေ့တွင် လူသတ်စားပြဘိုင်းဝါးတားသည် မစ္စက်သော်မဆင်နှင့် သူ၏ ယောကျ်ား မစ္စတာ ပါစီသော်မဆင်တို့က ပွဲသွားစဉ် မှောင်မည်းသော





လမ်းကြားတစ်ခုထဲတွင် ဘိုင်ဝါးကားက မစ္စတာ ပါစီသော်မဆင်ကို ရိုက်သတ်ခဲ့ပါသည်။

ထိုအမှုတွင် မစ္စစက်သော်မဆင်နှင့် သူ၏ လင်ငယ် ဘိုင်ဝါးတားကို အပြန်အလှန် ဆက်သွယ်သော စာများ သိမ်းဆည်းရမိသဖြင့် ထိုလူသတ်မှုတွင် မစ္စက်သော်မဆင်ပါ ပူးပေါင်းပါဝင်သည်ဟု ဆိုပြီး မစ္စက်သော်မဆင်ကို သေဒဏ်ပေးခဲ့ပါသည်။

သို့သော် မစ္စတာပါစီသော်မဆင်ကို သတ်သော ဘိုင်ဝါးတားသည် မစ္စက်သော်မဆင်၏ လင်ငယ် ဘိုင်ဝါး တား မဟုတ်ပါ။ ပစ္စည်းယူ လူသတ်သမား ဘိုင်ဝါးတားသာ ဖြစ်ပါသည်။ နာမည် ဆင်တူနေခြင်းမျှသာ ဖြစ်ပါသည်။ မစ္စက်သော်မဆင်သည် သူ၏လင်ငယ် ဘိုင်ဝါးတားကိုသော်လည်းကောင်း၊ လူသတ်သမား ဘိုင်ဝါးတားကိုသော်လည်းကောင်း မစ္စတာ ပါစီသော်မဆင်ကို မသတ်ခိုင်းခဲ့ပါ၊ မသတ်ခိုင်းရုံမျှမက လူသတ်သမား ဘိုင်ဝါးတားကို လုံးဝ မမြင်ဖူးရှာပါ။

မစ္စက်သော်မဆင်သည် လင်ငယ်နေမိသောအပြစ်ဒဏ်ကို အင်္ဂလန်တရားရုံးက သေဒဏ်ပေးလိုက်ခြင်းသာ ဖြစ်ပါသည်။ ထို့ထက်ပိုဆိုးသည်မှာ လူသတ်သမား ဘိုင်ဝါးတား သေဒဏ်ကျခံရခြင်း မဟုတ်ဘဲ ပါစီသောမဆင်ကို မသတ်သော လင်ငယ် ဘိုင်ဝါးတား သေဒဏ်ခံရခြင်း ဖြစ်ပါသည်။

အထက်ပါ တည်းခိုခန်းပိုရှင် မစ္စတာ ဘရုတ်ဖို့ဒ်



www.burmeseclassic.com

www.burmeseclassic.com



ဒါရက်နှင့်ကာရိုတ်အမြွာညီနောင်အမှုများနှင့် မစ္စက်သော်မဆင်၏အမှုတွဲများကိုလေ့လာလျှင် တရားဥပဒေ၏ မှားယွင်းမှုဖြစ်ကြောင်း မည်သို့မျှ ငြင်းဆန်နိုင်မည် မဟုတ်ပါ။ အင်္ဂလန်လို ကမ္ဘာ့ပေါ်တွင် တရားအမျှတဆုံး တရားရုံးများပင် မှားယွင်းခြင်းနှင့် မကင်းပါ။

ကျွန်တော်မျိုး ဝေလ၏ အမှုသည်လည်း ထိုအမှုမျိုးများကဲ့သို့ပင် မှားယွင်းစွာ အစီရင်ခံရခြင်းသာ ဖြစ်ပါသည်။

သို့သော် ကျွန်တော်မျိုးသည် မစ္စဘရက်ဖို့ဒ် ဒါရက်အမြွာညီနောင်နှင့် မစ္စက်သော်မဆင်တို့ထက် ပို၍ကြီးလေးသော အပြစ်ဒဏ်ခံရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်မျိုးခံစားရသော အပြစ်ဒဏ်သည် သေဒဏ်မဟုတ်သောကြောင့် ဖြစ်ပါသည်။

အရှင်ဧကရီဘုရင်မကြီး ခင်ဗျား။ အလိန်းရင်း(န်)လာဆိတ်(ဂ်)ဆိုသော ပညာရှင်ကြီးက 'တရားမျှတမှုဆိုသည်မှာ ကြီးကြဲသောအရာ ဖြစ်သော်လည်း မတန်တဆ ပိုပေးရန် မလိုပါ' ဟု အဆိုရှိခဲ့ပါသည်။

ကျွန်တော်မျိုး ဝေလအတွက်မူ ထိုတရားမျှတမှုကလေးအတွက်မူ ထိုတရားမျှတမှုလေးအတွက် ပေးဆပ်ရသော တန်ဖိုးမှာ ကြီးလေးလွန်းလှပါသည်။

သို့သော် ကျွန်တော်မျိုးသည် တရားမျှတမှု နည်းပါးလှသော ဝေစုမရရှိရုံမျှမက မြင်လည်း မမြင်ရ ကြားဖူးနားဝလည်း မရှိအောင် တရားမျှတမှုနှင့် ကျွန်တော်မျိုးသည် မိုင်ပေါင်းကုဋေ





ကွာခြားလွန်းလှပါသည်။

ကျွန်တော်မျိုးအား ပဲခူးစက်ရှင်တရားရုံးမှ ကျွန်တော်မျိုး၏ ညီဖြစ်သူ ကိုငွေမြနှင့် ကျွန်တော်မျိုး၏ ဇနီးဖြစ်သူ မကြင်စာရီတို့ကို သတ်မှုနှင့် တရားစွဲတင်ခဲ့ပါသည်။

ကျွန်တော်မျိုးသည် ညီဖြစ်သူ ကိုငွေမြကို မသတ်ခဲ့ပါ။

ထို့ပြင် ဇနီးဖြစ်သူ မကြင်စာရီကိုလည်း သေအောင် မပြုခဲ့ပါ။

သေဆုံးသွားသော ကိုငွေမြသည် ကျွန်တော်မျိုးနှင့် တစ်အူတုံ့ဆင်း ညီအရင်းဖြစ်ရုံမျှမက မိနစ်ပိုင်းသာ ကွာခြားပြီး လူ့လောကကို ရောက်လာသော အမြွာပူး ညီအစ်ကို ဖြစ်ပါသည်။

ထို့ပြင် သေဆုံးသွားရှာသော ကြင်စာရီသည် ကျွန်တော်မျိုး၏ အသက်မက ချစ်မဝသော ဇနီးဖြစ်ပါသည်။

ချစ်လှစွာသော ညီနှင့် ဇနီးဖြစ်သူကို မည်သူသည် ရက်ရက်စက်စက် သတ်ဖြတ်ပစ်ပါမည်နည်း။

ကျွန်တော်မျိုး သတ်ဖြတ်သည်ဟု စွပ်စွဲထားသော လူနှစ်ယောက်ကို ကာယကံမြောက် သတ်ဖို့ မဆိုထားနှင့်၊ မနောကံဖြင့်ပင် ပြစ်မှားခဲ့ခြင်း မရှိပါ။

ကျွန်တော်မျိုး၏ သေးငယ်သော ခန္ဓာကိုယ်အတွင်း၌ ကြီးမားသော နှလုံးသားရှိခဲ့ပါသည်။ ထိုနှလုံးသား၌ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာမှုနှင့် ကရုဏာတရားကို ကိန်းအောင်းမွေ့လျော်နေပါသည်။

သတ္တဝါတို့အပေါ် ရင်ဝယ်သားကဲ့သို့ သနားညှာတာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ညည်ဆိုပါက ကျွန်တော်မျိုး၏ အယူခံလွှာကို ပြီးဆုံးသည့်တိုင်အောင် ဖတ်ရှုစေချင်ပါသည်။

ကေရီဘုရင်မကြီးသည် ဤအယူခံလွှာဖတ်ရှုခြင်းသည် သတ္တဝါတစ်ယောက်၏ အသက်ကို ကယ်တင်ခြင်းဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော်မျိုးသည် ယခုအခါ အသက် ၃၅ နှစ်ရှိပါပြီ။ မတရား စီရင်ခံရ၍ အကျဉ်းဒမန်ကျွန်းတွင် ၂၅နှစ် တစ်သက်တစ်ကျွန်းဒဏ် ခံရမည်ဆိုပါလျှင် ကျွန်တော်မျိုး အသက် ၆၀ကျော်မှ လွတ်ပါမည်။ ကျွန်တော်မျိုးတို့ မြန်မာလူမျိုးများအတွက် အသက် ၆၀ အရွယ်ဆိုသည်မှာ ဘဝနေဝင်ချိန် ဖြစ်ပါသည်။

ကျွန်တော်မျိုးသည် ၂၅နှစ်လုံးလုံး တစ်သက်တစ်ကျွန်း ဒဏ် မတရားခံရခြင်းသည် ကျွန်တော်မျိုးဘဝကို သေဒဏ် စီရင်ခြင်းနှင့် ဘာမျှ ခြားလိမ့်မည် မဟုတ်ပါ။

ကျွန်တော်မျိုးသည် တရားဥပဒေဆိုင်ရာ ဌာနအသီးသီး တွင် အယူခံအဆင့်ဆင့်ရှုံးပြီး ကေရီဘုရင်မကြီး၏ သနားကြင်နာမှုသာလျှင် ကျွန်တော်မျိုး၏ဘဝကို ကယ်တင်ခြင်း ဖြစ်ပါမည်။

ကျွန်တော်မျိုး၏ အယူခံလွှာသည် အခြားသော အယူခံ လွှာများကဲ့သို့ ကိုယ်က အကြင်နာကင်းမဲ့စွာ အပြစ်ကိုကျူးလွန် ပြီးမှ ကိုယ့်အလှည့်တွင် ကြင်နာသနားမှုကို တရားမျှတမှု ကင်းမဲ့စွာ တောင်းခံခြင်း မဟုတ်ပါ၊ ဥပဒေဆိုင်ရာ





ဝန်ထမ်းများက မတရား စွပ်စွဲသကဲ့သို့ ကျွန်တော်မျိုးသည် ပြစ်မှုကျူးလွန်ခြင်း လုံးဝမရှိဘဲ အပြစ်ဒဏ် မတရားအစီရင် ခံရသဖြင့် ကေရီဘုရင်မကြီး၏ ကြင်နာ သနားမှုကို တောင်းခံခြင်း ဖြစ်ပါသည်။

ဤလောကတွင် သာမန်မျက်စိ တစ်ခုတည်းဖြင့် အမှန်တရားကို မရှာဖွေနိုင်ပါ။

တစ်ခါတစ်ရံ ထက်မြက်သော ဉာဏ်ပညာဖြင့် လည်းကောင်း၊ တစ်ခါတစ်ရံ စာနာထောက်ထားတတ်သော နှလုံးသားဖြင့်လည်းကောင်း အမှန်တရားကို ရှာဖွေလေ့ရှိပါသည်။

ဥပဒေဘက်ဆိုင်ရာ ဝန်ထမ်းများဖြစ်သော ပုလိပ်နှင့် တရားသူကြီးများသည် အမှန်တရားကို သက်သေခံ အထောက်အထားနှင့် စာရွက် စာတမ်းများကိုသာ ကြည့်၍သာ ရှာဖွေလေ့ရှိပါသည်။

အမှန်တရားသည် တစ်ခါတစ်ရံ ကံကြမ္မာ၏ နက်ရှိုင်းသော မြေလွှာအောက်တွင် ငုပ်လျှိုး ပုန်းကွယ်နေတတ်ပါသည်။

အမှန်တရားသည် တစ်ခါတစ်ရံ ရှာဖွေသူ၏ ပညာမဲ့မှု မိုက်မဲတွေဝေမှုကြောင့် မောဟ အခန်းကျဉ်းကလေးတွင် ပိတ်လှောင်အကျဉ်း ချခြင်းလည်း ခံနေပါသည်။

ကျွန်တော်မျိုးနှင့် အမှန်တရား ကင်းဝေးရခြင်းမှာ အမှန်တရားကို ရှာဖွေသော ဥပဒေဝန်ထမ်းများ၏ ပညာချို့တဲ့မှုဟု မစွပ်စွဲလိုပါ၊ ကျွန်တော်မျိုး၏ ကံကြမ္မာသည်သာ အဆိုး



www.burmeseclassic.com

www.burmeseclassic.com



နယ်ရဲ့သည်ဟု ယိုးမယ်ဖွဲ့ရမည် ဖြစ်ပါသည်။

ဥပဒေရှုထောင့်မှ ကြည့်လျှင် ကျွန်တော်မျိုးအပေါ် ထုံးဖွဲ့ထားသော ဥပဒေ အချက်အလက်များမှာ ရေပက်မဝင် အောင်ရှိပါမည်။

သို့သော် ကျွန်တော်မျိုးသည် သူတို့စွပ်စွဲသကဲ့သို့ ဖြစ်မှုကို လုံးဝ ကျူးလွန်ခဲ့ခြင်းမရှိပါ။ ကျွန်တော်မျိုးအပေါ်တွင် အပြစ်ဒဏ်သည် ဝိန်းကြာဖက်ပေါ်တွင် ရေမတင်ရအောင် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန် နှစ်နိုင်ငံ တိုင်းကြီးအရှင် အရှင်ကေရီ ဘုရင်မကြီးက ဆောင်ရွက်ပေးပါရန် အသနားခံအပ်ပါသည်။

ငွေလ

ခေတ္တ တစ်ကျွန်းစံ။

. . . . . . . . . . . . . . . . . . . . . . . . . . . . .

မောင်ငွေလကလေး၏ အယူခံလွှာ





ကေရီ ဘုရင်မကြီးခင်များ . . .

ကျွန်တော်သည် မြန်မာနိုင်ငံ ဟံသာဝတီ ဒိစတြိတ် အနောက်ပိုင်း ကွမ်းခြံကုန်းမြို့မှ မောင်ငွေလ ဖြစ်ပါသည်။

ကျွန်တော့်အား ကွမ်းခြံကုန်း ခြောက်ပိုင်းမြို့နယ် ဝါးဘလောက်သောက်ရွာ ဗိုလ်တဲတွင် လူသတ်ခံရသော ရာဇဝတ်အုပ် ကိုသက်ညွန့်ဆိုသူ အသတ်ခံရသော အမှုနှင့် တရားစွဲတင်ပြီး တစ်သက်တစ်ကျွန်းဒဏ် ချမှတ်ခံရပါသည်။

ကျွန်တော်သည် ကိုသက်ညွန့်ကို မသတ်ပါ။

ကျွန်တော်သည် လူသတ်မှုကို ကျူးလွန်ခြင်း မဟုတ်ပါ။ လူသတ်မှုဖြစ်သောဗိုလ်တဲသို့ အသွားမှားခဲ့ခြင်းကို မှားယွင်း၍ လူသတ်မှုနှင့် အပြစ်ဒဏ်ချမှတ်ခံရခြင်းသာ ဖြစ်ပါသည်။

ကိုသက်ညွန့်ကို အမှန်တကယ်သတ်ခဲ့သော လူသတ်မသား ဦးဆစ်တိုဆိုသူသည် ကျွန်တော့်ကို စစ်ဆေးနေသော ဟံသာဝတီ စက်ရှင်မင်းကြီးရုံးသို့ လူသတ်မှုကို ဖြောင့်ချက်ပေးရန်လာစဉ် လမ်းခရီး၌ မော်တော်ကားတိုက်သဖြင့် သေဆုံးသွားခဲ့ပါသည်။

ကျွန်တော်သည် ကံကြမ္မာ၏ဒဏ်ခတ်ခြင်း ခံရသဖြင့် ဥပဒေ၏သားကောင်အဖြစ် မှားယွင်းစွာ တရားစီရင်ခြင်း ခံရပါသည်။

ထို့ကြောင့် ကျွန်တော့်အား အပြစ်ဒဏ်မှ လွတ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခွင့်ပေးပါရန် အယူခံအပ်ပါသည်။

မောင်ဝေလ

. . . . . . . . . . . . . . . . . . . . . . . . . . .

အက်ဒမန်ကျွန်း၊ ပို့ဘလဲယားမြို့ အကျဉ်းထောင်မှ
ထောင်ပိုင်ဝန်၏ ဆောင်ရွက်ချက်

ထောင်ပိုင်ဝန်သည် အယူခံဝင်သူ ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့ နှစ်ယောက်စလုံးမှာ နာမည်ချင်း ဆင်တူနေသဖြင့် အယူခံလွှာနှစ်ခု မှားယွင်းမည် စိုးရိမ်သဖြင့် အယူခံလွှာပေါ်တွင် ခွဲခြား မှတ်သားပေးရန် လိုအပ်သည်ဟု ထင်မြင်ပါသည်။

ထို့ကြောင့် ကိုဝေလကြီး အယူခံလွှာပေါ်တွင် မြန်မာဆန်ဆန် ငဝေလဟူသော နာမည်ကို အောက်ပါအတိုင်း အင်္ဂလိပ်ဘာသာနှင့် ရေးသားပါသည်။

**Nga Wai La vs. The Queen**
ငဝေလနှင့် ကေရီဘုရင်မကြီး

မောင်ဝေလကလေး၏ အယူခံလွှာပေါ်တွင် ထောင်ပိုင်ဝန်က မောင်ဝေလကလေး၏ အမည်ကို အင်္ဂလိပ်ဆန်ဆန် အောက်ပါ





အတိုင်း အင်္ဂလိပ်ဘာသာနှင့် ရေးသားလိုက်ပါသည်။

**Mr. Wales vs The Queen**
မစ္စတာဝေး(လ်)စ် နှင့် ကေရီဘုရင်မကြီး

ထောင်ပိုင်ဝန်က အယူခံလွှာပေါ်တွင် ခွဲခြားမှတ်သားပေးလိုက်ခြင်းသည် ကိုဝေလကြီး၏အယူခံလွှာမှာ ထူးခြားမှု မရှိသော်လည်း မောင်ဝေလကလေး၏ အင်္ဂလိပ်ဆန်ဆန် နာမည်မှာမူ လွန်စွာ ထူးခြားသွားပါသည်။

မောင်ဝေလကလေး၏ နာမည်နောက်ပိုင်းတွင် (**Wales**) ဟုပါရှိခြင်းမှာ မောင်ဝေလကလေးသည် အင်္ဂလန်နိုင်ငံမှ ဝေလနယ်စားမင်းသား (**Prince of Wales**)၏သားဟု အဓိပ္ပာယ်ပေါက်သွားပါသည်။

ထို့ပြင် မောင်ဝေလကလေးသည် ယခု အယူခံဝင်သော ကေရီဘုရင်မကြီး၏ (မြေး)ဟု အဓိပ္ပာယ် သက်ရောက်သွားပါသည်။

. . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



### အင်္ဂလန်နိုင်ငံမှ ဘုရင်မကြီး၏ တရားဥပဒေဆိုင်ရာ အကြံပေးအရာရှိ၏ ထောက်ရှုချက်

ဘုရင်မကြီး၏ တရားဥပဒေဆိုင်ရာ အကြံပေးအရာရှိ ပုဂ္ဂိုလ်ကြီးသည် ထိုသို့သော အယူခံလွှာများ၊ ဥပဒေနှင့် ပတ်သက်သော အကြံဉာဏ်များကို ဘုရင်မကြီးကို အကြံပေးရပါသည်။

ထိုအကြံပေး ပုဂ္ဂိုလ်ကြီးများသည် အိုမင်းမစွမ်းရှိသော တရားဝန်ကြီးဟောင်းများ ဖြစ်တတ်ပါသည်။

ထို့ကြောင့် တရားရေးဝန်ကြီးဟောင်း အကြံပေးပုဂ္ဂိုလ်ကြီးသည် မျက်စိမှုန်ပြီး စာအရှည်ကြီးများကိုဖတ်ရန် လွန်စွာ ပျင်းရိပါသည်။

ထို့ကြောင့် ကိုဝေလကြီး၏ အယူခံလွှာကို အကြံပေး ပုဂ္ဂိုလ်ကြီးက ပျင်းရိစွာ ဖတ်ရှုပြီးနောက် ထိုအယူခံလွှာမှာ လိမ်လည်မှုသာ ဖြစ်သည်ဟု မှတ်ချက်ရေးပြီး ဘုရင်မကြီးထံ တင်ပို့ပါသည်။

မောင်မောင်ဝေကလေး၏ တိုတိုတောင်းတောင်းနှင့် အချက်ပိုင်ပိုင်ရေးထားသော အယူခံလွှာကို ဖတ်ရှုပြီး အကြံပေးပုဂ္ဂိုလ်ကြီးက လွတ်ငြိမ်းချမ်းသာခွင့် ပေးသင့်ကြောင်း ထောက်ခံအကြံပေးထားပါသည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . .





### ကေရီဘုရင်မကြီး၏အမိန့်။

ကေရီဘုရင်မကြီးသည် ကိုဝေလကြီး၏အယူခံလွှာကို ဖတ်မကြည့်တော့ဘဲ 'ပလပ်'လိုက်သည်။

ကေရီဘုရင်မကြီးသည် မောင်ဝေလကလေး၏ အယူခံလွှာပေါ်မှ အောက်ပါအတိုင်း အင်္ဂလိပ်ဆန်ဆန် အင်္ဂလိပ်ဘာသာနှင့် ရေးသားခဲ့သောစာတမ်းကို စိတ်ဝင်စားစွာဖတ်ရှုမိသည်။

### Mr. Wales vs The Queen
### (မစ္စတာဝေး(လ်)စ် နှင့် ကေရီဘုရင်မကြီး)

ထိုစာတမ်းအရ မောင်ဝေလကလေးသည် သူ၏သား ဝေလမင်းသား **(Prince of Wales)**၏(သား) ဖြစ်နေပြီး ကေရီဘုရင်မကြီး၏ (မြေး) တော်စပ်နေသည်။

ထို့ကြောင့် မောင်ဝေလကလေး၏ အယူခံလွှာကို ဘုရင်မကြီးသည် သံယောဇဉ်တွယ်တာမိသည်။

အောက်မှ တရားဥပဒေဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်ကြီးကလည်း မောင်ဝေလကလေး၏ အယူခံလွှာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ထောက်ခံထားသည်ကို တွေ့ရသည်။

တစ်ခုခုမှားယွင်းနေကြောင်း ဘုရင်မကြီးထင်သော်လည်း မောင်ဝေလကလေး၏ အယူခံလွှာကို အကြင်နာတရား ပွားမိပါသည်။

ထို့ကြောင့် ကေရီဘုရင်မကြီးက မောင်ဝေလကလေးအယူခံ



www.burmeseclassic.com

www.burmeseclassic.com



လွှာကို လွှတ်ငြိမ်းချမ်းသာပေးပြီး တစ်သက်တစ်ကျွန်းဒဏ်မှ လွှတ်လိုက်ကြောင်းအမိန့်ကို လက်မှတ် ရေးထိုးလိုက်ပါသည်။

. . . . . . . . . . . . . . . . . . . . . . . . . .

ဧကရီဘုရင်မကြီးသားဖြစ်သူ ဝေလနယ်စား မင်းသားသည် မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်ရင်း ရောက်လာခဲ့ပါသည်။ မျိုးချစ်စိတ်ရှိသော မြန်မာလူမျိုးများက မြန်မာနိုင်ငံသို့ ဝေလမင်းသားလာရောက်ခြင်းကို ကန့်ကွက်ခဲ့ပါသည်။

ယူနီယံဂျက်အလံကို တိတ်တိတ်ခိုး ဆွမ်းတော်တင်ပြီး အင်္ဂလိပ်အရှင်သခင်ကြီးများကို နောက်ဆုံး ပွင့်တော်မူသော ဘုရားများအဖြစ် ကိုးကွယ်သော အင်္ဂလိပ်အလိုတော်ရိများကမူ ဝေလမင်းသားကို သောင်းသောင်းဖျဖျ ကြိုဆိုကြပါသည်။

ထိုဝေလမင်းသား မြန်မာပြည်ကို လာသည်ကိုအကြောင်းပြုပြီး မြန်မာနိုင်ငံတွင် ဝေလဟူသော နာမည်များလည်း မှည့်ကြပါသည်။

ကိုဝေလကြီး၏ မိဘများနှင့် မောင်ဝေလကလေး၏ မိဘများသည်လည်း ထိုဝေလမင်းသားကို သဘောကျပြီး သူတို့၏သားများကို 'မောင်ဝေလ'ဟု မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ထို မောင်ဝေလဟူသောအမည်သည် ဧကရီဘုရင်မကြီး၏ အသည်းနှလုံးကို ယူကျုံးနိုင်လိုက်ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ထိုသို့ ဧကရီဘုရင်မကြီးက ကိုဝေလကြီး၏ အယူခံလွှာကို 'ပလပ်'လိုက်ပြီး မောင်ဝေလကလေး၏ အယူခံလွှာကို 'လွှတ်ငြိမ်းချမ်း





သာခွင့်' ပေးလိုက်ခြင်းမှာ ကအောက်ကမနိုင်သည်ဟု ဆိုချင်ဆိုနိုင်ပါသည်။

ထုံးစံအတိုင်းမဟုတ်ဟု ပြောချင်ပြောနိုင်ပါသည်။

မှားယွင်းစွာစီရင်သည်ဟု စွပ်စွဲလျှင် စွပ်စွဲနိုင်ပါသည်။

သို့သော် အမှန်တရား ထင်ရှားသည်ဟု ဆိုနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် . . .

ကိုဝေလကြီးသည် အမှန်တကယ် လူသတ်မှု ကျူးလွန်ခဲ့သူဖြစ်ပါသည်။

ထို့ကြောင့် ကိုဝေလကြီးသည် မည်မျှပင် ရှည်လျားထွေပြားသော အယူခံလွှာကို အကျိုးအကြောင်း အချက်အလက်များ ဥပမာတင်စားကိုးကား၍ ရေးသားသော်လည်း ကိုဝေလကြီး၏ အယူခံလွှာကို 'ပလပ်'လိုက်ခြင်း ဖြစ်ပါသည်။

မောင်ဝေလကလေးသည် လူသတ်မှု လုံးဝကျူးလွန်ခဲ့သူမဟုတ်ပါ။

ထို့ကြောင့် အယူခံလွှာ တိုတောင်းစွာ ရေးသားသော်လည်း မောင်ဝေလကလေး၏ အယူခံလွှာကို 'လွှတ်ငြိမ်းချမ်းသာခွင့်'ပေးလိုက်ခြင်းဖြစ်ပါသည်။

မြန်မာဆန်ဆန်ပြောရလျှင် ဤ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စကြီးသည် 'တရားကို နတ်စောင့်ခြင်း'ဟုသာ ဆိုပါသည်။

မောင်ဝေလကလေးသည် လူသတ်မှု မကျူးလွန်ခဲ့ဘဲ မှားယွင်းစွာ စီရင်ခဲ့သဖြင့် တစ်သက်တစ်ကျွန်းဒဏ်မှ လွှတ်မြောက်ခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တရားကို နတ်စောင့်ပါသည်။

ဘုရင်မကြီး၏ အမိန့်အရ သက်ဆိုင်ရာ အာဏာပိုင်များက မောင်ဝေလကလေးကို တစ်သက်တစ်ကျွန်းဒဏ်မှ မလွတ်ဘဲ မနေ့ခဲ့ပါ။

အမှန်တရားသည် သေဆုံးသွားခြင်းမရှိသော်လည်း အိပ်မော ကျတတ်ပါသည်။

ယခု အမှန်တရားသည် တစ်ရေးနိုးပါပြီး။

. . . . . . . . . . . . . . . . . . . . . . . . . . . .



## အခန်း (၂၂)

တစ်ကျွန်းစံဖြစ်နေသော ကိုဝေလကြီးနှင့် မောင်ဝေလကလေး တို့သည် ရောက်ခါစက ပို့ဘလဲမြို့ရှိ အကျဉ်းထောင်ကြီးထဲတွင် ထည့်ထားသည်။

ရက်အနည်းငယ် ကြာသောအခါ အကျဉ်းထောင်မှ လွှတ်ပေးပြီး ပို့ဘလဲယားမြို့တွင်း၌ဖြစ်စေ၊ ပတ်ဝန်းကျင်ရှိ ရွာပေါင်း များစွာတွင် ဖြစ်စေ ကိုယ့်ဘာသာကိုယ် ရှာဖွေစားသောက်ရန် ခွင့်ပြု လိုက်လေတော့သည်။

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့သည် အကျဉ်းထောင် ကြီးထဲတွင် ချုပ်ထားစဉ် မနက်ထမင်း၊ ညထမင်း ပုံမှန်သော်လည်း အကျဉ်းထောင်မှ လွှတ်ပေးပြီး ကိုယ့်ဘာသာကိုယ် ရှာဖွေစားသောက် ခွင့်ပြုလိုက်မှ စားဝတ်နေရေးပြဿနာအတွက် ဦးနှောက် ခြောက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

နှစ်ယောက်သားမှာ သောင်ပြင်လွတ်သည့် ခွေးပမာ ဖြစ်နေနေရလေသည်။

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့အတွက် အက်ဒမန်ကျွန်းတွင် လုပ်ကိုင်စားသောက်ရန် လယ်ယာမြေကွက်များ ရရှိရန်ထုံးစံအတိုင်း ပို့ဘလဲယားမြို့ ကျွန်းပိုင် မင်းကြီးထံ မြေဂရမ်များလျှောက်ထားရသည်။

မြေများရမည်ဖြစ်သော်လည်း မြေရပါက သီးနှံစိုက်ပျိုးထွက်ရှိမှသာ စားဝတ်နေရေး ပြေလည်မည် ဖြစ်ပါသည်။

လောလောဆယ်အားဖြင့် ငတ်ပြီးသေးရမည် ဖြစ်နေသည်။

မောင်ဝေလကလေးသည် ပညာတတ် ဖြစ်သော်လည်း ကျောင်းသားဘဝမှ လာသည်ဖြစ်ရာ မလုပ်တတ် မကိုင်တတ်နှင့်အငတ်ခံရမလို ဖြစ်နေသည်။

ထို့ပြင် ပို့ဘလဲယားတွင် စားဝတ်နေရေးအတွက် အစိုးရမှတာဝန်ယူမည် ထင်သဖြင့် အပိုငွေကြေး ယူမလာရာ ကြီးစွာ အခက်တွေ့နေရတော့သည်။

မောင်ဝေလကလေးနှင့် ကိုဝေလကြီးတို့သည် အကျဉ်းထောင်မှယောင်ချာချာနှင့် ထွက်လာကြပြီးနောက် မောင်ဝေဇကလေးသည်စားဝတ်နေရေးအတွက် ဦးနှောက်ခြောက်မတတ် စဉ်းစားသော်လည်းအဖြေရှာမရနေသဖြင့် လွန်စွာ စိတ်ညစ်နေသည်။

သူတို့နှစ်ယောက်သည် အဝတ်အစား ထည့်ထားသော အိတ်များကိုလွယ်ပြီး ပို့ဘလဲယားဈေးဘက်သို့ လျှောက်လာကြသည်။





လမ်းတွင် စားဝတ်နေရေး ဖြေရှင်းရန် မောင်ဝေလကလေးမည်သို့မျှ စဉ်းစားမရသဖြင့် ကိုဝေလကြီးကို သူ၏ အကြံအစည်ကိုလှမ်းပြောလိုက်သည်။

"အစ်ကိုကြီး၊ ကျွန်တော်တော့ ဒီနေ့ လူတစ်ယောက်ယောက်ရဲ့ခေါင်းကို ရိုက်ခွဲမှ ဖြစ်လိမ့်မယ်ထင်တယ်"

ကိုဝေလကြီးက အံ့သြသော အမူအရာနှင့် . . .

"ဘာဖြစ်လို့လဲကွ"

"ထောင်ထဲမှာ ထည့်ထားတုန်းက ထမင်းနပ်မှန်အောင်စားရသေးတယ်၊ အခုလွတ်လိုက်တော့ ငတ်ရမလို ဖြစ်နေပြီးပို့ဘလဲယား အကျဉ်းထောင်က ကျွန်တော်တို့လို နှစ်ကြီးသမားတွေကိုလွှတ်ပေးပြီး အက်ဒမန်ကျွန်းပေါ်မှာ ရာဇဝတ်မှုကျူးလွန်မှ ထောင်သွင်းအကျဉ်းချထားမယ် ဆိုတော့ လူတစ်ယောက်ယောက်ရဲ့ခေါင်းကိုရိုက်ခွဲမှ အမှုဖြစ်မယ်၊ ဒါမှ ထောင်ထဲ ပြန်ရောက်ပြီး ထမင်းနပ်မှန်မှန် စားရမယ် မဟုတ်လား အစ်ကိုကြီးရ"

ထိုအခါ ကိုဝေလကြီးက ပြုံးယောင်သန်းသွားပြီး . . .

"သူများခေါင်းကို ရိုက်ခွဲပြီး ရာဇဝတ်မှု ကျူးလွန်ပြီးမှ ထမင်းစားရမယ့်လူတွေဟာ စီးပွားရှာတဲ့မရှိတဲ့လူတွေ အလုပ်ပါကွာ"

"ကျွန်တော်တို့ ဘယ်လို စားသောက် နေထိုင်ကြမယ်ဆိုတာအစ်ကိုကြီး စဉ်းစားပြီးပြီလား"

"ဒီမှာ မောင်ဝေလရ၊ စားဝတ်နေရေးအတွက် မပြောနဲ့၊ ဒီကျွန်းမှာနေရမယ့် အချိန်အတောအတွင်းမှာ ချမ်းသာလာအောင် ငါလုပ်ပြမယ်၊ မင်း အသာကြည့်နေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလကြီး၏ ကြုံးဝါးသံကို မောင်ဝေလကလေးက ပါးစပ်အဟောင်းသားနဲ့ နားထောင်နေသည်။

မောင်ဝေလကလေးက ကိုဝေလကြီး၏စကားကို မယုံဟန်ဖြင့် . . .

"ငါက စီးပွားရေးသမားပဲကွာ၊ မဟာရာဇ္ဇာသင်္ဘော မယ်သင်္ဘောဆိပ်ကမ်းကိုဆိုက်တာနဲ့ အက်ဒမန်ကျွန်းမှာ ဘာစီးပွားရေးလုပ်စားရင် ကောင်းမလဲဆိုတာ စဉ်းစားပြီးသားကွ"

"ဘာလုပ်စားမလဲ အစ်ကိုကြီး"

"အုန်းဆီကြိတ်မယ်ကွာ"

"ကြံကြီးစည်ရာ အစ်ကိုကြီးရာ၊ ငွေတစ်သောင်းလောက်ရှိမှ အုန်းဆီစက် တည်နိုင်မှာဗျ"

"ငွေတစ်ပြားမှမရှိဘဲ အုန်းဆီကြိတ်ဆုံ ငါလုပ်ပြမယ်။ ပြီးတော့ ဒီနေ့ကစပြီး မင်းရေကွက်ထား၊ တစ်ဆယ့်ငါးရက်ပြည့်တဲ့နေ့မှာ အုန်းဆီထွက်ရမယ်"

မောင်ဝေလကလေးသည် ကိုဝေလကြီး၏ စကားကို ပါးစပ်အဟောင်းသားနှင့် ငေးပြီး နားထောင်နေသည်။ ယုံကြည်ခြင်းလုံးဝမရှိပေ။

ကိုဝေလကြီးက . . .

"မင်းမှတ်ထား၊ စီးပွားရေးလုပ်ငန်းတစ်ခု တည်ထောင်မယ်ဆိုရင် ကုန်ကြမ်းကိုအရင် စဉ်းစားရတယ်၊ ဟောဒီအက်ဒမန်ကျွန်းက အုန်းပင်ပေါတော့ နောက်နှစ်ပေါင်း တစ်ရာကြာအောင် အုန်းသီးကုန်ကြမ်းအတွက် မပူဘူး၊ ပြီးတော့ ကိုယ်ဆက်လုပ်မယ့် ဈေးကွက်ပေါ့၊





လောကကြီးမှာ လူတွေရဲ့ခေါင်းမှာ ဆံပင်ရှိနေသမျှ အုန်းဆီဟာ လိုအပ်နေမှာပဲ၊ ဟောဒီအက်ဒမန်ကျွန်းကျတော့ အုန်းဆီကိုအစားအသောက်ချက်တဲ့နေရာမှာ အသုံးပြုတယ်ကွ၊ ဈေးကွက် ပိုပြီးကျယ်ပြန့်လာတာပေါ့ကွာ"

"ဒါဖြင့်ရင် ဒီကျွန်းကလူတွေ အုန်းဆီ မကြိတ်ကြဘူးလား"

"ဒီကအုန်းသီးဆံကို အိန္ဒိယတင်ပို့တယ်ကွ၊ အိန္ဒိယနိုင်ငံကမှ အုန်းဆီကြိတ်ပြီး ဒီကိုပြန်လာတာ၊ ငါက ဒီမှာတင် အုန်းဆီကြိတ်မယ်ဆိုတော့ နောက်နှစ်လသုံးလဆိုရင် ငါတို့ဝင်ငွေကောင်းပြီပေါ့ကွာ၊ မင်းဘာမှ မပူနဲ့၊ တို့ ဒီကျွန်းက နှစ်ချေလို့ မြန်မာပြည်ကို ပြန်ရရင် ချမ်းသာပြီး ပြန်ရမယ်၊ ကိုဝေလကြီးနဲ့ အင်မတန်ကြွယ်ဝတဲ့ ကိုဝေလကလေးပေါ့"

"မဟုတ်ဘူး၊ အဲဒီအချိန်ကျတော့ ကျွန်တော်တို့ အိုပြီ၊ အင်မတန်ကြွယ်ဝတဲ့ အဘိုးဝေလကြီးနဲ့ ဘကြီးကိုဝေလကလေးတို့ ဖြစ်ကုန်ကြပြီ"

"ကဲ . .လာကွာ၊ ငါတို့ ကုန်စုံဆိုင်ကြီးတစ်ဆိုင် သွားပြီး အုန်းဆီဘယ်ဈေး သွင်းရမလဲဆိုတာ စုံစမ်းရအောင်"

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့သည် ပို့ဘလဲယားဈေးအတွင်း မြန်မာဆိုင်တစ်ဆိုင်သို့ သွားပြီး အုန်းဆီသွင်းရန် စုံစမ်းရာ အုန်းဆီထွက်သမျှ လက်ခံမည်ဟုပြောပြီး ကိုဝေလကြီးက ကြိုတင်ငွေတောင်းရာ မြန်မာအချင်းချင်း ရိုင်းပင်းပြီး ငွေတစ်ရာ ထုတ်ချေးလိုက်သည်။

ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့သည် ဆန်၊ဆီ၊ဆား၊



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ငါးခြောက်၊ ငါးသောတ္တာ စသောရိက္ခာများဝယ်ပြီး မော်တော်ကားနှင့် အက်ဒမန်ကျွန်းမြောက်ပိုင်းသို့ ထွက်လာခဲ့သည်။

ထို့နောက် လူသူအရောက်အပေါက်နည်းသော အက်ဒမန်ကျွန်းသို့ကူးပြီး နေထိုင်ရန် တဲဆောက်သည်။ ဆီဆုံလုပ်ရန် စခန်းချသည်။

ရွာနီးချုပ်စပ်မှ လူများကို အုန်းသီးများ တက်ခူးပြီး လာသွင်းရန် ကြေညာလိုက်ရာ အုန်းသီးများ တက်ခူးကြသည်။

အုန်းသီးများ သွင်းကြသည်။ ထို့နောက် အမျိုးသမီးများကို အုန်းသီးခွဲခိုင်းပြီး အုန်းသီးဆံကို လက်သန်းခန့်စိပ်ခိုင်းပြီး နေကျက်ကျက်ပူသော သောင်ပြင်တွင် အခြောက်လှမ်းခိုင်းလေသည်။

ရက်ပိုင်းအတွင်း အက်ဒမန်ကျွန်းပေါ်တွင်ရှိသော နွားရိုင်းများကို ထောင်ချောက်ဆင်ပြီး ကိုဝေလကြီး ဖမ်းခိုင်းသည်။

အချို့သော အလုပ်သမားများကို လုံးပတ်ကြီးသော အင်ပင်၊ ကညင်ပင်များကို ခုတ်လှဲခိုင်းပြီး ဗုံတိုများအဖြစ်ဖြတ်ကာ ဆီဆုံလုပ်ရန် ထွင်းခိုင်းသည်။

အင်ပင်ဗုံဖြတ်ပိုင်းနှင့် လုပ်သော ဆီကြိတ်ဆုံ သုံးဆုံခန့်ပြီးချိန်တွင် နွားရိုင်းငါးကောင်ခန့် ဖမ်းမိထားပြီးဖြစ်သည်။

ကိုဝေလကြီးသည် ဖမ်းမိသောနွားရိုင်းများကို ဆီကြိတ်ဆုံတွင် ထမ်းပိုးတပ်ပြီး ခိုင်းနိုင်ရန် လေ့ကျင့်ခိုင်းရာ သုံးရက်ခန့်ကြာသောအခါ နွားရိုင်းများသည် ဆီကြိတ်ဆုံတွင် ထမ်းပိုးတပ်ပြီး ဆီကြိတ်နိုင်ပြီဖြစ်သည်။

ထိုအချိန်တွင် အပင်မှခူး၍ရသော အုန်းသီးများမှ အုန်းသီးဆံ





ခွဲပြီး နေလှမ်းခိုင်းထားရာမှ အုန်းသီးဆံများခြောက်ပြီဖြစ်ရာ ဆီကြိတ်ရန် အသင့်ဖြစ်လေပြီ။ အစမ်းကြိတ်သောနေ့တွင်ပင် ဆီသုံးပိဿာခန့် ထွက်လေသည်။

မောင်ဝေလကလေးသည် စီးပွားရေး လုပ်ငန်းအတွက်လည်းသော ကိုဝေလကြီးကို ချီးကျူး၍မကုန်နိုင်အောင် ဖြစ်ရသည်။

ကိုဝေလကြီးသည် ဆီကြိတ်ဆုံနှစ်ဆယ်ခန့်ဖြစ်ရန် တိုးချဲ့သည်။

ကိုဝေလကြီးပြောသည်ထက်စောပြီး ဆက်ရက်ခန့်အတွင်းပင် အုန်းဆီကြိတ်ဆုံမှ ဝင်ငွေရရှိရာ တစ်လမပြည့်မီပင် ကုန်စုံဆိုင်မှ ချေးငှားခဲ့သော ငွေတစ်ရာကို ပြန်ဆပ်နိုင်လေသည်။

ကိုဝေလကြီးက 'ဝေလဆီစက်'ဟု သစ်သားပြားတွင် ဆိုင်းဘုတ်ရေးပြီး ချိတ်ဆွဲထားသည်။

ဝင်ငွေမှန်ပြီဖြစ်သဖြင့် မောင်ဝေလကလေးသည် ကိုဝေလကြီးကို လွန်စွာမှပင် ကျေးဇူးတင်မိသည်။

ယခုအတိုင်းဆိုလျှင် စားဝတ်နေရေးအတွက် လုံးဝ ပူစရာမလိုတော့ပေ။

ကိုဝေလကြီးပြောသလို ကံလုံပြည့်ဝ လာပေလိမ့်မည်။

မောင်ဝေလကလေးသည် ဆီကြိတ်ဆုံ မောင်းတက်ပေါ်တက်ထိုင်ပြီး နွားကိုနှင်တံတို့ကာ ဆီကြိတ်ရသည်ကို လွန်စွာ ပျော်ရွှင်သည်။

ထို့ကြောင့် မောင်ဝေလကလေးသည် အားအားရှိလျှင် ဆီကြိတ်ဆုံမောင်းတက်ပေါ် တက်စီးကာနွားကို နှင်တံမောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေလကြီးသည် ဆီကြိတ်ရန် အလုပ်သမားများ ငှားထားသဖြင့် မောင်ဝေလကလေး ဆီကြိတ်ဆုံပေါ်တက်ထိုင်ပြီး နွားမောင်းနေသည်ကို ဟန့်တားသည်။

ကိုဝေလကြီးက . . .

"ဟေ့ကောင် မောင်ဝေလ၊ မင်းနဲ့ ဘာဆိုင်လို့ဆီကြိတ်ဆုံမောင်းနေရတာလဲ၊ လာ . . ဒီတစ်ပတ် နီပါဖူး သင်္ဘောဆိုက်ရင် အိန္ဒိယအုန်းဆီပုံဖို့ကိစ္စ စုံစမ်းရအောင် ပို့ဘလဲယားကို သွားကွာ"

"နေပါဦး အစ်ကိုကြီးရာ၊ ဆီကြိတ်ဆုံပေါ် တက်ထိုင်ပြီး စီးရတာ ပျော်လို့ပါဗျ"

ကိုဝေလကြီးသည် မောင်ဝေလကလေးက ဆီကြိတ်ဆုံပေါ် တက်ထိုင်ပြီး ပျော်ရွှင်စွာနွားမောင်းနေသည်ကို သဘောကျစွာကြည့်ကာ သံဝေဂစကားကို ဆိုလေသည်။

"အေး . . ဒါကြောင့် သူတော်ကောင်းများပြောတာ သိပ်မှန်တာပဲ"

မောင်ဝေလကလေးသည် နွားကိုငေါက်ရင်းမှ ကိုဝေလကြီးကို လှမ်းမေးလိုက်သည်။

"သူတော်ကောင်းတွေက ဘယ်လိုပြောလို့တုံးဗျ"

"သူတော်ကောင်းတွေက ကာမဘုံသားတွေဟာ ဆုံလည်နွားတွေနဲ့ တူသတဲ့ကွ၊ သိပ်မှန်တဲ့ စကားတွေပေါ့ကွာ၊ ဆုံလည်နွားတွေဟာ နေ့ပေါင်းများစွာ နှစ်ပေါင်းများစွာ လျှောက်လှမ်းနေရပေမယ့် ဘယ်မှ မရောက်ဘူး၊ ဒီနေရာ ဒီနေရာပဲ၊ တို့လူသားတွေလဲ နှစ်ပေါင်းများစွာ တရားမရဘဲ သွားနေကြတာပေါ့ကွာ၊ ဒုံရင်းဒုံရင်းပဲပေါ့"





. . . . . . . . . . . . . . . . . . . . . . . . . . . .

ထိုသို့ ကိုဝေလကြီးနှင့် မောင်ဝေလကလေးတို့သည် ရက်ပိုင်းအတွင်း ဝေလ ဆီစက်ပိုင်ရှင်ကြီးများ ဖြစ်လာသဖြင့် ပျော်ရွှင်နေစဉ် အင်္ဂလန်နိုင်ငံ ဧကရီဘုရင်မကြီးထံမှ အယူခံလွှာ ပြန်ကျလာသည်။

မောင်ဝေလကလေးကို အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ကိုဝေလကြီး၏ အယူခံလွှာကို ပလပ်လိုက်လေသည်။

ထို့ကြောင့် ကိုဝေလကြီးသည် နောက်ထပ် အယူခံစရာလည်း မရှိတော့သဖြင့် အက်ဒမန်ကျွန်းတွင် နှစ်ဆယ့်ငါးနှစ် တစ်သက်တစ်ကျွန်းဒဏ် ခံရမည်ဖြစ်ပြီး မောင်ဝေလကလေးသည် အပြစ်ဒဏ်မှလွတ်ပြီဖြစ်၍ မြန်မာပြည်ကို ပြန်ရန်ပင် ဖြစ်တော့သည်။

မောင်ဝေလကလေးသည် ဝမ်းသာအားရဖြင့် . . .

"အစ်ကိုကြီး၊ ဒီအတိုင်းဆို ကျွန်တော်တို့ မြန်မာပြည်ကို ပြန်ရပြီပေါ့နော် ဟုတ်လား၊ ကျွန်တော်တို့ မြန်မာပြည်ကို ပြန်ရပြီပေါ့နော်"

ကိုဝေလကြီးက စိတ်မချမ်းသာစွာနှင့် . . .

"အေး . . ဟုတ်တယ်"

"ဟာ . . ပျော်လိုက်တာ ပွတာပွဲကွာ၊ မြန်မာပြည်ကို ပြန်ရတော့မယ်၊ ဓိမ်ပဲ၊ ဧကရီနဲ့ တွေ့ရတော့မယ်။ မောင်ပြန်လာပြီ သီဂီနွဲ့ရဲ့ ကြိုလှည့်ကွယ်လေး ဆိုတာလိုပေါ့၊ သိပ် ဝမ်းသာတာပဲ အစ်ကိုကြီးရာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဝေလကလေးသည် ဝမ်းသာအားရ မြူးထူးစွာနှင့် ခုန်ပေါက်နေမိသည်။

မောင်ဝေလကလေးသည် ကိုဝေလကြီးကို ကြည့်လိုက်ရာ မှိုင်တွေချနေသည်ကို တွေ့ရသဖြင့် အံ့သြသွားသည်။

"ဟင် . . အစ်ကိုကြီး၊ အစ်ကိုကြီးက မြန်မာပြည်ကိုပြန်ရမှာ မပျော်ဘူးလားဗျ၊ ဒီဝေလဆီစက်ကို သံယောဇဉ် တွယ်နေသလား၊ ကျွန်တော်တို့ကို ငွေတစ်ရာချေးတဲ့ ကျေးဇူးရှိတဲ့ ပို့ဘလဲယားက ကိုကျင်သိန်းကို လွှဲပေးလိုက်ပေါ့ဗျာ"

မောင်ဝေလကလေးက ပျော်ရွှင်စွာ ပြောသော်လည်း ကိုဝေလကြီးသည် စိတ်မချမ်းမြေ့စွာနှင့် ငိုင်နေသည်။

ထို့နောက် ကိုဝေလကြီးက တုန်ယင် အက်ကွဲသော အသံနှင့် . . .

"ငါ့အယူခံကို ပလပ်လိုက်တယ်ကွ၊ အယူခံ ရှုံးတယ်ပေါ့ကွာ၊ ငါမြန်မာပြည် မပြန်ရဘူး၊ ဒီမှာ နှစ်ဆယ့်ငါးနှစ်လုံးလုံး နေရမှာ သေချာသွားပြီကွ"

"ဟာဗျာ၊ တကယ်ပြောတာလား အစ်ကိုကြီး"

"ဒီကိစ္စက လိမ်ပြောရမယ့်ကိစ္စမျိုး မဟုတ်ပါဘူးကွာ"

မောင်ဝေလကလေး၏ ပျော်ရွှင်ချမ်းမြေ့မှုတို့သည် ကုန်ဆုံးလွင့်ပျောက်သွားသည်။

"ဟာ . . ကျွန်တော်က မြန်မာပြည်ပြန်ရပြီး အစ်ကိုကြီးက ဒီမှာပဲ ဆက်နေရမယ် ဟုတ်သလား၊ ကျွန်တော်စိတ်မကောင်းပါဘူး အစ်ကိုကြီးရာ၊ စောစောကပျော်ရွှင်မိတာကို တောင်းပန်ပါတယ် အစ်ကို



BURMESE CLASSIC



ကြီးရာ"

"တရားနုတ်စောင့်တယ်ဆိုတဲ့ စကားဟာ ဒီနေရာမှာ တိုက်ရိုက်မှန်တာပဲ၊ မင်းက ပြစ်မှုကျူးလွန်ခဲ့တာမှ မဟုတ်ဘဲ လွတ်တာပေါ့၊ ငါကတော့ ကျူးလွန်လျက်သားနဲ့ လိမ်ညာပြီး အယူခံတာကိုး ဘယ်လွတ်မလဲ၊ အမှန်တရားအတိုင်း အစီအစဉ်အတိုင်း ဖြစ်လာတာ ဝမ်းနည်းစရာတော့ မလိုပါဘူးကွာ"

"ဟာ အစ်ကိုကြီးနဲ့ ကျွန်တော် နှစ်ယောက် အယူခံတာ ကျွန်တော်ကလွတ်ပြီး အစ်ကိုကြီးက မလွတ်တော့ ကျွန်တော် ဘယ်စိတ်ကောင်းမလဲ"

"ငါက ငါကျူးလွန်တဲ့အပြစ်ဒဏ်ကို ပေးဆပ်ရဦးမှာကွ၊ ငါမှလဲ တရားမျှတမှာပေါ့ကွာ၊ ငါပြောသလို ပေါ့ကွာ၊ အမှန်တရားဟာ သေဆုံးသွားတာမဟုတ်ဘူး၊ အိပ်မောကျနေတာ၊ အခုတော့ အမှန်တရား တစ်ရေးနိုးပြီကွ၊ ဒီတော့ တို့လိုအပြစ်ရှိတဲ့သူတွေ အမှန်တရားရဲ့ စီရင်ခြင်းကို ခံရတော့မှာပေါ့"

"တကယ်ပါအစ်ကိုကြီးရာ . . ကျွန်တော် သိပ်စိတ်ညစ်သွားပြီ"

"စိတ်မချမ်းမသာမဖြစ်ပါနဲ့ကွာ၊ အရည်အချင်းရှိတဲ့လူ ထိုက်တန်တဲ့နေရာရတာ၊ မြင့်မြတ်တဲ့ လ၊ ကောင်းတဲ့ 'ဘုံ' ပေါက်တာ မနာလိုစရာ မလိုပါဘူး၊ ကဲ . . မင်းမြန်မာပြည်ပြန်ဖို့ ပြင်ဆင်တော့၊ ငါ ခရီးစရိတ် ငွေငါးရာပေးလိုက်မယ်၊ အိန္ဒိယကိုရောက်တုန်း ဗုဒ္ဓဂါယာကိုပါ ဝင်ဖူးသွားကွာ"

"ကျွန်တော် မြန်မာပြည်ကို ပြန်တောင်မပြန်ချင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရော၊ အစ်ကိုကြီးကို ဒီအက်ဒမန်ကျွန်းမှာထားခဲ့ရင် ကျွန်တော်တရားဝင်မလား"

"ဘာဖြစ်လို့လဲကွ"

"အစ်ကိုကြီးရဲ့ ကျေးဇူးတွေ ကျွန်တော့်မှာရှိတယ်၊ ကျွန်တော်တစ်ယောက်တည်းသာ အက်ဒမန်ကျွန်းကို ရောက်လာရင် စီးပွားရှာတဲ့ 'ခေါင်း'မရှိတာနဲ့၊ သူများ 'ခေါင်း'ကို ရိုက်ခွဲပြီး ထောင်ထဲပြန်ရောက်နေမှာ"

ကိုဝေလကြီးသည် ခေါင်းကို ခါယမ်းလိုက်သည်။

မောင်ဝေလကလေး၏ ပခုံးကို ကြင်နာစွာပုတ်ပြီး မှန်ကန်စွာတိုက်တွန်းလိုက်သည်။

"ဒီမှာ မောင်ဝေလ၊ မင်းအတွေးမှားနေပြီ၊ လူတွေတော်တော်များများဟာ မင်းလိုပဲ အတွေးမှားနေကြတယ်၊ မင်းကို ငါ ထမင်းကျွေးတာ သုံးလ မရှိသေးပါဘူး။ မင်းက ငါ့ကို ကျေးဇူးရှင်ကြီး ကယ်တင်ရှင်ကြီးလို့ ထင်နေတယ်၊ တစ်သက်လုံး မင်းကို ကျွေးမွေးသုတ်သင်လာတဲ့ မိဘရဲ့ ကျေးဇူးကိုတော့ မင်းကမေ့နေတယ်၊ မြန်မာပြည်မှာရှိတဲ့ မင်းရဲ့မိဘတွေဟာ အိုမင်းမစွမ်းရှိနေပြီ၊ တစ်ပြန်လှည့် မင်းကပြန်ပြီး လုပ်ကျွေးဖို့သင့်ပြီ၊ ပြီးတော့ မင်းအပေါ် အင်မတန်ကောင်းရှာတဲ့ ဇာကရီလို မိန်းကလေးကို ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ အပြစ်ဒဏ်ကို မစီရင်ပါနဲ့ကွာ၊ ပြန်ပါ ငါ့ညီရာ စိတ်ကူးမလွဲပါနဲ့၊ အေး . . တစ်ခုတော့မှာလိုက်ပါရစေ"

ကိုဝေလကြီး၏ အသံသည် ကြေကွဲဆို့နင့်မှုကြောင့် တိမ်ဝင်သွားသည်။





မောင်ဝေလကလေးက . . .

"ဘာမှာလိုက်ချင်တာလဲ အစ်ကိုကြီး"

"ယောဒီက တစ်ကျွန်းစံ အထီးကျန်ကြီး ဝေလကြီးကို မမေ့ဖို့ပါပဲကွာ"

"ကျွန်တော် အမြဲသတိရနေမှာပါ အစ်ကိုကြီးရာ"

ကိုဝေလကြီးသည် စကားမဆက်နိုင်ဘဲ ခေါင်းရှုပ်ဆိုင်းလိုက်ရသည်။

"အေးကွာ ငါ့ဘဝမှာခွဲရသင်းပင်း ဇာတာမကောင်းဘူး။ အမြွှာပူးညီကျတော့လဲ အကောက်ကြံလို့ ညောင်ညိုပင်မရောက်မီ လမ်းခွဲလိုက်ရတယ်၊ နာမည်ချင်း ရှားရှားပါးပါး လာဆင်တူလို့ ညီလေးလို ချစ်တဲ့လူကျတော့လဲ အစောကြီး လမ်းခွဲရတယ်၊ ငါ့ဇာတာကိုက အထီးကျန် တစ်ကျွန်းစံ ဇာတာပါကွာ၊ ငါ့အတွက် နောက်ဆံမတင်းပါနဲ့ ညီလေးရာ၊ မြန်မာပြည်ကိုပြန်ပါ၊ မင်းဘဝ ရှေ့တက်လမ်းအတွက် အများကြီး အလုပ်လုပ်ရဦးမှာ ဒီနေရာမှာ စတေးမပစ်ပါနဲ့၊ ဒီနေရာဟာ စခန်းမြေသင့်တဲ့ နေရာမဟုတ်သလို ပန်းတွေပွင့်တဲ့ နေရာမဟုတ်ဘူး၊ သွားတော့ ညီလေး၊ သွားတော့"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

စစ်ကြိုခေတ်က မြူနီစီပယ် ပန်းခြံပန်းနှင့် မင်းစိုးမင်းပွဲ ဧည့်ခံပွဲများ၌ 'ဇကရီအငြိမ့်အဖွဲ့'ကမည်ဆိုလျှင် အငြိမ့်စင်နံဘေးတွင် ထိုစဉ်က တန်ဖိုးအကြီးဆုံးဖြစ်သော ဒင်မလာကားကြီးတစ်စီး အမြဲတွေ့ရမည်ဖြစ်သည်။

ထိုကားထဲတွင် ရုပ်ရည်ချောမောပြီး ဥပဓိရုပ် ခံ့ညားသော ကိုဝေလဆိုသောလူရွယ် ဝတ်လုံတော်ရကလေးတစ်ဦးကို အမြဲ တွေ့ရမည်ဖြစ်ပါသည်။

ထို ကိုဝေလဆိုသော ဝတ်လုံတော်ရသည် ဇကရီအငြိမ့်ကနေလျှင် မျက်တောင်မခတ်ဘဲ ကြည့်နေတတ်ပါသည်။

ထိုဝတ်လုံတော်ရ ကိုဝေလဆိုသူမှာ အက်ဒမန်ကျွန်းမှ ပြန်လာခဲ့သော မောင်ဝေလကလေးပင်ဖြစ်သည်။





သူသည် ခတရား ထောင်ကျသွားခဲ့ရသဖြင့် သူကဲ့သို့ အမှုသည်များ မတရား ထောင်မကျစေရန်အတွက် 'ရန်ကုန် ယူနီဗာစတီ'မှ ဥပဒေပညာ'ဘွဲ့ရအောင်'ကို သင်ကြားခဲ့ပြီး ရှေ့နေလိုက်နေခြင်း ဖြစ်သည်။

မရှိနွမ်းပါးသော အမှုသည်များကို ကိုဝေလသည် အခမဲ့ ရှေ့နေလိုက်ပေးပါသည်။

ကိုဝေလသည် ရှေ့နေလုပ်ငန်းကို အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဟူ၍ သဘောမထားဘဲ ဒါနရှင်းတမ်းတစ်ခုအဖြစ် သဘောထားကာ စေတနာ့ဝန်ထမ်းလုပ်နေခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကိုဝေလသည် ရန်ကုန်နှင့် မြစ်ဝကျွန်းပေါ်သို့ပြေးဆွဲနေသော နှစ်ထပ်သင်္ဘောသုံးစင်း ပိုင်ဆိုင်ပါသည်။

ထိုနှစ်ထပ်သင်္ဘောများကို အက်ဒမန်ကျွန်းတွင် ကျန်ရစ်ခဲ့သော ကိုဝေလကြီးကို သတိရသော အထိန်းအမှတ်အဖြစ် ဝေလကြီး(၁)၊ ဝေလကြီး(၂)နှင့် ဝေလကြီး(၃)ဟု နာမည် ပေးထားပါသည်။

ကိုဝေလသည် ခနဥစ္စာ ကုံလုံပြည့်ဝသော်ငြားလည်း သူ၏ဇနီးဖြစ်သူ ဇကရီကို ချစ်မြတ်နိုးလွန်းသဖြင့် ဝါသနာကို မတားဘဲ ဇနီးဖြစ်သူ ကပြအသုံးတော်ခံသော အငြိမ့်စင်နံဘေးနားသို့ အမြဲလိုက်ပါပြီး ကားထဲမှ အမြဲထိုင်၍ကြည့်နေခြင်း ဖြစ်ပါသည်။

ကိုဝေလနှင့် ဇကရီတို့မှာလည်း သေတပန် သက်တစ်ဆုံး သံသာလေကမ်းတိုင် တူပြိုင်လေကူးကြမည့် ချစ်ဖော်မောင်နှံများ ဖြစ်ကြောင်း ယုံမှားသံသယရှိဖွယ် မလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . . . . . . . . . . . . . . .

အက်ဒမန်ကျွန်းတွင် ကျန်ရစ်ခဲ့သော ကိုဝေလကြီးထံသို့ မသန်းမေကလေးသည် ပဲခူးမြို့မှ ဆေးလိပ်ခုံလုပ်ငန်းကို ဖျက်သိမ်းပြီး လိုက်သွားသည်ဟု သိရပါသည်။

မြန်မာပြည်လွတ်လပ်ရေးရသောအခါ ဦးဝေလကြီးနှင့် ဒေါ်သန်းမေတို့သည် မြန်မာပြည်သို့ပြန်လာပြီး ကမာရွတ်ဘက်တွင် ဆီစက်ကြီးတစ်လုံး တည်ထောင်ပါသည်။

ထိုဆီစက်ကြီး၏နာမည်မှာ 'ဝေလကလေးဆီစက်'ဟူ၍ ဖြစ်ပါသတည်း။

. . . . . . . . . . . . . . . . . . . . . . . . . .

ပဉ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ

အောင်ဇင်

(၇၊ ၁၊ ၈၄)



BURMESE CLASSIC

www.burmeseclassic.com